www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၅၆၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၀၀၄၀၈
ထုတ်ဝေသူ
ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)
အမှတ် (၁၃)၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ
ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၀၀၀ ကျပ်
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ဖြန့်ချိရေး
စိုးမိုးစာပေ

BURMESE CLASSIC .com

# နတ်သမီး

ရည်းစားလုဘက်

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ခြင်းတွင် ချစ်ခြင်းမေတ္တာ အဘယ်မျှအထိ ဝင်နေသလဲ ကျွန်မမသိပါ။

ကျွန်မ ယုံကြည်မိသည်က လက်ထပ်ခြင်းနှင့် ချစ်မြတ်နိုးခြင်း ဆိုသည်က မသက်ဆိုင်သော ဘာသာရပ်နှစ်ခုဟု ထင်သည်။

ကျွန်မ မချစ်မနှစ်သက်သော ယောကျ်ားတစ်ယောက်ကို ကျွန်မ လက်ထပ်လိုက်ခြင်းက လက်စားချေ အနိုင်ယူလိုမှု တစ်ခုတည်းအတွက် ကျွန်မဘဝတစ်ခုလုံးကို ပုံအပ်အသုံးချလိုက်ခြင်းသာဖြစ်လေသည်။

မွမ်းမံ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဘဝမှာ လိုချင်တာမှန်သမျှ ရအောင်ယူခဲ့တာချည်းပဲ။ မာနနဲ့ သိက္ခာကို ကိုယ်မြတ်နိုးစုံမက်တဲ့ မိန်းမတစ်ယောက်အတွက် ပေးခဲ့ရတယ်။

ကိုယ့်မှာရှိသမျှ ချစ်ခြင်းတွေကို နှင်းအပ်ချစ်မိသူဆီက သူ့မှာရှိသမျှ အချစ်တွေကို အပြည့်အဝ ပိုင်ဆိုင်ချင်တယ်၊ ဒါကို အတ္တကြီးတယ် ဆိုရင်လည်း"

လင်းရောင်

"မင်းကို ကိုယ်ချစ်တယ်။ ပိုင်ဆိုင်ဖို့လည်း ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဆုံးရှုံးလိုက်ရတဲ့အချိန်မှာလည်း ကိုယ့်ချစ်ခြင်းတွေက တစ်ရွေးသားမလျော့ ရှိနေဦးမှာပဲ။

ဒါပေမဲ့ ကိုယ်ဆိုတဲ့ကောင်က အချစ်နဲ့ပတ်သက်ရင် အမြဲတမ်း ကံမကောင်းခဲ့သူဆိုတော့လည်း"

မင်းစက်ရာ

www.burmeseclassic.com

## အခန်း (၁)

"ဒီမှာ ဒီမှာ ဒါ ကျွန်မတို့ ထိုင်နေကျထိုင်ခုံ"

မာဆတ်ဆတ်အသံကြောင့် သူတို့သုံးယောက်စလုံး ပြိုင်တူ မော့ကြည့်မိ၏။ သူတို့ထိုင်နေသော ခုံတန်းရှေ့မှာ ရပ်နေသည့် သူမ မျက်ဝန်းစူးစူးလေးတွေက သုံးယောက်စလုံးထံ ဝေ့ဝဲကြည့်ရင်း

"ရှင်တို့သုံးယောက် အနောက်ကခုံတွေမှာ သွားထိုင်ကြပါ။ ဒါ ကျွန်မတို့နေရာ"

လေသံကော၊ အမူအရာပါ ဘယ်လိုမှ ကျေနပ်စရာမရှိ။ ဒီသင်တန်းမှာ သင်ကြားကြတာချင်းအတူတူ တသီးတသန့် နေရာ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပေးထားတာမျိုး မဟုတ်ပါဘဲ လာရန်စောင်နေတာကတော့ မဟုတ်သေး။

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ မင်သက်နေကြတုန်းမှာ သူမ အသံစူးစူးက ထွက်လာပြန်သည်။

''ဒီမှာ ရှင်တို့တစ်ယောက်မှ နားမပါကြဘူးလား။ ကျွန်မပြောတာ မကြားကြဘူးလား''

လှပနူးညံ့သော မျက်နှာလေးနှင့် မလိုက်ဖက်အောင် ဒေါသကြီးပုံရ၏။ သူမအနောက်မှာ ရပ်နေသော အဖော်မိန်းကလေးနှစ်ဦးကလည်း တစ်ခွန်းမှ ဝင်မပြောပေမယ့် မျက်မှောင်ကုပ်လို့၊ လိုအပ်လျှင် သူမဘက်က ဝင်ကူရန်စွာကြဖို့ အသင့် ပုံစံတွေ။

''ဒါ သင်တန်းသားတိုင်း ထိုင်ခွင့်ရှိတဲ့ ထိုင်ခုံတွေဗျ။ ခင်ဗျားတို့အတွက်ဆိုပြီး သီးသန့် စီစဉ်ပေးထားလို့လား''

အဖြူထည်ကြီး ရန်တွေ့လာတာကို မခံနိုင်တာမို့ သူ ပြန်မေးခွန်းထုတ်လိုက်တော့ ဝေယံနှင့် ညီညီတို့ကလည်း မနေပါ။

''ဟုတ်တယ်၊ ခင်ဗျားတို့အရင် ကျွန်တော်တို့ ရောက်လို့ ထိုင်တာ''

''ဘယ်သူမှ ထိုင်ခုံအတွက် သီးသန့် ငွေပိုပေးမထားဘူး။ ဦးရာလှုပဲ''

''ယောကျ်ားရင့်မကြီးတွေဖြစ်ပြီး ရန်တွေ့တတ်လိုက်တာ လွန်ပါရော''





''ဟုတ်ပ့ါ၊ သူမျှားရဲ့ထိုင်ခုံကိုလည်း အတင်းအဓမ္မ လုထိုင်နေသေးတယ်''

နှုတ်ဆိတ်နေသော အနောက်တက်ကနှစ်ယောက်ပါ ပြဿနာထဲ ဝင်လာသည်။

''ဒီမှာ ရှင်တို့ အခု ဖယ်မလား၊ မဖယ်ဘူးလား ပြော''

မိန်းကလေးတန်မဲ့ စိန်ခေါ်စကားနှင့် သူမ,ဆိုတော့ သူမျက်မှောင်ကုပ်သွားမိသလို၊ ဝေယံမျက်နှာလည်း ရဲရဲနီသွားသည်။ သုံးယောက်ထဲမှာ စိတ်ဆတ်သော ညီညီက အံကြိတ်လိုက်တာလည်း သူ သတိထားမိသည်။

ခုချိန်ထိ နှုတ်ခမ်းပါးပါးလေးတွေကို တင်းတင်းစေ့ကြည့်နေဆဲ၊ သူမ အသွင်ကလည်း အလျှော့ပေးမည့်အသွင်မရှိ။

''ကျွန်တော်တို့ ထိုင်နေပြီးတဲ့ခုံက ပြောင်းပေးရမှာကတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ မိန်းကလေးနဲ့ ယောကျ်ားလေးဆိုတော့ ပြိုင်မဖြစ်ချင်လို့ အလျှော့ပေးရမှာ၊ တကယ်ဆို လုံးဝ ပြောင်းမပေးနိုင်တာ အမှန်ပဲ''

''လုံးဝ ပြောင်းမပေးရင် ဆွဲထုတ်ပစ်လိုက်မှာပေါ့၊ စမ်းကြည့်လေ''

''ကျွတ်၊ ဘယ်လိုမိန်းမလဲ ဒီလောက်စွာတာ''

ညီညီ ဆတ်ခနဲ ထရပ်ကာဆိုတော့ သူမကလည်း ပက်ခနဲ ပြန်ပက်သည်။

www.burmeseclassic.com



"အောင်မယ် ရှင်ကကော ဘယ်လိုယောက်ျားလဲ၊ မိန်းမနဲ့ ပြိုင်ရန်ဖြစ်ချင်တဲ့ လူကြောင်ပဲ"

"ဟာကွာ မင်းနော်"

ညီညီ့စိတ်ကို သိနေသော သူ ညီညီပခုံးကို လှမ်းပုတ်သတိပေးရင်း

"တော်ပြီ လာဟေ့ ဝေယံ နောက်ဆုံးခုံမှာပဲ သွားထိုင်ကြမယ်"

သူတို့အုပ်စုနှစ်စု ပြဿနာကို စောင့်ကြည့်နေသော တစ်ခြားသင်သားသူ၊ သင်တန်းသားတွေရှေ့မှာမို့ ဝေယံ စိတ်လျှော့လိုက်ပုံနှင့်ထရပ်သည်။ ညီညီကတော့ ထိုင်ခုံက ဖယ်ပေးချင်ပုံမရပါ။

သူနဲ့ဝေယံ ဆွဲခေါ်လာမှ တွဲပါလာတော့၏။

"ဘယ်လိုမိန်းမတွေလဲ မသိဘူး၊ ရုပ်ကလေးချောသလောက်မာရေကျောရေနိုင်လိုက်တာ"

အလျှော့ပေး ရှောင်ထွက်ခဲ့ရတာကို မကျေနပ်သည့် ညီညီလက်သီးတပြင်ပြင်နှင့် ဆိုနေသေးသည်။

"စိတ်လျှော့လိုက်စမ်းပါ ညီညီရာ၊ မိန်းမနဲ့ယောက်ျား ပြိုင်ဖြစ်နေရတာ မမိုက်ပါဘူးကွာ"

"အေး ယောက်ျားချင်းဆို လက်သီးနဲ့ ဆွဲထိုးပြီးနေပြီပေါ့ကွာ"

"တိုးတိုး တိုးတိုး မပြောနဲ့၊ သတ္တိရှိရင် ကြားအောင်ပြော"

သူတို့အုပ်စု အခဲမကြေဖြစ်နေတာ လှည့်ကြည့်ရင်း သူမလှမ်းအော်လိုက်သေး၏။ ညီညီ တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်ပေမယ့်





ပြောခွင့်မရလိုက်ပါ။

အခန်းထဲကို ဆရာ ဝင်လာပြီကိုး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သင်တန်းတက်သည့်ရက်က သတိမထားမိခဲ့သော သူမကို ထိုင်ခုံပြဿနာ နောက်ပိုင်းက စတင်ကာ သူ သတိထားမိခဲ့သည်။

သင်တန်းသို့ MARK II အနက်ရောင်ကားကြီးနှင့် ကိုယ်တိုင်မောင်းနှင်လာတတ်သော သူမအမည်က မွှမ်းမံတဲ့။ သင်တန်းခန်းရဲ့ ညာဘက်ခြမ်း ဒုတိယမြောက်ခုံတန်းလေးသည် မွှမ်းမံတို့ သူငယ်ချင်း သုံးယောက် ထိုင်နေကျခုံတန်းလေး။

ထိုခုံတန်းလေးမှာ သူတို့သုံးယောက် မရည်ရွယ်ဘဲ ဝင်ထိုင်မိသည့်နေရာ ဖြစ်ပျက်ခဲ့သော ပြဿနာက မေ့လျော့လောက်ခဲ့ပြီ





ဖြစ်ပေမယ့် မျက်နှာချင်းဆိုင်ဆုံမိတိုင်း မွှမ်းမံ မျက်ခုံးလှလှလေးတွေ ညွှန့်ကွေးလျက် မကျေနပ်မှုကို ဖော်ထုတ်ပြတတ်သည်။ ပြီးတော့ ချာခနဲ မျက်နှာလွှဲသွားတတ်ခဲ့သည်။

သူ့ကို မိန်းမဆန်ဆန် ရန်တွေ့သွားခဲ့သော သူမကို အခုမှပဲ သူ အသေအချာ ကြည့်မိသည်။ နုဖတ်ချောမွေ့သော မျက်နှာလေးပေါ်မှာ ရောင်စုံအခြယ်အသ ကင်းစင်ဝင်းပနေသည်။ ရဲရဲစိုနီမြန်းသော နှုတ်ခမ်းပါးလေးတွေကလည်း ကာလာမတင်ထားဘဲ စိုလဲ့နေ၏။

သူမသည် လှပချောမွေ့ပြီး ဆွဲဆောင်မှုရှိသော မိန်းမတစ်ယောက်ဆိုတာတော့ သူ ဝန်ခံရမည်သာ။

"မင်းဘယ်သူ့ကို ကြည့်နေတာလဲ"

နံဘေးမှရှိနေသော သူငယ်ချင်းတွေကိုတောင် သတိလက်လွတ်နှင့် သူမကို သူ ငေးစိုက်ကြည့်နေမိသည့်တစ်ရက်မှာ ညီညီ မေးလာသည်။

"မွှမ်းမံကိုလေ၊ သူတော်တော်လှတယ်"

"ဘာကွ၊ ဒီမိန်းမကို မင်းမို့ ချီးကျူးတယ်၊ တော်တော်ရှာတဲ့ မိန်းမ၊ ငါတော့ လုံးဝကြည့်လို့မ ..ရ"

ညီညီကတော့ ခါးခါးသီးသီးဆိုသည်။ မွှမ်းမံနှင့် ဖြစ်ခဲ့သည့် ပြဿနာကို ဒီကောင် ယခုထိ ကျေနပ်အစာကြေပုံ မရသေးပါ။

"ဒါတော့ကွာ အဲဒီတုန်းက ငါတို့ကလည်း သူတို့ထိုင်နေကျ ထိုင်ခုံကိုမှ ဝင်ထိုင်မိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မင်းက ဒီမိန်းမ မှန်တယ်လို့ ဆိုချင်တာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘာမှမဟုတ်တဲ့ကိစ္စ အငြိုးအတေးကြီး မထားပါနဲ့ကွာ၊ မေ့ပစ်လိုက်တော့"

ညီညီဒေါသတွေပြေနိုင်ဖို့ သူ ပေါ့ပေါ့ပါးပါး ဖြေပြော,ပြောမိ၏။

"နေစမ်းပါဦး မင်းစက်ရာ၊ မင်း သူ့ကို ကြိုက်နေပြီလား"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ဝေယံက ဒဲ့တိုးမေးသည်။ မလိမ်ညာတတ်သော သူကလည်း ဟန်ဆောင်ငြင်းဖို့ မကြိုးစားခဲ့ပါ။

"အေး၊ ငါ စိတ်ဝင်စားတာတော့ အမှန်ပဲ၊ မွှမ်းမံအကြောင်း သိချင်တယ်၊ သူနဲ့ ရင်းနှီးခင်မင်ချင်တယ်"

"ငါတော့ သိပ်သဘောမတူချင်ဘူး ၊ ဒီလောက်စွာတဲ့ မိန်းမ၊ မာနကလည်း ခေါင်ခိုက်နေမယ့်ပုံ၊ မင်းနဲ့ဖြစ်မှာမဟုတ်ဘူး"

"ညီညီပြောတာ ဟုတ်တယ် ၊ မင်းတို့ချင်း မလိုက်ဖက်တာ အမှန်ပဲ၊ မင်းက တကယ်ရိုးတဲ့ကောင်၊ ဟိုက ခပ်စွာစွာ မင်းခံရမှာ စိုးတယ်"

"အချစ်မှာ အဲဒါတွေ သိပ်အရေးမပါ,ပါဘူး၊ ငါ သူ့ကို စိတ်ဝင်စားတာ ဝန်ခံတယ်၊ သူ့အကြောင်း ပြည့်ပြည့်စုံစုံ သိချင်တယ်ကွာ"

"အေး မင်းအဲဒီလောက်ဖြစ်နေရင် မွှမ်းမံအကြောင်း ဒီရက်ပိုင်းအတွင်း ငါစုံစမ်းပေးမယ် မင်းစက်ရာ"





"အိုကေ ဝေယံ၊ အဲဒီအတွက် မင်းတို့ကို Sun Light မှာ ကျွေးရပါ့မယ်"

သူဆိုတော့ ဝေယံ လက်ခံခေါင်းညိတ်သည်။ ညီညီကတော့ နှုတ်ဆိတ်ငြိမ်သက်နေလေသည်။ တက္ကသိုလ်မှာကတည်းက သုံးယောက်သား မေဂျာတူ၊ အတန်းတူ တွဲလာခဲ့ကြတဲ့ ဒီသုံးယောက်။ တစ်ယောက်အကြောင်း တစ်ယောက် သိထားပြီးသားလေ။ စိတ်ရင်း ကောင်းပေမယ့် စိတ်တိုလွယ်တဲ့ ညီညီ။

ဝေယံကတော့ အားလုံးနဲ့ အဆင်ပြေအောင် နေတတ်သူ။ ငြိမ်ဖြေရေးသမားလို သူ့ငယ်ချင်းမျိုး။ မင်းစက်ရာဆိုတဲ့ သူ့အကြောင်း ကိုလည်း သူတို့နှစ်ယောက် သိထားကြသည်။ အေးအေးနေတတ်သူ၊ ရှင်းလင်းရိုးသားစွာနှင့် ရင်ထဲက ခံစားချက်ကို မျိုသိပ်မထားတတ်သူ ဆိုတာ နှစ်ယောက်စလုံးအသိပင်။

ဒါကြောင့်လည်း အခု မွှမ်းမံ ကိစ္စမှာ သူ့ဘက်က သဘောကျသည်ဆိုတော့ နှစ်ယောက်စလုံး အပြင်းအထန် တားမြစ်ဖို့ မကြိုးစားကြပါ။ ဖြစ်ချင်တာ လုပ်ချင်တာကို ယတိပြတ်လုပ်တတ်သည့် သူ့စိတ်ကို သိနေတာကြောင့်ပဲ ဖြစ်ပေသည်။

အမှန်ဝန်ခံရလျှင် မိန်းမတစ်ယောက်ကို နှုတ်က ထုတ်ဖော် ချီးကျူးလောက်အောင် မင်းစက်ရာဆိုသော သူ့ဘဝမှာ မကြုံတွေ့ခဲ့ ဘူးပါ။ တက္ကသိုလ်ကျောင်းသားဘဝ တစ်လျှောက်လုံးမှာ သူ့စိတ်နှစ်မြှုပ် ထားခဲ့သည်က ပညာရေးနှင့် ကျောင်းစာထဲမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ မိန်းကလေးမိတ်ဆွေ မထားခဲ့ဘူးပါ။ ဝေယံနှင့် ညီညီတို့နှစ်ဦးသည်သာ သူပေါင်းသင်းသော သူငယ်ချင်းတွေဖြစ်သည်။

ကျောင်းပိတ်ရက်တွေမှာ သူ တော်ရုံ အိမ်ပြင်မထွက်ဘဲ နေဖြစ်တာက မေမေကြောင့်ဟုပဲ ဆိုရလိမ့်မည်။ မေမေ့ခမြာ အထီးကျန် ရှင်သန်နေရရှာ၏။ သူကျောင်းသွားနေချိန်မှာ မေမေသည် အိမ်ဖော် မိန်းကလေး မိစုနှင့်သာ ကျန်ရစ်ခဲ့ရသူဖြစ်သည်။

ဖေဖေ တိမ်းပါးတော့ သူ အလယ်တန်းကျောင်းသားဘဝပဲ ရှိသေး၏။ သူ့ထက် သုံးနှစ်သာသာကြီးသော ကိုကြီးလင်းရောင်က ဆယ်တန်းကျောင်းသား။ မေမေက သူတို့ညီအစ်ကိုအတွက် ဖေဖေရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို ဆက်ဦးစီးခဲ့သည်။

"မေမေကလည်း လောဘကြီးလိုက်တာဗျာ၊ ဖေဖေ ရှာဖွေ ထားခဲ့တာတွေနဲ့ ပြည့်စုံပြီးသားပဲ၊ မေမေ ဘာလို့ အပင်ပန်းခံ ရှာစရာလိုသလဲ၊ ပြီးတော့ ဖေဖေ့အလုပ်တွေကို လူယုံတော်တွေနဲ့ လွှဲထားလို့ရတာပဲဥစ္စာ"

"မေမေ လောဘကြီးတာ သားတို့အနာဂတ်အတွက်ပါ။ သားဖေဖေအလုပ်တွေကို သူတစ်ပါးနဲ့ လွှဲထားတာထက်စာရင် ကိုယ်တိုင် ဦးဆောင်တော့ ပိုကောင်းတာပေါ့။ မေမေ အိမ်မှာ ဒီအတိုင်းထိုင်နေရတာ ပျင်းစရာကြီး"

သူ့ ဝေဖန်မိတိုင်း မေမေက ချက်ကျကျ ရှင်းပြတတ်ခဲ့သည်။ ဟုတ်တော့လည်းဟုတ်သည်။ မေမေ့ရဲ့ ဦးဆောင်မှုအောက်မှာ ဖေဖေ့ရဲ့





လုပ်ငန်းတွေ တိုးတက်အောင်မြင်ခဲ့တာတော့ အမှန်ပင်။

ပညာရေးမှာ ထူးချွန်ပေါက်သော ကိုကိုလင်းရောင် ဆေးကျောင်း တက်နေချိန်မှာ သူလည်း စီးပွားရေးတက္ကသိုလ် ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့၏။ ထိုအချိန်မှာပဲ မေမေခမြာ ကျန်းမာရေးက ချူချာလာခဲ့၏။

နှလုံး၊ သွေးတိုး ဝေဒနာတွေကြောင့် မေမေ အလုပ်တွေကို နားလိုက်ရသည်။ သားနှစ်ယောက် ကျောင်းသွားနေချိန်မှာ မေမေ တစ်ယောက်တည်း အိမ်မှာ အထီးကျန်စွာ ကျန်ခဲ့ရသည်။

မေမေနှင့် သူတို့ညီအစ်ကို ဆုံတွေ့ချိန်က ညပိုင်းအချိန်တွေပဲ ဖြစ်သည်။ ထမင်းဝိုင်းမှာ တခဏဆုံ၊ ပြီးတော့ ကိုကိုက စာကြည့်ခန်းမှာ အကုပ်ကုပ်။ ကိုကိုလောက် စာမပိုသော သူသာ မေမေနှင့်အတူ တီဗီရှေ့ထိုင်ကာ အတူနေပေးနိုင်သည်။

သူ့ထက် စောကာ ကိုကို ကျောင်းပြီးသွားတော့လည်း မေမေ့အနီးမှာ နေပေးချိန် မရှိသေးခဲ့ချေ။ ပညာတော်သော ဆရာဝန် ပေါက်စ ကိုကိုသည် အင်္ဂလန်အထိ ဘွဲ့လွန်ပညာသင်ခွင့်ရခဲ့သည်။

မေမေ့အနီးမှာ သူပဲ ကျန်ရစ်ခဲ့သည်။ မေမေ့ဘဝကို စာနာ စိတ်နှင့် အနီးမှာ အတူနေနိုင်ချိန်ကို သူ ဂရုစိုက် အလေးပေးခဲ့သည်။ သားနှစ်ယောက် ပိုင်ဆိုင်ထားပေမယ့် မေမေ့ခမြာ ဘယ်တော့မှ စုံညီစွာ နေခွင့်မရနိုင်ခဲ့ရှာပါ။

"ငယ်ငယ်တုန်းမှာ ပညာရှာရတယ် သား၊ အခု သား ကျောင်းပြီးသွားပြီဆိုပေမယ့် ခေတ်နဲ့အညီ တတ်ကျွမ်းထားသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပညာတွေ လိုသေးတယ်၊ ဘာသာစကားသင်တန်းတစ်ခု သွားတက်ပါလား''

မေမေက တိုက်တွန်းသလို သူကိုယ်တိုင်ကလည်း ဝါသနာပါတာမို့ ဝေယံတို့နှင့် တိုင်ပင်ကာ အင်္ဂလိပ်ဘာသာစကားပြောသင်တန်းကို တက်ဖြစ်ခဲ့လေသည်။

ကံကြမ္မာက မွှမ်းမံဆိုသော သူမနှင့် ဆုံဆည်းအောင် စီမံထားလေသလားတော့ မသိ။ သေချာသည်ကတော့ သူမသည် သူ့နှလုံးသားကို လှုပ်ခတ်စေသော ပထမဆုံး မိန်းမတစ်ယောက် ဖြစ်ခဲ့လေ၏။

တွေ့စက မိန်းမဆန်လွန်းစွာ ရန်တွေ့ခဲ့သော သူမသည် သူ့နှလုံးသားထဲကို အချိန်တိုလေးအတွင်း ဝင်ရောက်လာနိုင်ခဲ့သည်။ သူ့ကိုမြင်လျှင် မျက်မှောင်ကုပ်ကြည့်တတ်သော မျက်လုံး ဝိုင်းစက်စက်လေးတွေကို သူ မမုန်းနိုင်ဘဲ မက်မောနေမိရဲ့။

မိန်းမဆန်လွန်းစွာ ရန်စောင်တတ်ပေမယ့် တစ်ခြား မိန်းကလေးတွေလို မပြင်မဆင်ဘဲ ချစ်စရာကောင်းအောင် ချောမွေ့နေသော မျက်နှာလေးကိုလည်း သူ ရင်ခုန်သည်။

စစ်မှန်သော ချစ်ခြင်းတရားဆိုတာကို ယုံကြည်ဖို့အတွက် အချိန်ဆိုတဲ့ဘောင် သတ်မှတ်ချက်ကြီး မရှိဟု သူ အကြွင်းမဲ့ယုံသည်။ မွှမ်းမံကော ယုံကြည်နိုင်မလားတော့ သူ မသိပါ။

ရင်ထဲမှာတော့ သိပ်ကို သေချာနေသည်။





မင်းဟာ ကိုယ့်နှလုံးသားကို ပထမဆုံး လှုပ်ခတ်စေတဲ့ မိန်းမတစ်ယောက်ပါ မွှမ်းမံ။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၃)

သင်တန်းအဆောက်အဦလေးနှင့် မဝေးလှသော Sun Light စားသောက်ဆိုင်ရှေ့မှာ သူကားလေး ထိုးရပ်လိုက်သည်။ ဆိုင်ထဲကို မျှော်ကြည့်တော့ ကြိုမျှော်လင့်ထားသည့်အတိုင်း ဝေယံနှင့် ညီညီကို စားပွဲတစ်ဝိုင်းမှာ တွေ့ရသည်။

"မင်းကလည်း နောက်ကျလိုက်တာ"

စားပွဲဝိုင်းမှာ သူ ဝင်ထိုင်သည်နှင့် ဝေယံ စိတ်မရှည်နိုင်သော လေသံနှင့် ဆီး၍ဆိုသည်။ ကားသော့တွဲကို စားပွဲပေါ်တင်ရင်း သူ တောင်းပန်ရ၏။





"ဆောရီးကွာ၊ ညက မေမေ သွေးတိုးနေလို့ ဒီမနက် ဆရာဝန်ပင့်ပြီး ပြရသေးတယ်၊ ဒါကြောင့် နောက်ကျသွားတာ"

"ဟုတ်လား၊ အန်တီ သက်သာသွားပြီလား"

သူ ခေါင်းညိတ်ပြလိုက်မိ၏။ အိမ်ကို ဝင်ထွက်စားသောက်နေသော ဝေယံနှင့် ညီညီကို မေမေက ခင်တွယ်သည်။ ဒီကောင်တွေကလည်း မေမေ့ကို ချစ်ခင်သံယောဇဉ်ကြီးကြသည်လေ။

"ငါတို့တော့ မှာစားထားပြီးပြီ၊ မင်းကော ဘာစားမှာလဲ၊ မှာလေ မင်း"

စားပွဲဝိုင်းပေါ်က ဆီချက်ပန်းကန်လွတ်တွေနှင့် သောက်လက်စ အအေးဘူးတွေကိုကြည့်ရင်း သူ စားပွဲထိုး ချာတိတ်ကို ဆီချက်တစ်ပွဲ မှာလိုက်၏။

"ကဲ ဘယ်လိုလဲ ဝေယံ၊ ငါသိချင်တဲ့ မွမ်းမံအကြောင်း ပြောပြစမ်းပါဦး"

"ဖြည်းဖြည်းပေါ့ မင်းရာ၊ မင်းစားစရာရှိတာ အရင်စားစမ်း ပါဦး"

ဝေယံ ပြုံးစိစိမျက်နှာပေးနှင့် ဆိုသည်။ ညီညီကလည်း

"ဒီမိန်းမနဲ့ကျမှ မင်း ဘယ်လိုဖြစ်သွားရတာလဲ မင်း၊ မင်းသူ့ကို တကယ်ပဲ ချစ်နေပြီလား"

"အေး ချစ်နေမိတာ သေချာတယ်၊ မွမ်းမံနဲ့ ငါ ရင်းနှီး ခင်မင်ချင်နေတာ အမှန်ပဲ ညီညီ"



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းကမှ သူနှင့် မွမ်းမံကို သိပ်သဘောမတူချင် လှသော ညီညီ နှာခေါင်းရှုံ့ မျက်နှာမဲ့လိုက်ရင်း

"အင်း မာနကတော့ ခပ်တင်းတင်းထဲကပဲဖြစ်မှာ သေချာတယ် မင်း၊ မခံပါရစေနဲ့လို့ပဲ ငါဆုတောင်းတယ် မင်း"

ညီညီစကားကြောင့် သူ့ရင်ထဲမှာ ဘယ်လိုခံစားချက်မှ ဖြစ်မသွားတာ အမှန်ပင်။ မွမ်းမံကို ရင်းနှီးကျွမ်းဝင်ချင်သည်။ ချယ်ရီမုံနှင့် ပတ်သက်သမျှ သိချင် စိတ်ဝင်စားသည်။

စားပွဲထိုးလေး ချလာပေးသော ဆီချက်ပွဲကို အသာ တွန်းဖယ်ရင်း ဝေယံစကားတွေကိုသာ နားစွင့်ထားမိဆဲ။

"ကဲ မင်း အဲ့ဒီလောက် သိချင်နေတော့လည်း ငါပြောပြမယ် မွမ်းမံက သင်္ချာနဲ့ ကျောင်းပြီးသွားပြီ၊ တက္ကသိုလ်မှာတုန်းက မွမ်းမံနဲ့ အတူ ကျောင်းတက်ခဲ့ဖူးတဲ့ သူငယ်ချင်းတစ်ယောက်ကို ငါ ဗျူးထားတာ"

မွမ်းမံနှင့် ပတ်သက်ပြီး ဝေယံက စကားပလ္လင်ခံနေ သေးသည်။ ပြီးမှ မွမ်းမအကြောင်းကို သေချာစွာ ပြောပြ၏။

"မွမ်းမံမှာ မိဘနှစ်ပါးစလုံးရှိတယ်၊ ဒါပေမဲ့ နှစ်ယောက် စလုံးက အမေရိကားမှာနေကြတာ၊ အမေရိကားမှာ စီးပွားရေးကုမ္ပဏီ ထောင်ထားတယ်၊ မွမ်းမံကတော့ သူ့အဘွားပိုင်ဆိုင်တဲ့ ကုမ္ပဏီ လုပ်ငန်းတွေ အများကြီးရှိတယ်၊ မွမ်းမံအဘွားက အားလုံး မွမ်းမံ နာမည်နဲ့ လွှဲပေးထားတာကွ၊ မွမ်းမံကလည်း အနေဝေးနေတဲ့ မိဘနှစ်ပါးထက် သူ့အဘွားကို ပိုပြီး သံယောဇဉ်ကြီးပုံရတယ်





အမေရိကားမှာ ကျောင်းဆက်တက်ဖို့ မိဘတွေခေါ်တာတောင် လိုက်မသွားဘူး၊ အဘွားဖြစ်သူရဲ့ အမွေတွေကိုဆက်ခံပြီး မြန်မာပြည် မှာပဲ နေ့နေတာ၊ တက္ကသိုလ်မှာတုန်းက ကွင်းပေါ်ကွာ၊ သိန်းထောင်ချီတဲ့ ကားတွေကို ထည့်လဲစီးပြီး ကျောင်းတက်နိုင်တဲ့ မွမ်းမံကို အရိပ်လို လိုက်တဲ့ ယောကျ်ားလေးတွေ အများကြီးရှိခဲ့တယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ မကြိုက်ခဲ့ဘူးတဲ့၊ မာနကြီးပြီး ခပ်စွာစွာဆိုတာတော့ မင်း ကြုံဖူး ပြီးသားပဲလေ"

ဝေယံစကားအဆုံးမှာ သူ ကျေကျေနပ်နပ် ပြုံးလိုက်ရင်း ခေါင်းညိတ်မိသည်။

"သူ့ကို ငါ စိတ်ဝင်စားတယ် ဝေယံ၊ မင်းစကားတွေက တကယ် တန်ဖိုးရှိပါတယ်၊ အခုက,က မွမ်းမံမှာ လက်ရှိ ချစ်သူ ရည်းစား ရှိနေသလား ငါသိချင်တာ"

"ဒါတော့ မရှိသေးတာ သေချာပါတယ်၊ တို့တွေ သင်တန်း တက်နေတာပဲ တစ်ပတ်ကျော်နေပြီလေ၊ မွမ်းမံကို ဘယ်ယောကျ်ား လေးနဲ့ အတူတွဲပြီး တွေ့ဖူးလို့လဲ"

"အေး အဲဒါ ငါအလိုချင်ဆုံးအချက်ပဲ"

"ကဲ ဒါဆိုလည်း မင်းမှာထားတဲ့ ဆီချက်တွေ စားတော့၊ အေးပြီး ပွစိစိဖြစ်ကုန်ပြီ"

"တော်ပြီ ငါ ဗိုက်မဆာပါဘူး၊ ရင်ထဲမှာပြည့်နေလို့ မင်းတို့ ဘာစားကြဦးမလဲ ကြိုက်တာမှာ၊ ငါ အပြည့်အဝ တာဝန်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ မင်းရာ၊ ငါ တစ်ခုပဲမေးချင်တယ်၊ အခု မွှမ်းမံ အကြောင်း မင်းသိပြီးပြီဆိုတော့ မင်း ဘာဆက်လုပ်မှာလဲ"

"အရင်ဆုံး သူနဲ့ ခင်မင်ခွင့်ရအောင် ငါ ကြိုးစားမယ်၊ ပြီးရင် ငါ့ရင်ထဲက အချစ်ကို သူသိအောင် ဖွင့်ပြောမယ်"

သူ့စကားကြောင့် တစ်ချိန်လုံး ငြိမ်သက်နေသော ညီညီ မျက်မှောင်ကုပ်ပြီး ကြည့်နေရင်းမှ

"မင်းတော့ ထပ်ခံရဦးမှာပဲ မင်း၊ မွှမ်းမံက ငါတို့ကို စပေ့ါ့ကတည်းက အနိုင်ယူသွားတာ၊ အခုလည်း မင်းကိုယ်တိုင်က မွှမ်းမံရှေ့ လည်စင်းခံပေးရတော့မယ်၊ တော်တော်ခံရခက်တဲ့ကိစ္စပဲ"

"ငါ မွှမ်းမံကို ချစ်တာနဲ့ပဲ လည်စင်းခံပေးရတော့မှာလား ညီညီရာ၊ မင်းစိတ်ထဲမှာ စိုးရိမ်ကြီးနေတာပါ၊ သူ့ကိုငါချစ်တာ အပြစ် တစ်ခု ကျူးလွန်လိုက်တာမှ မဟုတ်ဘဲ"

"အေး အပြစ်ကျူးလွန်တာ မဟုတ်ပေမယ့် မွှမ်းမံက မင်းကို ကောင်းကောင်းကြီး အနိုင်ယူလိုက်မှာ သေချာတယ် မင်း"

"ဒါတော့ အမှန်ပဲ မင်း၊ မွှမ်းမံက ရုပ်ရည်၊ ငွေကြေးနေ အားလုံးပြည့်စုံတယ်၊ အသိုင်းအဝိုင်းကလည်း တောင့်တင်းတယ်၊ ဒီတော့ မာနက မိုးထိမြင့်နေမှာ သေချာတယ်၊ သူ့လိုမိန်းမတစ်ယောက်ကို ချစ်မိတဲ့ မင်း သူ့အနိုင်ယူသမျှ ခံရမှာတော့ 'အသေအချာပဲ"

ဝေယံနှင့် ညီညီတို့ ဝေဖန်ချက်တွေကို သူ တိတ်ဆိတ်စွာနှင့်ပဲ ငြိမ်သက်နေလိုက်မိသည်။ မွှမ်းမံဆိုသော မိန်းမတစ်ယောက်ကို





ချစ်မိသည့်အတွက် သူ့ဘက်က ဘာတွေကို ဆုံးရှုံးစွန့်လွှတ်ရမှာလဲ။ ရောရာအားလုံးကို စွန့်လွှတ်ဖို့ သူ့ဘက်က အသင့်။

ထို့အတွက် သူ လိုလားတောင့်တမိတာက တစ်ခုတည်းရယ်။ မွှမ်းမံဆိုသော မိန်းမတစ်ယောက်ရဲ့ နှလုံးသားထဲက အချစ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဆိုင်ထဲသို့ လှမ်းဝင်လိုက်မိတဲ့ ကျွန်မ ခြေလှမ်းတွေ တုန့်ခ
ဖြစ်သွားမိသေးရဲ့။ ကျွန်မနံဘေးမှာ အတူပါလာတဲ့ မာလာနဲ့ ကေသီ
မျက်နှာတွေမှာလည်း တအံ့တသြ မင်သက်ကုန်မှာ သေချာတယ်။

ကြည့်လေ။ ဆိုင်ထဲက ထောင့်စားပွဲဝိုင်းတစ်ခုမှာ ထိုင်နေ
သုံးယောက်။ ကျွန်မတို့ထက် အရင်ကြိုရောက်နေပုံရတဲ့ သူတို့အုပ်စုထဲ
ဆိုင်တံခါးဝဘက် မျက်နှာလှည့်ထိုင်နေတဲ့ သူ့မျက်နှာကလည်း တအံ့တ
ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားတာ မြင်လိုက်ရသည်။

ခြေလှမ်းတွေကို ဟန်မပျက် ကျွန်မ ဆက်လှမ်းမှ မာလာ





ကေသီလည်း သတိဝင်သွားပုံနဲ့ ရပ်နေတဲ့ ခြေလှမ်းတွေကို ဆက်လှမ်းဖို့ သတိရကြပုံပါပဲ။ သူတို့ဝိုင်းနဲ့ အဝေးဆုံး ဆန့်ကျင်ဘက်ဖြစ်တဲ့ ထောင့်စားပွဲဝိုင်းဆီကို ကျွန်မ ရွေးချယ်ပြီး လှမ်းထွက်ခဲ့သည်။

စားပွဲဝိုင်းမှာ ဝင်ထိုင်တော့လည်း တမင်ကို ကျောခိုင်းနိုင်တဲ့ ထိုင်ခုံမှာ ကျွန်မ ဝင်ထိုင်လိုက်မိရဲ့။ ကေသီက ကျွန်မညာဘက်မှာ။ မာလာကတော့ သူတို့ဝိုင်းကို မြင်နိုင်တဲ့ ကျွန်မရှေ့တည့်တည့် ထိုင်ခုံကို ရွေးချယ်ဝင်ထိုင်ပုံပါ။

မိမာလာအကြောင်း အတွင်းသိလေ။ သိပ်စပ်စုတတ်သလို သိပ်လည်း အတင်းအုပ်တတ်တဲ့မိန်းမ။

ကျွန်မနဲ့ ကေသီက ရန်ညှိုးရှိခဲ့ဖူးတဲ့ သူတို့ဝိုင်းဘက် ယောင်လို့တောင် လှည့်မကြည့်တဲ့ အနားရောက်လာတဲ့ စားပွဲထိုးလေးကို သီချက်သုံးပွဲ မှာလိုက်ကြ၏။

"ဟဲ့ မိမာလာ၊ ရှင်ဘာဖြစ်လို့ အဲဒီကောင်တွေကို စိတ်ဝင်စားနေရတာလဲ၊ ရှင်ကြည့်နေတာ ကြာနေပြီ"

အလိုမကျတဲ့လေသံနဲ့ ကျွန်မ ဆိုလိုက်မှ မျက်မှောင်ကုပ်ပြီး စိတ်ဝင်တစားကြည့်နေတဲ့ မာလာမျက်ဝန်းတွေ ကျွန်မဆီ ရောက်လာတော့၏။

"ကြည့်ချင်လို့ကြည့်တာ မဟုတ်ဘူး၊ ဒီအကောင်တွေ ကြည့်ရတာ မရိုးသားဘူး"

"ဘာမရိုးသားတာလဲ မာလာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပုံစံတွေကိုက မရိုးသားတာ အထင်အရှားပဲ ကြည့်ရတာ ငါတို့ဝင်လာကတည်းက တို့အကြောင်း အတင်းတုပ်နေတဲ့ပုံတွေ"

"ထားလိုက်စမ်းပါဟာ၊ ယောကျ်ားမပီသတဲ့ကောင်တွေ ဂရုစိုက်မနေစမ်းပါနဲ့"

"ဂရုမစိုက်ဘဲနဲ့ကို အလိုလို မြင်နေရတာကိုး မံရဲ့"

"ရှင်မမြင်ချင်ရင် အဲဒီခုံမှာ မထိုင်နဲ့ပေါ့၊ အစောကြီးကတည်းက သူတို့ကို မမြင်နိုင်တဲ့ခုံမှာ ထိုင်ရမှာ"

"တမင်ကို ဝင်ထိုင်တာဟ၊ သူတို့ တို့ကို ဘာတွေကြံစည်နေတာလဲ သိချင်လို့ပေါ့၊ ငါ့အထင်တော့ ဟိုတစ်ခါက ကိစ္စကို တို့ဝင်မလာခင်ကတည်းက အတင်းပြောနေတာဖြစ်မယ်၊ အခုတောင် သုံးယောက်စလုံး တို့ဝိုင်းကို လှည့်ကြည့် လှည့်ကြည့် လုပ်နေကြတယ်"

"ကဲပါ မာလာရယ်၊ ရှင်ပဲ အဲဒီဝိုင်းကို စိတ်ဝင်စားနေ၊ ငါတို့တော့ ဗိုက်ဆာနေပြီ စားတော့မယ်"

စားပွဲထိုးလေး ဆီချက်ပန်းကန်တွေ လာချပေးမှပဲ စကားစပြတ်တော့သည်။ ဒါတောင် မာလာဆိုသည့် စပ်စုမကတော့ တူနှစ်ချောင်းနဲ့ ဆီချက်ပန်းကန်ကိုမွှေရင်း မျက်လုံးတွေက ကွက်ကြည့် ကွက်ကြည့် လုပ်နေတုန်း။

"အယ်"

ပါးစောင်ထဲက ခေါက်ဆွဲတွေကိုဝါးရင်း ရေရွတ်လိုက်တဲ့ မာလာအသံကြောင့် ကျွန်မ မော့ကြည့်ရင်း





"ဘာဖြစ်တာလဲ၊ လျှာကို ကိုက်မိတာလား"

"မဟုတ်ဘူး၊ ဟိုတစ်ယောက် တို့ဝိုင်းကို ထ,လာနေပြီ" ...

"ဘာရယ်"

ကျွန်မ လှည့်မကြည့်မိအောင် ထိန်းထားလိုက်ရပေမယ့် စိတ်ထဲကတော့ သိချင်စိတ် ပြင်းပြသွားတာအမှန်။ နံဘေးကအောသီတောင် မျက်လုံးကလေး ထောင့်ကပ်ပြီး နိုးကြည့်လိုက်သေးရဲ့။

"ဟုတ်ပါရဲ့၊ ရှင့်ကို အရှုံးပေးသွားတဲ့သူပဲ"

ကေသီစကားကြောင့် သူ့မျက်နှာကို ကျွန်မ အာရုံထဲမှာ ပြေးမြင်လိုက်မိ၏။ သုံးယောက်ထဲမှာ ရုပ်အချောဆုံးဟု ကျွန်မတို့ သတ်မှတ်ထားသော မင်းစက်ရာပဲပေါ့။ သင်းက ဘာလာလုပ်တာလဲ။ ဘာသဘောလဲ။

မေးခွန်းတွေနဲ့ ကျွန်မ မျက်မှောင်ကုပ် တွေးနေတုန်းမှာပဲ မင်းစက်ရာ ကျွန်မနံဘေး ရောက်လာ၏။

"မွှမ်းမံ"

သင်တန်းတစ်ခုမှာ အတူတက်နေသော ယောကျ်ားတစ်ယောက်က ကျွန်မနာမည်ကို သိနေခြင်းအတွက် မအံ့သြမိပေမယ့် သုံးယောက်ထဲမှ ကျွန်မကိုမှ ဦးတည်လာခြင်းမို့ အံ့သြစွာ မော့ကြည့်မိပြီး ဖြစ်နေ၏။

"မွှမ်းမံတို့ဝိုင်းအတွက် ကျွန်တော် ရှင်းပေးပါရစေ"

သူ့တောင်းဆိုသံက သိမ်မွေ့သလို အပြုံးငွေ့ငွေ့လေးနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘဝီ။ တစ်ခုံတစ်ရာ တုံ့ပြန်ပြောဖို့ ကျွန်မ ပြင်ဆင်ချိန်မရခင်မှာပဲ ငါ့ဝတ်ကစကားတွေ တည်ငြိမ်စွာပဲ ထွက်လာခဲ့ပြန်သည်။

"ဒီနေ့ ကျွန်တော့်မွေးနေ့မို့ သူငယ်ချင်းတွေကို ဒါနပြုနေတာ၊ ထင်မှတ်ဘဲ မွှမ်းမံတို့ ရောက်လာတာ သိပ်တိုက်ဆိုင်နေတယ်၊ ကျွန်တော့်ဆန္ဒကို ခွင့်ပြုပေးပါ မွှမ်းမံ"

ကျွန်မ ဟားတိုက်ရယ်ပစ်လိုက်သင့်သည်၊ ဒါပေမဲ့ မရယ်ဖြစ်ပါ။ ဒါ သိပ်ကိုရိုးစင်းလွန်းသော ချဉ်းကပ်မှုတစ်ခုဆိုတာ မိန်းကလေးတိုင်း သိနိုင်၏။ ဒီလို ချဉ်းကပ်မှုမျိုးတွေ ကျောင်းတော်ကြီးမှာကတည်းက ဖန်တစ်ရာတေအောင် ကျွန်မ ကြုံဖူးပြီးသား။

ဒီလို ချဉ်းကပ်လာသမျှ ယောကျ်ားတိုင်းကိုလည်း လှလှပပ နှိပ်ကွပ် ပညာပေးပစ်ခဲ့သည်ချည်း။

"ကျွန်တော် ထပ်တောင်းဆိုပါတယ် မွှမ်းမံ၊ ဟိုတစ်ခါ ဖြစ်ခဲ့တဲ့ကိစ္စကိုလည်း ကျွန်တော် တောင်းပန်ပါတယ်၊ ဘာမှမဟုတ်တဲ့ ကိစ္စလေးကို မေ့ဖျောက်ပြီး ကျွန်တော့်မွေးနေ့ ဒါနကို လက်ခံပေးပါနော်"

တကယ့်ကို တည်တည်ငြိမ်ငြိမ်နဲ့ သူ တောင်းဆိုနေပုံက ယုံကြည်စရာကောင်းလောက်သည်။ မျက်ဝန်းအစုံက ဟန်ဆောင်ကောင်းစွာ နူးညံ့လို့၊ ရှင်းသန့်သော မျက်နှာလေးမှာ ပကတိ ရိုးသားမှုတွေက ထင်မှတ်မှားလောက်ရဲ့။

"ရှင့်မွေးနေ့ ဟုတ်လား၊ ဘယ်နှနှစ်မြောက်မွေးနေ့လဲ"

"နှစ်ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပါ မွှမ်းမံ"





ကြည့်စမ်း။ ခုချိန်ထိ စကားတစ်ချက်မမှား။ အပြုံး တစ်ချက်လေး မပျက်ယွင်းဘဲ တည်ငြိမ်လွန်းတာတော့ ချီးကျူးစရာ ကောင်းလှ၏။

သည်လိုယောကျ်ားတွေကိုပဲ ကျွန်မက ပညာပေး နှိပ်ကွပ် ချင်တာ။ ရှင် ဘယ်လောက်ထိ ဟန်ဆောင်ကောင်းသလဲ။ ကျွန်မနဲ့ ဘာပြိုင်ကြည့်ရအောင် မင်းစက်ရာ။

"ရှင့်မွေးနေ့မှာ မမျှော်လင့်ဘဲ ဖိတ်ကြားခံရတာ ဂုဏ်ယူ ရာပဲ၊ ကျွန်မတို့ လက်ခံပါတယ် မင်းစက်ရာ"

သူ့မျက်ဝန်းအစုံ တောက်ပလင်းလက်သွားတာကိုကြည့်ရင်း ကျွန်မ သိပ်ကို ကျေနပ်သွားခဲ့၏။ ကျွန်မနာမည်ကို သူသိနေသလို သူ့နာမည်ကို ကျွန်မ သိရှိနေခြင်းအတွက် ရှင် သိပ်ပျော်သွားတယ် ဟုတ်လား။ ကျွန်မလိုချင်တာ အဲဒါပဲ မင်းစက်ရာ။

"သိပ်ကို ကျေးဇူးတင်ပါတယ် မွှမ်းမံ၊ ကျွန်တော့်ကို မိတ်ဆွေ သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်တာပေါ့နော်"

"သိပ်သေချာတာပေါ့၊ တကယ်ဆို ရှင့်မွေးနေ့ပွဲ အထိမ်းအမှတ် အဖြစ် ကျွန်မတို့ကိုပါ ရှင့်သူငယ်ချင်းတွေနဲ့ တစ်ဝိုင်းတည်း ဒါနပြုသင့်တာ၊ ဒါမှ အားလုံး နွေးထွေးခင်မင်မှု ရကြမှာပေါ့"

"ဟာ တကယ်လား မွှမ်းမံ၊ ဒါဆို ကျွန်တော့်သူငယ်ချင်း တွေနဲ့အတူ တစ်ဝိုင်းတည်း ဆုံကြရအောင်ဗျာ"

"ကျွန်မတို့က ရှင်တို့ဝိုင်းကို ပြောင်းထိုင်ပေးရမှာလား



www.burmeseclassic.com

www.burmeseclassic.com



မင်းစက်ရာ''

''အာ မဟုတ်တာ၊ ကျွန်တော့်သူငယ်ချင်းတွေကို မွှမ်းမံ တို့ဝိုင်း ခေါ်ခဲ့မှာပါ၊ ခဏလေးနော်''

ကျွန်မထံက ထိုမျှအထိ မျှော်လင့်ထားပုံမရသော အခွင့် အရေးကို ရရှိလိုက်တာမို့ သူ ဝမ်းသာအားရ သူငယ်ချင်းတွေဆီ ခပ်သုတ်သုတ် လှမ်းသွား၏။

''ရှင် ဘာတွေပြောင်းလဲသွားတာလဲ မံ''

''နင်မသိရင် အသာနေ၊ ငါ သူတို့ကို ကောင်းကောင်းကြီး ပညာပေးပြမလို့''

ကျွန်မ နှုတ်ခမ်းလေးတွေ တွန့်ကာ ပြုံးပြုံးလေးဆိုမှ မာလာ သဘောပေါက်သွားကာ ခေါင်းညိတ်သည်။

မိနစ်ပိုင်းအတွင်းမှာ သူခေါ်ဆောင်လာသော သူငယ်ချင်းနှစ်ဦး မျက်နှာတွေက မယုံနိုင်ခြင်းတွေနှင့် ကျွန်မတို့ဝိုင်းကို မဝံ့မရဲ ပါလာသည်။ ကျွန်မမျက်နှာပေါ်က နွေးထွေးဖော်ရွေသော အပြုံးတွေအတွက် သူ့ရဲ့ သူငယ်ချင်းတွေ အံ့သြနေပုံလည်းရသည်။

ထိုမနက်ခင်းက ကျွန်မတို့အဖွဲ့နှင့် သူတို့အဖွဲ့ ခင်မင်ရင်းနှီးစွာ မိတ်ဖွဲ့ဖြစ်ခဲ့ကြသည်။ ကျွန်မရည်ရွယ်ချက်ကို သိထားသော မာလာနှင့် ကေသီကလည်း သရုပ်ဆောင်ကောင်းခဲ့ကြသည်။

ဝေယံနှင့် ညီညီဆိုသော သူ့သူငယ်ချင်းနှစ်ယောက်က ကျွန်မနှင့် မင်းစက်ရာတို့ တရင်းတနှီး ရယ်မောစကားဖွဲ့နေတာကို





အံ့ကြည့် ကြက်ကြည့် ဖြစ်နေတာလည်း ကျွန်မ သတိထားမိသည်။

မွှမ်းမံဆိုသော မိန်းမတစ်ယောက်ကို အလွယ်တကူ ချဉ်းကပ်ပြနိုင်သူအဖြစ် သူ ကြွက်ပျော်နေသည်ထင်ရဲ့။ သုံးယောက်ထဲမှ သူ့မျက်နှာ ကြည်လင်တောက်ပလို့ ပျော်ရွှင်နေတာ ဖုံးဖိမရနိုင်ခဲ့ပါ။

သင်တန်းခန်းမထဲက ယောကျ်ားလေးအားလုံးထဲမှာ ရှင် စတိုင်ကျတာ၊ ချောမောတာ ကျွန်မ မငြင်းပါဘူး။ ဒါပေမဲ့ ရှင့်ရဲ့ ဆုံကြည်ချက်တွေကို ကျွန်မ အရည်ဖျော်ပြမယ် မင်းစက်ရာ။

မှတ်ထားလိုက်။ ကျွန်မနာမည် မွှမ်းမံ တဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ငါတော့ တကယ်အံ့ဩတယ်၊ မွမ်းမံ မင်းကို အလွယ်တကူ လက်ခံမယ်လို့ ဘယ်လိုမှ ထင်မထားဘူး"

"အေး ငါလည်း ဝေယံနဲ့ထပ်တူပဲ၊ မင်း ကောင်းကောင်းကြီး နှိပ်ကွပ်ခံရပြီ မှတ်ထားခဲ့တာကွ"

ဝေယံနှင့် ညီညီတို့ အံ့ဩသလို သူလည်း အံ့ဩသွားခဲ့တာ အမှန်။ မွမ်းမံကို အလွယ်တကူ ရင်းနှီးခွင့် ပိုင်ဆိုင်ရမည်ဟု ထင်မှတ်မထားခဲ့ပါ။ မွမ်းမံကို မြတ်နိုးစွဲလမ်းသောစိတ်ဖြင့် အရဲစွန့် ကြိုးစားခဲ့မိခြင်းသာဖြစ်သည်။





ထိုနေ့က မွမ်းမံတို့အုပ်စု Sun Light ထဲကို ဝင်လာစည်ဟု ထင်မှတ်မထားခဲ့ပါ။ သင်တန်းချိန်စောသေးတာမို့ သုံးယောက်သား ညီချက်ဝင်စားရင်း မွမ်းမံအကြောင်း ပြောနေခိုက် သူမတို့ ရောက်လာခြင်းဖြစ်လေသည်။

"ဖူးစာရေးနတ်ကတော့ မင်းဘက်က မျက်နှာလိုက်နေပြီနဲ့ တူတယ် မင်းရေ၊ ဟိုမှာ ဆိုင်ထဲကို မွမ်းမံတို့ ဝင်လာတယ်ကွ"

ဆိုင်အဝင်တံခါးဝကို မျက်နှာပြုထိုင်နေသော ညီညီဆီမှ သူ ရင်ထဲ ထိတ်ခနဲဖြစ်ကာ လှည့်ကြည့်မိခဲ့ခြင်း။

အသေအချာပါပဲ၊ ဆင်စွယ်ရောင်တီရှပ်လေးနှင့် အရိုပ်ပန်း သေးတွေ ရေးရေးထင်သော အနက်ရောင်ထဘီလေး ဝတ်ဆင်ထားသော မွမ်းမံအလှက ထင်းနေသည်။ မနက်ခင်းကြီးမှာ သာနေသော သလေးတစ်စင်းကို ရင်ခုန်လှုပ်ခတ်စွာ ကြည့်နေမိသူက သူပဲဖြစ်သည်။

မွမ်းမံကတော့ သူတို့ထိုင်နေတာကို မြင်တွေ့ပြီးသွားခဲ့ပုံ ရ၏။ တစ်ချက်လေးတောင် လှည့်မကြည့်တဲ့ သူတို့စားပွဲဝိုင်းနှင့် ဆန့်ကျင်ဘက် အဝေးဆုံး ထောင့်ဝိုင်းဆီ ဦးတည်လှမ်းသွားကြသည်။

"ငါတို့ထိုင်နေတာ သိလို့ တမင် အဝေးဆုံးဝိုင်းမှာ ထိုင်တာကွ"

"ဟုတ်တယ်၊ တော်တော် ဘဝင်လေဟပ်နေတာ၊ နောက်ဆို သက်ပိုပြီး ဆိုးဦးမှာ၊ မင်းတော့မလွယ်ဘူး မင်း"

ထုံးစံအတိုင်း ညီညီနဲ့ ဝေယံတို့ ဝေဖန်စကားတွေ ထွက်လာ၏။ တကယ်လည်း သူမက သူတို့ကိုကျောခိုင်း၍ ထိုင်နေသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဟုတ်လောက်သည့် ပြဿနာလေးအတွက် မွှမ်းမံ သူတို့ကို မျက်နှာချင်းမဆိုင်ချင် ဖြစ်နေတာ မကောင်းပါ။ ခက်သည်က ညီညီဆိုသည့် ကောင်ကလည်း မွှမ်းမံတို့မျက်နှာ မြင်တာနဲ့ မကျေနပ်သလို မှုန်ကုပ်သွားတတ်သည်။

သည်တော့ သေးမွှားသည့် ပြဿနာလေးက နောက်ဆက်တွဲ ဆက်ဆံမှုတွေကြောင့် ကြီးထွားလာတာပဲဖြစ်သည်။ ကြာရင် မဟာရန်သူ တော်ကြီးတွေ ဖြစ်သွားမှာကို သူ မလိုလား။

"ငါတို့ သွားရအောင်ကွာ"

ညီညီနှင့် မွှမ်းမံတို့ အုပ်စုကြားမှာ မကျေလည်စရာတွေ ဖြစ်မလာစေချင်တာမို့ ပိုက်ဆံရှင်း ရှောင်ထွက်ဖို့ သူ ကြံစည်တော့

"ဘာလို့သွားရမှာလဲ၊ သင်တန်းချိန်က အဝေးကြီးလိုသေးတယ် ဒီမှာမင်း သတ္တိရှိရင် မင်း မွှမ်းမံကို သွားစကားပြောလေ"

"အေး မင်းကြိုးစားမယ်ဆိုရင် အခုချိန်က အကောင်းဆုံး အခွင့်အရေးပဲ၊ မွှမ်းမံဝိုင်းကို မင်းမသွားရဲဘူးလား"

ဝေယံနဲ့ ညီညီက သူမခံချင်အောင် ပြောသည်။ သူကိုယ်တိုင် ကလည်း သူနဲ့ မွှမ်းမံကြားက အဆင်မပြေမှုတွေကို အဆုံးသတ် ချင်သည်။ သည်လိုနှင့် ရဲစိတ်မွေးကာ မွှမ်းမံတို့ဝိုင်းကို ရောက်ခဲ့ရခြင်း ဖြစ်ခဲ့၏။

"မွှမ်းမံက မင်းရဲ့မွေးနေ့ဆိုတဲ့ လိမ်ဆင်ကြီးကို လက်ခံ ယုံလိုက်တာတော့ မဖြစ်နိုင်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"





ယခုချိန်ထိ ဝေယံက ယုံကြည်မှုမရှိသေးဟန်နှင့် တွေးဆ နေသည်။ ညီညီကလည်း မွှမ်းမံကို မယုံကြည်သူပီပီ

"သူက သိရက်နဲ့ မသိဟန်ဆောင်ပြီး မင်းကို လက်ခံလိုက်ပုံ ထောက်ရင် အင်း မင်း သူ့ကို စိတ်ဝင်စားသလို သူလည်း မင်းကို စိတ်ဝင်စားနေတာလား၊ စဉ်းစားစရာပဲ"

"ညီညီထင်မြင်တာ ဖြစ်နိုင်တာပဲ၊ ဒီကောင်က ရုပ်သန့်တော့ ကျောင်းမှာတုန်းကတည်းက ကောင်မလေးတွေ စိတ်ဝင်စားခဲ့တဲ့ကောင်ပဲ"

"ဒါပေမဲ့ မွှမ်းမံကို လျှော့မတွက်နဲ့နော်၊ သူက တစ်ခြား ကောင်မလေးတွေနဲ့ မတူတာ အမှန်ပဲ"

မွှမ်းမံနှင့် သူတို့ ခင်မင်ရင်းနှီးခဲ့သည့် ဖြစ်ရပ်အတွက် သူငယ်ချင်းတွေ ပဟေဠိဆန်စွာ ဖြစ်နေကြဆဲ။ ထင်မြင်ချက်တွေ ဆေးမဆုံးရှိဆဲ၊ သူကတော့ အားလုံးကို ဥပေက္ခာပြု နှုတ်ဆိတ်နေလိုက်၏။

ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာ မွှမ်းမံနှင့် သူကြားမှာ ရင်းနှီးခင်မင်မှုကို သူပိုင်ဆိုင်နေခဲ့တာ ကျေနပ်စရာ။

အရင်က သင်တန်းခန်းမထဲမှာ မျက်နှာချင်းဆိုင်မိတိုင်း မျက်မှောင်ကုပ် ဦးလှည့်ရှောင်တိမ်းသွားတတ်သည့် မွှမ်းမံထံမှ နှုတ်ဆက်အပြုံးတွေကို သူ ပိုင်ဆိုင်ရလာခဲ့သည်။

သင်တန်းခန်းမရဲ့ နောက်ဆုံးခုံမှာ ထိုင်တတ်သော သူတို့ ရှိရာသို့ပင် ဆရာအလစ်မှာ မွှမ်းမံ ခိုးကြည့်တတ်သည်။ သည်လို အခါမျိုးမှာ သူ့ရင်တွေ တလှပ်လှပ်ခုန်နေ့ကျ ပြုံးပြမိတော့ မွှမ်းမံ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ပြုံးလေးနှင့် ကျောခိုင်းသွားတတ်တာ ရင်ခုန်စရာ။

နေမြင့်လေ အရှုရင့်လေတဲ့၊ သူ့နှလုံးသားက နေမမြင့်ခင်မှာဘဲ ရင့်မာခဲ့ပြီလားမသိ။ မွှမ်းမံရဲ့ အပြုံးချိုချိုလေးတွေအောက်မှာပဲ နှလုံးသားက အချစ်စိတ်က ပိုမိုခိုင်မြဲနေခဲ့လေသည်။

တကယ်ပါ မွှမ်းမံ။ မင်းကို ကိုယ် မြတ်နိုးဆိုင်ကျည်စွာ ချစ်နေခဲ့ပြီဆိုတာ ကျိန်ဆို ကျိန်ဝံ့ပါရဲ့။

✿ ✿ ✿



## အခန်း (၆)

"ဘယ်လိုလဲ မံ၊ ရှင်တို့ဟာက ရိုးမှရိုးရဲ့လား၊ စာသင်ချိန်မှာတောင် ရှင်က လှည့်ပြုံးလိုက်၊ ဟိုက ငေးပြီးပြုံးလိုက်နဲ့"

"ဟုတ်တယ် မံ၊ နင့်ရင်ထဲမှာ မင်းစက်ရာ ရှိနေပြီလား၊ ဒါဆိုရင်လည်း မဆိုးပါဘူး၊ ရှင်တို့နှစ်ယောက်က လိုက်ဖက်ပါတယ်"

"တော်စမ်းပါဟာ၊ သင်းကလေးကို ပညာပေးဖို့ ကျွန်မစီမံနေတာတွေ ရှင်တို့ မသိပါဘူး၊ စစ်တုရင်ကစားသလိုပေါ့၊ သေချာပြီဆိုတာနဲ့ အပိုင် နိုင်ကွပ်ပြမယ် ရှင်တို့စောင့်ကြည့်"

"နေစမ်းပါဦး မံရဲ့၊ နင်ဘာဖြစ်လို့ အဲဒီလောက် ကြံစည်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ ငါ့အထင် မင်းစက်ရာက ရိုးသားပါတယ်၊ တို့တွေကို တကယ်ခင်မင်နေတဲ့ပုံပါ''

''ကေသီစကားကို ငါလည်းထောက်ခံတယ်၊ မင်းစက်ရာ မျက်ဝန်းတွေက ဖြူစင်တယ်၊ အဲ သူသူငယ်ချင်းနှစ်ယောက်ကိုတော့ သိပ်မယုံဘူး၊ ဟို ညီညီဆိုတဲ့သူဆို နင်တို့နှစ်ယောက်ကို အမြဲတမ်း အကဲခတ်ကြည့်နေသလိုပဲ''

''အားလုံး အတူတူပါပဲဟာ၊ မင်းစက်ရာကိုရော နင်တို့က ရိုးသားတယ်ထင်လို့လား၊ သူ့မွေးနေ့ဆိုတာ အလကား၊ ငါ အသိတစ်ယောက်ဆီမှာ အတိအကျ စုံစမ်းပြီးပြီ''

''ဟင် ဟုတ်လား၊ အဲဒီနေ့က သူ့မွေးနေ့ တကယ်မဟုတ်ဘူးပေါ့''

မာလာ တအံ့တသြမေးသလို ကေသီမျက်ဝန်းလေးတွေ ဝိုင်းစက်လို့ ကျွန်မအဖြေကို ငံ့လင့်နေသည်။

''မွမ်းမံဆိုတဲ့ မိန်းမကို သူတို့ တမင်ရင်းနှီးဖို့ လိမ်ညာပြီး ဖန်တီးခဲ့တဲ့ ဇာတ်လမ်းကြီးပါ၊ အဟင် ဟင်း အဲဒီအတွက် ငါ ပြန်ပြီး ပညာပေးပြမယ်၊ ရှင်တို့စောင့်ကြည့်''

ကျွန်မနှုတ်ခမ်းလေးကော့ကာ ပြုံးလိုက်မိရဲ့။ သိုးကလေး တစ်ကောင်လို့ ထင်မှတ်နေတဲ့ မင်းစက်ရာအကြောင်းကို သိလိုက်ရတဲ့ ကေသီတို့ နှုတ်ဆိတ်ငြိမ်သက်သွားကြသည်။

ရင်ထဲက ခံစားချက်တွေကို မျိုသိပ်လို့ အနောက်တက် ထိုင်ခုံကို





ကျွန်မလှည့်ကြည့်တော့ ထုံးစံအတိုင်း ငေးကြည့်နေတဲ့ သူ့မျက်နှာပေါ်က အပြုံးတွေက လင်းလက်တောက်ပလို့။

နူးညံ့နုဖတ်နေတဲ့ မျက်နှာလေးပေါ်က ကြည်လင်တောက်ပတဲ့ အပြုံးလေးတွေက အပြစ်ကင်းစင်လိုက်တာလို့ ထင်မှတ်မှားလောက်ရဲ့။ ရှင် သိပ်ကို ဆွဲဆောင်နိုင်စွမ်းတယ် မင်းစက်ရာ။ ဒါဟာ ဟန်ဆောင်နေမှုတစ်ခုလို့ သိနေရက်နဲ့တောင် ကျွန်မ ယစ်မူးတိမ်းညွတ်သွားမိတော့ မလို့။

ကြာရင် မွမ်းမံဆိုတဲ့ မိန်းမရဲ့ မာနတွေ ရှင့် ဟန်ဆောင်မှုတွေကြောင့် အရည်ပျော်သွားမလားပဲ။

ဟင့်အင်း။ ဘယ်တော့မှ ဖြစ်မလာစေရဘူး။ ရှင့်ဟန်ဆောင်မှုတွေကို အရည်ဖျော်ပစ်ဖို့ ကျွန်မနှလုံးသားကို အသိတရားနဲ့ ချုပ်ထိန်းထားတယ်ဆိုတာ ရှင် ယုံကြည်လိုက်စမ်း။

တိမ်းညွတ်ပျော်ဝင်အောင် ညို့နိုင်စွမ်းတဲ့ သူ့အပြုံးတွေကို ရှောင်တိမ်းရင်း ကျွန်မ အကြည့်လွှဲမိလိုက်တာ စာသင်ခန်းရဲ့ ပြတင်းတံခါးဆီကိုလေ။ မှန်ပြတင်းတံခါးက လှမ်းမြင်နေရတဲ့ ကောင်းကင်မှာ မိုးတွေ အုံ့ဆိုင်းညို့မှောင်နေရဲ့။

စာသင်ခန်းအပြင်မှာ ရပ်ထားတဲ့ ကျွန်မရဲ့ MARK II ကားကို သတိရလိုက်တော့ အကြံတစ်ချက် ခေါင်းထဲကို လက်ခနဲ တိုးဝင်လာရဲ့။

ကြည့်စမ်း။ ဘယ်လောက်ထိ လုပ်လိုက်တဲ့ စိတ်ကူးပါလိမ့်။ နောက်ငါးမိနစ်ဆိုရင် ထမင်းစားချိန် လွှတ်တော့မှာပဲ။ ကြိုပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ကူးတွေကိုသာ ကေသီနဲ့ မာလာသီရင် ချိုးကျူးကြ ဦးမှာ သေချာသည်။

ပြုံးတော့မလို ညှိုးမှောင်နေတဲ့ ကောင်းကင်ကြီးကို ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း တစိမ့်စိမ့် ပီတိဖြစ်နေတဲ့ ကျွန်မရင်ထဲကိုတော့ မင်းစက်ရာ မြင်နိုင်လိမ့်မည် မဟုတ်ပါ။

"ဟော့လူတွေ ကျွန်မတို့ Sun Light မှာ ဆီချက်သွားစားမလို့ ရှင်တို့ လိုက်ကြမှာလား"

ထမင်းစားချိန်လွတ်တော့ သူတို့အုပ်စုအနီးကို လျှောက်ခဲ့ရင်း ကျွန်မ ဆိုလိုက်သည်။ သူ့မျက်နှာက ဝမ်းသာအားရ ဝင်းပသွားပုံက ဟန်ပင်ဆောင်နိုင်စွမ်း မရှိပါ။

"ဟာ လိုက်မှာပေါ့မ်၊ ဝေယံ ငါတို့လည်း ဒီနေ့ ဆီချက်ပဲ သွားစားရအောင်"

ခါတိုင်းဆို သူတို့အုပ်စု သင်တန်းခန်းမဘေးကပ်လျက်မှာ ဖွင့်ထားသော ထမင်းဆိုင်မှာ စားတတ်ကြတာ နေ့စဉ်ဖြစ်သည်။ အိမ်က ထမင်းချိုင့်ထည့်ယူလာဖို့ ဝန်လေးတတ်ကြသော သူတို့အတွက် ထိုထမင်းဆိုင်လေးက အဆင်ပြေသည်ကိုး။

"မိုးတွေညိုနေတယ်၊ နင်တို့က ထမင်းချိုင့်မပါဘူးလား"

ညီညီက ကျွန်မတို့ အမြဲတမ်း ထမင်းချိုင့်တွေထည့်လာတာ သတိထားမိပြီး မေးနေသေး၏။

"ဟင့်အင်း ကျွန်မနဲ့ ကေသီ ဒီနေ့ ထည့်ယူမလာဘူး၊





ခလာ ထည့်လာတဲ့ ထမင်းကလည်း မနက်က ဆာလို့ ဝိုင်းစား ဆိုက်ကြတာ ကုန်ပြီ၊ ကဲပါ ရှင်တို့လိုက်မှာလား ကျွန်မကျွေးမှာပါ"

"ဒါဆို လိုက်မှာပေါ့၊ အဝစားမှာနော် ထမင်းလွတ်တီးမှာ"

"ဗိုက်ကွဲအောင်စား ကျွန်မတာဝန်ယူတယ်"

ကျွန်မစိတ်ကူးအကြံကို ကေသီတို့ကို ပြောပြအသိပေးထားပြီး သားမို့ သုံးယောက်သား ဦးဆောင်ကာ ခပ်သွက်သွက် ထွက်ခဲ့ကြ၏။ သူတို့သုံးယောက်ကလည်း ကျွန်မတို့ခြေလှမ်းတွေကို အမီ ခပ်သုတ်သုတ် လိုက်လာကြလေရဲ့။

Sun Light ဆီချက်ဆိုင်လေးက သင်တန်းခန်းမနှင့် သိပ်မဝေးဘူးဆိုပေမယ့် ခြေလှမ်းငါးဆယ်ကျော်လောက်တော့ လျှောက်ရသည်။

တရိပ်ရိပ်တက်လာသော ကောင်းကင်ပေါ်က တိမ်ညိုတိမ်လိပ် များနှင့်အတူ အေးစိမ့်စိမ့် မိုးရနံ့ကို ခံစားလိုက်ရတော့ ကျွန်မရင်ထဲ ကြိတ်ပျော်ကာ ဆုတောင်းလိုက်မိသေးရဲ့။

ရွာလိုက်စမ်း၊ သဲကြီးမဲကြီး ရွာချလိုက်စမ်း မိုးရယ်။

ကျွန်မဆုတောင်း ပြည့်ဝခဲ့ပါသည်။ ဆိုင်ထဲမှာ ဆီချက် စားနေတုန်းမှာပဲ မိုးက အညှိုးတကြီး ရွာချတော့သည်။

"ဟာကွာ မိုးကတော့လုပ်ပြီ၊ နင်တို့မှာ ထီးတွေပါကြရဲ့လား"

ဆီချက်ပွဲကို ငုံ့စားနေရာမှ ဝေယံ သတိတရမေးတော့ ကျွန်မ ခေါင်းကို ခါရမ်းပြရင်း၊



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး၊ မိုးရွာမယ်မှ မထင်တာ၊ ဘယ်ယူခဲ့မိမှာလဲ"

"သေစမ်း၊ ဒါဆို အပြန်ခက်ပြီပေါ့၊ မိုးက တော်တော်နဲ့ တိတ်မယ့်ပုံ မပေါ်ဘူး"

"ယောက်ျားရင့်မကြီးတွေဖြစ်ပြီး ငြီးနေလိုက်တာ၊ စားစရာကိုသာ ဝ,အောင် စားစမ်းပါ၊ တကတည်း"

မာလာ နှိပ်ကွပ်လိုက်မှ ညီညီ နှုတ်ပိတ်သွားသည်။ ကျွန်မ စားလက်စဆီချက်ပန်းကန်ထဲကို တူနှစ်ချောင်း ပစ်ချလိုက်ရင်း

"အ အင်း အင်း"

"ဘာဖြစ်တာလဲ မံ၊ ဘာဖြစ်လို့လဲ"

ကျွန်မကို အရိပ်လိုကြည့်နေသော မင်းစက်ရာ ပြူးပြူးပြာပြာ မေးလာ၏။ ကျွန်မ မျက်နှာလေးက ဝေဒနာကြောင့် ရှုံ့မဲ့နေတာ အထင်အရှား။

"ဗိုက်အောင့်ပြန်ပြီလား မံ၊ ရှင်ကတော့ ဖြစ်ပြန်ပြီ"

ကျွန်မကို လှမ်းကြည့်ကာ မာလာ ဆိုတော့ သူ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ တိုးလာလျက်၊

"ဟုတ်လား မံ၊ ဗိုက်အောင့်တာလား၊ အတော်အောင့်နေသလား"

"အင်း ရတယ်၊ မံက ဒီလိုပဲ အမြဲဖြစ်နေကျ၊ အ ကျွတ် ကျွတ် အင်း"

ကျွန်မမျက်နှာကိုကြည့်ကာ သူ ဆီချက်ကို ဆက်မစားနိုင်





[illegible]ော့ပါ။ စိုးရိမ်စိတ်ဖြင့် ကျွန်မပခုံးကို ဆုပ်ကိုင်မိတော့မလို ကြံရွယ်သည့် [illegible]က်တွေကို ပြန်ရုပ်သိမ်းရင်း

"ကျွန်တော် ဘာလုပ်ပေးရမလဲ မံ၊ ဆေးမပါဘူးလား၊ [illegible]ေးသောက်မလား"

"မိုးအေးလာရင် မံက အမြဲတမ်း ဗိုက်အောင့်တတ်တယ် [illegible]င်းစက်ရာ၊ တော်ရုံဆေးနဲ့ မသက်သာဘူး၊ ဆေးခန်းပို့ရတာချည်းပဲ"

မိကေသီ အတိုင်အဖောက်ညီစွာ ပို့ပေးသည်။ ကျွန်မ [illegible]ကလေးကြိတ် ရှုံ့မဲ့ရင်း လက်တွေက ဝမ်းဗိုက်ကို ဖိထားလိုက်၏။ ကျွန်မ ဝေဒနာ ခံစားနေရသည်ကို မသက်မသာမျက်နှာနှင့်ကြည့်ကာ [illegible]န်နေသော သူ့ကို ကျွန်မ လှမ်းကြည့်ရင်း

"ရှင် ကျွန်မကားကို သွားယူပေးပါလား မင်းစက်ရာ၊ ကျွန်မ [illegible]ှင့်ကို အကူအညီတောင်းတာ ဒါ ပထမဆုံးအကြိမ်နော်"

"ဟာ ရပါတယ် မံရယ်၊ ကျွန်တော့်ကို ကားသော့ပေး[illegible]ါတယ်မို့လား"

"ပါ ပါတယ်၊ အ အင်း"

ကျွန်မ သရုပ်ဆောင်မှုက သိပ်ကို ပီပြင်သွားခဲ့တာ သေချာ[illegible]ါသည်။ သူ သော့ကို ဆတ်ခနဲ လှမ်းယူကာ မိုးရွာထဲမှာပင် ပြေးထွက်သွားပုံက မြန်လိုက်သည့်ဖြစ်ခြင်း။

သူသူငယ်ချင်းနှစ်ဦးသာ ရှိမနေလျှင် ထိုအချိန်ကတည်းက ကျွန်မတို့ အားရပါးရ ဟားတိုက်ရယ်မောလိုက်မိမှာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကျွန်မကားကို မောင်းကာ ဆိုင်ကလေးရှေ့ သူရောက်လာချိန် အထိ ဝေဒနာကို ခံစားနေရဟန် ဆောင်ထားရသေး၏။

ဆိုင်ရှေ့မှာ ကားကိုရပ်၊ တံခါးဖွင့် ပြေးဆင်းလာသော သူ့လက်ထဲမှာ ထီးသုံးချောင်းပါ ပါလာခဲ့လေသည်။

''အခန်းထဲဝင်ပြီး မံတို့ထီးတွေပါ ကျွန်တော်ယူခဲ့တယ်''

ကျွန်မတို့ မစေခိုင်းဘဲ ထီးတွေပါ ယူလာပေးသည့်အတွက် အံ့သြရသေးသည်။ သူ့တစ်ကိုယ်လုံး မိုးရေတွေဖြင့် ရွှဲရွှဲစိုလျက် ကြွက်စုတ် တစ်ကောင်လို ဖြစ်နေတာကြည့်ပြီး ကျွန်မ သနားသွားမိသေးရဲ့။

''မံ ဆေးခန်းသွားမှာလား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ''

မိုးရေစက်တွေ တစ်ပေါက်ပေါက် ယိုစီးကျနေသော ဆံနွယ် တွေကို တစ်ချက်သပ်ချရင်း သူမေးတော့ ကျွန်မရင်ထဲ လှုပ်ခနဲ ဖြစ်ရသေး၏။

သူ့မျက်ဝန်းထဲမှာ ကျွန်မအတွက် စိုးရိမ်ပူပန်နေဆဲ အရိပ် တွေက ဟန်ဆောင်နေတာတော့ မဖြစ်နိုင်။

''ရ ရပါပြီ၊ ကျွန်မ နည်းနည်းသက်သာသွားပြီ၊ အခန်းထဲ ပြန်ရောက်မှ ဆေးသောက်လိုက်မယ်၊ လွယ်အိတ်ထဲမှာ ဆေးရှိပါတယ်''

''မံ တကယ်သက်သာသွားပြီလား၊ ကျွန်တော် အရမ်းစိုးရိမ် သွားတာ''

''တကယ်သက်သာသွားတာပါ မင်းစက်ရာ၊ ရှင့်တစ်ကိုယ် လုံးလည်း ရွှဲရွှဲစိုနေပြီ၊ ရှင် ပြန်လိုက်တာကောင်းမယ်၊ တော်ကြာ





အအေးပတ်ပြီး ဖျားနာနေဦးမယ်''

ကျွန်မ စိတ်မကောင်းစွာနှင့် ဆိုမိသော စကားအတွက် သူ့မျက်ဝန်းထဲမှာ စိုလဲ့တောက်ပသွားခဲ့သေးသည်။

ရှင် သိပ်ကို ရိုးအလွန်းပါလား မင်းစက်ရာရယ်။

ကျွန်မစကားကို နာခံစွာနဲ့ ထိုနေ့က ညနေပိုင်း သင်တန်း တက်နိုင်တော့ဘဲ သူပြန်သွားခဲ့ပါသည်။ တစိမ့်စိမ့်ရွာနေဆဲ မိုးရေ ထဲမှာ ရွှဲစိုနေသော အဝတ်အစားတွေနှင့် ကားမောင်းပြန်သွားသော သူ့ကို ကျွန်မ အာရုံထဲက မမေ့နိုင်ခဲ့ပါ။

ကျွန်မအပြုအမူတွေ သိပ်ကို လွန်ကျူးသွားခဲ့သည်လား။ ဒင်းအင်း မင်းစက်ရာဆိုတာ ကျွန်မကိုလိမ်ညာပြီး ချဉ်းကပ်ဖို့ ကြိုးစား နေတဲ့ ယောကျ်ားတစ်ယောက်လေ။

မွမ်းမံဆိုတဲ့ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ညှိဖျားမှုတစ်ခုကို ခေါင်းငုံ့ခံတတ်တဲ့ မိန်းမ မဟုတ်ဘူး။

ဒါကိုတော့ ရှင်သိထားဖို့ လိုတယ် မင်းစက်ရာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သည့်လောက်အထိ ရက်စက်လွန်းစွာ ပြုလုပ်မည်ဟု သူ လုံးဝ ထင်မှတ်မထားခဲ့ပါ။ မွန်းမံ နှလုံးသားမှာ သူ့ကို ဘာကြောင့် ဒီလောက် မုန်းတီးနေတာလဲ အံ့ဩမိသည်။ နာကျည်းမှုထက် ကြေကွဲ ခံစားမှုက ပိုပြင်းထန်ရ၏။ မွန်းမံဆိုတာ သူမြတ်နိုးချစ်ခဲ့မိသော မိန်းမတစ်ယောက်။ သူ့ခံစားချက်တွေကို မွန်းမံလည်း သိနေလိမ့် မည်ဟု ထင်မှတ်ထားခဲ့မိသည်။ ယုံကြည်ထားခဲ့မိသည်။

သင်တန်းအစပိုင်းရက်များက ဖြစ်ခဲ့သော ပြဿနာတစ်ခု အတွက်နဲ့ သူမ အညှိုးအတေး ထားခဲ့မည်မထင်ခဲ့။ သူ့နှုတ်က





အောက်ကျို့တောင်းပန်ခဲ့တော့လည်း သူမ ခွင့်လွှတ်ခဲ့သည်။ မိတ်ဆွေ သူငယ်ချင်းတွေအဖြစ်စောင် အသိအမှတ်ပြုခဲ့သည်။

ဘယ်လိုမှ ထင်မှတ်စရာ မရှိခဲ့ပါ။ သူမနှင့် သူ့ကြားမှာ အပြုံးလေးတွေ၊ အကြည့်လေးတွေနှင့် ရင်ခုန်လှုပ်ခတ်ခဲ့သည်ဟုတောင် သို့မှတ်ခဲ့၏။

အခုတော့ ရက်ရက်စက်စက်ကြီးကို သူမ သူ့ကို အရှက်ခွဲလိုက်တာ။

မနေ့က ဆီချက်ဆိုင်လေးမှာ ရုတ်တရက်ကြီး သူမ ခိုက်အောင့်သည်ဆိုတော့ သူ စိုးရိမ်ပူပန်သွားခဲ့ရတာအမှန်။ မိုးထဲ လေထဲမှာ သူမစေခိုင်းသည့်အတိုင်း ဒရောသောပါး ပြေးလွှားလုပ်ကိုင် ပေးခဲ့စဉ်က သူမအတွက် ပူပန်စိတ်တွေနဲ့ ပူလောင်လို့။

ကြွက်စုတ်တစ်ကောင်လို မိုးရေတွေ ရွှဲနစ်နေခဲ့သည့် သူ့ကို ပြန်ဖို့ သူမ ပြောတော့လည်း စာနာစိတ်ကလေးအတွက် တစိမ့်စိမ့် ပီတိဖြစ်ခဲ့ရ၏။ ခိုက်ခိုက်တုန်နေသည့်ကြားက မွန်းမံမျက်နှာလေးကို မြင်ယောင်ရင်း အပျော်တွေနဲ့ သူပြန်ခဲ့တော့၊

"ဟင် သားပြန်လာတာ စောလှချည်လား၊ အိုး ဘယ်လို ဖြစ်တာလဲ ရေတွေလည်း စိုရွှဲလို့"

မေမေ စိုးရိမ်တကြီးနဲ့မေးတော့ လိမ်ညာပြောရလေ၏။ ရေစို အဝတ်အစားတွေနှင့် ပြန်ရောက်လာသော သူ့ကို မေမေ တဖျစ်တောက်တောက် ဆူပူရင်း အဝတ်အစားတွေ အမြန်လဲခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကျီ်ပါးလေးနဲ့ မနေနဲ့ဦး၊ အနွေးထည်ဝတ်ပြီး နွေးနွေးထွေးထွေးနေ၊ ဖျားနေရင်အခက်၊ တော်တော်ဆိုးပါလား သားရယ်"

မေမေ စိုးရိမ်သည့်အတိုင်း ညနေရောက်တော့ သူ အဖျားတက်ချင် လာ၏။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် အပူရှိန် တရိပ်ရိပ် တက်နေတာကို မေမေမသိအောင် ဆေးသောက်ပြီး သင်တန်းကို ထွက်ခဲ့ရသည်။

သူဖျားနေတာသိလျှင် မေမေ လွှတ်မှာမဟုတ်။ မံမျက်နှာလေးကို မြင်ချင်စိတ်နှင့် သင်တန်းခန်းမဘက်ကို ဖျားနာနေလျက် လာခဲ့ခြင်းဖြစ်သည်။

ဆီချက်ဆိုင်ကလေးမှာ မံတို့ ရှိနေမည်လား။ ကားကို စက်ရှိန်လျှော့ကာ ရှာဖွေကြည့်မိသေးသည် မတွေ့။ သင်တန်းခန်းမရှေ့ ရောက်တော့လည်း မံရဲ့ကားကို မမြင်။

ဝေယံနှင့် ညီညီတို့လည်း ရောက်လာပုံမပေါ်။ သူ တစ်ယောက်တည်း သင်တန်းခန်းမထဲ လှမ်းဝင်ခဲ့၏။ သူဝင်လာသည်နှင့် ပြုံးစိစိနှင့် ဝိုင်းကြည့်နေသော သူတွေကို နားမလည်နိုင်ခဲ့။ အတန်းရှေ့ဘက်က သင်တန်းသူတစ်သိုက်ရဲ့ ကြိတ်ရယ်သံတွေကြားမှ သူလှမ်းကြည့်တော့ အနက်ရောက်ဘလက်ဘုတ်ကြီးပေါ်မှာ ဆိုလိုတိတ်နှင့် ကပ်ထားသော စာရွက်ကြီးက အထင်အရှား။

စာရွက်ဖြူပေါ်မှာ အနီရောင်ဆော့ပင်နှင့် ရေးထားသော စာလုံးတွေက ပြုံးလို့။





"မိုးထဲလေထဲမှာ ကျွန်မခိုင်းတဲ့အတိုင်း ကားသွားယူပေးတာ ကျေးဇူးတင်ပါတယ်၊ ဟန်ဆောင်လိမ်ညာတတ်သူ၊ မိန်းမတစ်ယောက် စေခိုင်းသမျှ ကျိုးကျိုးနွံနွံ လုပ်ပေးတတ်တဲ့ ခပ်ညံ့ညံ့ ယောကျ်ား တစ်ယောက်ကို ကျွန်မ အထင်မကြီးတတ်တာ ရှင်ကံဆိုးတာပဲ ကိုမင်းစက်ရာ"

သူတစ်ကိုယ်လုံး ထူပူရှက်ရွံ့လျက် ဘလက်ဘုတ်အနီးသို့ ဘယ်လိုရောက်သွားသည်ပင် မသိလိုက်ခဲ့ပါ။ သူ့ကိုယ်သူ သတိထားမိချိန်မှာ ဘလက်ဘုတ်ပေါ်က စာရွက်ကို ဆွဲဖြတ်ယူပြီးနေ၏။

ဝိုင်းဝန်းငေးကြည့်နေကြသော မျက်ဝန်းအကြည့်တွေအောက်မှာ သူ့အသားတွေ တဆတ်ဆတ် တုန်နေမည်ထင်ရဲ့။

"လုပ်ရက်လိုက်တာ မွှမ်းမံရယ်"

သင်တန်းခန်းမထဲမှာ တမင်ကပ်ခဲ့သည့် သည့်စာရွက်ထဲက စကားလုံးတွေကို အားလုံး ဖတ်ပြီးနေလိမ့်မည်။ မဖတ်ရသေးသူတွေကိုလည်း တစ်ဆင့်ပြန်ပြောကာ သူ့ကို ဟားတိုက်ကြမှာ သေချာသည်။

မွှမ်းမံ ဘာကြောင့် ဒီလောက်အထိ အကွက်ကျကျ အရှက်ခွဲခဲ့တာလည်း သူ မတွေးတတ်ပါ။ သူ့ဘက်က ရိုးသားစွာ ကူညီခဲ့သော စေတနာကို စော်ကားလိုက်တာပဲပေါ့။

"ဘာဖြစ်နေတာလဲ မင်း"

အသံကြောင့် သူမော့ကြည့်တော့ သူ့ရှိရာသို့ ဦးတည်လာသည့် ဝေယံနှင့် ညီညီကို မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"တို့ မင်းအိမ်ဝင်နေလို့ နောက်ကျနေတာ၊ မင်းက ဘာလို့ အစောကြီး လစ်လာတာတုန်း"

"မင်းတို့နှစ်ယောက်စလုံး ငါနဲ့လိုက်ခဲ့၊ ကားပေါ်တက်ကွာ"

"ဟင် ဘာဖြစ်လို့လဲ မင်း၊ ဘယ်သွားမလို့လဲ"

"ဘာမှမမေးနဲ့ ဟိုရောက်မှ ငါပြောပြမယ်၊ အမြန်တက်ကြကွာ ငါ ဒီနေရာမှာ တစ်စက္ကန့်လေးတောင် မနေချင်တော့ဘူး"

သူ့လေသံ၊ သူ့အမူအရာတွေကြောင့် နှစ်ယောက်စလုံး ဘာမှ ဆက်မမေးတော့ဘဲ ကားပေါ် တက်ထိုင်ကြသည်။ ကားလေးက သင်တန်းခန်းမရှေ့မှ ငြိမ့်ခနဲ ဆောင့်ထွက်သွားခဲ့သည်။

တစ်လမ်းလုံး သူ အံကြိတ်ငြိမ်သက်နေတာကို ဝေယံတို့ နားမလည်နိုင်ခဲ့ကြ။ သူ့စိတ်ကို နားလည်စွာနဲ့ သူခေါ်ဆောင်ရာ ကဖေးဆိုင်ကလေးအထိ တစ်ခွန်းမမေးဘဲ လိုက်ခဲ့ကြသည်။

ဆိုင်လေးထဲ ဝင်ထိုင်မိတော့မှ ညီညီ စိတ်မရှည်နိုင်စွာ အရင်ဆုံးမေးလာ၏။

"မင်းဘာဖြစ်နေတာလဲ၊ ငါတို့ကို ပြောသင့်ပြီ မင်း"

လက်ထဲမှာ လုံးခြေဆုပ်ကိုင်ထားမိဆဲ စက္ကူလုံးလေးကို ညီညီလက်ထဲ သူ ထည့်ပေးလိုက်သည်။ ကြေမွတွန့်လိပ်နေသော စက္ကူလေးကို မစုတ်ပြဲအောင် သတိထား ဖြန့်ရင်း ညီညီနှင့် ဝေယံ ခေါင်းချင်းဆိုင် ဖတ်ကြည့်လိုက်ကြ၏။

"တောက် ဒါ တမင်သက်သက် စော်ကားတာပဲ"





"ဒီစာကို မင်းလက်ထဲထိ မွှမ်းမံ လာပေးတာလားဟင်"

"မဟုတ်ဘူး၊ သင်တန်းခန်းမထဲက ဘလက်ဘုတ်မှာ ကပ်ထားတာ"

"ဘာ"

ဝေယံဒေါသက ဟိုန်းထွက်လာသည်။ ညီညီက တက်တစ်ချက် ခေါက်ရင်း အံကြိတ်နေသည်။

"သူ ဒီလောက်ထိ ရက်ရက်စက်စက် လုပ်မယ်လို့ ငါ မထင်ထားခဲ့ဘူးကွာ"

"မနက်ကတည်းက ငါ စိတ်ထဲ သံသယဖြစ်နေတာကွ၊ မင်း သူ့ကားကို သွားယူပေးတော့ မိုက်အောင့်လို့ သေမတတ်ဖြစ်နေတဲ့ မွှမ်းမံမျက်နှာက ချက်ချင်းပြောင်းသွားတယ်၊ ဟိုနှစ်ယောက် မျက်နှာတွေကလည်း ပြုံးစိစိနဲ့"

"ငါတို့ကို ကောင်းကောင်း အရူးလုပ်လိုက်တာပဲ၊ ငါမပြော ဘူးလား မင်း၊ မွှမ်းမံကို လျှော့မတွက်နဲ့လို့၊ တော်တော်ယုတ်မာတဲ့ မိန်းမ၊ မင်းကို ကျုံးသွင်းသလို အလိမ္မာနဲ့ သိမ်းသွင်းပြီး ရက်ရက်စက်စက် နှိပ်ကွပ်ပစ်လိုက်တာကွ"

"မင်း ဒီအတိုင်း ငုံ့ခံမနေနဲ့ မင်း၊ ဒီကိစ္စကို ထိပ်တိုက် ရင်ဆိုင်မေးရမယ်၊ သူ ဒီလောက်အထိ လုပ်ဖို့မသင့်ဘူး၊ ဘာလို့ အရှက်ခွဲခဲ့တာလဲဆိုတာ မေးကွာ"

ညီညီကတော့ ဆူပွက်နေသော ဒေါသတွေနှင့် သူ့ကို ထိုးထိုးဆိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ဖို့ တွန်းအားပေးသည်။ ဝေယံကလည်း သည့်ကိစ္စအတွက် တန့်နံ့ အစာမကြေဖြစ်နေတာမို့။

"ဟုတ်တယ် မင်း။ အားလုံးရှေ့မှာ လူသိရှင်ကြား အရှက်ရ ရအောင် မင်းတို့ငါတို့ ဘာအမှားအယွင်း လုပ်ခဲ့လို့လဲ၊ သင်တန်းအစပိုင်း ရက်က ပြဿနာဆိုတာလည်း ဒီလောက် မကြီးကျယ်ဘူး။ ငါတို့ ဘက်ကတောင် အလျှော့ပေးခဲ့ကြသေးတာပဲ"

"ငါ သိပ်ကြောက်သွားပြီကွာ၊ သင်တန်းခန်းမထဲမှာ မျက်နှာ မပြရဲအောင် သူလုပ်ခဲ့တာ၊ ငါ ဒီနေ့ကစပြီး သင်တန်းမတက်တော့ဘူး"

"မင်း ယောက်ျားမဟုတ်ဘူးလား မင်းရာ၊ ကိုယ့်ကို ဘာလိုင်းကြီး အကြောင်းမဲ့ နှိပ်ကွပ်လိုက်တဲ့ မိန်းမကို ထိပ်တိုက်ရင်ဆိုင် မမေးရဲဘူးလား"

"ဟုတ်တယ် မင်း။ ဒီညနေ သင်တန်းဆင်းချိန်အထိ စောင့်ပြီး မွှမ်းမံနဲ့ မင်း ထိပ်တိုက်တွေ့ပြီး မေး၊ ပြီးမှ မင်း သင်တန်း မတက်ချင်တော့လည်း နေ၊ ဘာမှရင်မဆိုင်ဘဲ ရှောင်သွားရင် ဒီမိန်းမက သူလုပ်ရပ် မှန်နေတယ် ထင်ဦးမယ်၊ ဒီညနေ စောင့်ပြီး မင်း ရင်ဆိုင်ရှင်းကွာ"

မွှမ်းမံနှင့် ရင်ဆိုင်ဖို့ကို ဝေယံနှင့် ညီညီတို့က လိုလား တိုက်တွန်းနေသည်။ သူ့ရင်ထဲမှာလည်း နာကျည်းတာမဟုတ်ပေမယ့် ခံရခက်တာတော့ အမှန်။ သူငယ်ချင်းတွေ အကြံပေးချက်အတိုင်း ရင်ဆိုင်တွေ့ဖို့ ဆုံးဖြတ်လိုက်မိပါတော့သည်။

ထိုညနေမှာ သင်တန်းခန်းမမှ မွှမ်းမံတို့ အပြန်ကို သူတို့





သုံးယောက် စောင့်ဖြစ်ခဲ့ကြသည်။ လမ်းသွယ်လေးထဲမှ မွှမ်းမံ၏ကား ထွက်လာတော့ ဝေယံနှင့် ညီညီ လမ်းမပေါ်အထိဟက်ကာ ပိတ်ရပ်ထားသည်။

ကားရှေ့ ပိတ်ရပ်ထားသော ဝေယံတို့နှင့် သုံးပေလောက် အကွာရောက်မှ မွှမ်းမံ ဘရိတ်နင်းရပ်သည်။ ပြီးတော့ ကားပြတင်း အံခါးမှ ခေါင်းပြူထွက်ကြည့်ရင်း

"ဒါ ဘာလုပ်တာလဲ၊ မတိုက်ရဲဘူး မထင်နဲ့၊ ဝင်တိုက်ပစ် လိုက်မှာ နင်တို့ ဖယ်မလား၊ မဖယ်ဘူးလား"

"တိုက်ရဲရင် တိုက်ပစ်လိုက်ပေါ့ မွှမ်းမံ၊ မင်းတောင် ရှင်းရဲသေးတာပဲ ငါတို့ ဘာလို့ မသေရဲရမှာလဲ လုပ်လိုက်"

ညီညီက တစ်ဖွတ်ထိုးသမားပီပီ မာထန်ထန်ဆိုသည်။ မွှမ်းမံ မျက်ဝန်းတွေက အရောင်လက်သွားပြီး နှုတ်ခမ်းတွန့်ပြုံးလိုက်တာ သူ သိမ်းမြင်သည်။ ဒီမိန်းမ မလုပ်ဘူးဟု မပြောနိုင်ပါ။ ပြဿနာတွေ ရှုပ်ထွေးခင် သူ ကားထဲမှဆင်းကာ ခပ်သွက်သွက် လျှောက်ခဲ့သည်။

သူ့ကိုမြင်တော့ မွှမ်းမံ စူးရှရှ မျက်ဝန်းတွေနှင့် သိမ်းကြည့်ရင်း။

"ဘာလဲ ရှင် ကျွန်မကို ရင်မဆိုင်ရဲလို့ ရှင်မွေးထားတဲ့ အစွယ်အမြွှာင်တွေ အားကိုးနဲ့ လူမိုက်လုပ်တာလား မင်းစက်ရာ"

လူတစ်ဖက်သားကို နှိပ်ကွပ်ဖို့အတွက်ဆို အမြဲတမ်း အသင့် ဖြစ်နေတတ်သည့် မွှမ်းမံကို သူ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မွှမ်းမံ၊ ယောကျ်ားတစ်ယောက်ကို ပရိယာ ကြွယ်ကြွယ်နဲ့ မင်း အရှက်ခွဲခဲ့တာ ဘာကြောင့်လဲ၊ မင်း ကိုယ့် လုပ်ခဲ့တဲ့ လုပ်ရပ်က မယုံနိုင်စရာပဲ၊ အဲဒီလောက်ထိလုပ်ရအော ကိုယ်ဘာတွေ မှားယွင်းခဲ့သလဲ ရှင်းပြခဲ့ပါဦး မွှမ်းမံ"

သူ့အသံလှိုင်းတွေ တုန်ရီလျက်။ ရင်ထဲက မျိုသိပ်ထားသော ခံစားချက်တွေ ပွင့်ထွက်လာတာကြည့်ရင်း မွှမ်းမံ မျက်နှာတစ်ချ မပျက်။ သူ့ကို စူးစိုက်ကြည့်ကာ သရော်ပြုံးလေး နှုတ်ခမ်း ခိုတွယ်နေသေး၏။

"ဟင် အခုထိ မသိသေးဘူးလား၊ နောက်ထပ် လည်ပင် စာအချိုးခံချင်ပြီထင်တယ်၊ ကျွန်မမျက်နှာကို သေသေချာချာ ကြည့် လိမ်ညာလှည့်စားပြီး ချဉ်းကပ်လာတဲ့ ယောကျ်ားတစ်ယောက် ဦးညွှတ်ပေးလိုက်မယ့် ခပ်တုံးတုံး မိန်းမတစ်ယောက် ထင်သလာ အဲဒီယောကျ်ားကို အရင်ဦးအောင် ချိုးနှိမ်ပစ်လိုက်မယ် မှတ်ထ မင်းစက်ရာ"

"မင်း ဘာကိုဆိုလိုတာလဲ၊ မင်းကို ငါ ဘာလိမ်ညာ လှည့်စားခဲ့လို့လဲ"

"ရှင် မသိချင်ယောင်ဆောင်မနေနဲ့ [redacted]၊ သင် အစပိုင်းတစ်ရက်က ကိစ္စကို မကျေနပ်လို့ ရှင်တို့ ပူးပေါင်းပြီး ကျွန်မ ချဉ်းကပ်ဖို့ ကြိုးစားခဲ့တာ ကျွန်မသိတယ်"

"ဟာ မဟုတ်ဘူး မွှမ်းမံ၊ အဲ့ဒီပြဿနာက ဘာ





အရေးပါတဲ့ကိစ္စ မဟုတ်ဘဲ"

"အဲဒီ အရေးမပါတဲ့ ကိစ္စလေးအတွက် ရှင် ကျွန်မကို ချဉ်းကပ်ဖို့ ကြိုးစားခဲ့တာတော့ သေချာတယ်၊ တကယ်မဟုတ်တဲ့ မွေးနေ့ဆိုတဲ့စကားနဲ့လေ"

"ဟာ မ မဟုတ်ပါဘူး မွှမ်းမံ၊ မင်း အထင်လွဲနေပြီ၊ မင်းကို ကိုယ်ချဉ်းကပ်ခဲ့တာ အမှန်ပါ၊ မင်းနဲ့ ခင်မင်ရင်းနှီးချင်လို့ တကယ်မဟုတ်တဲ့ မွေးနေ့အဖြစ် ညာခဲ့တာလည်း ဝန်ခံပါတယ်၊ ကိုယ်ညာခဲ့တာ ဘာရည်ရွယ်ချက်မှ မပါဘူး၊ မင်းနဲ့ ခင်မင်ချင်လို့ စိတ်တွေဖြစ်ချင်လို့ သက်သက်ပါ မွှမ်းမံ"

"ဟုတ်တယ် မွှမ်းမံ၊ သင်တန်းအစပိုင်းက ပြဿနာလေး အတွက်နဲ့ ငါတို့ မင်းကို ဘာလို့ ချဉ်းကပ်ရမှာလဲ၊ မင်းစက်ရာက မင်းကို စိတ်ဝင်စားတယ်၊ ခင်မင်ရင်းနှီးချင်တယ်၊ ဒါကြောင့် မထင်မှတ်ဘဲ မင်းတို့နဲ့ဆုံချိန်မှာ သူ့မွေးနေ့အဖြစ် ညာပြီး ရင်းနှီးအောင် ကြိုးစားခဲ့တာပါ၊ ဒါလေးအတွက်နဲ့ သူ့ကို မင်းလုပ်လိုက်တာက ပြင်းထန်လွန်းတယ်"

ကျွန်မ နှုတ်ဆိတ်တိတ်ဆိတ်နေရ၏။ ရိုးသားဖြူစင်မှုနှင့် ကြည်လင်နေသော သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲတော့ပါ။ ကျွန်မ ထင်မှတ်ထားသည်က သူတို့အုပ်စု ကျွန်မတို့ကို ချဉ်းကပ်ရင်းနှီးမှုယူပြီး ကလဲ့စားချေ နှိပ်ကွပ်လာမှာကိုဖြစ်သည်။ အခုတော့ သူက ကျွန်မကို စိတ်ဝင်စားစွာ ချဉ်းကပ်လာခြင်းတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ယောက်ကို မင်း အရှက်ခွဲလိုက်တဲ့ အ
ကတော့ သိပ်ဆိုးရွား ရုပ်ပျက်လွန်းတယ် မွှမ်းမံ၊ အဲဒီကိစ္စအတွ
မင်းဘယ်လိုရှင်းမလဲ"

သူ့သူငယ်ချင်း ညီညီရဲ့ မာထန်ထန်စကားလုံးတွေကြော
ဦးကျိုးကျလုလု ကျွန်မ မာနတွေ ဆတ်ခနဲ ပြန်မားမတ်စေ၏။ ကျွန်
မျက်ဝန်းတွေထဲမှာ မွှမ်းမံရဲ့ မာနနဲ့ မခံချင်စိတ်တွေ အရိပ်ထ
လာသည် ထင်ပါရဲ့။

"ဘာကိုရှင်းရမှာလဲ၊ နင်တို့စခဲ့တဲ့ကိစ္စ မကျေနပ်ရင်
လဲသေလိုက်"

"ဘာကွ၊ မင်းကွာ တောက်"

"ယောကျ်ားရင့်မကြီးတစ်ယောက်ဖြစ်ပြီး လက်သီးလက်မောင်
တန်း၊ တက်ခေါက်ပြမနေနဲ့ ညီညီ၊ မွှမ်းမံဆိုတဲ့မိန်းမ ဂရုမစိုက်ဘူး"

ကျွန်မစကားကြောင့် ညီညီ ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွာ
ခဲ့သည်။ မင်းစက်ရာနှင့် ဝေယံတို့သာ ဝိုင်းမဆွဲလျှင် ကျွန်မ
ကိုယ်ထိလက်ရောက် ထိုးကြိတ်လာမလားဘဲ။

"တော် တော်ပါတော့ မွှမ်းမံ၊ မင်းကို ငါ အရှုံးပေးလိုက်
ပါပြီ၊ မင်း ကျေနပ်ပါတော့၊ လာ ညီညီ"

"တောက် မိန်းမမို့လို့ပေါ့ကွာ"

ဒေါသရှိန်နဲ့ အသားတွေ တဆတ်ဆတ်တုန်နေတဲ့ ညီညီကို
ဆွဲခေါ်ပြီး သူတို့ ထွက်သွားတာကို ကျွန်မ တစ်ချက် ငဲ့ကြည့်လိုက်





ရဲ့၊ ပြီးမှ ကျွန်မ ကားကို မောင်းထွက်ခဲ့မိပါတော့သည်။
ယောကျ်ားတွေက ဒီလိုပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မင်းစက်ရာ သင်တန်းက ထွက်သွားပြီတဲ့"

ထိုစကားကို မာလာက လာပြောခြင်းဖြစ်သည်။ ဘာကြောင့်ရယ်မသိ ကျွန်မရင်ထဲမှာ လစ်ဟာသွားသလို ခံစားရသည်။ သင်တန်းခန်းမထဲက သူထိုင်နေကျ ထိုင်ခုံ လစ်ဟာလျက် ဝေယံနှင့် ညီညီကိုပဲ ကျွန်မ မြင်ခဲ့ရသည်။

အမြဲတမ်း တတွဲတွဲ မြင်နေကျ သူတို့သုံးယောက်ထဲမှ မင်းစက်ရာကို မမြင်လိုက်ကတည်းက ကျွန်မစိတ်ထဲမှာ ထင့်ခနဲ ဖြစ်ခဲ့ရတာ။





"အခုလို ဖြစ်သွားတော့လည်း သနားစရာတော့ အကောင်း[illegible] မံ ဗိုက်အောင့်တဲ့နေ့က သူ့ခမြာ အတော် စိတ်ပူပန်နေတဲ့ပုံနေ[illegible]ထဲမှာ ခိုက်ခိုက်တုန်နေတာ"

ကေသီ့စကားကြားတော့ သူ့မျက်နှာကို ကျွန်မ ပြေးမြင်ယောင်[illegible]သေးရဲ့။

Sun Light ဆီချက်ဆိုင်ကလေးမှာ ကျွန်မ ထိုင်မိချိန်မှာတော့ [illegible]က်ရာကို သတိရစိတ်က အပြင်းပြဆုံး ဖြစ်ခဲ့ရ၏။ အရင်က [illegible]တို့အုပ်စုနှင့် ရယ်ရယ်မောမော ထိုင်ခဲ့ နောက်ပြောင်ခဲ့ကြတာတွေက [illegible]တ်ရစရာတွေ ဖြစ်ခဲ့ရလေသည်။

သင်တန်းခန်းမထဲမှာ ကျွန်မ စိတ်အာရုံတွေ မစုစည်းနိုင်ခဲ့[illegible]တော့ ဝန်ခံရမည်ဖြစ်သည်။ ငါးရက်လုံးလုံး မင်းစက်ရာ မရှိတော့သည့် [illegible]င်တန်းခန်းမထဲမှာ ကျွန်မစိတ်တွေ လေးပင်နေခဲ့တာ [illegible]ယ်တိုင်ပဲသိနေခဲ့သည်။

ကြာတော့ သူ သင်တန်းက နှုတ်ထွက်သွားခြင်းအတွက် [illegible]နှ်မ လိပ်ပြာမလုံသလို ခံစားလာရသည်။

ကျွန်မကြောင့် သူ အချက်ကွဲခဲ့ရတာ။ ကျွန်မပြုခဲ့သည့် [illegible]ပြုအမူတွေက သိပ်ကိုလွန်ကျူးသွားခဲ့သည်ထင်ရဲ့။ လူမသိ သူမသိ [illegible]နှံ့ ခံစားနေခဲ့ရသည့် ခံစားချက်တွေကို သူ သိနိုင်မည် မဟုတ်ပါ။

ရှင် ကျွန်မကို နာကျည်းသွားခဲ့ပြီလား မင်းစက်ရာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

လှုပုံအလယ်မှာ အရှက်ခွဲခဲ့သော မိန်းမတစ်ယောက်ကို သူ ဘာကြောင့်များ နာကျည်းမုန်းမေ့ မရနိုင်တာလဲ။ တကယ်ဆို မွှမ်းမံ ဆိုသော မိန်းမက သူ့ကို ရက်စက်စွာ လှည့်စားခဲ့တာ။ စာနာတရား ကင်းမဲ့စွာ ပြုမူခဲ့တယ်။

ဒီလိုမိန်းမတစ်ယောက်ကိုမှ သူ စွဲစွဲလမ်းလမ်း ဖြစ်နေရတာ ကိုယ့်ကိုကိုယ် မကျေနပ်ချင်။ နာကျည်းသင့်သူကို နာကျည်းဖို့ ကြိုးစား မရနိုင်မှတော့ အဖြေကရှင်းသည်။ မွှမ်းမံကို သူ မုန်းမရအောင် ချစ်နေခဲ့မိတာကြောင့်ပါ။ တစ်ပတ်လုံးလုံး သူ နေမထိ၊ ထိုင်မသာ





ဖစ်နေရ၏။ မတက်တော့ဘူးဟု ဆုံးဖြတ်ခဲ့သော သင်တန်းကို ပြန်တက် ချင်စိတ်တွေ ပေါ်လာတတ်တာ မကြာခဏ။

"ဘာဂရုစိုက်စရာလဲ မင်းရာ၊ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ရည်ရွယ်ချက်ကို အပျက်ခံမှာလား"

"ဟုတ်သားပဲကွာ၊ မင်းသင်တန်း ပြီးအောင်တက်သင့်တယ်၊ အဓိက,က မွှမ်းမံကို ခေါင်းထဲကထုတ်ပစ်လိုက် ပြီးပြီပေါ့"

သင်တန်းက သူ ထွက်တော့မည်ဆိုတော့ ညီညီနှင့် ဝေယံက ဝန်းတားခဲ့သေးသည်။ သို့ပေမယ့် သူ အကြိမ်ကြိမ် ခေါင်းခါခဲ့၏။ င်တန်းသူ သင်တန်းသားတွေနှင့် ဆုံရမှာ ရှက်သည်။ မွှမ်းမံရဲ့ ရော်အပြုံးတွေကိုလည်း ရင်မဆိုင်ရဲ။

"ငါ့ခံစားချက်ကို ငါသိတယ်၊ သူ့ကိုမြင်ရင် ငါ ပိုခံစားရမှာ၊ မြင်ရတော့ ဝေဒနာ သက်သာတာပေါ့ကွာ"

မွှမ်းမံကို မမြင်ရလျှင် သွေးအေးသွားနိုင်မည်။ မေ့ပျောက်လို့ ယ်ကူမည်ဟု ထင်မှတ်ခဲ့သမျှ အမှားတွေချည်းပင်။

အိမ်မှာနေမှ ပိုဆိုးတော့သည်။ သတိရစိတ်က ပိုမိုပြင်းပြသည်။ တ်သညာမရှိသူဟု ဆိုချင်ဆို၊ မွှမ်းမံ မျက်နှာလေးကို မြင်ချင်သည်။ ပြုံးလေးတွေကို တောင့်တမိသည်။ ဟန်ဆောင်သောအပြုံးဟုဆိုတာ ျက်နဲ့ မြင်ချင်နေမိသည်။

နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ် ဆုံးဖြတ်ကာ သူ့စိတ်ကို တ်ပေးမိတော့၏။ သင်တန်းခန်းနှင့် မဝေးလှသော Sun Light



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးကို သူ ရောက်ခဲ့ရသည်။

သင်တန်းတက်ချိန် စောလွန်းသေးတာမို့ သင်တန်းခန်း တံခါးတောင် မဖွင့်သေးပါ။ ဘယ်သူမှ မရောက်သေးသော သင်တ ခန်းမလေးကို မျှော်ကြည့်ရင်း သူ ဆိုင်ထဲလှမ်းဝင်ခဲ့တော့။

"ဟာ အစ်ကိုလေး မတွေ့တာ အတော်ကြာပြီ၊ ဘာစား ဆီချက်ပဲ မဟုတ်လား"

မှတ်မိနေသော စားပွဲထိုးချာတိတ်လေးက နှုတ်ဆက် မေးလာ၏။ သူ ခေါင်းညိတ်ပြရင်း စားပွဲလွတ်တစ်လုံးမှာ ဝင်ထိ မိသည်။ ဆိုင်ထောင့်ဝိုင်းတစ်ခုမှာ ထိုင်နေသော စုံတွဲတစ်တွဲမှ လူရှင်းနေသည်။

စားပွဲထိုးလေးက ဆီချက်ပန်းကန်ကို လာချပေးတော့လည် သူ စားချင်စိတ်မရှိပါ။ အိတ်ထဲက စီးကရက်ဘူးကိုထုတ်ကာ တစ် ဖွာရှိုက်မိသည်။ သည်ဆိုင်၊ သည်ဝိုင်းမှာပဲ တစ်ချိန်က သူနှင့် မွှမ်း အတူ ထိုင်ခဲ့ကြဖူးသည်။

အိပ်မက်မဟုတ်သော ထိုဖြစ်ရပ်တွေက သူ့အတွက် ရင် ကြည်နူးစရာ ဖြစ်ခဲ့ပေမယ့် မွှမ်းမံကတော့ သေသပ်ပိရိစွာ လှည့် ခဲ့ခြင်းသာ ဖြစ်ခဲ့သည်။

"ဘုရားရေ"

ကျွန်မနှုတ်က တအံ့တသြ ရေရွတ်မိသံက ချုပ်ထိန်းမရ လျှံထွက်ကျသွားခဲ့သည်။ Sun Light ရှေ့မှာ မြင်နေရတာ မင်းစက်





ားဖြူလေးဖြစ်နေသည်။ တကယ်ပဲလား၊ တစ်ခြားသူကားနဲ့ တူနေ တာလား တွေးရင်း ကျွန်မစိတ်တွေ လှုပ်ခတ်သွားရတာအမှန်။

ဆလွန်းကားဖြူလေးက နံပါတ်တွေကို ထင်ထင်ရှားရှား မြင်လိုက်ရချိန်မှာတော့ သူ့ရဲ့ကားဆိုတာ သေချာသွားခဲ့သည်။ ထိုအခါမှာ ကျွန်မရင်တွေ တလှပ်လှပ်ခုန်လျက် ဝမ်းသာသွားခဲ့ရတာ အမှန်။

ကားကို သူ့ရဲ့ကားဖြူလေးအနီးမှာ ငြိမ့်ခနဲ ထိုးရပ်ရင်း ဆိုင်ထဲလှမ်းကြည့်တော့ စားပွဲဝိုင်းမှာ ထိုင်နေသည့် သူ့မျက်နှာမှာလည်း အံ့ဩမယုံနိုင်ခြင်းတွေနှင့် ငေးမောမင်သက်နေလေ၏။

ကြည့်စမ်း။ ဒါ ထူးခြားဆန်းကြယ်လှတဲ့ မသိစိတ်နှစ်ခုရဲ့ ဆိုက်ဆိုင်မှုဖြစ်နေသလားပဲ။

သည်မနက်မှာပဲ သူ့ကို ကျွန်မ သိပ်သတိရနေခဲ့သည်။ သင်တန်းခန်းမမှာ သူ မရှိနိုင်ပေမယ့် သူ့ကို သိပ်တွေ့ချင်နေမိသည်။ ဘာလာတို့ကိုပင် မစောင့်တော့ဘဲ ကျွန်မ စောစီးစွာ သင်တန်းခန်းမသို့ ထွက်ခဲ့ခြင်းဖြစ်သည်။

သိပ်စောလွန်းလျှင် သင်တန်းခန်းမ ဖွင့်ဦးမှာမဟုတ်။ Sun Light မှာ တစ်ယောက်တည်းထိုင်မည်ဟု စိတ်ကူးခဲ့မိသည်။ အခုတော့၊

ကားပေါ်ကဆင်းပြီး ဆိုင်ထဲကို တန်းတန်းမတ်မတ်ဝင်လာတဲ့ ကျွန်မကိုကြည့်ရင်း သူလည်း သတိကင်းလွတ်သွားပုံပါပဲ။ ထိုင်ခုံက ဆတ်ခနဲထပြီး ချက်ချင်း ပြန်ထိုင်လိုက်တဲ့ သူ့ပုံစံက ရယ်ချင်စရာ။

ကျွန်မနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ရှင် ကြောက်လန့်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နေတာလား မင်းစက်ရာ။ ကျွန်မစိတ်ထဲမှာတော့ သူ့ကို တစ်ယောက်တည်း ဒီလိုပုံစံနဲ့ မြင်လိုက်ရတာ သိပ်ကို ကျေနပ်ဝမ်းသာနေတာ သေချာတယ်။ အဲဒီစိတ်နဲ့ပဲ မွှမ်းမံရဲ့ မာနတွေကို မေ့ပျောက်ပြီး ကျွန်မ သူ့စားပွဲအထိ တန်းတန်းမတ်မတ် လျှောက်ခဲ့မိတယ်။

ဘယ်လိုမှ ထင်မှတ်မထားတဲ့ အပြုအမူကြောင့် ထင်ပါတယ် သူ ကျွန်မကို အလန့်တကြား မော့ကြည့်ရှာတယ်။ မျက်ဝန်းလေးတွေ ပိုင်းစက်တောက်ပလို့ တစ်စုံတစ်ခုကို စိုးရိမ်နေသလိုမျိုး။

သူ့နှုတ်ခမ်းလေးတွေ လှုပ်ရှားသွားတာ ကျွန်မမြင်တယ် အသံတွေ မကြားရပေမယ့် ကျွန်မနာမည်ကို ရေရွတ်လိုက်တာ သေချာပါတယ်။

"ကျွန်မ ရှင်နဲ့ ရှင်းစရာရှိတယ် မင်းစက်ရာ"

"ဗျာ"

"ဟုတ်တယ်၊ ရှင် သင်တန်းကထွက်သွားတာ ဘာကြောင့်လဲ"

"ဗျာ ဟို ကျွန်တော် အဲ"

"ရှင် ဟိုတွေဒီတွေ မလုပ်နဲ့၊ အားလုံးက ကျွန်မကြောင့်လို့ ထင်နေကြတယ်၊ အဲဒါ အမှန်ပဲလား"

သူ အကြောင်းကြောင်းနဲ့ တအံ့တသြဖြစ်နေတာကြည့်ပြီး ကျွန်မ ရယ်လိုက်ချင်ပေမယ့် ကြိတ်မျိုသိပ်ထားမိရဲ့။ တကယ့်ကို အူတူတူ အ,တတ ဖြစ်နေတဲ့ ကလေးတစ်ယောက်အသွင်လေး။

"ဟုတ်တယ်၊ မွှမ်းမံအတွက် ကျွန်တော် သင်တန်းမှာ





…နေရင် အကောင်းဆုံးဖြစ်မယ်ထင်လို့၊ ပြီးတော့ မွှမ်းမံကို မမြင် …တွေ့နိုင်ရင် ကျွန်တော့်အတွက် ကောင်းမယ်ထင်လို့ပဲ"

"ဘာရယ်၊ ကျွန်မက ရှင့်ကို မမြင်ချင်ဘူး၊ သင်တန်းက …ထွက်တော့လို့ ပြောခဲ့သလား။ ကျွန်မကိုကြောက်ပြီး ရှင့်ဘာသာ …ရဲဘောကြောင်သွားတာ မဟုတ်လား"

"ဘာလို့ကြောက်ရမှာလဲ၊ တစ်ခုပဲရှိတယ်၊ မွှမ်းမံ ကျွန်တော့်ကို …ထင်လွဲမှားတာတော့ မခံချင်ဘူး"

ဒီတစ်ခါတော့ ကျွန်မ မျိုသိပ်မထားနိုင်တော့ဘဲ ပြုံးလိုက်မိရဲ့။ …အပြုံးကြောင့် သူ မျက်မှောင်ကုပ်ပြီး စိုက်ကြည့်နေပုံက ပိုလို့တောင် …ချင်စရာကောင်းသေးတယ်။

"ခင်ဗျား ဘာလို့ရယ်တာလဲ မွှမ်းမံ"

"ဘုရားရေ၊ ရယ်ချင်လို့ရယ်တာပေါ့၊ ရှင့်ရှေ့မှာ ရယ်ခွင့် …ဘူးလား"

"မလှောင်ပါနဲ့ မွှမ်းမံ၊ ကျွန်တော် ခင်ဗျားကို အရှုံးပေးထား …ပဲ"

"အရှုံးပေးစရာ မလိုဘူး၊ ကျွန်မကလည်း အနိုင်ရတယ်လို့ …ထင်မှတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ရှင့်ဘာသာ သင်တန်းမတက်တာ …မကြောင့်လို့ အထင်မခံနိုင်ဘူး"

"ဒါဆို ကျွန်တော် သင်တန်းပြန်တက်ပေးရမှာလား မွှမ်းမံ"

"လာပြန်ပြီ၊ ကျွန်မခိုင်းတာ ရှင်လုပ်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်ကူညီခဲ့တာ အရိုးသားဆုံးပဲ၊ ဒါကို မွှမ်းမံ ထင်မြင်ချက်တွေနဲ့ ဆုံးဖြတ် အရှက်ခွဲခဲ့တာပါ''

''ဆောရီး၊ အဲဒီကိစ္စအတွက် ကျွန်မ တကယ်စိတ်မ ကောင်းဘူး။ တောင်းပန်တယ်ဆိုရင် ရှင်ကျေနပ်မလား''

သူ့မျက်ဝန်းတွေ တောက်ပလို့ ကျွန်မကို မယုံမရဲ စိုက်ကြည့် နေသေး၏။ ပြီးမှ ဝမ်းသာကြည်နူးစွာပြုံးရင်း

''မတောင်းပန်ခင်ကတည်းက ကျွန်တော် ကျေနပ်ပါတယ် မွှမ်းမံရယ်''

''အိုကေ ဒါဆို ပြီးပြီပေါ့၊ ဆီချက်တွေ စားလိုက်ဦး၊ အေးစက်ကုန်လိမ့်မယ်''

စကားအဆုံး ကျွန်မ လှည့်ထွက်ဖို့အပြင်မှာပဲ သူ ကသော ကမျော ထရပ်ပြီး

''နေ နေပါဦး မွှမ်းမံ၊ ထိုင်ပါဦး၊ ကျွန်တော် တစ်ခုခု ကျွေးပါရစေနော်''

''ဘာလဲ ရှင့်မွေးနေ့အစစ်အမှန်မှ ဟုတ်ရဲ့လား''

''ဟာ မဟုတ်ဘူး၊ ဟိုဗျာ ကျွန်တော်တို့နှစ်ယောက် ငြိမ်းချမ်းခြင်း အထိမ်းအမှတ်ပေါ့၊ ဒီတစ်ခါ ကျွန်တော့်ကို မိတ်ဆွေ အဖြစ် အသိအမှတ်ပြုပါနော်''

ဖုံးဖိမရ ပျော်ရွှင်နေသော သူ့အသွင်ကိုကြည့်ရင်း ကျွန်မ ရင်ထဲမှာလည်း အပျော်တွေ ကူးစက်ကုန်တာ သေချာသည်။





ထိုနေ့က နှစ်ဦးတည်းရှိသော ကျွန်မတို့ဝိုင်းကလေးမှာ ချမ်းခြင်းနှင့် သာယာနေခဲ့၏။ ဟန်ဆောင်ခြင်းကင်းစင်သော မျက်နှာမှာ မွှမ်းမံဆိုသော မိန်းမတစ်ယောက် မာနစိတ်တွေ လွင့်လျက်။ သူနဲ့အတူ ကြည်နူးပျော်ရွှင်နေခဲ့တာ ဘယ်သူမှ ခဲ့ပါ။

အဲ့ဒီသြစရာကောင်းလောက်အောင် ကျွန်မနှလုံးသားအား နူးညံ့ ပွေ့သွားခဲ့တာ ဘာကြောင့်လဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘာရယ် မင်း၊ မွန်းမံနဲ့မင်း ငြိမ်းချမ်းရေးရသွားပြီ ဟုတ်လား"

အံ့သြစရာ သတင်းတစ်ခုကို ကြားလိုက်ရသလို ညီညီ မယုံနိုင်စွာမေး၏။ ဝေယံကလည်း အပျော်တွေဝေဆာနေသော သူ့မျက်နှာကို ငေးကြည့်ရင်း နားစွင့်နေသည်။

မွန်းမံနဲ့ သူ ဆုံတွေ့ခဲ့သမျှကို သူ ဝမ်းသာအားရနှင့် ပြန်ပြောပြတော့ နှစ်ကောင်စလုံး တိတ်ဆိတ်စွာနားထောင်လို့။

"သူ့အမှားအတွက် ငါ့ကို တောင်းပန်တယ်၊ ငါတို့နှစ်ယောက်





ဆင်ပြေသွားတာ အမှန်ပဲကွ"

"သတိတော့ထားဦး မင်း၊ ငါတော့ သိပ်မယုံချင်ဘူး၊ ဒီမိန်းမ မင်းကို ဘယ်လိုမာယာတွေနဲ့ အကွက်ဆင်လာသလဲမှ မသိဘဲ"

"ဟာ မဟုတ်ပါဘူး၊ သူ အထင်လွဲပြီးဖြစ်ခဲ့တဲ့ ကိစ္စအတွက် နားလည်ပြီး တောင်းပန်တာ၊ အမှန်ပြောရရင် ငါ အရမ်းပျော်နေတယ်၊ ငါ မွန်းမံကို တကယ်ချစ်နေတာ"

"မွန်းမံလို မိန်းမက သူ့အမှားကို ဝန်ခံတောင်းပန်တာ အံ့သြစရာကောင်းနေတယ် မင်း၊ မင်းယုံပေမယ့် ငါတို့ မယုံချင်ဘူး"

"ဟုတ်တယ် မင်း၊ သတိတော့ထားကွာ၊ ဒုတိယအကြိမ် ဆင်စော်ကားခံရတယ်ဆိုရင် မွန်းမံတော်လို့ မဟုတ်ဘူး၊ မင်းညံ့ဖျင်းလို့ပဲ"

ညီညီနဲ့ ဝေယံက မွန်းမံအပေါ် အကြွင်းမဲ့ မယုံကြသေးပါ။ သို့ပေမဲ့ သူ သင်တန်းပြန်တက်သည်ဆို၍ ကျေနပ်နေကြတာအမှန်။ သင်တန်းခန်းမထဲမှာလည်း သင်တန်းမှာ တစ်ပတ်နီးပါး ပျက်ပြီး သင်တန်းပြန်တက်လာသော သူ့ကို အားလုံးက စိတ်ဝင်တစား မျက်ဝန်းတွေနှင့် ကြည့်နေတတ်၏။

သူကတော့ အားလုံးအကြည့်တွေကို ဥပေက္ခာပြုထားသည်။ မွန်းမံတို့အုပ်စုရဲ့ အနောက်ဘက် ခုံတန်းမှာထိုင်ရင်း မွန်းမံ မျက်နှာလေးကို အရိပ်တကြည့် ရှိနေခဲ့သည်။

တစ်ချက်တစ်ချက် လှည့်ကြည့်ပြုံးပြတတ်သော မွန်းမံ အပြုံးတွေက သူ့အတွက် ရင်ခုန်စရာကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းချိန်တိုင်း ယှဉ်ရပ်ထားသော ကားလေးပေါ် နှစ်ဦး အတူတက်လို့ ပြန်တတ်ကြသည်။

တစ်ညနေမှာတော့ သူ အကြံနှင့် ကားအနီးမှာ ရပ်စောင့်နေလိုက်သည်။ ဒီနေ့ ညီညီကားနှင့်အတူ ဝေယံ ပြန်သွားခဲ့ပြီ၊ မာလာနှင့် ကေသီတို့ကားလေးတွေ အသီးသီး မောင်းထွက်သွားပြီးချိန်ထိ မွှမ်းမံ သင်တန်းခန်းမထဲက ထွက်မလာသေးတာ သူ့အတွက် အခွင့်ကောင်း တစ်ခုလေ။

ကြာကြာမစောင့်လိုက်ရပါ။ သင်တန်းခန်းမထဲက သူမ ကသုတ်ကရိုက် ခြေလှမ်းတွေနဲ့ ခပ်သွက်သွက်ထွက်လာသည်။ လက်ထဲမှာ ဖိုင်တွဲတွေတစ်ဖက်၊ ဆလင်းဘက်လေးတစ်ဖက်နှင့် မွှမ်းမံအသွင်က ကသောကမျောနိုင်လွန်းနေ၏။ အဝါနုရောင်တီရှပ်လေးနှင့် ပိတောက် ခြောက်ရောင် ထဘီလေး ဝတ်ဆင်ထားသော သူမအသွင်က သူ့ မျက်ဝန်းထဲမှာ သိပ်ကိုလှလွန်းနေသည်။

သူမကားအနီးမှာ ယှဉ်ရပ်ထားသည့် သူ့ကားတံခါးကိုမှီကာ ရပ်ကြည့်နေသော သူ့ကိုမြင်တော့၊

"မင်းစက်ရာ၊ ရှင် ဘယ်သူ့ကိုစောင့်နေတာလဲ"

"မွှမ်းမံ ထွက်မလာသေးလို့ စောင့်နေတာလေ"

"ဘာလို့စောင့်နေတာလဲ၊ ပြန်ရမှာ တစ်လမ်းစီပဲ"

"မံ ခွင့်ပြုမယ်ဆိုရင် တစ်ဆိုင်ဆိုင်မှာ ထိုင်ရအောင်ဗျာ၊ ကျွန်တော်တို့ ဆီချက်ဆိုင်မထိုင်ဖြစ်တာ ကြာနေပြီ"





"ရှင့်ဘက်က အဲဒီလို ရိုးရိုးသားသား ခွင့်တောင်းတော့လည်း ကျွန်မ အားနာစွာနဲ့ လိုက်ထိုင်ပေးရမှာပေါ့၊ ဒါပေမဲ့ အချိန်တော့ သိပ်မရဘူးနော်"

တစ်ဖက်သားကို အထက်စီးဆန်ဆန် ပြောတတ်ပြုတတ်တာ မွှမ်းမံရဲ့ ဝါသနာဖြစ်မည်ထင်ရဲ့။ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒကို လက်ခံသည့် အတွက် သူ အတိုင်းမသိ ဝမ်းသာသွားရသည်။

"ကျေးဇူးတင်ပါတယ် မံ၊ ဘယ်ဆိုင်မှာထိုင်မလဲ၊ မံ စိတ်ကြိုက် ဆိုင်ရွေးချယ်ပါ"

"ရှင် ဖိတ်ခေါ်တာလေ ရှင့်စိတ်ကြိုက်ပေါ့၊ ကျွန်မဆန္ဒအတိုင်းဆို ရင်ကို တန်းပြန်ဖြစ်နေပြီ"

ကြည့်။ ပြောပုံကတော့ ကန့်လန့်တွေချည်း။ သူ့ဘက်က အခွင့်ပေးလိုက်လျှောနေတာတောင် အားမနာဘဲ ပြောတတ်သည့် မွှမ်းမံ၊

ရောင်စုံထီးဝိုင်းလေးတွေ အုပ်မိုးလျက် စားပွဲဝိုင်းရှည်လေး တွေနှင့် ခင်းကျင်းထားသော အအေးဆိုင်ကလေးကို သူ ရွေးချယ် လိုက်ပါသည်။ ဆိုင်ကလေးရှေ့ ကားစတင်းမှာ သူ့ကားလေး ရပ်တော့ သူမကလည်း ကားလေးကို အနောက်က ခပ်ခွာခွာ ထိုးရပ်၏။

"ဒီဆိုင်ကလေးက အစားအသောက်ကောင်းတယ်၊ အေးအေး ချမ်းချမ်းလည်း ရှိတယ်၊ မံ သဘောကျမှာပါနော်"

သူ့စကားကို မတုံ့ပြန်သေးဘဲ သူမ ဆိုင်ထဲကို တစ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ကြည့်သည်။ စားပွဲဝိုင်းတွေမှာ ယှဉ်တွဲထိုင်နေသည့် စုံတွဲအများစုက တီးတိုးစကားဖောင်ဖွဲ့နေကြသည်။

''အင်း မဆိုးပါဘူး၊ ဒါပေမဲ့ ချစ်သူရည်းစားတွေ အများစု ထိုင်တတ်တဲ့ဆိုင်မျိုး ထင်တယ်၊ ရှင်နဲ့ကျွန်မကတော့ ဘယ်လိုမှ မလိုက်ဖက်တဲ့ အမှန်ပဲ''

''ဗျာ ဘာဖြစ်လို့လဲ မွှမ်းမံ''

''ရှင်နဲ့ကျွန်မက မိတ်ဆွေတွေလေ၊ ဒါတောင် သိပ်ရင်းနှီး ကျွမ်းဝင်တဲ့ မိတ်ဆွေအဆင့် မဟုတ်သေးဘူး၊ ကဲ ထိုင်ပါ''

သူမက ဦးဆောင်ကာ စားပွဲဝိုင်းမှာဝင်ထိုင်တော့ သူလည်း မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ရပါသည်။ ထမင်းစားချိန် နီးနေပြီမို့ မွှမ်းမံ ဘာမှမစားပါ။ စတော်ဘယ်ရီတစ်ခွက် မှာသည်။ မွှမ်းမံမှာသည့်အတိုင်း သူလည်း စတော်ဘယ်ရီတစ်ခွက်ပဲ မှာလိုက်၏။

''ရှင် ဒီဆိုင်ကို တမင်ခေါ်လာတာတော့ မဟုတ်ဘူး ထင်တယ်''

''ဗျာ မံ ဘာကိုဆိုလိုတာလဲ''

''ကျွန်မပြောတာ ရှင်းရှင်းလေးပါ၊ ရှင် တစ်ခုခုပြောချင်လို့ ကျွန်မကို ခေါ်လာတာမဟုတ်လား''

''ကိုယ့်အပေါ် မံ အမြဲတမ်း သံသယစိတ်ကြီးနဲ့ မကြည့်ပါနဲ့၊ ကိုယ် မံကို ခင်မင်ချင်တယ်၊ ရင်းနှီးချင်တယ်၊ မရိုးသားတဲ့စိတ်





တစ်မှုံတောင် မပါဘူးဆိုတာ ကျိန်ရဲပါတယ် မံ''

''ဒုက္ခပါပဲ၊ ကျွန်မစကားကို ရှင် တလွဲသဘောပေါက်ကုန်ပြီ၊ တစ်ခုခု ကျွေးမွေးချင်ရုံသက်သက်နဲ့ ရှင်ခေါ်လာတာ မဟုတ်ဘူး၊ ရှင် ဘာမေးချင်တာလဲ၊ ဘာပြောချင်တာလဲလို့ မေးတာ၊ သဘောက ရှင် ကျွန်မအကြောင်းတွေ မေးချင်တာလား''

''မဟုတ်ပါဘူး၊ မံအကြောင်းတွေ ကျွန်တော် သိထားပြီးပါပြီ''

သူမ မျက်မှောင်ကလေးတွန့်ကွေးပြီး သူ့ကိုကြည့်သည်။ သူမ အကြောင်းကို သူသိနေခြင်းအတွက် အံ့သြသွားတာလား။ သူ အကဲခတ် အဖြေမရှာနိုင်ခင်မှာပဲ သူမ နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးသည်။

''အဟင်း ဒါဆို ရှင် ကျွန်မထက် ပိုတော်သွားပြီထင်တယ်၊ ရှင့်အကြောင်း ကျွန်မ ဘာမှမသိဘူး''

''မံ နားထောင်လို့ မပျင်းဘူးဆိုရင် ကျွန်တော် ပြောပြချင် ပါတယ်''

''ရှင့်ဆန္ဒပဲလေ၊ ရှင်ပြောပြတာ နားထောင်ရတာပဲ ပင်ပန်း အားစိုက်ရတဲ့ကိစ္စမှ မဟုတ်ဘဲ''

အားနာပါးနာ နားထောင်ပေးရမည့်ဟန်နှင့် မွှမ်းမံ စတော်ဘယ်ရီကို တစ်ငုံမျှ မော့သောက်သည်။

ထိုညနေက သူ့အကြောင်း၊ မေမေ့အကြောင်းနှင့် ကိုကို့ အကြောင်းတွေကို မွှမ်းမံအား သူ ပြောပြမိ၏။ သူ့စကားတွေကို တစ်ခွန်းပြန်မမေးဘဲ ပေါ့ပါးစွာ နားထောင်ပေးသော မံကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်မိသေးရဲ့။

မံနှင့် သူကြားမှာ ရင်းနှီးခင်မင်မှုလေး ပိုမိုခိုင်မာသွားခဲ့သည် ဟုတော့ သူ ယုံကြည်ထားခဲ့မိချေသည်။

✿ ✿ ✿



## အခန်း (၁၁)

"ဒီစကားက အမှန်ပဲလား မာလာ၊ သေချာရဲ့လား"

"သေချာတယ် မံ၊ အခန်းထဲက ဇာခြည်ဆိုတာ ဆန်းဝင်းနဲ့ ချစ်သူရည်းစား ဖြစ်နေကြတယ်လေ၊ ညီညီတို့နဲ့ လောင်းကြေးထပ်တဲ့ အထဲမှာ ဆန်းဝင်းလည်း ပါတယ်တဲ့"

မာလာစကားကို နားထောင်ရင်း ဒေါသစိတ်တွေ ကျွန်မရင်ထဲ တရိပ်ရိပ် တိုးလာရသည်။ ဘယ်လောက် ခံပြင်းစရာကောင်းလိုက်သလဲ။

"နှင်နဲ့ မင်းစက်ရာ မကြာခင် ချစ်သူဘဝ ရောက်ကြရမယ်တဲ့၊ ညီညီက ဆန်းဝင်းတို့ကိုပြောရင်း လောင်းကြေးထပ်စိန်ခေါ်တာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ မင်းစက်ရာ ပြဿနာကို သိနေတဲ့ ဆန်းဝင်းတို့က လက်မခံဘူး မဖြစ်နိုင်ဘူးဆိုတော့ မယုံရင်လောင်းလိုက်တဲ့၊ ရှင်ကိုယ်တိုင်က သူ့အမှားအတွက် မင်းစက်ရာကို တောင်းပန်ခဲ့တာတဲ့ ရှင့်ဘက်ကတော်စပြီး မင်းစက်ရာကို ချစ်နေတာတဲ့လေ''

''ဒါ သူတို့ မံကို ပြန်ပြီး အရူးက်ခွဲတာဖြစ်မယ်၊ ရှင်တို့ နှစ်ယောက် အတူချိန်းပြီး အအေးဆိုင်မှာ ထိုင်ကြတာကအစ သင်တန်း တစ်ခုလုံးလိုလို သိနေပြီ မံ''

ကေသီစကားတွေ အဆုံးမသတ်ခင်မှာပဲ ကျွန်မ ဝုန်းခနဲ ထပ်ရပ်ပြီးဖြစ်နေလေသည်။ နာကျည်းခံပြင်းစိတ်နဲ့ မာနတွေက ကျွန်မ ရင်ထဲမှာ လှိုင်းတွေလို တဝုန်းဝုန်း ပြင်းထန်နေသည်။

ယောကျ်ားတန်မဲ့ ကျွန်မသိက္ခာကို လောင်းကြေးထပ် စော်ကား ခဲ့တာ။ ဒါ မင်းစက်ရာကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ။ ညနေပိုင်း သူ တောင်းပန်ခေါ်လို့ အအေးဆိုင်မှာ ထိုင်ဖြစ်ခဲ့တာ သူနဲ့ကျွန်မပဲ သိတဲ့ကိစ္စ။

သင်တန်းတစ်ခုလုံး သိအောင်ပြောပြီး ကျွန်မသိက္ခာကို စော်ကားလိုက်တာဆိုသော အသိက တန့်နှံ့ နာကျင်စေသည်။ ရှင် တော်တော် ယောကျ်ားမဆန်တဲ့သူပဲ မင်းစက်ရာ။ ရှင့်မျက်နှာပေါ်က ရိုးသားဖြူစင်မှုတွေကို ယုံကြည်ခဲ့၊ သနားခဲ့မိတာ ကျွန်မ သိပ်မှားသွားတယ်။

ကျွန်မ အနောက်ဘက်ကို လှည့်ကြည့်တော့ မင်းစက်ရာတို့





အုပ်စု အခန်းထဲ မရောက်သေးပါ။ သင်တန်းမတက်သေးခင်မို့ မဝင် ကြသေးတာဖြစ်မည်။ ကျွန်မ အခန်းထဲမဝင်ခင်ကတောင် သူ သုမ်းနှုတ်ဆက်လို့ ပြုံးပြခဲ့သေးတာပဲ။

ပြဿနာတစ်ခုကို ချက်ချင်း လက်တုံ့ပြန်ဖို့ သွေးအေးမနေ တတ်သော ကျွန်မ သင်တန်းခန်းမ အပြင်ဘက်ကို ဘယ်လို ရောက်ခဲ့သည် မသိတော့ပါ။ စုံစုံညီညီပါပဲ။ သူ့ရဲ့ ကားဖြူလေးကို ခိုရပ်နေကြတဲ့ သုံးယောက်သား ဘာတွေ ရယ်ပွဲကျနေသည်မသိ။ ကျွန်မအကြောင်းပြောပြီး ဟားတိုက်နေကြတာလားတောင် မသိပါ။

ကျွန်မခြေလှမ်းတွေ အသွက်လက်ဆုံးနဲ့ သူ့ရှေ့မှောက်ကို ရောက်သွားခဲ့၏။ အရယ်မျက်နှာ မပြယ်သေးတဲ့ မျက်ဝန်းတွေနဲ့ သူ မော့ကြည့်လာ၏။ ကျွန်မမျက်နှာပေါ်က ဒေါသတွေကို မြင်တွေ့သွား သည်နှင့် သူ့မျက်နှာက ချက်ချင်း ပြောင်းလဲသွားခဲ့သည်။

''မံ ဘာ ဘာဖြစ်လာတာလဲ''

''ရှင်နဲ့ စာရင်းရှင်းစရာရှိလို့၊ အားလုံး လူစုံတက်စုံရှိနေတာ သိပ်ကောင်းတာပေါ့၊ ရှင် ယောကျ်ားပီပီ အမှန်ကိုဝန်ခံပါ မင်းစက်ရာ''

ကျွန်မစကားတွေကြောင့် သူ တအံ့တသြ ဟန်ဆောင် ကောင်းဆဲ၊ ညီညီနဲ့ ဝေယံတို့နှစ်ဦးကတော့ နှုတ်ဆိတ် မျက်နှာပျက်လျက်။

''ရှင် ကျွန်မကို အငြိုးတစ်ခုနဲ့ ပြန်ပြီး လက်စားချေလိုက်တာ မဟုတ်လား မင်းစက်ရာ''

''ဗျာ ကျွန်တော် နားမလည်ဘူး မံ၊ မံ ဘာတွေပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

သူမျက်နှာတွင် ကျွန်မစကားကို နားမလည်နိုင်သည့်အရိပ်

ဖုံးလွှမ်းနေ၏။

''ကျွန်မ မာနနဲ့ သိက္ခာကို ရှင် အငြိုးနဲ့ ပြန်လက်စား

တာလား၊ လောင်းကစားလုပ်ပြီး မိန်းမတစ်ယောက်ကို ချဉ်းကပ်

ယောက်ျားမပီသတဲ့ လုပ်ရပ်ပဲ''

''မံ မင်းစကားတွေ လွန်နေပြီ ကိုယ်ဘာမှမသိတာ အမှ

''ရှင် သူရဲဘောကြောင်ပြီး လိမ်ညာနေလို့ အပိုပဲ''

''ဟာ စကားလုံးတွေနဲ့ မတိုက်ခိုက်ပါနဲ့ မံ၊ မံ ဘာဖြစ်တ

ရှင်းပြစမ်းပါ၊ ကျွန်တော် ဘာမှမသိဘူး၊ ဒါ အမှန်တရားပဲ''

''ကောင်းပြီ၊ ရှင် ဝန်မခံရဲရင် ကျွန်မပြောပြမယ်၊ မိ

တစ်ယောက်ကို အလောင်းအစားလုပ်ပြီး ချဉ်းကပ်တာ ယော

ကောင်း တစ်ယောက်ရဲ့ လုပ်ရပ်မဟုတ်ဘူး၊ မွှမ်းမံဆိုတဲ့ မိ

တစ်ယောက် ဂုဏ်သိက္ခာကို ရိုက်ချိုးခဲ့တဲ့ ရှင့်အတွက်''

အံ့သြမှု၊ မယုံကြ

နိုင်မှုတွေနှင့် သူ့မျက်ဝန်းတွေ ဝိုင်းစက်နေသည်။ နံဘေးမှ ငြိမ်သ

နေသော ညီညီနှင့် ဝေယံတို့ ကျွန်မကို စူးစူးရဲရဲစိုက်ကြည့်ရင်း။

''မွှမ်းမံ ခင် ခင်ဗျား''

''ညီညီ''





သူ့တားမြစ်သံကြောင့် ညီညီ တုံ့ခနဲ ရပ်တန့်သွားခဲ့သည်။

ကျွန်မကို ငေးစိုက်ကြည့်နေသည့်

သူ့မျက်ဝန်းတွေကို ကျွန်မ စူးစူးကြည့် ရင်ဆိုင်လိုက်ရင်း၊

''မှတ်ထားလိုက် မင်းစက်ရာ၊ မွှမ်းမံဆိုတဲ့ မိန်းမ

တစ်ယောက်ရဲ့ ခင်မင်ရင်းနှီးမှုကို စော်ကားခဲ့တဲ့အတွက် တုံ့ပြန်မှုက

အဲဒါပဲ''

ခံပြင်းနာကျည်းစိတ်တွေနှင့် တင်းကြပ်နေသမျှ ကျွန်မရင်ထဲ

ပေါ့ပါးသွားသလိုရှိသည်။ သူ့ရှေ့မှောက်က ချာခနဲ လှည့်ထွက်ခဲ့ချိန်မှာ

အနောက်မှာ ဘာတွေဖြစ်ကုန်ခဲ့သည် မသိပါ။

သေချာသည်က မင်းစက်ရာဆိုသော ယောက်ျား

တစ်ယောက်ကို ကျွန်မ နာကျည်းမုန်းတီးသွားခဲ့ရသည်။

သင်တန်းခန်းမထဲကိုတောင် ပြန်မဝင်နိုင်တော့ဘဲ ကားပေါ်တက်

မောင်းထွက်ခဲ့မိသည့် ကျွန်မရင်ထဲက ခံစားချက်တွေကို ဘယ်သူမှ

မသိပါ။

ဆန့်ကျင်ဘက် ယောက်ျားတစ်ယောက်ကြောင့် မလှုပ်ခတ်ခဲ့တဲ့

ကျွန်မနှလုံးသားဟာ မင်းစက်ရာဆိုတဲ့ ရှင့်ကြောင့် လှုပ်ခတ်ခဲ့ရတယ်။

အခုတော့ အဲဒီအရာအားလုံးဟာ ယောက်ျားတစ်ယောက်ရဲ့

မာယာအောက်မှာ ဝပ်စင်းခဲ့ရတဲ့အဖြစ်။

ကြည့်စမ်း။ စတီယာရင်ဘီးကို ကိုင်ထားတဲ့ ကျွန်မ လက်ဖျံ

ပေါ်မှာ ပူခနဲ အထိအတွေ့တစ်ခု။ ဒါ ကျွန်မမျက်ဝန်းထဲက လွင့်စင်



www.burmeseclassic.com

www.burmeseclassic.com



ကျလာတဲ့ မျက်ရည်တဲ့လား။

မယုံနိုင်စွာ နောက်ကြည့်မှန်ထဲ မော့ကြည့်တော့ ကွ

ပါးပြင်မှာ မခြောက်သွေ့သေးတဲ့ ပူပူနွေးနွေး မျက်ရည်စည်းကြော

တစ်ခုက ထင်ထင်ရှားရှား။

မာနတရားကင်းမဲ့စွာ ဝန်ခံချင်ပါတယ်။ ရှင့်ကို ကွ

ချစ်ခဲ့မိတယ် မင်းစက်ရာ။ ဒါပေမဲ့။

မာနတရားနဲ့ ကျွန်မပြောချင်တယ်။ မင်းစက်ရာဆို

ယောကျ်ားတစ်ယောက်ကို ချယ်မှုံးမံ မုန်းတယ်။

ရှင့်ကို ကျွန်မ သိပ်မုန်းတယ် မင်းစက်ရာ။

✿ ✿ ✿



## အခန်း (၁၂)

"သူ ငါ့ကို မုန်းသွားပြီဆိုတာထက် သေချာတဲ့စကားလုံးက

ို သိပ်နာကျည်းသွားတာပါ"

"တကယ်ပါ မင်း၊ ငါတို့ ဒီလောက်ထိ မရည်ရွယ်ပါဘူးကွာ၊

ောင်တွေက မခံချင်အောင်ပြောနေတော့ မင်းဘက်က မခံချင်လွန်း

ကွာ"

"အေး ငါတို့မှားသွားတယ်ကွာ၊ မင်းနဲ့          မံ ရင်းရင်းနှီးနှီး

ဖြစ်သွားတော့ ဆန်းဝင်းတို့က မင်းထပ်ခံရဦးမှာပဲလို့ ထင်နေတယ်

မံ နောက်တစ်ကြိမ် ဖျည်းပေးတာ မင်းခံရဦးမှာတဲ့၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်နဲ့ ပြန်ပြောရင်း ငါတို့ လောင်းကြေးထပ်ဖြစ်သွားကြတာ”

ညီညီနှင့် ဝေယံကိုလည်း သူ အပြစ်မဆိုချင်တော့ပါ။ မွှမ်းမံရဲ့ နာကျည်းမှုကိုလည်း မနာကျည်းချင်ပါ။

အရာအားလုံးသည် ကံကြမ္မာကြောင့်ဟုပဲ ဆိုချင်သည်။

“ကြားထဲက မင်း မဆီမဆိုင် ခံလိုက်ရတာ ငါတို့ စိတ်မကောင်းဘူးကွာ၊ ငါတို့ကို ခွင့်လွှတ်ကွာ မင်း”

“ငါ မင်းတို့ကို စိတ်မဆိုးဘူး ဝေယံ၊ ငါကိုက ကံမကောင်းခဲ့တာပါ၊ မံ့ ကိုလည်း စိတ်မဆိုးချင်တော့ဘူး၊ ငါ အားလုံးကို မေ့နိုင်အောင် ကြိုးစားချင်တယ်”

“မင်း သင်တန်း ဆက်မတက်တော့ဘူးလား မင်း”

“ငါ မတက်တော့ဘူး ညီညီ၊ အားလုံးထက် မံရဲ့ အထင်သေးအမြင်သေး အကြည့်တွေ ငါမခံနိုင်တာ”

“သင်တန်းရက်က ဘာမှ မကျန်တော့ပါဘူး၊ မင်း ဆက်တက်ပါလား”

သူ ခေါင်းတွေပဲ ခါယမ်းပြမိသည်။ သူငယ်ချင်းတွေ နားလည် စာနာလိမ့်မည် ထင်ပါသည်။

မနာကျည်းရက်ပါဘူး မံ။

ဘာဖြစ်လို့လဲဆိုတော့ မွှမ်းမံဆိုတာ ကိုယ့်ဘဝမှာ ပထမဆုံး မြတ်နိုးချစ်မိခဲ့တဲ့ အချစ်ဦး ဖြစ်နေလို့ပဲပေါ့။ မင်းမကြည့်ချင်လောက်အောင် မုန်းတီးနေတဲ့ ငါ့ကို မင်း ဘယ်တော့မှ မမြင်တွေ့စေ





မွှမ်းမံ။

ငါဟာ အမြဲတမ်း ကံဆိုးတတ်တဲ့ကောင်ရယ်ပေါ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သင်တန်းကို သူ ရောက်မလာခြင်းအတွက် ကျွန်မ တအံ့တသြ ဖြစ်စရာတော့ မရှိပါ။ ကျွန်မနဲ့ရင်ဆိုင်ဖို့ သူ တုန်လှုပ်သွားခဲ့တာလား။

ကျွန်မ ဘာကိုမှ မစဉ်းစားချင်ပါ။ အားလုံးက ကျွန်မကို အောင်နိုင်သူလို့ ထင်နေကြပုံရသည်။ တကယ်ဆို ကျွန်မ ကျရှုံးခဲ့တာမှ မသိကြဘဲလေ။ မွမ်းမံ နာနာကျင်ကျင်ကို ကျရှုံးခဲ့တာပါ။

အခန်းထဲက သင်တန်းသားတွေအတွက်တော့ ထိုအပြောင်း အလဲက အကြာကြီး သတိထားစရာ မဟုတ်ခဲ့ပါ။ ကျွန်မ ရင်ထဲမှာသာ





နှုန်း ကြိတ်ခံစားနေခဲ့ရလေသည်။

သူ,မရှိသော သူတို့စုံတန်းလေးမှာလည်း ညီညီနှင့် ဝေယံတို့ သွင်ကတော့ အရင်လိုမဟုတ်ပါ။ စာသင်ခန်းထဲမှာ ရယ်ရယ်မောမော ဘဲ့တော့ဘဲ ခပ်ကုပ်ကုပ် ငြိမ်သက်နေကြလေသည်။

သို့ပေမဲ့ ကျွန်မမာနတွေ အရည်ပျော်ကျအောင် ထိနိုက်စေ သည့် အဖြစ်အပျက်တွေ ဖြစ်ပျက်လာခဲ့လေသည်။

သင်တန်းကို စောရောက်သည့်တစ်ရက် ကျွန်မ ဆီချက်ဆိုင် းထဲ တစ်ဦးတည်း ဝင်ထိုင်ဖြစ်သည်။ သူနှင့်ကျွန်မ ပထမတစ်ကြိမ် သနာဖြစ်ပြီးချိန်က ဒီစားပွဲဝိုင်းလေးမှာ ပြန်ဆုံကာ ကျွန်မတို့နှစ်ဦး လည်ငြိမ်းချမ်းခဲ့ကြသည်။

အခုတော့ ထိုဖြစ်ရပ်မျိုး ထပ်မံဖြစ်ပျက်မလာတော့မှာတော့ ချာနေခဲ့၏။

စားပွဲထိုးလေး ချလာပေးသော ဆီချက်ပွဲကို ကျွန်မ စိတ်မပါ ာ တူနှစ်ချောင်းနှင့် တို့ခတ်မွှေနှောက်နေခိုက်မှာ ဆိုင်ထဲ လှမ်းဝင် သော ညီညီနှင့် ဝေယံတို့ကို လှမ်းမြင်လိုက်ရသည်။ ကျွန်မမျက်နှာ ခနဲ တင်းမာသွားပြီး အကြည့်လွှဲဖယ်လိုက်မိ၏။

ဆိုင်ရှေ့မှာ ကျွန်မကား ရပ်ထားတာသိလျက်နဲ့ သူတို့ သာကြတာဖြစ်မည်။ အခန်းထဲမှာ ကျွန်မကို မျက်နှာချင်းဆိုင်ဖို့တောင် ကြဘဲ ဆိုင်ထဲဝင်လာတာ ဘာသဘောလဲ။

ကျွန်မ တွေးနေတုန်းမှာ နှစ်ယောက်စလုံး ကျွန်မစားပွဲဝိုင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့ မင်းသက်အံ့ဩသွားခဲ့ရ၏။

"ကျွန်တော်တို့ကို ထိုင်ခွင့်ပြုပါ မွှမ်းမံ"

ဘာသဘောလဲ။ ဘာရည်ရွယ်ချက်လဲ။ ကျွန်မ မာတင်းတင်း အကြည့်တွေနဲ့ မော့ကြည့်ရင်း။

"ရှင်တို့တွေနဲ့ ပတ်သက်စရာ ဘာတစ်ခုမှ မရှိဘူး။ တစ်ခြား ဝိုင်းမှာ ထိုင်ကြ"

"အနူးအညွတ် တောင်းပန်ပါတယ် မွှမ်းမံ"

'ဟုတ်ပါတယ်ဗျာ၊ မင်းစက်ရာနဲ့ မွှမ်းမံတို့ ပြဿနာအတွက် တောင်းပန်ချင်လို့ပါ"

"ကျွန်မ ဘာမှ စိတ်မဝင်စားဘူး၊ တောင်းပန်တာလည်း လက်မခံဘူး၊ အကောင်းဆုံးက ရှင်တို့ ကျွန်မရှေ့က ထွက်သွားပါ၊ မင်းစက်ရာဆိုတဲ့နာမည် ကျွန်မ လုံးဝမကြားချင်ဘူး"

ယတိပြတ်စကား ဆိုလိုက်ပေမယ့် သူတို့ ထွက်မသွားသေးဘဲ ကျွန်မရှေ့မှာ ရပ်နေဆဲ။

"ရှင်တို့ ဘာလုပ်နေတာလဲ၊ သွားတော့နော်"

"မွှမ်းမံ နားလည်အောင် မရှင်းပြရဘဲ သွားလို့မဖြစ်ဘူး၊ ကျွန်တော်တို့စကားကို နားထောင်ပြီးမှ ကြိုက်သလို ဆုံးဖြတ်ပါ မွှမ်းမံ၊ အနူးအညွတ် တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် မွှမ်းမံ၊ မင်းစက်ရာ ဘာမှမသိဘဲ ခံလိုက်ရတဲ့ ကိစ္စကို ကျွန်တော်တို့ လိပ်ပြာမလုံသလို ခံစားနေရလို့ပါဗျာ"





ကျွန်မမျက်ခုံးတွေ ပင့်တက်သွားသည်။ သူတို့နှစ်ဦး မျက်နှာ …မှာ တကယ့် တည်တည်ငြိမ်ငြိမ်။

သူတို့အဖြစ်မှန်ကိုရှင်းပြလိုက်တော့ ကျွန်မရင်ထဲမှာ လှိုက်ခနဲ …သွားခဲ့ရသည်။ ဒါ အမှန် တရားတွေဆိုခဲ့လျှင် ကျွန်မ …ကိုမှားယွင်းသွားခဲ့တာပေါ့။ မင်းစက်ရာ အပေါ် ကျွန်မ …ပေါက်ကွဲစွာနဲ့ တုံ့ပြန်ခဲ့တာပဲပေါ့။

"အဲဒါ ရှင်တို့မကောင်းလို့၊ အခုကိစ္စတွေထဲမှာ ရှင်တို့က …ခံတွေပဲ၊ ကျွန်မနဲ့ သူရဲ့ ခင်မင်မှုကို ရှင်တို့ဖျက်ဆီးလိုက်တာ"

"ဟုတ်ပါတယ် မွှမ်းမံ၊ အဲဒီအတွက် ကြိုက်သလို အပြစ်ပေးပါ၊ …တော်တို့ ရင်ဆိုင်မယ်ဗျာ"

"ကျွန်တော်တို့လုပ်ရပ်က မွှမ်းမံသိက္ခာကို စော်ကားသလို …ခဲ့တယ်၊ သူငယ်ချင်းကိုလည်း ချောက်ချသလို ဖြစ်ခဲ့တယ်၊ …တော်တို့ တကယ် စိတ်မကောင်း နောင်တရခဲ့တာပါ မွှမ်းမံ"

"ကျူးလွန်ပြီးမှ တောင်းပန်နေလို့ ပြုပြင်မရတော့ပါဘူး၊ ရှင်တို့ …ကို ရှင်တို့သိဖို့ပဲ လိုတယ်"

ဒေါသစိတ်ကို ချုပ်ထိန်းရင်း ကျွန်မ ထရပ်လိုက်မိတော့ …ကစလုံး ငြိမ်ကုပ်ရပ်နေကြဆဲ။ သူတို့မျက်နှာတွေက မင်းစက်ရာ …တ် ခံစားနေကြရတာ အထင်အရှား။ ကျွန်မရင်ထဲမှာကော။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သင်တန်းအဆင်းမှာ ညီညီပေးလိုက်တဲ့ ဖုန်းနံပါတ်လေးတွေကို ဖိနှိပ်ခေါ်ဖို့ ကျွန်မ စက္ကန့်တွေကိုတောင် စိတ်မရှည်နိုင်တော့ပါ။ မာလာနဲ့ ကေသီတို့ရှေ့မှာ နောက်ပြောင်ခံရမှာစိုးလို့ မျိုသိပ်ပြီး ကားမောင်း ပြန်ခဲ့ရပေမယ့် လမ်းခုလပ်မှာပဲ ကားကို လမ်းနံဘေးမှာ ကျွန်မ ထိုးရပ်ပစ်လိုက်မိ၏။ ပြီးတော့ ကားတံခါးဖွင့်ဆင်းပြီး ဖုန်းနံပါတ်လေး တွေကို ဖိနှိပ်လိုက်မိသည်။

အသံရှည်လေးဆွဲလို့ လေးလေးပင်ပင် ခေါ်ငင်နေတဲ့ ဖုန်းသံ လေးကို နားထောင်ရင်း ကျွန်မ ရင်တွေလှိုက်ခုန်နေတာ ရှင်သိနိုင်မလား။





"ဟဲလို ကျွန်တော် မင်းစက်ရာပါခင်ဗျာ"

သိမ်မွေ့တဲ့ အသံကိုကြားလိုက်ရချိန်မှာ ကျွန်မ ရင်ထဲ အပျော်တွေနဲ့ ချိုမြိန်သွားသည်။ ရှင့်ရဲ့ တအံ့တသြဖြစ်သွားမယ့် မျက်နှာလေးကို ကျွန်မ မြင်ချင်လိုက်တာ။

"ကျွန်မ မွမ်းမံပါ မင်းစက်ရာ"

တစ်ဖက်က တဒင် တိတ်ဆိတ်သွားချိန်မှာ ဖြစ်ပေါ်နေမယ့် မျက်နှာလေးကို ကျွန်မ တွေးမြင်ယောင်ကြည့်ရင်း ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ ပြီးမှ သူ မမျှော်လင့်ထားတဲ့ စကားတွေကို တစ်လုံးချင်း ကျွန်မ တည်ငြိမ်စွာ ပြောလိုက်ပါရဲ့။

"ရှင် ကျွန်မကို သိပ်စိတ်နာနေပြီလား မင်းစက်ရာ၊ ကျွန်မ တောင်းပန်ပါတယ်၊ ဖြစ်ပျက်သွားတဲ့ ကိစ္စမှန်သမျှမှာ ရှင်ဘာမှ မသိလိုက်ဘူးဆိုတာ ကျွန်မ ဒီမနက်ကမှ သိရတာပါ"

"တော် တော်ပါတော့ မွမ်းမံ၊ ခင်ဗျားကို ကျွန်တော် သိပ်ကြောက်သွားတာ အမှန်ပါ"

"ကျွန်မ တောင်းပန်ပါတယ် မင်းစက်ရာ၊ အဲဒီလောက်ထိ ကျွန်မ မရည်ရွယ်ခဲ့ပါဘူး၊ မထင်မှတ်ဘဲ ရုတ်တရက်ကြီး ကြားလိုက်တော့ မာနစိတ်နဲ့ ကျွန်မ လုပ်လိုက်မိတာ၊ ထူပူပြီး လုပ်လိုက် ခဲ့မိတာ၊ ဒီအတွက် ခွင့်လွှတ်မပေးနိုင်တော့ဘူးလားဟင်"

ကျွန်မနှုတ်က ထွက်ကျလာတဲ့ စကားတွေမှ ဟုတ်ရဲ့လား လို့တောင်ဆင်ခြင်ချိန်တွေ မရှိလောက်အောင်ကို ကျွန်မတောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ကိုယ် ယောကျ်ားတစ်ယောက်ပါ မွှမ်းမံ၊ မိန်းမ တစ်ယောက် အသားလွှတ် စော်ကားတာကို ချေပမတုံ့ပြန်တတ်ပါဘူး။ မွှမ်းမံဆို မိန်းမကြောင့် ကိုယ် အလဲထိုးခံရတာ နှစ်ကြိမ်ရှိပြီ၊ ဒီတစ်ခါ ကိုယ် ထပ်ပြီး မခံပါရစေနဲ့တော့"

စကားအဆုံးမှာ သူ ဖုန်းကိုပိတ်လိုက်သည်၊ ကျွန်မ တောင်း စကားတွေကို သူ လက်မခံနိုင်ခြင်းဆိုတဲ့ သဘောလား။ ကျွန်မ သူ ခွင့်မလွှတ်နိုင်ဘူးဆိုတဲ့ တုံ့ပြန်မှုလား။

ယတိပြတ်ဆုံးဖြတ်ချက်နှင့် မင်းစက်ရာဆီ ကျွန်မဦးတည် ကားမောင်းထွက်ခဲ့သည်။

ပိတ်ထားတဲ့ ခြံတံခါးရှေ့မှာ ကားကိုထိုးရပ်ပြီး ဟွန်းသံနှစ် တီးပစ်လိုက်၏။ ခြံစောင့်ဖြစ်ဟန်တူတဲ့ လူကြီးတစ်ယောက် ခြံတံခါး ခပ်သုတ်သုတ် လှမ်းလာတာကို ကျွန်မ မြင်တွေ့လိုက်ရပါသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲကွယ့်"

"ကျွန်မ မင်းစက်ရာနဲ့ တွေ့ချင်လို့ပါ"

"ဩော် အင်း အင်း ရှိပါတယ်"

ခြံစောင့်ကြီး ခြံတံခါးသော့ကို ဖွင့်နေတုန်းမှာပဲ အိမ်ထဲ ခပ်သုတ်သုတ်ခြေလှမ်းတွေနဲ့ အပြေးထွက်လာတဲ့ သူ့ကို ကျွ မြင်လိုက်ရသည်။ အံ့ဩမယုံနိုင်တဲ့ မျက်ဝန်းတွေနဲ့ ကြည်လင်နေ သူ့မျက်နှာကို ကျွန်မ ရှုးရှုးစိုက်စိုက် ငေးကြည့်နေလိုက်၏။





နို့နှစ်ရောင် စပို့ရှပ်အကျႌလေးနဲ့ အကွက်စိပ်စိပ် ချည်ပုဆိုး အညိုရောင်လေးနဲ့ သူ့အသွင်က ရှင်းသန့်ကြည်လင်နေလေသည်။

"ဦးသောင်း ရ ရပြီ၊ ကျွန်တော့်ကို သော့ပေး"

ခြံစောင့်ကြီး ပြန်ထွက်သွားသည်နှင့် သူ ခြံတံခါးကိုဖွင့်ပြီး ကျွန်မရဲ့ကားနားကို ရောက်လာသည်။ မျက်ဝန်းတွေက မယုံနိုင်မှုတွေနဲ့ ငိုင်းစက်နေတုန်းပါပဲ။ အဲဒီမျက်ဝန်းတွေထဲမှာ နာကျည်းရိပ်တွေ မရှိတာ ကျွန်မ ကောင်းကောင်းသိတာပေါ့။

သူ့ခြံရှေ့အထိ ကျွန်မရောက်လာခြင်းအတွက် အံ့ဩမှုတွေနဲ့ ကျွန်မကို မြင်တွေ့လိုက်ရလို့ ဝမ်းသာတောက်ပမှုတွေ ထင်ဟပ်နေတာ အသေအချာပါ။

"မင်း ကိုယ့်အိမ်အထိ လိုက်လာတယ် ဟုတ်လား မွှမ်းမံ"

"ရှင်က မကျေနပ်ဘူးဆိုလို့ ကျွန်မ အရှုံးပေးဖို့ ရောက်လာ တာလေ၊ ကျွန်မ ရှင်ကျေနပ်အောင် ဘယ်လိုတောင်းပန်ရမလဲ၊ ရှင်ခွင့်လွှတ်တဲ့အထိ ကျွန်မ တောင်းပန်ဖို့အသင့်ပဲ"

သူ့မျက်ဝန်းတွေက ကျွန်မကို စိုက်ကြည့်လို့၊ နာကျည်း ဒေါသတွေ ကင်းစင်သိမ်မွေ့စွာနှင့် အားတုံ့အားနာအသွင် ပြောင်းသွား ခဲ့လေသည်။

"တော် တော်ပါတော့ မွှမ်းမံရယ်၊ မင်းကိုယ့်ကို အရှုံး လောက်ထိ အနိုင်ကျင့်တာ မကောင်းဘူး၊ ကိုယ် မင်းကို ကျေနပ်တယ်၊ ခွင့်လွှတ်နိုင်တယ်ဆိုတာ မင်းအသိဆုံးပါ၊ ခုချိန်ကစပြီး အဲဒီစကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



မေ့လိုက်တော့နော်၊ နောက်ဘယ်တော့မှ မပြောကြေး''

သူနှင့် ကျွန်မကြားမှာ နားလည်နိုင်မှုတွေနှင့် ပြည့်ဝသွားခဲ့ပြီ[...] ကျွန်မ ယုံသည်။ အခုချိန်ထိ ကားပေါ်မှာထိုင်လျက် ရှိနေဆဲ ကျွန်မ[...] သူ နွေးထွေးစွာ ပြုံးပြရင်း၊

''မံ ဒီအတိုင်း ကားပေါ်မှာပဲ ထိုင်နေမှာလား။ အိမ်ထဲဝင်ပြီး[...] ကိုယ့်မေမေနဲ့ မံကို မိတ်ဆက်ပေးချင်လို့''

''အင်းလေ မင်း မေမေနဲ့ မံ ဆုံချင်ပါတယ်''

ကျွန်မနှုတ်က ပထမဆုံးအကြိမ် သူ့ကို 'မင်း'ဟု တရင်းတ[...] ခေါ်လိုက်မိခြင်းပင်။ ဒါကို သတိထားလိုက်မိပုံရသော သူ့မျက်ဝန်း[...] မှာလည်း ကျေနပ်မှုတွေဖြင့် ဝင်းလက်တောက်ပသွား၏။

''မံ ကားကို ပေါ်တီကိုအောက်ထိ မောင်းခဲ့လေ''

ကျွန်မ အပြုံးနှင့် ခေါင်းညိတ်ပြရင်း သူဖွင့်ပေးထားသော ခြံတံခါးမှ ကားလေးကို မောင်းဝင်ခဲ့လိုက်သည်။ သူက ခြံတံခါး[...] ပြန်စေ့ပိတ်ပြီး အနောက်မှ အပြေးတစ်ပိုင်းနှင့် လိုက်လာတာကိုလည်း နောက်ကြည့်မှန်ထဲက မြင်နေရပါသည်။

ဧည့်ခန်းတံခါးကို သူကဖွင့်ရင်း ကားနားမှာရပ်နေဆဲ ကျွန်မ[...] အထဲဝင်ဖို့ ဖိတ်ခေါ်သည်။

''မံ ခဏလေးထိုင်နော်၊ ကိုယ့်မေမေကို သွားခေါ်လိုက်ဦးမယ်''

ကျွန်မ ခေါင်းလေးကို အသာညိတ်ပြတော့ သူ အိမ်ခန်းထဲ[...] သုတ်ခနဲ လှမ်းဝင်သွားသည်။ အိစက်ညက်ညောသော ဆိုဖာထိုင်ခုံ[...]





[...]ချင်း ကျွန်မ မျက်ဝန်းတွေက ဧည့်ခန်းမြင်ကွင်းတွေကို ဝေ့ဝဲ[...]ခတ်ကြည့်မိ၏။

နံရံပေါ်မှာ မြင်တွေ့ရသော သူ့ဖခင်နှင့် မိခင်တို့ ဓာတ်ပုံ။ [...]တော့ မိခင်ဖြစ်သူနှင့် ယှဉ်တွဲရိုက်ထားသော သုံးယောက်တွဲ ဓာတ်ပုံ[...]မှာ မြင်ရသည့်ပုဂ္ဂိုလ်က မင်း အစ်ကိုဟု ကျွန်မ ချက်ချင်း[...]လိုက်ပါသည်။

မင်း တစ်ခါပြောခဲ့ဖူးသော အင်္ဂလန်မှာ ဘွဲ့လွန်တက်နေသော [...]ကိုဖြစ်သူဆိုတာပဲ ဖြစ်မည်။ မျက်နှာအသွင်က မင်း့နှင့်တူညီသည်။ [...]ထက် ရင့်ကျက်တည်ငြိမ်သော မျက်နှာက တည်ကြည်နေလွန်းသည်။

နဖတ်နုပျိုသော မင်း့နှင့် ရုပ်ချင်းဆင်တူပေမယ့် စိတ်ဓာတ်ခြင်း [...]ညီမည့်အသွင် မရှိဟု ကျွန်မ တွေးနေတုန်း မိခင်ဖြစ်သူကို လက်ဆွဲ[...]လာသော မင်း့ကို တွေ့လိုက်ရပါသည်။

ရွှေကိုင်းမျက်မှန်နှင့် မင်း့ရဲ့ အမေမျက်နှာက မင်း့တို့လို [...]နှာပေါက်မျိုးဖြစ်၏။ ဘောင်ခတ်ထားသော မျက်မှန်ထဲက မျက်ဝန်း[...]က ကျွန်မကို အကဲခတ်ကြည့်နေသည်။ ပီရိသေသပ်သော နှုတ်ခမ်းနှင့် [...]ထောင့်ကျသယောက် မေးရိုးတို့က တည်ငြိမ်ထက်မြက်မည့်အသွင်ကို [...]ဆလို့ရနိုင်သည်။

''မံ ဒါ ကိုယ့်မေမေ ဒေါ်ခင်လေးသူ၊ မေမေ မံက [...]တက်နေတဲ့ သင်တန်းက သားသူငယ်ချင်းပါ၊ မွှမ်းမံတဲ့''

''ဟုတ်ကဲ့ အန်တီ တွေ့ရတာဝမ်းသာပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



“အန်တီလည်း ဝမ်းသာပါတယ် သမီး၊ သားက သမီးတို့ သင်တန်းအတူတက်တာဆိုရင် သားကို သင်တန်းပြန်တက်ဖို့ ဝိုင်းပြော ပေးစမ်းပါဦး၊ အန်တီက ပညာရေးကို တစ်ပိုင်းတစ်စ သင်တာမျိုး မကြိုက်ဘူး”

သူမမေမေစကားကြောင့် ကျွန်မ မင်း့ကို လှမ်းကြည့်မိတော့ ပြုံးယဲ့ယဲ့ မင်း့မျက်နှာကို မြင်ရုံနှင့် သင်တန်းကိုပြန်တက်ဖို့ တိုက်တွန်းစရာမလိုကြောင်း ကျွန်မ သိနေပါသည်။

“သင်တန်းရက်က သိပ်မကျန်တော့ပါဘူး။ မင်း ရှင်ပြန်တက်ရ မဟုတ်လား”

“အင်း မနက်ဖြန်ကစပြီး ပြန်တက်မှာပါ မံ၊ စိတ်ချ မေမေ သား ကတိပေးပါတယ်၊ ကျေနပ်တော့နော်”

ဒေါ်ခင်လေးသူမျက်ဝန်းတွေ မံထံကို ဝေ့ဝဲရောက်သွားက နှုတ်ခမ်း လေးတွေ ပြုံးတုံ့တုံ့ ဖြစ်သွားခဲ့သည်။ မမျှော်လင့်ဘဲ အိမ်က ရောက်လာသော သားဖြစ်သူရဲ့သူငယ်ချင်း မိန်းကလေး။ ဘယ်တုန်းက မိန်းကလေးသူငယ်ချင်း မရှိခဲ့သော သားဖြစ်သူရဲ့ ပြောင်းလဲမှု ဒေါ်ခင်လေးသူ နားလည်လိုက်ပါသည်။

မွှမ်းမံ တဲ့။ သားဖြစ်သူနဲ့ ချစ်ကြိုက်နေခဲ့တာ ကြာပြီလား မသိ။ ရုပ်ရည်လေးက အပြစ်ဆိုစရာမရှိအောင် လှပချောမွေ့သည် မျက်ဝန်းလှလှလေးတွေက စိုလဲ့တောက်ပလို့ ရဲရင့်သည့်အသွင်ပါ ခုတောင် သားရဲ့အိမ် ယောက္ခမလောင်းရှေ့မှောက် ရောက်နေပေမယ့်





ရွံ့မရဲအသွင် မရှိပါ။

လည်တိုင်ကျော့ကျော့လေးမှာ ပလက်တီနမ်ဆွဲကြိုး ချိုင်လေးနှင့် ကြယ်ပွင့်ဖြူလေးပါသော နားဆွဲလေး ဆင်ထားသည်က ၍ ဘာအဆောင်အယောင်မှ မရှိ။ သို့ပေမဲ့ ပေါ်တီကိုအောက်မှာ ထားဆဲ သူမစီးလာသော ကားကြီးကို မြင်ရုံနှင့် ကြွယ်ဝမှုကို ဆလို့ရပါသည်။

“သား သမီးလေးအတွက် တစ်ခုခု စီစဉ်ပေးဦးလေ”

“နေပါစေ ရပါတယ်အန်တီ၊ မင်း ဘာမှမလုပ်နဲ့၊ ကျွန်မ ကယ် ဘာမှမစားချင်တာပါ”

တစ်ခုခုစီစဉ်ပေးဖို့ ထဟန်ပြင်သည့် သားက သူမ ငြင်းပယ် းမြစ်ရုံနှင့် ထိုင်ခုံမှာ ပြန်ထိုင်၏။ ဒါကိုမြင်ရုံနှင့် ဒေါ်ခင်လေးသူ သောပေါက် တွက်ဆမိသည်။ သည်မိန်းကလေးနှင့် သား အတော် ချမ်းဝင်နေချေပြီ၊ ပြီးတော့ သားကလည်း သူမကို လွန်ဆန်နိုင်ပုံမရဟု င်မြင်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သားနဲ့ ဆက်နွယ်ပတ်သက်လာရမည့် ဆိုတော့ သိသင့်သိထိုက်တာလေးတွေ သိထားဖို့လိုသည်။

“ဒါနဲ့ သမီးလေးကကော ကျောင်းပြီးပြီလားကွဲ့”

“ဟုတ်ကဲ့ အန်တီ၊ ကျွန်မ သချ်ာနဲ့ ကျောင်းပြီးခဲ့ပြီးပြီ”

“ဪ ဟုတ်လား၊ အန်တီမှာ သားနှစ်ယောက်ရှိတယ်၊ းကြီး လင်းရောင်က ဆရာဝန်လေ၊ အင်္ဂလန်မှာ လွန်



www.burmeseclassic.com

www.burmeseclassic.com



တက်နေတယ်၊ သားကြီးက ဆရာဝန်ဆိုပေမယ့် အန်တီ့ကို အနီးကပ် မပြုစုနိုင်ပါဘူး။ အန်တီမှာကလည်း နှလုံးကော သွေးတိုးကော စုံနေတော့ သားငယ်ကပဲ အနီးကပ် ပြုစုနေရတာ သမီးရဲ့၊ သားငယ်ခမြ စီးပွားရေးဘွဲ့ ရပြီးပေမယ့် ခုချိန်ထိ အန်တီ့အနားက မခွာနိုင်သေးဘူး စီးပွားရေးလောကထဲ မဝင်ခင် တတ်သင့်တဲ့ပညာတွေ တတ်အောင် သင်ယူနိုင်းနေတာ၊ ဘာသာစကားသင်တန်းဆိုတာ အကျိုးရှိ တယ်ကွယ်"

"ဟုတ်ပါတယ် အန်တီ၊ ဒါကြောင့် သမီးလည်း တက်ဖြ နေတာပါ"

"ကောင်းတယ် သမီး၊ ဒါနဲ့ သမီးမိဘတွေက ဘယ်သူတွေလဲ ဘယ်မှာနေကြတာလဲကွဲ့"

"ကျွန်မ ဒယ်ဒီက ဦးမင်းမောင်ဆွေ၊ မာမီက ဒေါ်မြင့်မြတ်ချို ဒယ်ဒီကော မာမီပါ အမေရိကားမှာ ကုမ္ပဏီဖွင့်ထားလို့ အနေများပါတယ် ကျွန်မ ဆယ်တန်းကျောင်းသူဘဝ ကတည်းက ဒယ်ဒီတို့ အမေရိကား ရောက်နေကြတယ်လေ၊ ဆယ်တန်းအောင်တော့ ဟိုမှာကျောင်းတက် ခေါ်ပေမယ့် ဘွားဘွားက မထည့်နိုင်ဘူး၊ သမီးကလည်း ဘွားဘွား သံယောဇဉ်အတွယ်ဆုံးဆိုတော့ ဒီမှာပဲ ကျောင်းတက်ရင်း အတူနေတာ ဘွားဘွားက ရွှေတောင်ကြားမှာနေပါတယ်"

"နေ နေပါဦး၊ သမီးဘွားဘွားနာမည်က ဘယ်သူလဲဟင်"

"ဒေါ်လှမြတ်ချယ်ပါ အန်တီ၊ ဒယ်ဒီရဲ့မေမေလေ၊ မာမီဘက်





တော့ တိမ်းပါးကုန်ကြပြီ"

"ဩော် သမီးက ဒေါ်လှမြတ်ချယ်ရဲ့ မြေးကိုး"

"အန်တီက ဘွားဘွားကို သိလို့လား၊ အဟင်း ဘွားဘွား လည်း မသိသူ ခပ်ရှားရှားရယ်၊ လက်ရှိ အိတ်စ်ပို့ကုမ္ပဏီလုပ်ငန်း နဲ့ အရောင်းကုန်တိုက်နှစ်ခု ဖွင့်ထားတယ်၊ အန်တီလည်း သိနိုင်မှာပါ"

"သိပ်သိတာပေါ့ကွယ်၊ တစ်ချိန်က နာမည်ကြီးတွေပဲ အဟင်း"

မင်း,မေမေရဲ့ အပြုံးက တစ်မျိုးဖြစ်နေ၏။ နှုတ်ခမ်းပါးလေးတွေ နှင့်ကာ မသိတရိ မပြုံးချင်ဘဲပြုံးသော သရော်အပြုံးဟု ကျွန်မ ထင်မိသည်။ ပြီးတော့ ဘာစကားမှမဆို တိတ်ဆိတ်လျက် ကျွန်မကို စိုက်ကြည့်နေပုံကလည်း ထူးခြားသည်။

ဘယ်လိုလျှို့ဝှက်ချက်တွေ မင်း,မေမေ မျက်ဝန်းထဲ ာက်နေတာလဲ ကျွန်မ တွေးနေတုန်း။

"မေမေ"

မင်း ခေါ်သံကြားမှ ဒေါ်ခင်လေးသူ သတိဝင်လာပုံရ၏။ န်မထံမှ အကြည့်ကို ရုပ်သိမ်းကာ ထရပ်၏။

"မေမေ ဆေးသောက်ချိန်ရောက်ပြီ သား၊ ကဲ-ခွင့်ပြုပါဦး မီးရယ်"

ရုတ်ချည်း ပြောင်းလဲသွားသော မင်း,မေမေရဲ့ ဆက်ဆံပုံတွေကို န်မ နားမလည်နိုင်ပါ။ ကျွန်မမျက်နှာပေါ်က အရိပ်တွေကိုလည်း င်း ရိပ်မိနေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



''မေမေက ကျန်းမာရေး သိပ်မကောင်းဘူး မံရယ်
နှလုံးဆေးကို ပုံမှန် မှီဝဲနေရတယ်လေ''

''မံ နားလည်ပါတယ် မင်း၊ ကဲ မံ ပြန်တော့မယ်
မနက်ဖြန်တော့ ရှင် သင်တန်း စ,တက်မယ် မဟုတ်လား''

''အစောကြီး လာခဲ့မှာပါ မံ၊ ဟို ကျွန်တော်တို့ Sun Lig
မှာ ဆုံကြမလားဟင်''

''မံ သူငယ်ချင်းတွေရော မာလာတို့ပါ ဆုံကြတာပေါ့''

''ဝမ်းသာလိုက်တာ မံရယ်၊ ကျွန်တော်တို့အားလုံး မိတ်
သူငယ်ချင်းတွေဖြစ်တဲ့ အထိမ်းအမှတ်ပေါ့ဗျာ''

ကျွန်မ ကားလေးမောင်းထွက်ခဲ့ချိန်ထိ ခြံတံခါးဝရှေ့ထွက်
ရပ်ကြည့်နေသော မင်း,ပုံရိပ်က ကျွန်မရင်ကို တသိမ့်သိ
နွေးစေသည်။

ဟန်ဆောင်မှုကင်းစင်သော မင်း မျက်ဝန်းတွေကို ကျွန်
မြင်တွေ့တတ်ခဲ့ပြီထင်ပါရဲ့။ ကျွန်မရင်ထဲမှာ ကြည်နူးချမ်းမြေ့မှုကလွဲလ
ဘာမှမရှိ။ မင်း,မေမေ အပြုအမူတွေအတွက်လည်း
ခံစားချက်မရှိပါ။ ဖြူစင်သော မင်း,ပုံရိပ်ကလေးသ
စိုးမိုးနေခဲ့သည်။

သေချာပါတယ် မင်း။ ကျွန်မနှလုံးသားထဲမှာ ရှင်သန်နေ
ပါပြီ။ အချစ်ဆိုတာ ရှင်နဲ့ကျမှ ကျွန်မနှလုံးသားထဲမှာ ပေါက်
ရှင်သန်ခဲ့ရတာ ရှင်ယုံနိုင်မလား။





ဒါ ရှင့်ရဲ့ ဖြူစင်တဲ့ ချစ်ခြင်းနဲ့ထပ်တူ ကာရံညီသွားတဲ့
နှလုံးသားကြောင့်ပါ မင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ပြဿနာတွေ၊ လက်စားချေမှုတွေ၊ မှားယွင်းမှုတွေ များစွာနှင့် ဝဲလည်နေခဲ့သော ကျွန်မတို့အုပ်စုနှင့် မင်း,တို့အုပ်စု သင့်မြတ်သွားခဲ့ကြလေသည်။

သင်တန်းခန်းမထဲမှာ ကျွန်မတို့ နှစ်အုပ်စု တစ်ရ တစ်ပေါင်းတည်း ဖြစ်သွားခဲ့ကြသည်။ သင်တန်းမတက်ခင်မှာ ကဖေးဆိုင်တိုင်တော့လည်း အတူတူ ရယ်ကြ၊ ပြောင်ကြ၊ နောက်ကြ

"နေကြစမ်းပါဦး ရှင်တို့သုံးယောက်က ဘာလို့ ထမင်းချိုင့် ထည့်မလာကြတာလဲ မင်း,ရဲ့"





"ထမင်းချိုင့်ကြီးတွေ မသယ်ချင်ပါဘူး၊ ဒါကြောင့် မထည့်တာ"

"အလုပ်ရှုပ်လို့ မထည့်တာ၊ ဘယ်ယောကျ်ားလေးက ထမင်းချိုင့် ကိုင်ချင်၊ သယ်ချင်မှာလဲ"

"တော်တော် ကျေးမွေးချင်စရာကောင်းတဲ့ ဆင်ခြေတွေပဲ၊ တော်ပြီ နောက်နေ့တွေကျ ရှင်တို့တွေ ကျွန်မတို့ထမင်းချိုင့်ကို လာမစားကြနဲ့"

"အာ ဒီလိုတော့ မလုပ်လိုက်ပါနဲ့ မွှမ်းမံရဲ့၊ ကျွန်တော်တို့ တစ်နေ့ တစ်နေ့ ထမင်းတစ်နပ်ဖိုး သက်သာနေတာ နည်းလားဟားဟား"

ဝေယံနှင့် ညီညီ နောက်ပြောင်တော့ မာလာက ကောင်စုတ်တွေဟု ပါးစပ်လှုပ် နှိပ်ကွပ်ပါသည်။ ထမင်းစားချိန်မှာ မျက်နှာချင်းဆိုင် အတူ လက်ဆုံစားခွင့်ကို လက်လွှတ်မှာစိုးသည့် မင်း,က

"မနက်ဖြန်ကျရင် ကျွန်တော် ထမင်းချိုင့်ထည့်လာပါ့မယ်"

"ရှင့်အမေက နေကောင်းတာမဟုတ်ဘူး၊ ရှင် ထည့်မလာပါနဲ့ မင်း,ရဲ့၊ ရှင့်အတွက် မံ နေ့တိုင်း ပိုထည့်လာတာပဲ၊ အခုမှ အဆန်းလုပ်မနေနဲ့"

ကျွန်မက မင်း,မေမေ ကျန်းမာရေးကို သိထားတာမို့ စာနာစိတ်နှင့် ပြောမိသည်။ ဒါကို မကျေနပ် မနာလိုသူက ဝေယံနှင့် ညီညီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မတာရားဘူး။ ဘော်ဒါတွေချင်း အတူတူ မင်း,ကျော
ထမင်းချိုင့်မထည့်နဲ့တဲ့၊ ငါတို့ကျတော့ ထည့်နိုင်းတယ်"

"မင်း ထမင်းချိုင့်ထည့်မယ်ဆို သူ့အမေက စီစဉ်ပေးနေရ
စိုးလို့ ပြောတာ၊ မင်း,မေမေ နေမကောင်းတာ ရှင်တို့သိတာပဲ"

"ဟာ ငါ့အမေခမြာလည်း မနက်အစောကြီး,ထ ရုံးသွား
ပြင်ဆင်ရတာ၊ ဘယ်လိုမှ မအားလပ်လို့ ထမင်းချိုင့်ကိစ္စ မစီစ
နိုင်းတာပါ"

ဝေယံက အကြောင်းပြချက်နှင့် ရှန်းထွက်တော့ ညီညီကလည
ဖြေရှင်းချက် ပေးလာပြန်လေသည်။

"ငါလည်း မေမေ့ကို သနားလို့ပါဟ၊ မေမေ့ခမြာ ညတို
အိပ်ပျက်ရတော့ မနက်အစောကြီး,ထ စီစဉ်ပေးနိုင်းရမှာ သနားစ
ကောင်းတယ်"

"ဟော့ကောင် ညီညီ၊ အကြောင်းသိတွေ ညာမနေ
မင်းမေမေက ဘာအလုပ်မှ လုပ်စရာမလိုဘဲ"

"မေမေ ဘာအလုပ်မှ မလုပ်ရတာ မှန်ပေမယ့် ညဘက်
မအိပ်ရတာ အမှန်ပဲ၊ မြဝတီက ကိုရီးယားဇာတ်လမ်းတွေကြည့်
ပြီးရင် Moving 5 က မြန်မာစာတန်းထိုးဇာတ်ကားတွေ ကြည့်
အိပ်ယာဝင်နောက်ကျရှာတယ်ကွ"

"အမလေး တော်တော် ပင်ပန်းရှာတာကိုး ဟွန်း"

မာလာ မျက်စောင်းခဲပြီးဆိုသည်။ အားလုံး ညီညီစကား





ခုလ်မောလို့။

"တော်တော်နောက်တဲ့ကောင်၊ ငါက အဟုတ်မှတ်လို့ နားထောင်နေတာ"

ဘာပဲဖြစ်ဖြစ် သူတို့တွေ ထမင်းချိုင့်ထည့်ယူစရာ မလိုအပ်အောင် ကျွန်မတို့သုံးယောက်က အိမ်မှ ထမင်း၊ ဟင်းတွေ ပိုမိုထည့်လာခဲ့ကြစမြဲပင်။ ထမင်းစားချိန်မှာ အားလုံး မျှဝေ စားသောက်နေကျ။

မင်းနှင့် ကျွန်မကြားမှာ ရင်းနှီးခင်မင်မှုတွေ ခိုင်ကျည်လာခဲ့တာ သေချာခဲ့ပေမယ့် မင်း,ဘက်က ထိုအဆင့်ထက် ပိုမိုဖို့ မကြိုးစားခဲ့သေးပါ။

မကြာခင် ကုန်ဆုံးတော့မည့် သင်တန်းရက်တွေကို ကြိုတွေးမိတိုင်း မင်း,ကို ကျွန်မ ဘယ်လိုမှ စိတ်မရှည်နိုင်တော့ပါ။

"သွားကြမယ် မင်း"

"ဟင် ဘာလို့လဲ၊ သင်တန်းချိန်က လိုပါသေးတယ် မံရဲ့"

"မင်းနဲ့ထိုင်ရတာ နားတွေငြီးလာလို့၊ ဘာစကားတွေ လျှောက်ပြောနေမှန်းမသိဘူး"

"မနေ့က ဆရာသင်ထားတဲ့ စာတွေအကြောင်း ဆွေးနွေး လို့ပါ မံရဲ့၊ ကဲ နားငြီးရင် မပြောတော့ဘူး ဟုတ်လား၊ ပြန်ကြမယ်"

ကြည့်။ ထိုလွန်းတာလား၊ ရိုးအ,လွန်းတာလား။ ငွေရှင်းပြီး ပြန်ဖို့ ထ,တောင်ရပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တော့ ခက်နေပြီ မင်းရယ်။ ကျွန်မကို တမင် ညှင်း
နေတာလား။ လိုချင်တာကို ရအောင်ယူတတ်တဲ့ မွှမ်းမံဆိုတဲ့ ကျွန်မက
ညှို့ဖျင်းလွန်းတာလား။

စောင့်ကြည့်။ ရှင့်ရင်ဘတ်ကြီး ပွင့်ထွက်သွားအောင် ကျွန်
လုပ်ပြမယ်။ ကျွန်မနာမည် မွှမ်းမံ,လေ။

✿ ✿ ✿



## အခန်း (၁၆)

"မမလေး ညှော်သည်ရောက်နေတယ်၊ ကိုမင်းစက်ရှာတဲ့"

"ဘာရယ်"

တအံ့တသြနဲ့ ကျွန်မ ရေရွတ်မိတာကို မကြားဘူးအထင်နဲ့
ဒါက ထပ်ရေရွတ်ပြနေပြန်သည်။

"ကိုမင်းစက်ရာတဲ့၊ မမလေးကို မေးနေတယ်၊ တံခါးဖွင့်ပေး
လိုက်ရမလားဟင်"

"နေ နေ ငါဘာသာ သွားတွေ့လိုက်မယ်၊ ရပြီ"

မိဝါလက်ထဲက ခြံတံခါးသော့ကို ဆတ်ခနဲ လှမ်းယူပြီး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့မိသည်။ ခြံတံခါးမှာ လှမ်းမြင်လိုက်ရတဲ့ သူ့ကားလေးက အထင်အရှား။ ကျွန်မ မျှော်လင့်နေတာ သူ ဆက်သွယ်လိမ့်မည့် ဖုန်းသံ။ အခုတော့ သူက အိမ်ရှေ့တောင်ရောက်လာသည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ မင်း"

"မံ သင်တန်းလာမတက်လို့ လိုက်လာတာပါ၊ ဘာဖြစ်လို့လဲ နေမကောင်းလို့လား သိချင်လွန်းလို့ သင်တန်းတောင် မတက်တော့ဘဲ လစ်ထွက်လာတာ"

"ကျွန်မ ဘာမှမဖြစ်ဘူး၊ ဘွားဘွားရဲ့ ကုမ္ပဏီက နှစ်ချုပ် စာရင်းတွေ ကူလုပ်ရမှာမို့ မတက်တာ"

"မံ အတော်နေနိုင်တယ်၊ ကျွန်တော့်ဆီ ဖုန်းမဆက်ရင်တော် မာလာတို့ဆီတော့ ဖုန်းဆက်ပြောသင့်တာပေါ့၊ ဘာမှ အကြောင်း မကြားဘဲ သင်တန်းပျက်တော့ ကျွန်တော် စိုးရိမ်တာပေါ့"

"ရှင့်ဘာသာ ကြောင်တာ၊ သင်တန်းပျက်ပြီး လာရအောင် အရေးကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ"

"မံ ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်တော် မံကို မစိုးရိမ်သင့် ဘူးလား၊ မံ တစ်ခုခု ဖြစ်နေသလား မပူပန်သင့်ဘူးလား"

"မံ ပြောတာ ရှင် မံဆီ ဖုန်းဆက်သင့်တာ"

"ဖုန်းဆက်တာထက် မံနဲ့တွေ့ချင်တာ၊ မံကို မြင်ချင်တာကြောင့် ဒီကိုလိုက်လာတာ"

စိုးရိမ်တကြီး လိုက်လာသော သူ့ကို အပြစ်တင်နေတော့





မနုပ်ဖြစ်နေပုံက ရယ်ချင်စရာ။ ကျွန်မရင်ထဲမှာ သိပ်ကို ကျေနပ် တာ သူ မမြင်နိုင်ဘဲလေ။

"ဘယ်လိုလဲ မံ၊ မင်းခြံရှေ့ရောက်နေတဲ့ ကိုယ့်ကို ဒီအတိုင်း ကြည့်နေမှာလား"

သူ ဘုဆတ်ဆတ်ဆိုမှ ကျွန်မ ခြံတံခါး မဖွင့်ရသေးတာကို သိရလိုက်မိကာ၊

"ဆောရီး မင်း၊ ရှင့်ကိုကြည့်ပြီး ရယ်ချင်သွားလို့"

"ကိုယ့်ပုံက မင်းရယ်စရာကြီး ဖြစ်နေသလား မံ"

"ရှင် စိတ်တိုနေတာက ရယ်စရာကောင်းတယ် အဟင်း၊ ဝင်ပါ၊ မံကို စိုးရိမ်ပေးတဲ့ ရှင့်ကို တစ်ခုခုကျွေးမယ်၊ ဘွားဘွားနဲ့ ဆက်ပေးချင်ပေမယ့် ဒီနေ့ ဘွားဘွား အပြင်ထွက်သွားတာ ရှင် ဆိုးတာပဲ"

"မံဘွားဘွား မရှိဘူးပေါ့၊ ဒါဆို ကိုယ် အိမ်ထဲမဝင်တော့ဘူး"

"ဘာလို့လဲ ဝင်ပါ၊ ရှင့်ကို မံ တစ်ခုခုကျွေးရမှာပေါ့၊ မံဆီလာတဲ့ ညှိသည်လေ"

"ကိုယ် ဧည့်သည်မဟုတ်ဘူး၊ မံရဲ့မိတ်ဆွေ၊ အရင်းနှီးဆုံး ာ်ဆွေ"

"အဟင်း ဟုတ်ပါပြီ၊ စကားများသွားတာ ခွင့်လွှတ်ပါ၊ ခြံထဲကို ကားမောင်းဝင်ခဲ့"

"မံတစ်ယောက်တည်း ရှိနေတာ ကျွန်တော် မဝင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မံ တစ်ယောက်တည်း မဟုတ်ပါဘူး၊ အိမ်ဖော်မလေး မိဝါ ရှိနေပါတယ်"

"မိန်းကလေးနှစ်ယောက်တည်း မသင့်တော်ပါဘူး၊ မံ တကယ် ကျွန်တော်နဲ့ စကားပြောချင်တဲ့ဆန္ဒ ရှိမယ်ဆိုရင် တစ်ဆိုင်ဆိုင် လိုက်ခဲ့ပါလား"

"ရှင်က သင်တန်းမတက်တော့ဘူးလား မင်းရဲ့"

"မီမှာမဟုတ်တော့ဘူး၊ တက်လည်း မတက်ချင်တော့ဘူး၊ ညီညီတို့ကို ပြောခဲ့ပြီးပါပြီ"

"ကိုင်း ဒါဆို ခဏလေးစောင့်၊ မံလိုက်ခဲ့မယ်၊ အလွန်ဆုံး ဆယ်မိနစ်"

"အိုကေ ရတယ်၊ ကြာချင်သလောက်ကြာ၊ ကျွန်တော် ဒီကားပေါ်က ထိုင်စောင့်မယ်၊ မံ ကားမယူနဲ့ ကျွန်တော် ပြန်ပို့ပေးပါ့မယ်"

ကျွန်မ ခေါင်းကလေးညိတ်ပြရင်း အိမ်ဘက်လှည့်ပြေးခဲ့သည်။ သူကတော့ ကားတံခါးမှာမှီရပ်ကာ ကျန်ရစ်ခဲ့လေသည်။

ဆယ်မိနစ်တောင် မကြာလိုက်ပါ။ အိမ်ထဲကထွက်လာသော မံကို သူ လှမ်းမြင်လိုက်ရပါသည်။ ပန်းနုရောင်တီရှပ်ကလေးကို ပန်းရင့်ရင့် ထဘီလေးနှင့် ယှဉ်တွဲဝတ်ဆင်ထားသည်။ သူ့ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားစေလောက်အောင် မံ သိပ်လှနေသည်။

ရင်ခုန်စရာ ပန်းနုရောင်ဝတ်စုံလေးနှင့် မံသည် လက်ထဲ မှာလည်း ပန်းနုရောင်ပိုက်ဆံအိတ်ကလေးကို ကိုင်ဆောင်ထားသည်။





တရွေ့ရွေ့လှမ်းလာသော မံကိုငေးရင်း သူ့ အသက်ရှူဖို့တောင် ေမ့လျော့နေမိရဲ့။

"အတိအကျပဲနော်၊ ဆယ်မိနစ်တောင် မရှိသေးဘူး"

သူ ခေါင်းညိတ်ပြရင်း ကားတံခါးကို ဖွင့်ပေးလိုက်၏။

"ဘယ်ဆိုင်မှာထိုင်ကြမလဲ မံ"

"ရတယ်၊ မင်း ကြိုက်တဲ့ဆိုင်မောင်းပါ"

သူ ကားလေးကို မောင်းထွက်ခဲ့သည်။ ကိုယ်သင်းရနံ့လေးနှင့် ရောနှောလွင့်ပျံ့လာသည့် မံထံမှ ရေမွှေးရနံ့လေးက သင်းထုံနေလေသည်။ နောက်ကြည့်မှန်လေးထဲမှ မံရဲ့ ရင်ခုန်ဖွယ်မျက်နှာလေးကို ငေးရင်း သူ့ရင်ခုန်သံတွေ လှိုင်းဆင့်လို့။

တိတ်ဆိတ်ငြိမ်းချမ်း၍ မံအလှတွေကို တစိမ့်စိမ့်ကြည့်ရှုခွင့် ရနိုင်မည့် ဆိုင်ကလေးကို သူ ရွေးချယ်လိုက်ပါသည်။

ဂျပန်စတိုင်လ် ဆိုင်ကလေးက အေးချမ်းတိတ်ဆိတ်နေသည်။

"မံ ဂျပန်အစားအစာ ကြိုက်လားဟင်"

"ကြိုက်ပါတယ်၊ မင်း စားမလို့လား မှာလေ"

"တစ်ခါတလေ စားကြည့်ရအောင်လေ"

မီနူးကတ်ကလေးကို သူ ယူကြည့်ရင်း စားပွဲထိုးလေးကို တစ်ခုချင်း မှာလိုက်သည်။

"ဟူရို၊ အိုဒန်း၊ မိစော၊ ပြီးတော့၊ အင်း မံ ဘာစားချင်သေး သလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မင်း၊ မင်း,စားချင်တာ မှာပါ၊ မံ အ
ကြိုက်တယ်"

ကျွန်မပြောတော့ သူ ဟင်းလျာနှစ်မျိုး ထပ်မှာနေ၏။
ထိုးလေး ထွက်သွားတော့မှ ကျွန်မကို လှည့်ကြည့်လာသည်။

"မံ သင်တန်းက နောက်တစ်ပတ်ဆို ပြီးပြီနော်၊ သင်
ပြီးရင် ကိုယ်တို့ ဆုံဖို့မလွယ်တော့ဘူး"

သူ့စကားအဓိပ္ပာယ်တွေကို ကျွန်မ နားလည်လိုက်၏။ ရင်
တသိမ့်သိမ့် နွေးလာရတာလည်း အမှန်။ ကျွန်မ အမျှော်လင့်
စကားတစ်ခွန်းကို မင်း,ဆိုတော့မှာလား။ ရင်ထဲမှာ လှိုက်ခုန်မှုနှင့်
ရှိန်းမြမြ။

"ကိုယ် မံတို့အိမ်ကို လာလည်ခွင့်ရှိမလား မံ"

သေလိုက်စမ်း မင်း။ ရှင် ဘယ်လောက်အထိ သိုဝှက်နေ
ကျွန်မကို ဖွင့်ပြောဖို့အတွက် အချိန်ကာလတွေ ဘယ်အထိ ဆွဲ
ထားမှာလဲ။ စာနာစိတ်ကလေးတောင် ရှင့်မှာ မရှိတော့ဘူးလား

"မံ ကိုယ်မေးတာ ပြောပါဦး"

"ရှင်လာလည်လို့ ရပေမယ့် မံ အိမ်မှာရှိဖို့ မလွယ်
မင်း,ရဲ့၊ မံဘဝအတွက် လုပ်စရာတွေ အများကြီး၊ ရည်မှန်းချက်
တွေများကြီးရှိနေတယ်၊ ဘွားဘွားရဲ့ အလုပ်တွေကို တာဝန်ယူ
ဒယ်ဒီနဲ့ မာမီရှိတဲ့ အမေရိကားကို လိုက်သွားရမယ်"

ကျွန်မစကားကြောင့် သူ့မျက်နှာ ညှိုးမှောင်သွား





အထင်အရှား။ ဒီတစ်ခါ ရှင့်အလှည့်ပဲ မင်း။ ကျွန်မ ရှင့်ကို
ကောင်းကောင်း နှိပ်စက်ညှဉ်းပမ်းပြမယ်။ ရှင် ခံကြည့်စမ်း။

စိတ်ထဲက ရေရွတ်ကြိမ်းဝါးရင်း ကျွန်မ ပြုံးလိုက်မိ၏။
ပြီးတော့မှ

"ဒယ်ဒီနဲ့မာမီက ကျွန်မကို အမေရိကားမှာ အပြီးနေဖို့
တိုက်တွန်းနေကြတယ်"

"ဟင် မံ မံတကယ်ပဲ လိုက်သွားမှာလားဟင်"

"အင်း မံ ဆုံးဖြတ်ရခက်နေတုန်းပဲ"

"မံ မင်း မင်း လိုက်မသွားပါနဲ့လားဟင်"

သူ့စကားကြောင့် ကျွန်မ အံ့ဩသလို မျက်လုံးကလေးပြူးကာ
မော့ကြည့်လိုက်မိသည်။ သူ့မျက်ဝန်းတွေ တောက်ပလျက်။ သူ့နှုတ်ခမ်း
လေးတွေက အားယူနေသလိုမျိုး။

"မံ မင်းကို ကိုယ်ချစ်တယ်၊ ရင်ထဲမှာ မြတ်မြတ်နိုးနိုး
ချစ်နေခဲ့တာပါ မံရယ်"

တကယ်တမ်း သူ့စကားတွေကို ကြားရတော့လည်း ကျွန်မ
မျက်ရှုံ့ထူပူ လိုက်တာ။ သူ့မျက်နှာကိုတောင် ရဲရဲမကြည့်ရဲတော့ပါ။

"မံ မင်းကိုချစ်နေတဲ့ ကိုယ့်ရဲ့ မျှော်လင့်ချက် အတွက် မံ
ဘယ်လိုဆုံးဖြတ်ပေးနိုင်မှာလဲဟင်၊ ကိုယ့်ကို အဖြေတစ်ခွန်း ပေးပါ
မံရယ်"

လှိုက်ခါတုန်ရီနေတဲ့ သူ့အသံတွေ။ မျှော်လင့်ချက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောက်ပနေတဲ့ မျက်ဝန်းကြည်လဲ့လဲ့တစ်စုံ။ ဟင့်အင်း ကျွန်မ ရှုံ နည်းနည်းကလေးတော့ ညှင်းဆဲထားဦးမယ် မင်း။

"မင်း ရှင် ကျွန်မကို ရည်းစားစကားပြောတာလား"

"ဒီထက် လေးနက်ပါတယ် မံရယ်၊ မင်းကို ဘဝတစ် အတွက် ကိုယ် တောင်းဆိုနေတာပါ"

"ဘုရားရေ၊ အဲဒီလောက်ထိ မံဘဝကို လေးလေးနက် မစဉ်းစားသေးဘူး မင်း,ရဲ့"

"ကိုယ်ကတော့ မံနဲ့ပတ်သက်ပြီး ရည်ရွယ်ချက်တွေ အများ ရှိနေတယ်၊ မံကို ကိုယ်မြတ်နိုးတယ်၊ လက်ထပ်မယ်၊ ဘဝတစ် အတူ တည်ဆောက်ချင်တယ်"

ကြည့်စမ်း။ အဲဒီလောက်ထိ ရှင် ရည်ရွယ်စိတ်ကူးထား တွေကို ဟန်ဆောင်သိမ်းဆည်းထားခဲ့တာပေါ့။ ရှင် မတရားဘူး ကျွန်မကို ရှင် ရင်မောစရာတွေ ပေးခဲ့တာ ဘယ်လောက်ကြာခဲ့သ

"နေပါဦး မင်း,ရယ်၊ ရှင့်စကားတွေ အဆင့်ကျော် အမှန်ဝန်ခံရရင် ရှင့်ကို မိတ်ဆွေသူငယ်ချင်းတစ်ယောက်အဆင့်ထ ပိုပြီး မံ မခံစားကြည့်ဖူးသေးဘူး မင်း,ရဲ့"

သူ့မျက်နှာ ညှိုမှောင်သွား၏။ ကျွန်မစကားကြောင့် ထိတ် သွားခဲ့တာလား။

"ရှင့်ကို မံ ချစ်သူတစ်ယောက်လို ချစ်နိုင်ပါ့မလ မသေချာသေးဘူး"





"မံ မင်း မင်းညာနေတာ"

သူ မျက်စိမျက်နှာပျက်နဲ့ ရေရွတ်လိုက်တာကြည့်ပြီး ကျွန်မ ိုက်မိတော့။

"မံ မင်းမရယ်ပါနဲ့၊ မင်းရင်ထဲမှာ ကိုယ်မရှိခဲ့ဘူးလား၊ ကိုယ့်ကို နည်းနည်းလေးတောင် သံယောဇဉ်မရှိခဲ့ဘူးလားဟင်"

သွေးဆူလွယ်လိုက်တာ မင်း,ရယ်။ ရှင်ဘာဖြစ်လို့ အဲဒီလောက် တောင် ဟန်မဆောင်နိုင်တာလဲ။

"ရှင် အဲဒီလောက် ဒေါသကြီးတတ်မှန်း ကျွန်မ ခုမှ တော့တယ် မင်း"

ကျွန်မပြောတော့ သူ သတိပြန်ဝင်လာပုံနှင့် ပင့်သက်မောကို သည်။ ပြီးမှ လေသံလျော့ရဲရဲနှင့်

"ဆောရီး မံ၊ ကိုယ် သိပ်မှားသွားတယ်၊ အဲဒါ မံကို ကြောက်လို့၊ မံ ကိုယ့်ကို တစ်ခုခု ဆုံးဖြတ်ပေးပါ"

"အဲဒီအဖြေအတွက် မံကို အချိန်တစ်ခုတော့ ပေးလေ၊ ဒါ ယ်တကူ ဖြေလို့ရတဲ့ကိစ္စ မဟုတ်ဘဲ မင်း,ရဲ့"

ပင့်သက်မောကြီးကို သူ ဟင်းခနဲ ချသည်။ ဟန်ဆောင်မှု တ်သွားသော သတိကို ပြန်ချုပ်ထိန်းလိုက်ပုံရ၏။ ပြီးမှ ကျွန်မကို ံ့မက်သော မျက်ဝန်းတွေနှင့် ငေးမောစိုက်ကြည့်ရင်း၊

"မံ အဖြေစကားတစ်ခွန်းကို ကိုယ်မျှော်လင့်နေပါ့မယ် မံရယ်"

သူ့မျက်နှာ ညှိုးလျော်သွားတာကြည့်ရင်း ကျွန်မရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ ဒါပေမဲ့ ကျွန်မစိတ်ကို ကျွန်မ ပြန်သတိပေးလိုက်မိရဲ့။

တောင့်ထား မွမ်းမံ။ ရှင့်နှလုံးသားကို အလွယ်တကူ အရှုံးမပေးလိုက်နဲ့။

✿ ✿ ✿



## အခန်း (၁၅)

သင်တန်းကာလပြီး၍ မနက်၊ နေ့လည်၊ ည တစ်နေ့လျှင် အကြိမ်လောက် အနည်းဆုံး ဖုန်းဆက်နေတတ်သော သူကို ကြာတော့ ကျွန်မ သနားလာမိသည်။

ဖုန်းဆက်တိုင်းလည်း ကျွန်မအိမ်ကို လာလည်ခွင့်၊ သူ့အိမ်ကို လာလည်ဖို့ကို တဂျီဂျီ တောင်းဆိုတတ်၏။

"မံကို မေမေက ခဏခဏ မေးနေတယ်၊ မံ ဘာလို့ မလာတာလဲ"

"ဘွားဘွား အလုပ်တွေကို မံ ကူနေရတယ် မင်း,ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မံရယ်၊ ကျွန်တော် မံတို့အိမ်ကို လာလည်ခွင့်မရှိဘူးလား"

"မံ ဘယ်နေ့ အိမ်မှာရှိသလဲဆိုတာ မသေချာဘူး မင်း,ရဲ့၊ ခုရက်တွေမှာ ဘွားဘွားအလုပ်ကိစ္စတွေ လွှဲယူနေတာမို့ ကုမ္ပဏီတွေ သွားနေရတာများတယ်"

"မံ ကျွန်တော့်ကို ညှင်းဆဲနေတာလားဟင်"

"ဘုရားရေ့ မဟုတ်တာ၊ အခုတောင် မံ အိမ်မှာ မဟုတ်ဘူး။ အလုပ်ထဲမှာ မင်း,ရဲ့"

ကျွန်မ တမင်လိမ်ညာ ပြောလိုက်တာကို သူသိမည်မဟုတ်။ တကယ်ဆို အိမ်အပေါ်ဝရန်တာမှာ ကျွန်မ သူ့ဖုန်းကို နားထောင်နေတာလေ။

"မံ ကျွန်တော့်ကို ညာနေတာ၊ မံ ဟန်ဆောင်နေတာ"

"စွပ်စွဲချက်တွေ ပြင်းလိုက်တာ"

"စွပ်စွဲနေတာ မဟုတ်ဘူး မံ၊ လမ်းမပေါ်ကို လှမ်းကြည့်လိုက်စမ်းပါ၊ မံတို့ခြံရှေ့မှာ ကျွန်တော်ရှိနေတယ်"

"ဘုရားရေ"

ကျွန်မ အလန့်တကြား ရေရွတ်လို့ လမ်းမဘက်ကို လှည့်ကြည့်မိ၏။ ကြည့်စမ်းပါဦး၊ ခြံရှေ့လမ်းမပေါ်မှာ ကျွန်မကို လှမ်းကြည့် ဖုန်းဆက်နေတာ မင်း,မှ မင်း,ပဲ။

"မံ ဘာလို့ညာနေတာလဲ ပြော"

ရှက်လိုက်တာမှ အရမ်းပဲ။ ခပ်တည်တည်နဲ့ လိမ်ညာနေတာ ...ကုန်ပေါ်ကုန်ပြီလေ။

ရှင် သိပ်လူလည်ကျတာပဲ မင်း။

"မံ မင်းညှင်းဆဲစရာမရှိ ကိုယ့်ကို ကြဲဖန်ညှင်းဆဲတယ်၊ ...ရင်ထဲက စကားတွေကို ကိုယ်ကြားနေတယ် မံ၊ မင်းဘာပြောင်းဦး ...သဲ"

"သေလိုက်စမ်း၊ ရှင် လဲသေလိုက်စမ်း"

"အဟား မင်းရှက်ပြီး ဒေါသတွေထွက်နေတာလား မံ၊ ...မျက်နှာကို ကိုယ်မြင်ချင်လိုက်တာ၊ ကိုယ်သိတယ် မင်း ကိုယ့်ကို ...နေတာ"

"အောင်မယ် ရှင့်ကို ဘယ်သူပြောသလဲ၊ မံနှုတ်က ...ဖြေပေးခဲ့သလား"

"မင်းနှုတ်က မဖြေပေမယ့် မင်းမျက်ဝန်းတွေက ဝန်ခံနေတယ် ... ခုတောင် ဖုန်းထဲကနေ မင်းလေးရဲ့ ရင်ခုန်သံတွေကို ကိုယ် ...နေရတယ်"

"ရှင် ရူးနေပြီ၊ အရူးပဲ"

"ဟား ဟား ကိုယ်မရူးပါဘူး၊ ကိုယ်ယုံတယ် မင်းနဲ့ကိုယ်နဲ့ ... ချစ်သူတွေဖြစ်ကြတော့မှာ သေချာတယ်"

"တော်စမ်း ရှင် မံ ကို စိတ်တိုအောင် လျှောက်မပြောနဲ့"

"မံ မြင်နေသားပဲ ကိုယ်မတ်တပ်ရပ်နေတာ"

"မင်း ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား မံကလေး ဒေါသထွက်နေတာ ရယ်စရာကောင်းလိုက်တာ၊ ကိုယ့်ကို စိတ်ထဲက ဆဲလိုက်တာ ကိုယ်သိတယ်၊ အဲဒါလေးတွေကြောင့် မင်းကို ကိုယ်သိပ်ချစ်နေရတာ"

"မင်း ဘာမှ ဆက်မပြောနဲ့တော့နော်၊ မံ ဖုန်းပိတ် လိုက်မှာ"

"ခဏလေးနေပါဦး မံ၊ ကိုယ့်ကို တစ်ချက် လှမ်းကြည့်လိုက်စမ်းပါ၊ နေပူကျဲကျဲထဲမှာ ကိုယ် ဘာအဆောင်းမှမပါဘူးနော်၊ အခု မံရဲ့အဖြေ မရမချင်း ကိုယ် ဒီလိုပဲရပ်နေမှာ၊ မင်းကိုယ့်ကို မကြည့်ရက်ရင် အဖြေပေးတော့နော်"

ကြည့်စမ်း။ ဒါ တမင်ညစ်တာ။ ကျွန်မကို အကြပ်ကိုင်တာပဲ။ ကျွန်မ ထော့ထော့ကလေးပြုံးပြီး ဖုန်းကိုပိတ်ပစ်လိုက်သည်။

ကျွန်မဖုန်းကို ခေါ်လို့မရတော့ရင် ရှင်ဘာလုပ်မလဲ မင်း။

သူ ဖုန်းကိုဖိနှိပ်ပြီး ခေါ်နေတာ ကျွန်မ လှမ်းမြင်နေရသည်၊ ဘယ်လိုမှ ခေါ်မရတော့မှန်း သိတော့မှ ကျွန်မရှိတဲ့ ဝရန်တာကို မော့ကြည့်၏။ လက်ထဲက ဖုန်းကိုထောင်ပြပြီး လက်ခါပြပြန်သည်။

ကျွန်မ ကြိတ်ပြီး ရယ်ပစ်လိုက်တာပေါ့။ သူ ဟမ်းဖုန်းလေးကို ကိုင်ပြီး မတ်တပ်ရပ်နေဆဲ လက်ကလေးနှစ်ဖက် နောက်ပစ်ပြီး ရပ်နေကာ မျက်ဝန်းတွေက ကျွန်မရှိတဲ့ ဝရန်တာကို မျှော်ငေးလို့။

နာရီဝက်ကျော်လာသည်အထိ နေပူထဲတွင် မလှုပ်မယှက် ရပ်နေသော သူ့ကိုကြည့်ရင်း ကျွန်မစိုးရိမ်လာသည်။ ကျွန်မ ဖုန်းပြန်ဆက်မိ၏။





"မင်းစက်ရာ ရှင်အရူးပဲ၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်တစ်ခုကို လုပ်နေတာလား"

"ကိုယ်လုပ်နေတာ သိပ်အဓိပ္ပာယ်ရှိတာပေါ့ မံရဲ့၊ ကိုယ့်ဘဝ ...ခုလုံးအတွက် အရေးကြီးတဲ့ကိစ္စ၊ ကိုယ်အမြတ်နိုးဆုံး ချစ်သူဆီက ...ပြတစ်ခွန်းရဖို့ ကြိုးစားနေတာ၊ ဒါထက်အရေးကြီးတာ မရှိဘူး"

ကြည့်။ ဒီလိုကျတော့လည်း တတ်လိုက်တာ လွန်ပါရော။ ...မက ရှင့်ကို နုံနုံအအ ယောကျ်ားတစ်ယောက်လို့ ထင်နေတာ ...ပါရောလား။

"မင်း ရှင်ပြန်ပါတော့၊ ရှင်လိုချင်တဲ့အဖြေကို ကျွန်မ ...မပေးနိုင်တာ သေချာတယ်"

"မံ ပေးနိုင်တယ်လို့ ယုံတယ်၊ ကိုယ် ယောကျ်ားလေ၊ ...ပြီးသားစကားကို ပြင်လို့မရတော့ဘူး၊ ကိုယ်ဒုက္ခရောက်နေတာ ...ကြည့်ရက်ရင် မံဆီက အဖြေပေးမှဖြစ်လိမ့်မယ်"

"သေလိုက်၊ ရှင် သွေးတောင့်ပြီး လဲကျသွားစမ်းပါစေ ကျွန်မ ...ာ မရနိုင်ဘူး၊ ဒါပဲ"

စကားအဆုံး ဖုန်းကိုပိတ်ပြီး ကျွန်မ ဝရန်တာကို ကျောခိုင်း...ည်။ ကျွန်မ မရှိတော့ဘူးဆိုရင် ရှင်ဘာလုပ်မလဲ မင်း။

ပြောသာပြော လိုက်ရပေမယ့် သူ့ကို စိတ်မချနိုင်စွာ ...ခန်းပြတင်းတံခါးဆီ လှမ်းခဲ့၏။ ကျွန်မ ချောင်းကြည့်နေတာကို ...မြင်တွေ့နိုင်အောင် ခန်းဆီးစကို အသာလေး လှပ်ကြည့်နေခဲ့ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဖွဲ့ကောင်းတဲ့ မင်း,ပါပဲ။ ခုချိန်ထိ ရပ်နေဆဲ။ တုတ်တုတ်လေးတောင်မလှုပ်။ ကျွန်မ နာရီကို ငုံ့ကြည့်နေလိုက်သည်။

မိနစ်တံတွေ ရွေ့လျားသွားသည်အထိ သူရပ်နေဆဲ။

မဖြစ်တော့ပါ။ သူ့ဘက်က ဘယ်လိုနည်းနှင့်မှ အလျှော့ပေးမည် မထင်ပါ။ နေပူထဲမှာ ခြောက်ကပ်ပိန်လိန်သွားသည်အထိ ရပ်နေမည့်ပုံစံမျိုး။ ရင်ထဲမှာ ကရုဏာစိတ်နှင့်အတူ ဒေါသတွေလည်း တလိပ်လိပ် တက်လာသည်။

ဘယ်လိုမှ ဆက်မနေနိုင်တော့သည့်အဆုံးမှာတော့ ကျွန်မ သူရှိရာ ခြံရှေ့လမ်းမအထိ ဆင်းလျှောက်လာရသည်။

ခြံတံခါးဖွင့်ပြီး ထွက်လာတဲ့ ကျွန်မကိုမြင်တော့ သူ့မျက်ဝန်းတွေ လင်းလက်တောက်ပသွားတာ အထင်အရှား။ ယောက်ျားလေးပေမယ့် အသားဝင်းဝါပြီး, နုဖတ်နေတဲ့ သူ့မျက်နှာလေးက နေလောင်ဒဏ်တွေကြောင့် ရဲရဲနီမြန်းနေသည်။ ဝတ်ထားတဲ့ ရှပ်အင်္ကျီဖြူတစ်ထည်လုံးမှာလည်း ချွေးတွေ ရွှဲနစ်လို့။

"မင်းစက်ရာ ရှင် မံကို အနိုင်ကျင့်လွန်းတယ်"

"မံ ကိုယ့်ကိုချစ်တယ် မဟုတ်လား"

ကြည့်။ အနိုင်ရတဲ့အပြုံးနဲ့ ကျွန်မကို စိုက်ကြည့်ပြီးပြောပုံက ကျွန်မဒေါသတွေကို ခေါင်းထောင်သွားစေသည်။

"သေလိုက်၊ အဲဒီမှာ မတ်တပ်ရပ်နေရင်း ကားဝင်တိုက်ပါစေ ဆုတောင်းနေတာ၊ ခြံရှေ့မှာ ရှင် ကျက်သရေမင်္ဂလာမရှိ ရပ်နေတာ





မံ သိက္ခာကျတယ်၊ ကြာရင် ရှင့်ကို မုန်းတဲ့စိတ်တွေ ဝင်လာ တော့မယ်၊ မံစကားကို ရှင် နားမထောင်ဘူးလား"

"ချစ်သူစကားဆိုရင်တော့ နားထောင်ပါ့မယ်၊ မံသာ ကိုယ့်ချစ်သူအဖြစ် တရားဝင်ကြေငြာလိုက်၊ ကိုယ် ဘယ်တော့မှ တလန်ကဆန် မလုပ်ဘူး စိတ်ချ၊ အခုပြန်ဆိုရင် ပြန်မယ်၊ ပြန်လာခဲ့ဆို ပြန်လာမယ် စိတ်ချ"

"မံစိတ်တိုလာပြီနော် မင်း၊ ရှင့်ရဲ့ ရူးကြောင်ကြောင် လုပ်ရပ်နဲ့ အဖြေတောင်းတာကို မံက အသိအမှတ်မပြုဘူး၊ ရှင် မြတ်နိုးပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်အချစ်ကို ရှင် လေးလေးနက်နက် မတောင်းခံဘူးလား"

"မံရယ်၊ ကိုယ့်ရင်ထဲက သောကတွေကို မံ တွေးကြည့်စမ်းပါ၊ မံ့အဖြေမရသေးလို့ ပူလောင်နေရတဲ့ ဝေဒနာတွေက အခုပူနေတဲ့ နေပူဒဏ်ထက် ပြင်းထန်ပါတယ်"

ရဲရဲနီနေတဲ့ သူ့မျက်နှာလေးကို ကြည့်ရင်း ကျွန်မရင်တွေ လှိုက်ခုန်လာသည်။ နှုတ်ဖျားက တစ်ဆို့နေတဲ့ စကားတွေ ရင်ထဲက ခုန်ပေါက်ပွင့်ထွက်သွားပြီထင်ရဲ့။

"မံ ရှင့်ကိုချစ်ပါတယ် မင်း,ရယ်"

"အား ဝမ်းသာလိုက်တာ မံရယ်၊ ကိုယ် တကယ် ဝမ်းသာ ကျေနပ်သွားပြီ ဟား"

လက်နှစ်ဖက်ကိုမြှောက်လို့ အောင်ပွဲခံနေလိုက်ပုံက ကျွန်မရင်ထဲကို အပျော်တွေ ကူးစက်လာသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြန်ပါတော့နော် မင်း"

စကားအဆုံး ကျွန်မ ပြန်လှည့်ထွက်မိသည်။ ကျွ
သိပ်ရက်ရှဲ့နေခဲ့ပြီလား။

"မိ ခဏလေး"

သူ့ခေါ်သံကြောင့် ခြေလှမ်းတွေတုန့်ပြီး ကျွန်မ လှည့်ကြ
လိုက်မိသည်။ သူ အပြုံးနွေးနွေးလေးနဲ့ လှမ်းပြောသည်။

"မံစိတ်ညစ်အောင် လုပ်မိတာ ခွင့်လွှတ်နော်"

ကျွန်မရင်ထဲကို လှိုက်ခနဲ နွေးသွားသည်။ ဒါ နှလုံးသား
ခံစားမှု။ အဲဒီခံစားမှုကို ကျွန်မ မက်မက်မောမော တွယ်မက်သွားခဲ့

ရှင့်ကို ကျွန်မ သိပ်မြတ်နိုးသွားပြီ မင်းစက်ရာ။

✿ ✿ ✿



## အခန်း (၁၈)

မင်း,ရဲ့မေမေက ကျွန်မကို တွေ့ချင်တယ်လို့ မင်း
ဖုန်းဆက်ပြောလာတော့ ကျွန်မ အံ့သြသွားသည်။

"ရှင့်မေမေက မံကို ဘာလို့ တွေ့ချင်တာလဲ မင်း,ရဲ့"

"ဟာ မံကလည်း ကိုယ့်သားရဲ့ချစ်သူဖြစ်သွားတဲ့ မံကို မေမေ
တွေ့ချင်တာ အဆန်းမဟုတ်ပါဘူး၊ ချွေးမလောင်းကို ဆုံချင်လို့ပဲပေါ့"

"မံနဲ့ မင်း,မေမေ ဆုံဖူးတယ်လေ"

"အဲဒီတုန်းက မံနဲ့ကိုယ် ချစ်သူတွေမှ မဟုတ်သေးဘဲ၊ ခု
မေမေကို ကိုယ်ဖွင့်ပြောလိုက်ပြီ၊ ကိုယ်နဲ့မံ ချစ်သူတွေဖြစ်နေပြီလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျွန်မ မျက်ဝန်းထဲမှာ မင်း,မေမေ မျက်နှာကို ပြေးမြင်ယော[…]လိုက်မိသည်။ ပထမအကြိမ် ဆုံတွေ့တုန်းက ကျွန်မကို စိုက်ကြ[…]နေတဲ့ မင်း,မေမေရဲ့ မျက်လုံးတွေ။

တစ်စုံတစ်ရာ သိုဝှက်ထားတယ်လို့ ထင်မိခဲ့တဲ့ မင်း,မေ[…]မျက်ဝန်းတွေလေ။

"မံ ဘာဖြစ်နေတာလဲ၊ ဖုန်းမချသေးပါဘူးနော်"

"ကျွန်မ စဉ်းစားနေတာပါ၊ မင်း,မေမေက မံကို တွေ့ချင်[…]ကိစ္စကို အံ့သြနေလို့"

"ဘာမှ စဉ်းစားမနေနဲ့၊ မံဟာ ကိုယ့်ချစ်သူ၊ မကြာ[…]မံကို လက်ထပ်ပါရစေလို့ မေမေ့ဆီ ခွင့်တောင်းလိုက်တော့ မေ[…]မံကို တွေ့ချင်သွားတာနေမှာပါ"

"ဘာရယ် မင်း အဲဒီလိုပြောလိုက်ပြီ"

"အင်းလေ၊ မံကို လက်ထပ်ချင်ပြီ၊ ကိုယ် အလုပ်လု[…]စီစဉ်ပြီးပြီ၊ မံနဲ့အတူ ဘဝတစ်ခု တည်ဆောက်ချင်နေပြီ"

"ဒုက္ခပါပဲ၊ မံဘက်က ဘွားဘွားကို ဘာမှမပြောရသေးဘ[…]

"မံ အသိပေးလိုက်တော့လေ၊ ဘွားဘွားက ကိုယ်[…]သဘောတူပါ့မလား မံ"

"ဘွားဘွားက သဘောတူမှာပါ၊ မံ့ကို အိမ်ထောင်[…]အတည်တကျ ဖြစ်စေချင်နေတာ၊ ဘာလို့လဲဆိုတော့ ဒယ်ဒီတို့နောက်[…]လိုက်သွားမှာ စိုးလို့ မြန်မာပြည်မှာ နေစေချင်တဲ့သဘော"

"ဟား ဒါဆို မံ့ဘွားဘွားကို သိပ်ကျေးဇူးတင်သွားပြီ၊ စိတ်ချ […]ဘွားဘွားနဲ့တွေ့မှ မံ့ကို ရိုးမြေကျ ပေါင်းသင်းပါ့မယ်လို့ ကိုယ် ကတိပြု […]စကားဆိုပြမယ်"

"မင်း,နော် ရှုတ်နောက်နောက်မလုပ်နဲ့"

"မနောက်ပါဘူး တကယ်ပြောတာ၊ ကဲ မနက်ဖြန် မံ […]ခဲ့နော်၊ မံကို ကိုယ်မျှော်နေမယ်"

သူ ဖုန်းချသွားတော့ ကျွန်မ ငေးငေးလေး ရပ်နေမိဆဲရှိ၏။ […]င်း,မေမေနဲ့ ဆုံတွေ့ရမည်တဲ့။ မင်း,မေမေက ကျွန်မကို ဘာတွေ […]ဦးမှာလဲ မသိပါ။

မင်း,ပြောသလိုဆိုလျှင်တော့ ဘာမှ အခက်အခဲမရှိပါ။ […]း,မေမေပြောသမျှ ကျွန်မ အလိုက်သင့် ဖြေရုံသာရှိသည်။

မင်းရယ် ကျွန်မရင်တွေ ခုန်နေတယ်။ အဝိုင်းမရှိ ကြည်နူး[…]ရှင်နေတယ်။

ရှင်လည်း ပျော်နေမှာပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

သည်တစ်ခါ မင်း့မေမေနဲ့ ဆုံတွေ့ချိန်မှာ ကျွန်မ အရင်လိုေ
မပြင်မဆင် မသွားချင်ပါ။ အလွန်အကျွံ ပြင်ဆင်ခြင်းမဟုတ်ပေမေ
မျက်နှာပေါ်ကို မိတ်ကပ်ပါးပါးလိမ်းသည်။ ပေါင်ဒါနည်းနည်းဖို့သ
အရောင်နုနု ပန်းသွေးနှုတ်ခမ်းနီလေးကို ဆိုးချယ်သည်။

မင်း့မေမေ အမြင်မှာ မရိုင်းစေဖို့ ဝတ်စုံကို ရွေးချယ်သည်
နံ့သာရောင်ရယ်ဒီမိတ် အင်္ကျီလေးကိုဝတ်ဆင်သည်။ အနားကွပ်ရ
တွေက ဇာပုဝါလေးတွေနှင့်။ ပြီးတော့ အင်္ကျီနှင့်လိုက်ဖက်ေ
နံ့သာရောင် အရိပ်ပန်း လုံချည်ကလေးကို ရွေးချယ်ဝတ်ဆင်လိုက်





ကားပေါ်တက်ပြီး ကျွန်မကိုယ်တိုင်မောင်းလို့ ထွက်လာစဉ်မှာပဲ
မ်းဖုန်းက ထမြည်၏။

“ဟဲလို မွမ်းမံပါ”

“ဟာ မံ ကိုယ်ပါ၊ မံ မရောက်သေးလို့ ကိုယ် ဖုန်းဆက်
ိုက်တာ၊ မံ့ကိုမျှော်နေတာ မနက်မိုးလင်းကတည်းက”

“အခု မံလာနေပြီလေ မင်း့ရဲ့ ကားပေါ်ရောက်နေတာ”

“ဟုတ်လား ဆောရီး မံ၊ ကိုယ် ခြံရှေ့မှာ မံ့ကို ထွက်ကြို
နေမှာ၊ ဒါပဲနော်”

ကားမောင်းနေရင်း ဖုန်းမပြောလို့၍ထင်သည်။ မင်း ဖုန်းပြန်
ိတ်သွားသည်။ ကျွန်မ ခွေးခွေးပြုံးရင်း ကျေနပ်ရ၏။ ကျွန်မကို
ောင့်ကြိုရင်း မင်း စိတ်လှုပ်ရှားနေမည်ထင်ရဲ့။

မင်း့မေမေနဲ့ ဆုံရမည့်အရေးထက် မင်း့ကို မြင်တွေ့ချင်စိတ်က
န်မရင်ထဲမှာ ပိုမိုနေတာပါ မင်းရယ်။

ခြံရှေ့မှာရပ်နေသော မင်း့ကို အဝေးကတည်းက လှမ်းမြင်
သည်။ ဖုန်းဆက်ထားသည့်အတိုင်း မင်း ကျွန်မ့ကို ခြံရှေ့ထွက်ကြို
နေတော့ ကျေနပ်စိတ်နှင့် ကြည်နူးမိသေးပါရဲ့။

“မင်းရယ်၊ ခြံထဲကပဲ စောင့်ပါတော့လား”

“မံ့ကို တမင် ထွက်ကြိုနေတာပါ၊ ခြံတံခါး ဖွင့်ထားပြီးပြီ”

မင်းက ကျွန်မကားပေါ် တံခါးဖွင့်တိုင်ရင်း ဆိုသည်။ ပြီးတော့
န်မကို စူးစူးလေးငေးကြည့်ရင်း။



www.burmeseclassic.com

www.burmeseclassic.com



"မံရယ် လာလိုက်တာ"

ချစ်သူက လာသည်ဟု ချီးကျူးတာကို မိန်းကလေးတို[...] ကျေနပ်သဘောကျတတ်ကြတာပဲ။ ကျွန်မလည်း ရှက်ပြုံး ပြုံး[...] ကားလေးကို ခြံထဲ မောင်းဝင်ခဲ့မိလေသည်။

"မေမေ မံ့ကိုမျှော်နေတယ်၊ ညှေ့ခန်းထဲမှာရှိတယ်"

"အားနာစရာကောင်းလိုက်တာ မင်းရယ်၊ မံ ဒီလိုမှန်း သိ[...] စောစောထွက်ခဲ့တာပေါ့"

မင်း,မေမေကို ညှေ့ခန်းထဲမှာ မြင်လိုက်တာမို့ ကျွန်မ တကယ်[...] အားနာသွားခဲ့ရသည်။ ဆင်ဝင်အောက်မှာ ကားကိုရပ်ပေးတော့ မင်း[...] အရင်ဆင်းသည်။ ပြီးတော့ ကျွန်မဆင်းဖို့ တံခါးဖွင့်ပေးရင်း

"လာ မံ၊ မေမေ မံ့အလာကို ငေးကြည့်နေမှာသေချာတယ်"

ကျွန်မအတွက် ဂုဏ်ယူဝင့်ကြွားသံနှင့် မင်းက တီးတိုးဆိုသည်[...] ညှေ့ခန်းထဲကို မင်းက ဦးဆောင်လှမ်းဝင်ပြီး ကျွန်မကို ခေါ်ဆောင်ခဲ့သည်[...] ထိုင်ခုံမှာထိုင်နေသော မင်း,မေမေအကြည့်တွေက ကျွန်မထံမှာ စူးစိုက်[...] နေ၏။

"မံ ရောက်လာပြီ မေမေ"

မင်း,စကားကို အသိအမှတ်ပြု ခေါင်းညိတ်ပြပေမယ့်[...] ဒေါ်ခင်လေးသူ အကြည့်တွေ ကျွန်မထံမှ ပြန်ရုတ်သိမ်းမသွားသေး[...]

"အန်တီ နေကောင်းတယ်နော်"

ကျွန်မက ဦးစွာ နှုတ်ဆက်ပြုံးရင်း မေးတော့မှ မင်း,မေ[...]



[...]ကြည့်တို့ကို ရုတ်သိမ်းလိုက်ရင်း

"အင်း ကောင်းပါတယ်ကွယ်၊ ထိုင်ပါ မွှမ်းမံ"

ကျွန်မ မင်း,မေမေနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်[...]လိုက်၏။ မင်းက မိခင်ဖြစ်သူနံဘေး ဝင်ထိုင်ရင်း ကျေနပ်စွာပြုံးလို့

"မင်းကို အန်တီ ဆုံတွေ့ချင်လို့ ခေါ်လိုက်တာပါ မွှမ်းမံ၊ [...]နဲ့ သားအကြောင်း သားပြောပြလို့ အန်တီ သိပြီးပြီ"

မံ ခေါင်းကလေးညိတ်ပြရင်း မင်း,မေမေစကားတွေကို [...]သက်စွာ နားထောင်နေလိုက်၏။

"သားရှေ့မှောက်မှာပဲ ပွင့်ပွင့်လင်းလင်း ပြောရအောင် [...]ကို အန်တီ့သားနဲ့ အန်တီ သဘောမတူနိုင်ဘူး"

"ရှင်"

"ဗျာ မေမေ"

ကျွန်မမျက်နှာကို ဖြတ်ရိုက်ချခံလိုက်ရသလိုပါပဲ။ မျက်နှာ[...]ခုလုံး ထူပူလျက် ဒေါ်ခင်လေးသူကို မယုံနိုင်သလို မော့ကြည့်[...]သည်။ မင်း,ကိုယ်တိုင်လည်း မျက်စိမျက်နှာပျက်လျက် မင်သက်[...]ကြောင်တွေနေသည်။

"မင်းတို့ လက်ထပ်မယ်ဆိုတဲ့ ကိစ္စကို အေးအေးဆေးဆေး [...]သိမ်းလိုက်ပါ မွှမ်းမံ"

"မေ မေမေ ဘာတွေပြောနေတာလဲ၊ သား သားတို့"

"နေဦး သား၊ မင်းဘာမှ ဝင်မပြောပါနဲ့၊ မေမေ မွှမ်းမံနဲ့

www.burmeseclassic.com



ထိပ်တိုက်ပြောချင်တယ်''

ကြည့်စမ်း။ ဒါ ကျွန်မကို ရွှေ့မှောက်အရောက်ခေါ်ပြီ စော်ကားလိုက်တာပဲပေါ့။ မင်းနဲ့ ကျွန်မကို သဘောမတူ နိုင်ဘူးတဲ့ ဘာလဲ၊ ဘာ့ဖြစ်တာလဲ။ ဒီမိန်းမကြီး ရူးသွပ်နေပြီလား။ ဦးနှောက် ပျက်ယွင်းသွားခဲ့ပြီလား။

''အန်တီပြောတာ မင်းကြားပါတယ် နော်''

''နောက်တစ်ခေါက်လောက် ထပ်ပြောလိုက်ပါဦး အန်တီ အန်တီစကားတွေ ကြားရတာ ကျွန်မ ရယ်ချင်လွန်းလို့ အဟင်းဟင်း''

ကျွန်မ တမင် မရယ်ချင်ဘဲ အသံထွက်အောင် ရယ်ပြ လိုက်သည်။ ဒေါ်ခင်လေးသူ မျက်ဝန်းတွေ အရောင်လက်သွား ကျွန်မ တုံ့ပြန်မှုက သူ့ကို နာကျင်စံရခက်သွားစေတာ သေချာသည်

''အေး မင်းကြားချင်ရင် ထပ်ပြောမယ် မွှမ်းမံ၊ အန်တီ့သ မင်းစက်ရာနဲ့ မင်းကို လုံးဝ သဘောမတူနိုင်ဘူးကွဲ့''

''အဟင်း ဟင်း ကျွန်မ ရယ်ရလွန်းလို့ သေလိမ့်မယ် ထင်ပါရဲ့ရှင် အဟင်း ဟင်း''

''မင်း ရယ်ချင်ရယ်နိုင်တယ် မွှမ်းမံ၊ အဓိက,က ငါပြော စကားကို ရှင်းလင်းဖို့ပဲ''

''မရှင်းဘူး အန်တီ၊ အန်တီ့စကားက ကျွန်မ တမင်သက်သက် စော်ကားလိုက်တာပဲ၊ ကျွန်မတင်မကဘူး ကျွန်မ အသိုင်းအဝိုင်းကိုပါ စော်ကားလိုက်တာပဲ''





''ဟုတ်တယ်၊ မင်းမိဘအသိုင်းအဝိုင်းကြောင့်ပဲ မင်းကို ငါ့သားနဲ့ သဘောမတူခဲ့တာ''

''အန်တီ စိတ်မှကောင်းသေးရဲ့လား။ ကျွန်မအသိုင်းအဝိုင်း အားလုံး ဘာချွတ်ယွင်းချက်မှ မရှိဘူး''

''မင်းအဖေ ဦးမင်းမောင်ဆွေကို မင်းပြန်မေးကြည့်လိုက်ပါ မွှမ်းမံ၊ ငွေရယ် ဓနရယ်နဲ့ မေတ္တာတရားကို တန်ဖိုးမထားခဲ့တဲ့ မင်းအဘွားလုပ်ရပ်တွေ မင်းသိလာလိမ့်မယ်၊ မင်းတို့ရဲ့ အဆင့်အတန်း ရှိတဲ့ အသိုင်းအဝိုင်းထဲ ငါ့သား မရောက်စေရဘူး''

''မေ မေမေ တော်ပါတော့၊ မံ ကိုယ်တောင်းပန်''

''မင်း ရှင်တောင်းပန်ဖို့ မလိုပါဘူး၊ ရှင့်ကိုလည်း မံ နာကျည်းဘူး၊ ရှင့်မေမေစကားတွေကိုတော့ မံ နာကျည်းတယ်၊ မံ့ကို အဓိပ္ပာယ်မဲ့ စော်ကားနေတာပဲ''

''မင်းထင်ချင်သလို ထင်ပါ မွှမ်းမံ''

''ဟုတ်ကဲ့ပါ ဒေါ်ခင်လေးသူ၊ ကျွန်မနဲ့မင်းကို သဘော မတူဘူးလို့ ပြောတဲ့သူက သိပ်ကို ရူးသွပ်နေလို့ပဲဖြစ်ရမယ်''

''မင်း မင်းစကားတွေ သိပ်လွန်နေပြီ၊ ငါ့သားကို ငါပိုင်လို့ မင်းနဲ့သဘောမတူဘူး ပြောတာ၊ မင်းအတွက် ယောကျာ်းမရှားဘူးဆိုရင် အရိပ်က လွှတ်တဲ့သူကို ရှာယူစမ်းပါ''

အသားတွေ တဆတ်ဆတ်တုန်ရီလျက်။ ကျွန်မမျက်နှာကို ကော်ညိုးငေါက်ငေါက်ထိုး ဆိုနေသော မင်း,မေမေကို ကျွန်မ သိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နာကျည်းမုန်းတီးသွားသည်။

ရင်ထဲမှာ လှိုင်းဆင့်သလို တရိပ်ရိပ်တက်လာသော ဒေါသ မာနနှင့် ရှက်စိတ်တွေ ချုပ်ထိန်းမရချင်တော့ပါ။ ကျွန်မ ထိုင်ခုံ ထရပ်လိုက်မိ၏။

''မှတ်ထားလိုက် မွမ်းမံ၊ မင်းရဲ့အဘွားကြောင့် တစ်ချိန် ငါ့မာနနဲ့ နှလုံးသား ကြေမွခဲ့ရတယ်၊ မင်းအဖေကြောင့် ငါ အရှုံးကြီ ရှုံးနိမ့်နာကျင်ခဲ့ရတာ အခု မင်းတစ်လုည့် ပြန်ခံရတာလို့''

''ဟင့်အင်း၊ မွမ်းမံဆိုတဲ့ မိန်းမမှာ အရှုံးဆိုတာ မရှိခဲ့သေ ပါဘူး။ မင်းကို ကျွန်မချစ်တယ်၊ ကျွန်မချစ်တဲ့သူကို ကျွန်မ ပိုင်ဆိုင်အောင် ရယူပြမယ်''

''မင်း ငါ့ကို စိန်ခေါ်နေတာလား''

''သိပ်ဟုတ်တာပေါ့ရှင်၊ ကဲ မင်း မံ တကယ် စိတ်မကောင်းပါဘူး။ မံတို့ ပြန်ဆုံခွင့်ကို ရှင့်လက်ထဲမှာ ယုံကြည်စွာ အပ်နှံခဲ့ပါတယ်''

''မံ မံ နေပါဦး''

''သွား''

ကျွန်မကို ကသောကမျော တားမြစ်ဖို့ ကြိုးစားသည့် မင်း ခြေလှမ်းတွေ တုန့်သွားသည်။

''မေ မေမေ သား့ကို''

''ဘာမှမပြောနဲ့တော့ သား၊ မေမေ့ကို အိပ်ရာထ





ပြန်ပို့ပေးစမ်း၊ ရင်ထဲက အောင့်လာတယ်၊ ဒေါက်တာ ဦးလှိုင်မြင့်ကို ဖုန်းဆက်ခေါ်ပေး။ ဟင်း အတိတ်ကအရိပ်တွေကြောင့် မေမေ ငရဲကျနေ သလိုပဲ ငါ့နှယ်နော် ဟင်း''

ကားလေးကို ခြံထဲက မောင်းထွက်ခဲ့ချိန်ထိ ကျွန်မရင်ထဲမှာ နာကျင်နေဆဲ။ ရက်ရက်စက်စက် ချောင်ပိတ် အစော်ကားခံလိုက်ရတဲ့ အဖြစ်။ မင်း,မေမေ သည့်လောက်ထိ လုပ်ရက်မည်မထင်ခဲ့။ ဒါ ဘာကြောင့်လဲ။ အတိတ်က အညှိုးအတေးကြောင့်တဲ့။

ဒယ်ဒီနှင့် မင်း,မေမေတို့ ဘယ်လိုပတ်သက်ခဲ့ကြသလဲ။ အဘွားဘွားက မင်း,မေမေကို ဘယ်လိုအမှားတွေ ကျူးလွန်ခဲ့သလဲ။

ဟင့်အင်း ဒါတွေနဲ့ ကျွန်မ ဘာဆိုင်လို့လဲ။ ကျွန်မချစ်တာ မင်း။ မင်း,ကကော ကျွန်မကို မြတ်နိုးသည်။ ဘယ်လိုအကြောင်းနှင့်မှ မင်းကို ကျွန်မ မစွန့်လွှတ်နိုင်ပါ။

ဘယ်အရာကိုမှ ကျွန်မ မဆုံးရှုံးပါရစေနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၂၀)

သူဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်အပျက်တွေအတွက် ရင်ထဲမှာ ပူလောင်နေရသည်။ မံ ၊မံသူ့ကို စိတ်နာသွားပြီလား။ မေမေ သိပ်ရက်စက်လွန်းသည်။ တကယ်ဆို သည်ပြဿနာတွေ သူ့ကို ကြိုပြောသင့်သည်။ အခုတော့ မံခမြာ ဘာမသိ ညာမသိ အိမ်ခေါ်ပြီး စော်ကားခံလိုက်ရခြင်းပင်။

"သားသိအောင် မေမေပြောပြမယ်၊ မေမေ့ရင်ထဲမှာ နာကျည်း ရတဲ့ ဝေဒနာတွေပဲ၊ ဒီထက်သေချာအောင် ပြောရရင် အဲ ခံစားချက်တွေကြောင့် မေမေ့မှာ နှလုံးရောဂါ စွဲကပ်လာတယ်လို့





ဆိုရလိမ့်မယ် သား"

မေမေရောဂါ သည်းလာ၍ ဆရာဝန်ကြီးခေါ်ကာ ကုသလိုက်ရသည်။ ဝေဒနာသက်သာစ ပြုချိန်မှာပဲ မေမေ သူ့ကိုခေါ်ကာ ရင်ဖွင့်ပြောပြခဲ့သော စကားတွေ။

"တစ်ချိန်က မေမေနဲ့ မွမ်းမံအဖေ ဦးမင်းမောင်ဆွေဆိုတာ ချစ်သူတွေဖြစ်ခဲ့ကြတယ်၊ မေမေ့ဘဝက သူတို့ဘဝအခြေအနေနဲ့ သိပ်ကွာခြားတယ်၊ ပြည့်စုံကြွယ်ဝတဲ့ ကိုမင်းမောင်ဆွေ အသိုင်းအဝိုင်းက မေမေနဲ့ ချစ်ကြိုက်နေတာကို မကြည်ဖြူခဲ့ကြဘူး၊ ဒါပေမဲ့ ကိုမင်းမောင်ဆွေက မေမေကလွဲရင် အားလုံးကို စွန့်လွှတ်ရဲတယ်ဆိုပြီး တရားရုံးတစ်ခုမှာ လက်ထပ်ဖို့ ကတိပေးခဲ့တယ်၊ ဒါပေမဲ့ မေမေနဲ့သူ တရားရုံးထဲမရောက်ခင်မှာဘဲ သူ့မိတ်ဆွေ ရောက်လာပြီး အချိန်မီ ဖျက်ဆီးသွားခဲ့တယ်၊ မေမေ့ကို ချစ်ခင်စုံမက်ပါတယ်ဆိုတဲ့ သူဟာ သူ့မိတ်ဆွေနောက် မငြင်းနိုင်ဘဲ လိုက်ပါသွားတယ်၊ နောက်တစ်နေ့ မနက်မှာပဲ မွမ်းမံရဲ့အဘွား ဒေါ်လှမြတ်ချယ်က မေမေ့အိမ်အထိ ရောက်လာတယ်၊ သူ့သားကို စွန့်လွှတ်လိုက်ပါတဲ့၊ ငွေငါးသိန်း ပေးပါ့မယ်တဲ့၊ မေမေ့နှလုံးသားကို နာကျင်အောင် ရက်စက်ခဲ့ကြတာ၊ မေမေ ခါးခါးသီးသီး ငြင်းဆိုမောင်းထုတ်လိုက်ခဲ့တယ်၊ နောက်တစ်ရက်မှာပဲ ကိုမင်းမောင်ဆွေရဲ့ မင်္ဂလာသတင်းကို ကြားရတယ်၊ မိဘတွေရဲ့ ဆန္ဒကို မလွန်ဆန်နိုင်လို့ ခွင့်လွှတ်ပါဆိုတဲ့ စာကလေးနဲ့ မေမေ့ကို ရက်စက်သွားခဲ့တာပဲ သား၊ မေမေ့နှလုံးသားကို နာကျင်စေခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့ မာနနဲ့သိက္ခာကို ငွေနဲ့ ချိုးနှိမ်ခဲ့တဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးနဲ့ ငါ့သားကို မေမေ ဘယ်လိုမှသဘောမတူနိုင်ဘူး သား"

မေမေ ဝေဒနာခံစားချက်တွေကို သူ စာနာနားလည်ခဲ့ရ၏။ သို့ပေမယ့် မံကို သူ မစွန့်လွှတ်နိုင်။

"မေမေရယ်၊ မေမေတို့ အတိတ်ကို မံ ဘာမှမသိရှာပါဘူး မံမှာ အပြစ်မရှိဘူး၊ မံ့မိဘတွေကလည်း အမေရိကား ရောက်နေကြပါပြီ"

"တော်စမ်း သား၊ မေမေ ခံစားရတာတွေ မေ့ပစ်လို့မရဘူး မေမေ အသက်ရှင်နေသ၍ မေ့မရဘူး၊ မွှမ်းမံကလွဲရင် သား ကြိုက်တဲ့သူကို လက်ထပ် မေမေ သဘောတူတယ်"

"ဟင့်အင်း ကျွန်တော်ချစ်မိတာ မွှမ်းမံပဲ မေမေ"

"မေမေ အပြတ်ပြောမယ် သား၊ မွှမ်းမံကိုသာ သား လက်ထပ်တဲ့နေ့ဟာ လောကကြီးထဲက မေမေ ထွက်ခွာသွားတဲ့နေ့ပဲ"

"မေမေရယ်"

"ဘာမှထပ်မပြောနဲ့တော့ သား၊ မေမေ့နှလုံးသားကို ပထမ အကြိမ် သူ့အဖေက သတ်ခဲ့တယ်၊ အခုတစ်ခါ မွှမ်းမံဆိုတဲ့ သမီးက သတ်တာ ခံရဦးမှာလား၊ မင်းကိုယ်တိုင် မေမေကို သတ်လိုက်ပါ သားရယ်"

ယတိပြတ်စကားနှင့် မေမေ သူ့ကို တုပ်နှောင်သွားခဲ့သည်။

မေမေ့ဘက်က ခါးသီးနေတာတောင် မွှမ်းမံက သူ့အပေါ် ပြောင်းလဲမသွားခဲ့ပါ။ သူတို့နှစ်ယောက် နီးစပ်ခွင့်ကို သူ့လက်ထဲ





ယုံကြည်စွာ အပ်နှံခဲ့သည်တဲ့။

ဟမ်းဖုန်းလေးကို ကောက်ယူကာ မံထံ ဆက်သွယ်ဖို့ ဆုံးဖြတ်လိုက်စဉ်မှာပဲ ဖုန်းခေါ်သံက မြည်လာခြင်းဖြစ်သည်။

"ဟဲလို မင်းစက်ရာပါ"

"မင်း လား၊ မံပါ"

"ဟင် မံ မံလား၊ ကိုယ်အခုပဲ မံဆီဖုန်းဆက်မလို့ ကောက်ကိုင်တုန်း ဖုန်းဝင်လာတာ၊ အတော်ပဲကွာ ကိုယ် မံကို တွေ့ချင်တယ်၊ မေမေအပြုအမူအတွက် တောင်းပန်ချင်တယ်"

"ရပါတယ် မင်း၊ မင်း့မေမေကိစ္စတွေကို မံ မေ့ထားချင်တယ်"

"မံရယ် ကိုယ့်ကို မနာကျည်းလိုက်ပါနဲ့နော်"

"မံ မင်း့ကို နာကျည်းစရာ ဘာတစ်ခုမှမရှိဘူး၊ မံ မင်း့ကိုချစ်တာ နှလုံးသားထဲက အလိုလို ဖြစ်တည်လာတဲ့ ခံစားချက်၊ မင်း့ကို ပိုင်ဆိုင်ခွင့်မရတောင် မံ ချစ်နေဦးမှာပဲ"

"မံရယ် အဲ့ဒီလို မပြောပါနဲ့၊ ကိုယ် မံကို မစွန့်လွှတ်နိုင်ဘူး"

"ရှင် ဆုံးဖြတ်ပြီးပြီလား မင်း၊ နှစ်ယောက်ဘဝအတွက် ဆုံးဖြတ်ခွင့်ကို ရှင့်ဆီ မံ ပေးထားပြီးသားလေ"

"ကိုယ်ဆုံးဖြတ်ပြီးပြီ မံ၊ သိပ်ကိုသေချာတယ်၊ မံကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး၊ မနက်ဖြန် ရှစ်နာရီ မံ ကိုယ့်ကိုစောင့်နေပါ၊ ကိုယ်ကိုယ်တိုင် မံကိုလာခေါ်မယ်"

ဆုံးဖြတ်ချက်နှင့် သူ ရဲရဲဝံ့ဝံ့ ဆိုလိုက်တော့ တစ်ဖက်က မံ



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေ တိတ်ဆိတ်နေမိ၏။

"မံ ကိုယ်ပြောတာ ကြားရဲ့လားဟင်"

"မံ နားထောင်နေတယ် မင်း။ မင်း ဆုံးဖြတ်ချက်ကို မံ နှလုံးသားက လေးလေးနက်နက် နားထောင်နေတာပါ မင်းရယ်"

သူ့ရင်ထဲမှာ စူးစူးနစ်နစ် ခံစားလိုက်ရပါသည်။ မံက နှုတ်ဆက်ပြီး ဖုန်းလေးကို ပြန်ပိတ်လိုက်သည့်တိုင် မံပုံရိပ်လေးက အာရုံထဲမှာ ထင်နေဆဲ။

မံရယ် မင်းကို ကိုယ်ချစ်တယ်။ ပိုင်ဆိုင်ချင်တယ်။ အဲဒီအတွက် အားလုံးကို မိုက်မိုက်မဲမဲ ကိုယ်ရင်ဆိုင်တော့မှာပါ။ အဲဒါ ကိုယ့်နှလုံးသား ထဲက သစ္စာစကားရယ်ပါ။

✿ ✿ ✿



# အခန်း (၂၁)

ရှစ်နာရီမထိုးခင်ကတည်းက ခြံတံခါးကို ကျွန်မ ဖွင့်ထား ခဲ့၏။ မင်း,အရိပ်ကို မျှော်မိသည်။ ရင်ထဲမှာ တထိတ်ထိတ်နှင့် လှုပ်ရှားနေတာတော့ ဝန်ခံချင်ပါသည်။

မင်း‌ရဲ့ ကတိစကားကို ကျွန်မ ယုံသည်။ ကျွန်မ မယုံကြည် နိုင်တာ မင်းရဲ့ မေမေကိုပဲဖြစ်သည်။ ဝေဒနာရောဂါကို အကြောင်းပြု ထားမြစ်ပြီး ကျွန်မနဲ့ မင်းကို ခွဲနိုင်သည်။

ခြံထဲကို မောင်းဝင်လာသော မင်းရဲ့ ကားလေးကိုမြင်တော့ ကျွန်မရင်ထဲက တစ်ဆို့နေသော အမောတွေ ပြေလျော့ကျရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းအပြင်ထိထွက်ကာ မင်းကို ကြိုလိုက်ချင်ပေမယ့် ကျွန်မ မျိုသိပ်ထားရင်း ဧည့်ခန်းထဲမှာ ရပ်နေမိဆဲ။

ဆင်ဝင်အောက်မှာ ကားကိုရပ်ပြီး ဆင်းလာသော မင်း မျက်နှာလေးက ကျွန်မကိုမြင်တော့ အပြုံးပွင့်တွေ ပွင့်ဖူးသွားခဲ့သည်။

“မံ ကိုယ် နောက်မကျပါဘူးနော်၊ ရှစ်နာရီထိုးဖို့ ငါးမိနစ်တောင် လိုသေးတယ်”

“မံကတော့ ရင်ထိတ်နေတာ အမှန်ပဲ၊ မင်း,မေမေ့ ပိုက်ကွန်ထဲက တကယ်ပဲ ရုန်းထွက်နိုင်ပါ့မလားလို့”

ကျွန်မစကားကြောင့် မင်း,မျက်နှာ ညှိုးခနဲဖြစ်သွားရသည်။ ကျွန်မဆီ အရောက်လာဖို့ မင်း ဘယ်လောက်အထိ ဆုံးဖြတ်ချက်တွေ ခက်ခဲရသည်ဆိုတာ ကျွန်မ တွက်ဆမိပါသည်။

“ကိုယ် ဆုံးဖြတ်ပြီးပြီပဲ မံရယ်၊ မံ့ကို စွန့်လွှတ်ဖို့ဆိုတာ ကိုယ်မတွေးရဲတဲ့ အတွေးကြီးပါ”

“မံတို့ လက်ထပ်လိုက်ရင် ရှင့်မေမေ အတော် စိတ်နာသွားမှာ သေချာတယ် မင်း”

“ကိုယ်သိနေတယ် မံ၊ မံကိုလက်ထပ်တဲ့နေ့ သူသေနေ့ပဲလို့ မေမေပြောခဲ့တာ၊ ကိုယ်မံကို လက်ထပ်မှာ မေမေ့ကျန်းမာရေး ထိခိုက်နစ်နာစေမယ့် ဆုံးဖြတ်ချက်ဆိုတာလည်း သိပါတယ်”

မင်းကို ကျွန်မ မြတ်နိုးရတာ အဲဒီ ရိုးသားစွာ ပြောင် တတ်တာတွေကြောင့်လည်း ပါသည်။ ကျွန်မနှင့် မင်း,မိခင်ကြား

ပြဿနာအရှုပ်အထွေးကြီးကြားမှာ မင်း ပူလောင်နေမှန်း အနည်းငယ် ညှိုးကျသွားသော မင်းမျက်နှာက သက်သေပင်။

“မင်း အခု မံကိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာကရော ပြတ်သားရဲ့လား ဟင်”

“ဘယ်လိုမေးလိုက်တာလဲ မံရယ်၊ ကိုယ့်ကို အဲဒီလို စိန်မခေါ်နဲ့၊ မံကို ကိုယ်ချစ်တယ်၊ ကိုယ်ချစ်တဲ့မိန်းမကလွဲရင် ဘယ်မိန်းမကိုမှ ကိုယ် လက်မထပ်ဘူး၊ ဒါ သေချာတယ်”

လက်ထပ်ခြင်းတွင် ချစ်ခြင်းမေတ္တာက အဘယ်မျှ ပါဝင်သလဲ ကျွန်မမသိပါ။ ကျွန်မ ယုံကြည်မိသည်က လက်ထပ်ခြင်းနှင့် မြတ်နိုးခြင်းဆိုသည်က မသက်ဆိုင်သော ဘာသာရပ်နှစ်ခုဟု ထင်သည်။ မင်းကို ကျွန်မချစ်သည်။ မြတ်နိုးစုံမက်သည်။

“မံ”

သူခေါ်သံကြောင့် ကျွန်မ မော့ကြည့်မိသည်။ ကျွန်မကို စိုက်ကြည့်နေသော မင်းမျက်ဝန်းလေးတွေ ကြည်လင်တောက်ပနေ၏။ ထိုမျက်ဝန်းတွေနဲ့ ရင်ဆိုင်မိတိုင်း ရင်ခုန်လှုပ်ခတ်မှုကလည်း ကျွန်မအတွက် ရိုးအီမသွားခဲ့သေးပါ။

“မံကို ကိုယ် လက်ထပ်ပါရစေလို့ ခွင့်တောင်းပါတယ်၊ မံရဲ့အဖြေကို ကိုယ်ကြားပါရစေနော်”

ကျွန်မရင်ထဲ တသိမ့်သိမ့် နွေးသွားရသည်။

“မင်းရယ် ကျွန်မ ဝမ်းသာကြည်နူးစွာ လက်ခံပါတယ်ရှင်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလက်ဖဝါးလေး ဆုပ်ကိုင်ရင်း မင်းမျက်နှာလေး ဝ
နေခဲ့သည်။ ပြီးတော့ ကျွန်မကို ရူးရူးနစ်နစ် ငေးစိုက်ကြည့်ရင်း

"မံရယ် မံကို ကိုယ်ချစ်တယ်"

ကျွန်မလက်ဖမိုးလေးကို ညင်သာစွာ ဆွဲယူနမ်းရှိုက်
အနမ်းက ကျွန်မရင်တွေကို တလှပ်လှပ် တုန်ခါစေသည်။ ကျွ
ပါးပြင်တစ်ခုလုံး ထူပူရှက်အမ်းနေမည်ထင်ရဲ့။

ချစ်သူဘဝမှာ မင်းရဲ့ ပထမဆုံးသော အနမ်း။ ကျွ
လက်ဖမိုးလေးကတစ်ဆင့် သွေးကြောမျှင်တွေထဲ စိမ့်ဝင်တုန်ခါ
မတတ်ပါဘဲ။

"ကိုယ် အရမ်းဝမ်းသာတယ် မံ၊ ကိုယ်နဲ့မင်း လက်ထ
ကိစ္စကို ကိုယ်စီစဉ်ထားတယ်၊ မာလာနဲ့ ကေသီက မံဘက်
အသိသက်သေ၊ ညီညီနဲ့ ဝေယံက ကိုယ့်ဘက်က သက်သေအ
ရှိကြလိမ့်မယ်"

"မင်းအစီအစဉ်လေး ကောင်းပါတယ်၊ ဘယ်နေ့စီစဉ်ထား
မင်း"

"မနက်ဖြန်လေ"

"ဘာရယ် မနက်ဖြန် ဟုတ်လား"

"ဟုတ်တယ် မံ၊ ကိုယ် သူငယ်ချင်းတွေကို အကြောင်း
ခေါ်ထားတယ်၊ မနက်ဖြန်ကျရင် တရားရုံးမှာ လက်ထပ်ကြမယ်၊
မင်္ဂလာပွဲကိုတော့ အကျဉ်းသဘော ထပ်စီစဉ်ကြမယ်လေ"





"မင်းရယ် မံ ရှင့်ကိုချစ်လိုက်တာ၊ မံတို့နှစ်ယောက်
ဘယ်တော့မှ မဝေးစေရဘူး၊ မံ ရှင့်ကိုလက်ထပ်မယ်၊ မံတို့
လက်ထပ်ခြင်းကို သတင်းစာထဲမှာ ကြော်ငြာမယ်၊ တစ်ခုတော့
ဝန်ခံချင်တယ် မင်း"

"ဘာဝန်ခံမှာလဲ မံ၊ ပြောလေ"

"အခု မံ ရှင့်ကိုလက်ထပ်တာ ရှင့်အမေကို အနိုင်ယူ
ချင်စိတ်က တစ်ဝက်ပါမယ်၊ ရှင့်ကိုချစ်တဲ့စိတ်က တစ်ဝက်ပါလိမ့်မယ်၊
ဒါကို ရှင်သိစေချင်တယ်"

"မံရယ် ကိုယ် ကိုယ်က"

"နေဦး မင်း မံစကား မဆုံးသေးဘူး၊ မံပြောခဲ့တာ
သတ်မှတ်ချက်စာချုပ်တွေမှာ လက်မှတ်ထိုး လက်ထပ်ခြင်းကို ပြောတာ၊
ရှင့်ကို မံသိပ်ချစ်တယ်၊ မံရဲ့ မြတ်နိုးချစ်ခြင်းတွေက ရှင့်ကို
ပိုင်ဆိုင်ရလည်း ရာနှုန်းပြည့်ကျော် ရှိနေမှာ သေချာတယ်"

ကျွန်မစကားတွေအဆုံးမှာ သူ ကျေကျေနပ်နပ်ပြုံးလို့ ကျွန်မ
နဲကို ပွေ့ဖက်လာသည်။ ကျွန်မခန္ဓာကိုယ်က သူ့ရင်ခွင်ထဲ အလိုက်သင့်
မြှုပ်ကျသွားခဲ့၏။

"မံကို ကိုယ်နားလည်တယ်၊ ခွင့်လွှတ်တယ်၊ ကျေနပ်တယ်၊
အဲဒါတွေအားလုံး မံကိုချစ်တဲ့ ချစ်ခြင်းနဲ့ထပ်တူ တည်ရှိနေမှာပါ မံရယ်"

နားလည်ခြင်းဖြင့် ကျွန်မတို့နှလုံးသားတွေ ပေါင်းစပ်သွား
သည်က သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချစ်မြတ်နိုးသော ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ခွင့် ရခဲ့ခြင်းက ကျွန်မအတွက် ကံကောင်းခြင်းဖြစ်ခဲ့ပေမယ့် မင်း မေမေ အတွက်တော့ ကံဆိုးခြင်းဖြစ်မှာ သေချာသည်။

✿ ✿ ✿



## အခန်း (၂၂)

တရားရုံးထဲမှာ နှစ်ဦးသဘောတူ လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးတော့ မင်း စီစဉ်ထားသည့်အတိုင်း ကျွန်မတို့ သူငယ်ချင်းတွေ စုံညီစွာရှိခဲ့ကြသည်။

ညီညီနှင့် ဝေယံက မင်းဘက်က အသိသက်သေအဖြစ် လက်မှတ်ထိုးကြသလို ကျွန်မဘက်က မာလာနှင့် ကေသီ။

လက်ထပ်စာချုပ်နှစ်စောင်ကို ယူဆောင်ကာ မင်းက ကျွန်မ လက်ထဲ ကမ်းပေး၏။

"ရော့ မံပဲ နှစ်စောင်စလုံး သိမ်းထားနော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကျေကျေနပ်နပ် ခေါင်းကလေးညိတ်ကာ လှမ်းယူပြီး စလင်းဘတ်အိတ်ထဲ အသေအချာ ခေါက်ထည့်သိမ်းသည်။

"ကဲ အားလုံးကို စားသောက်ဆိုင်တစ်ခုမှာ ကျွေးမွေးမယ် သွားကြစို့"

မင်းက ဦးဆောင်ကာ တရားရုံးခန်းရှေ့မှာ ရပ်ထားသော ကားဆီ လှမ်းသည်။ ကျွန်မတို့အားလုံး အနောက်က လိုက်ခဲ့ကြစဉ် မှာပဲ အခြေအနေတွေကို ဘာမှမသိဘဲ မင်းအကူအညီတောင်း၍ ရုံးက ခွင့်ယူလာခဲ့ရသော မာလာက

"နေကြစမ်းပါဦး ရှင်တို့က မင်္ဂလာပွဲမလုပ်သေးဘဲ လက်မှတ်ထိုး လက်ထပ်ကြတာဆိုတော့ ဘာတွေဖြစ်ကုန်တာလဲ နင့်အဘွားက သဘောမတူလို့လား မံရဲ့"

မာလာအမေးစကားကြောင့် ကျွန်မ အသံလေးထွက်အောင်ပင် ရယ်မောလိုက်ရင်း

"နင်တို့ ငါ့စကားကိုကြားရင် ဟားမှာသေချာတယ်၊ ပြီးတော့ ငါ့ဂုဏ်သိက္ခာလည်း ထိခိုက်တယ်၊ ဒါပေမဲ့ ငါ ဂရုမစိုက်ပါဘူး နင်တို့သိအောင် ပွင့်ပွင့်လင်းလင်းပြောပြမယ်၊ မင်း့မေမေက သူ့သား ငါနဲ့ သဘောမတူဘူးတဲ့လေ"

"ဘာရယ် မံ၊ မွမ်းမံ မေမေက"

မာလာ တအံ့တဩ မေးသည်။ ကျွန်မတို့ချင်း မဆုံတာ ကြာပြီမို့ ပြဿနာတွေကို မာလာမသိ။ ကေသီလည်း မသိရှာသေး





ဘာမှ မယုံနိုင်စွာ နားစွင့်လို့။

"သိပ်ဟုတ်တာပေါ့။ မံလို မိန်းမနဲ့ မင်းကို သဘော မတူဘူးလို့ ငါ့ကို အိမ်ထိခေါ်ပြီး ထိပ်တိုက်ပြောခဲ့တာ"

ကျွန်မစကားတွေကြောင့် မင်း လှည့်ကြည့်သည်။ မင်းမျက်နှာ ညှိုမှောင်ကာ ပျက်ယွင်းနေပေမယ့် ကျွန်မ မသိဟန်ဆောင်လျက် ဆက်ရှင်းပြလိုက်မိသည်။

ကျွန်မအပေါ် ပြုမူခဲ့သော မင်း့မေမေရဲ့ အပြုအမူတွေကို အားလုံးသိစေချင်သည်။ ပြီးတော့ ကျွန်မရင်ထဲက ခံစားချက်တွေ ကိုလည်း သူငယ်ချင်းတွေကို ဖုံးကွယ်မထားခဲ့ပါ။

"ငါနဲ့ သဘောမတူဘူးဆိုတဲ့ မင်းကို ရအောင်ယူပြချင်လို့ အမြန်ဆုံး လက်ထပ်ဖြစ်ခဲ့တာ၊ ခုလောက်ဆို ငါတို့သတင်း ကြားပြီး မင်း့မေမေ ဒေါ့ဒေါ့ခုန်နေမလားပဲ"

မင်း ဆက်မကြားရဲတော့သည့်အလား တောင်းပန်သည်။

"ဆောရီးဟာ၊ ငါမေးမိတာ တောင်းပန်ပါတယ်၊ မင်းစက်ရာ သော ဒါတွေမသိခဲ့လို့ပါနော်"

မာလာက သူ့ကြောင့်ဖြစ်ရသော ကိစ္စမို့ အားနာနေသည်။ ကျွန်မကတော့ ကျေကျေနပ်နပ် ပြုံးလိုက်ရင်း

"နင်မမေးလည်း ငါက ပြောပြမှာပါ မာလာရယ်၊ မင်း စိတ်ညစ်စရာဖြစ်ရင် မံ တောင်းပန်ပါတယ်၊ မံ ဟန်မဆောင်တတ်တာ မင်းအသိဆုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မံကို နားလည်ပါတယ် မံ၊ မံကို ကိုယ် အပြစ်မမြင်ပါဘူး"

"ငါတို့နှစ်ယောက်ကြားမှာ နားလည်တဲ့ ချစ်ခြင်းတွေနဲ့ နိုင်မြဲနှင်တို့အမြင်ပဲ မာလာ၊ ဒါပေမဲ့ ခုကိစ္စက မင်း့မေမေကြောင့် ဖြစ်ကုန်တာ မင်းကို ဆုံးရှုံးရရင် ငါ့အတွက် မင်း့မေမေကိုပါ အရှုံးပေးလိုက်ရမှာ သေချာတယ်၊ မင်း့မေမေကိုလည်း အနိုင်ယူနိုင်ပြီပေါ့ဟာ"

ကားပေါ်ရောက်ခဲ့သည်အထိ ထိုစကားတွေကို ကျွန်မ အားရပါးရ ပြောကောင်းနေတုန်း။ မင်းကတော့ နှုတ်ဆိတ်လျက် ကား မောင်းသည်။ ကျွန်မစကားတွေကို မကြားယောင်ပြုနေသည့်တိုင် မင်းမျက်နှာ ညှိုမှောင်နေဆဲရှိသည်။

"ကဲ တော်ကြပါတော့ မွှမ်းမံ၊ ဒီနေ့ မင်းနဲ့ မွှမ်းမံ မင်္ဂလာနေ့လေ"

ညီညီက မနေနိုင်တော့ဘဲ ဝင်တားမှ ကျွန်မစကားတွေ ရပ်မိတော့သည်။ မင်းကိုလည်း သနားသွားမိ၏။

"ဆောရီးနော် မင်း၊ မံ့ကိုခွင့်လွှတ်ပါ၊ ဒီနေ့ မံ သိပ်ပျော်နေတာ အမှန်ပါ၊ မင်္ဂလာနေ့ကလေးကို မင်္ဂလာရှိရှိပဲ ကုန်ဆုံးရအောင်နော်"

မင်း လက်မောင်းလေးကို ခိုတွယ်ဆုပ်ကိုင်ရင်း ဆိုတော့ မင်း နွေးနွေးလေးပြုံးကာ ခေါင်းညိတ်သည်။

"ဟော့ မင်း ကားကိုရပ်လိုက်စမ်းပါ"

"ဘာလို့လဲ ဝေယံ၊ ဘာလုပ်မလို့လဲ"





"ခဏလေးရပ်လိုက်၊ ငါပြောသလို လုပ်စမ်းပါ"

ဝေယံ ဖွတ်တားနေတာမို့ မင်း ကားကို ထိုးရပ်ပေးသည်။ သည်တော့မှ ဝေယံ ကားပေါ်က တံခါးဖွင့်ဆင်းပြီး မင်းရှိရာ ညာဘက် တံခါးဆီ ကွေ့လျှောက်လာ၏။

"ဖယ် မင်း ဟိုဘက်တိုး၊ ငါမောင်းမယ်"

"ရပါတယ်ကွာ၊ ဘာဖြစ်လို့လဲ"

"မင်းတို့မင်္ဂလာမောင်နှံ အေးအေးဆေးဆေးလိုက်ခဲ့၊ မွှမ်းမံကို ဘကြည့်ကြည့် ကားမောင်းနေတာ ငါအူယားတယ်"

သည်တော့မှ ဝေယံကြောက်နေတာ ရိပ်မိကာ အားလုံး ရယ်လိုက်မိကြသည်။ ညီညီက

"ခွေးကောင် သေမှာတော့ကြောက်တယ်"

"မိန်းမ မရသေးဘူးလေကွာ ဟဲ ဟဲ"

"မင်းလိုကောင်ကို ယူမယ့်မိန်းမ ရှိမှာမဟုတ်ဘူး၊ ဒီတော့ သေတဲ့အထိတောင် ရမှာမှ မဟုတ်ဘဲ၊ မပူနဲ့ ငါ ငှက်ပျောတုံး ဘထည့်ပေးမှာပါ"

ညီညီ နှိပ်ကွပ်လိုက်တာမို့ ဝေယံ ပျစ်ပျစ်နစ်နစ် ဆဲသည်။ ဒါမှ ကျန်သူများကို အားနာသွားဟန်နှင့် တောင်းပန်နေသေးလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ မင်္ဂလာနေ့ကလေးက ပျော်စရာ ကောင်းခဲ့ကြသည်။ စားသောက်ဆိုင်တစ်ခုမှာ ပြည့်စုံသော ဂုဏ်ပြု အမင်းပိုင်းလေးက သူငယ်ချင်းတွေ စုံလင်စွာနှင့် စည်ကားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီနှင့် ဝေယံ ဖွတ်တောင်းဆိုသဖြင့် ဘီယာသုံးခွက် မှာကာ မင်းတို့ ယောကျ်ားလေးသုံးယောက် ခွက်တွေမြှောက် ချီးယား လုပ်ကြသေးရဲ့။

"ငါတို့သူငယ်ချင်းကြီးရဲ့ မင်္ဂလာနှစ်ရက်မြတ် နောင် နှစ်ရာ တိုင်စေသော်ဝ်"

မင်္ဂလာဂုဏ်ပြုထမင်းဝိုင်းသိမ်းတော့ အားလုံး အလိုက်တသိနှ ကိုယ့်အစီအစဉ်အတိုင်း ပြန်ကြမည်ဆိုသည်။

"မင်းတို့အားလုံးကို ကျေးဇူးတင်တယ် သူငယ်ချင်းတို့ရာ"

"မလိုပါဘူး မင်းရာ၊ မင်္ဂလာပွဲလုပ်ဦးမှာဆို စိတ်ချ ငါတို့ အရောက်လာခဲ့မယ်"

"အေး ဒီလထဲမှာ လုပ်ဖြစ်မှာပါ၊ မင်းတို့အားလုံးကို အကြောင်းကြားမှာပေါ့၊ ကိုင်း အားလုံး ဂွတ်ဘိုင်"

အပြန်လမ်းမှာတော့ ကျွန်မနှင့် မင်း နှစ်ယောက်တည်း မင်းပခုံးကို မှီနွဲ့လို့ ကျွန်မရင်တွေ တသိမ့်သိမ့် လှုပ်ခါနေသည်။ ကျွန်မတို့ မင်္ဂလာဦးနေ့လေ။ လတ်တလောမှာ မင်းနဲ့ ကျွန် နေဖို့အတွက် တိုက်ခန်းတစ်ခု ငှားရမ်းထားသည်။ ကျွန်မတို့ မင်္ဂလာဦးရက်တွေကို ထိုတိုက်ခန်းလေးမှာပဲ ပျော်ရွှင်စွာ ကုန်ဆုံး ဖြတ်သန်းချင်သည်။

"ကိုယ်ရင်တွေ အရမ်းခုန်နေတယ်၊ အချစ်ရော ရင်တွေ ခုန်နေလားဟင်"





ကြည့်စမ်း။ သူက နူးညံ့သည့်အသံကလေးနှင့် ကျွန်မကို ချစ်တဲ့။ ကျွန်မတစ်ကိုယ်လုံး ထူပူလို့ ရှိန်းမြသွားခဲ့တာအမှန်။

ဟုတ်ပါရဲ့။ သူနဲ့ကျွန်မ လက်ထပ်ပြီးခဲ့ပြီလေ။ မကြာခင် င်မယားဘဝ ရောက်ကြတော့မှာပဲ။

မင်းလိုပဲ ကျွန်မလည်း ရင်တွေခုန်နေတာပေါ့။ ပြီးတော့ င်းဆိုတဲ့ အခေါ်အဝေါ်နေရာမှာ နာမ်စားတစ်ခု ပြောင်းလဲခေါ်ချင် ိုက်တာ။

ကျွန်မစကားသံကို ငံ့လင့်နေတဲ့ မင်းမျက်နှာလေးကို ကျွန်မ နူးနှစ်နှစ်စိုက်ကြည့်ရင်း

"ဟုတ်တယ်၊ မံသိမ်ပျော်နေတယ်၊ ပြီးတော့ ရင်တွေ ရမ်းခုန်နေတယ်၊ မောင်နဲ့ ထပ်တူပေါ့ မောင်ရယ်"

ရုတ်တရက် မင်း ကားလေးကို ထိုးရပ်လိုက်၏။ ပြီးတော့ ျွန်မကို တောက်ပလဲ့ဖြာနေတဲ့ မျက်ဝန်းတွေနဲ့ ငေးကြည့်ရင်း

"မံ မံဘယ်လိုခေါ်လိုက်တယ်၊ ကိုယ်ထပ်ကြားပါရစေဦး"

"အို မံရှက်တယ် မောင်ရဲ့"

"ဟား အရသာရှိလိုက်တာ အချစ်ရယ်၊ တကယ်ချိုမြိန်တဲ့ သံလေးကို ကိုယ် အမြဲတမ်း ကြားချင်လိုက်တာ"

ကျွန်မ ထူထူပူပူ ရှိန်းရှိန်းမြမြနဲ့ မောင့်ရင်ခွင်ထဲ မှီနွဲ့ သွားခဲ့၏။ နူးညံ့သော သိမ်မွေ့ညင်သာသော မောင့်အနမ်းတွေက ျွန်မနဖူးပြင်၊ ပါးပြင်တွေ နေရာမလပ် ပွင့်ဝေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ယစ်မူးဖွယ်ရင်ခုန်သံတွေနဲ့ ကျွန်မ်ကော မောင်ပါ နစ်မြော...
နေတုန်းမှာ မောင့်ဖုန်းသံလေးက မြည်လာသည်။

မောင် ဆတ်ခနဲ လန့်သွားရင်း ဟမ်းဖုန်းလေးကို ကောက်...
နားထောင်လိုက်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ မင်းစက်ရာပါ"

မောင့်အသံတွေက အလိုမကျသလို မာဆတ်ဆတ်မို့ ကျွန်...
ပြုံးလိုက်မိသေးရဲ့။ ဖုန်းဆက်နေတဲ့ မောင့်မျက်နှာလေးကို ငေးကြ...
နေတုန်း။

"ဗျာ မေမေ မေမေ့ကို ဆေးရုံတင်လိုက်ရပြီ"

မောင့်မျက်နှာက တုန်လှုပ်ထိတ်လန့်သွားတာ အထင်အရှား...
မောင့်မျက်ဝန်းတွေက စိုးရိမ်ပူပန်မှုတွေ အရိပ်ထင်လာ၏။

"ဟုတ် ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်တော် အရောက်လာ...
ပါ့မယ်၊ ဒါပဲ"

ကျွန်မ မောင့်မျက်နှာကို ငေးရင်း ငြိမ်သက်နေမိဆဲ။ မော...
ပူပန်သောကတွေ သယ်ဆောင်လာတဲ့ မျက်ဝန်းတွေနဲ့ ကျွန်မ...
လှမ်းကြည့်၏။

"မေမေ အရေးပေါ် ဆေးရုံတင်လိုက်ရပြီ မံ"

"မဖြစ်နိုင်ဘူး မင်း၊ လုံးဝမဖြစ်နိုင်ဘူး၊ ဒါ လှည့်စား...
တစ်ခုပဲ ဖြစ်မှာပါ၊ မင်းယုံသလား"

"ကိုယ်တို့မိသားစုဆရာဝန်ကြီးကိုယ်တိုင် ဆက်တာ မံ...



...မေမေကို တကယ် ဆေးရုံတင်လိုက်ကြရတာ၊ ကိုယ်သွားမှဖြစ်မယ်"

"ဘာ ဘာရယ်၊ မံကိုထားခဲ့ပြီး ရှင်သွားမှာလား မင်း။
...နေ့ မံတို့ မင်္ဂလာဦးနေ့ဆိုတာ ရှင် သတိရသေးရဲ့လား"

"မံရယ် အချစ်ရယ်၊ မောင့်ကို နားလည်ပါနော်"

ဟင့်အင်း။ ဒီတစ်ခါခေါ်တဲ့ သူ့အခေါ်အပြောတွေက ကျွန်မကို
...နိုင်စွမ်း မရှိစေခဲ့ပါ။ ကျွန်မရင်ထဲမှာ သိပ်ကြောက်ရွံ့နေသည်။
...မေမေ ဘာတွေကြံစည်နေတာလဲ။ ကျွန်မ မေ့လျော့ထားမိတဲ့
...မေမေမျက်နှာကို မြင်ယောင်လာတယ်။

"မံ မယုံဘူး မင်း၊ ရှင်နဲ့မံ့ကို ခွဲဖို့ မင်း့မေမေ
...စည်တာပဲဖြစ်မှာပါ၊ ရှင်မသွားပါနဲ့နော်"

မင်းလက်မောင်းကို ဆုပ်ကိုင်ပြီး ကျွန်မ တောင်းပန်နေမိသည်။

"ကိုယ်သိတယ် မံ၊ မေမေ စိတ်ထိခိုက်ပြီး ဝေဒနာ
...လာတာ သေချာတယ်၊ မေမေ တစ်ခုခုဖြစ်ရင် ကိုယ်ရင်ကျိုးမှာ၊
...သက်လုံး နောင်တရလို့ဆုံးမှာ မဟုတ်ဘူး၊ မေမေ တိမ်းပါးသွား
...တောင် ကိုယ့်လက်ထဲမှာ တခဏလေး တွေးပွေ့ထားခွင့်ပေးပါ
...နော်၊ ကိုယ့်ကို ခွင့်ပြုပါ၊ မရေ..."

ကြည့်စမ်း။ မင်းမျက်ဝန်းထဲမှာ ဘယ်တုန်းကမှ ကျွန်မ
...ဘူးတဲ့ မျက်ရည်တွေ စိုစွတ်လို့။ မင်း ဒီလောက်ထိ ကြေကွဲ
...နေသလား။ ကျွန်မရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွ...ရတာ အမှန်။

"မင်း ရှင်တကယ်ပဲ မံကို ထားရစ်ခဲ့ပြီး ထွက်သွား မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မေမေအတွက် ရှင် ပူပန်နေသလားဟင်''

"မံရယ် မေမေ့ကို ကိုယ်ချစ်တယ်၊ ကိုယ့်အမေရင်းလေ"

ကျွန်မ နားလည်လိုက်ပါသည်၊ မင်းရင်ထဲက ပူလောင်မှုတွေ ကျွန်မ ငြိမ်းသတ်မရနိုင်တာ သေချာသည်။ ဒါ လူညှိစားမှုတစ် ဖြစ်နေရင်တောင် ကျွန်မ ဘယ်လိုပြောပြော မင်း လက်ခံမှာမဟုတ်

"ကောင်းပြီ မင်း ခဏလေး"

မင်းကိုပြောရင်း ကျွန်မ ကုရှင်ပေါ်က စလင်းဘတ်အိ ကလေးကို လှမ်းယူလိုက်သည်။ ကျွန်မလှုပ်ရှားသမျှ ငေးကြည့်နေ မင်း ကျွန်မလက်ထဲ ပါလာတဲ့ လက်ထပ်စာချုပ်နှစ်စောင်ကို တအံ့တ ကြည့်နေ၏။

"မင်း သွားမယ်ဆို သွားပါ၊ ဘယ်လိုနှောင်ဖွဲ့မှုတွေနဲ့မှ ရှင် မံ မတားမြစ်ဘူး၊ မချုပ်ကိုင်ထားဘူး''

"မံ မံ ဘာလုပ်မလို့လဲ''

သူ့အမေးစကားအဆုံးမှာ ကျွန်မ လက်တွေ့လုပ်ပြလိုက် စာချုပ်နှစ်စောင်က ကျွန်မလက်ထဲမှာ အပိုင်းပိုင်း စုတ်ပြဲသွားခဲ့သည်

"မံ မံရယ် ဘယ်လိုလုပ်လိုက်တာလဲကွာ''

"ဘာတွေနဲ့မှ မင်းကို ချုပ်နှောင်မထားကြောင်း သက် ပြလိုက်တာပါ၊ လက်ထပ်စာချုပ်ဆိုတာ စာရွက်တစ်ခုပါပဲ၊ အချစ်အ သစ္စာတရားပျော့ ခါက် မနိုင်မြဲပါဘူး မင်း၊ မင်းနဲ့မံ ဘာ မသက်ဆိုင်သေးဘူးလေ၊ မင်းဘဝတစ်ခုလုံး မံ့အတွက်ဆို





သေချာတဲ့တစ်နေ့ မံ့ဆီ ပြန်လာခဲ့ပါ၊ မံ့နှလုံးသားက မင်းအတွက် အသင့်ရှိနေတယ်ဆိုတာ ယုံလိုက်ပါ မင်း''

"ကိုယ် မံ့ဆီ ပြန်လာမှာပါ''

ကျွန်မ ယဲ့ယဲ့ပြုံးလိုက်မိ၏။ ကားတံခါးဖွင့်ကာ သူ ဆင်းသွားတာကိုလည်း မတားချင်တော့ပါ။ ရင်ထဲမှာတော့ တဆစ်ဆစ် နာကျင်နေသည်။ မင်းကိုမဟုတ်။ ကျွန်မရဲ့ ရှုံးနိမ့်မှုအတွက်ပါပဲ။ မင်း့မေမေကို ကျွန်မ ရှုံးနိမ့်ခဲ့ပြီဆိုတာ သေချာသည်။

ရင်ထဲမှာ လှိုက်ဖိုရင်း ဝမ်းနည်းလာမိသည်။ အို ဘုရားရေ ကျွန်မပါးပြင်မှာ စိုစွတ်နေတာ ဘာတွေလဲ။ ဟင့်အင်း ကျွန်မ မငိုဘူး။ ဘယ်တော့မှ မငိုဘူး။ မျက်ရည်မကျဘူး။ ရှုံးနိမ့်မှုအတွက် ကျွန်မ မျက်ရည်ကျတာမဟုတ်ဘူး။

ဒါ မင်းအတွက်။ ကျွန်မနှလုံးသားက ယိုစီးကျလာတဲ့ သွေးစက်တွေပါ မောင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မွမ်းမံကို သား လက်မထပ်ပါဘူးလို့ မေမေ့ကို ကတိပေး
သား၊ မေမေကြားချင်တာ အဲဒီစကားတစ်ခွန်းပဲ၊ မေမေ သား
ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ချစ်ခင်ကြင်နာခဲ့သမျှအတွက် မေမေလိုချင်တာ
တစ်ခုတည်းပဲ၊ မွမ်းမံကို သားဘဝထဲက မေ့ပစ်လိုက်ဖို့ပဲ သား"

"မေမေရယ်၊ ကျွန်တော့်နှလုံးသားကို မေမေ စာနာပေးပါဦး
သားရင်ထဲမှာ ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ပဲရှိတယ်၊ သူက မွမ်းမံ
မေမေ၊ မေမေ့ရဲ့ ဒဏ္ဍာနဲ့ အညှိုးတွေကို ဖျောက်ပစ်လိုက်ပါတော့
မေမေရယ်"





"မေမေ အသက်ရှူနေသ၍ မေ့ပျောက်မရဘူး သား၊
မေကာ ခံစားခဲ့ရသူ၊ နာကျင်ခဲ့ရသူ၊ ဒါတွေခံစားပြီး မေမေ
ဂါဝေဒနာ ရခဲ့တာ သားအသိ၊ ဒီတော့ မေမေ့စကားကို
ယောင်ရင်လည်း ရှိစေတော့။ မေမေ လောကကြီးထဲက ထွက်သွားဖို့
ကြာက်ဘူး သား၊ တစ်ခုပဲဝမ်းနည်းတယ်၊ မေမေ့သားက
ရင်းထက်တောင် မွမ်းမံကို ချစ်နေတာ မေမေ ခံစားနာကျင်ရတယ်
"

မေမေ့စကားက သူ့ရင်ထဲထိ စူးနစ်ဝင်သည်။ မေမေ့ပါးပြင်
က မျက်ရည်တွေကို သူ မမြင်ရက်။ မေမေ့ဝေဒနာကို
းလည်သည်။ သူသာ အချိန်မီပြန်မရောက်လျှင် မေမေ သေဆုံး
နိုင်သည်တဲ့။ ဆရာဝန်ကြီးက သူ့ကို ရှင်းပြပြီးခဲ့ပြီ။

"မင်းမေမေအသက်က မင်းလက်ထဲမှာ ရှိတယ်
င်မင်းစက်ရာ၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို အန်ကယ်
ဖက်ချင်ဘူး၊ အန်ကယ်ရဲ့ လူနာတစ်ယောက်အတွက်ပဲ
င့်လင်းလင်း ပြောမယ်၊ မင်းအမေ ဆက်အသက်ရှင်စေချင်ရင်
း အနီးမှာ တစ်ဖဝါးမခွာ ရှိနေမှရမယ်၊ ဒါဆို မင်းသဘောပေါက်မှာပါ"

သူ နားလည်ပါသည်။ သူနှင့် မွမ်းမံ လက်ထပ်လိုက်ပြီဟု
င်းသဲ့သဲ့ ကြားရုံနှင့် မေမေ ဝေဒနာတိုးကာ ဆေးရုံပေါ်
က်သွားခဲ့၏။

မေမေ့အနီးမှာ အရိပ်လို သူ ရှိနေရ၏။ ခုချိန်မှာ မံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိနေသည်လည်း မသိပါ။ သူ့ဖုန်းကို မေမေ ယူသိမ်းထ
လိုက်တာမို့ မံထံမှ ဆက်သွယ်သလား သူ မသိပါ။

ဒါမှမဟုတ် မံ သူ့ကို မုန်းသွားသည်လား။ မေမေကို ရှ
ခဲ့သည်ဟု ထင်မှတ်သွားကာ သူ့ကို နာကျည်းနေသည်လား။

မေမေ့ကို စာနာနိုင်သလို၊ မံကိုလည်း နားလည်သည်
သူ့ကိုချစ်တာကိုလည်း ယုံကြည်ပါသည်။

လတ်တလောမှာတော့ မေမေ့ဝေဒနာကြောင့် မေမေ့ကို
ကတိပေးလိုက်ရသည်။ သူ အိမ်ရောက်ခဲ့တာ တစ်ပတ်ပြည့်တော့
ခုချိန်ထိ မံဆီ ဆက်သွယ်ဖို့လည်း မဝံ့ရဲသေး။

မေမေနည်းတူ မံဘက်က ပြတ်သားစွာ မေးလာလျှင်
ဘယ်လိုပြောရမည်လဲ။ ပထမအကြိမ်တုန်းကလို ဖြစ်ချင်ရာဖြစ်
မဆုံးဖြတ်ရဲတော့ပါ။ မေမေ အခြေအနေက အစိုးရိမ်ရဆုံး။

ပြဿနာအားလုံးကို မကြာမီ အင်္ဂလန်ကပြန်လာမည့် ကို
ရောက်လာမှ ပြောပြမည်။ ကိုကိုကိုယ်တိုင် မေမေ့ကို နားချနိုင်
အဆင်ပြေနိုင်သည်။

နောက်ဆုံး မေမေ ငြင်းဆိုနေလျှင်တောင် သူ ကို
ပွင့်လင်းစွာ ပြောမည်။ မံကို သူ မစွန့်လွှတ်နိုင်။ ကိုကိုက မေမေ့အ
သူ့ကိုယ်စားရှိနေလျှင် မေမေ အခိုးဝါးဆုံး ဖြစ်မသွားနိုင်ဟု ထင်
ကိုကို ရောက်မလာခင်အထိတော့ မွန်းကြပ်စွာနှင့်
ရှင်သန်ပေဦးတော့။





ဆေးအရှိန်နှင့် မေမေ အိပ်ပျော်သွားတော့ သူ အိမ်ဖော်မလေး
...တုတ် ယူလာပေးသော သတင်းစာကို ကောက်ယူဖတ်ရင်း
...ခုင်းဘွတ်မှာ လှဲလိုက်သည်။

သတင်းစာကို လှန်လျှောရင်း သူ မျက်ဝန်းထဲမှာ
...င်ထင်ရှားရှား မြင်လိုက်ရသည့် သတင်းတစ်ပုဒ်က ခေါင်းနပန်း
...ကြီးသွားမတတ်။

''ဟာ ဒါ ဒါ''

သူ မယုံနိုင်စွာ ပင့်သက်ချလျက် စေ့စပ်ကြောင်းလမ်းခြင်း
...တင်းကို ကသောကမျော ဖတ်ကြည့်လိုက်မိသည်။

သတို့သားနာမည်က သူ့နာမည်။ မိဘနာမည်တွေကော
...တိအကျ။ အင်္ဂလန်မှာ ပညာသင်ယူနေဆဲ ကိုကို့နာမည်တောင်
...ါနေသေးသည်။

မေမေ ဘာတွေလုပ်နေတာလဲ။ သူ အလန့်တကြားတွေးရင်း
...တို့သမီး အမည်နာမကို ဖတ်ကြည့်လိုက်တော့

''ဟင် ဝတ် ဝတ်ရည်သွယ်တဲ့''

ဝတ်ရည်သွယ်ကို သူသိနေသည်။ မေမေ့မိတ်ဆွေ ဒေါ်မြသွယ်၏
...မီး။ အရင်က အိမ်ကို မကြာခဏ လာလည်ဖူး၍ သူ မြင်ဖူးသိနေတဲ့
...ကောင်မလေးပါပဲ။

မေမေကတောင် သားအတွက် မေမေရွေးထားတဲ့
...ချွေးမလောင်းဟု ပြောဖူးသည်။ ထိုစဉ်က နောက်နောက်ပြောင်ပြောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူတောင် ပြောခဲ့သေးတာ။

"သားတော့ မကြိုက်ပါဘူး။ မေမေ့သားကြီးနဲ့ ပေးစားလိုက်မယ် အင်္ဂလန်က ပြန်လာတာနဲ့ ပေးစားပစ်လိုက်ပေါ့"

အခုတော့ ဝတ်ရည်သွယ်နဲ့ သူ့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်း သတင်းက သတင်းစာထဲ ပါလာသည်။ သူ တုန်တုန်ယင်ယင်နှင့် မေမေ့ အိပ်နေရာကို လှမ်းကြည့်မိ၏။

မေမေ မျက်လုံးတွေပွင့်လို့ သူ့ကို ပြုံးကြည့်နေလေ၏။

"မေ မေမေ ဒါ ဒါ"

"ဟုတ်တယ် သား၊ သားနဲ့ ဝတ်ရည်သွယ်တို့ကို မေမေ စီစဉ်လိုက်တာပဲ"

"ဟာ ကျွန်တော် ဘာမှ မသိလိုက်ပါလား မေမေ"

"အခု သား သတင်းစာထဲမှာ ဖတ်ရပြီပဲ မဟုတ်လား"

မေမေ တည်ငြိမ်စွာ ဆိုနေခြင်းပေမယ့် သူကတော့ သိပ်ကို တုန်လှုပ်သွားရပါသည်။ ဒါ သူ မသိလိုက်သည့် ကိစ္စ။ သတင်းစာထဲ အထိတောင် ပါလာသည့်ဆိုတော့ မံ မံ သိနေပြီလား။

"မေမေ ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ကျွန်တော် လက်မခံဘူး အစီအစဉ်ပွာယ် လုံးဝမရှိဘူး"

"မွမ်းမံနဲ့ သား နီးစပ်သွားမှာ မေမေ မမြင်တွေ့ချင်ဘူး ဒါကြောင့် စီစဉ်လိုက်တာ၊ နောက်တစ်ပတ်ထဲမှာ မင်္ဂလာပွဲ စီစဉ်ပေးမယ် မေမေ အားလုံး ညှိနှိုင်းပြီးပြီ၊ မေမေ အရှက်ကွဲအောင် မလုပ်ပါနဲ့





သား"

"မဟုတ်ဘူး၊ မေမေ မတရားဘူး၊ သိပ်ရက်စက်တယ်၊ ကျွန်တော် ဘာမှမသိဘူး၊ သွားပြီ"

သူ ပေါက်ကွဲရေရွတ်ရင်း တုန်ယင်နေတာကို စူးစိုက်ကြည့်နေရာမှ မေမေ အင့်ခနဲ တစ်ချက်ရှိုက်၏။ ပြီးတော့ မေမေ ခေါင်းပေါ် ငိုက်ခနဲ ပြိုလဲကျသွားသည်။

"ဟာ မေ မေမေ၊ မေမေ"

သူ စိုးရိမ်ပူပန်စွာ ဟစ်အော်ရင်း မေမေကို ပွေ့ထူမိ၏။ မေမေ သတိမလစ်သေးပါ။ ဝေဒနာအရှိန်ကြောင့် ချွေးတွေ ရွှဲနစ်နေလေသည်။ မေမေ ဟန်ဆောင်နေခြင်း မဟုတ်တာတော့ သေချာသည်။

"သား မေမေ့အတွက် ဆေး ဆေးပေးစမ်းပါ"

သူ ကပျာကသီ ဘူးထဲကဆေးကို ထုတ်ကာ မေမေ့လက်ထဲ ထည့်ပေးသည်။ ပြီးတော့ ကရားထဲက ရေကျက်အေးတစ်ခွက် ကမ်းပေးရသည်။

ဆေးသောက်ပြီး တခဏအကြာမှာ မေမေ သက်သာစ လာ၏။ သူ မေမေ့ကို စိုးရိမ်စွာ ပွေ့ထားရင်းမှ

"မေမေ သက်သာရဲ့လားဟင်"

"အင်း သား မေမေ့ကို စိတ်နာသွားလား။ မေမေ့ကို မုန်းတီး သွားပြီလား သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ကျွန်တော်"

သူ့စကားတွေ အဆုံးမသတ်ပဲ ရပ်တန့်သွားရသည်။ ရင်ထဲမှာ ရှိသော စကားတွေ နှုတ်က ဘယ်လိုမှထွက်မလာ။ သူ့နှလုံးသားမှာ မံပဲ ရှိတယ်လေ။

"မေမေ့ကို မုန်းချင်မုန်း၊ မေမေ့ကို မုန်းသလို မွှမ်းမံကိုလည်း မေ့လိုက်ပါ သား၊ သားလက်ထပ်ရမှာ ဝတ်ရည်သွယ်ပဲ"

သူ ငြင်းပယ်လို့ မရနိုင်တော့တာ နားလည်လိုက်သည်။ မေမေရဲ့ အတ္တတွေကို သူ အရှုံးပေးလိုက်ရပြီထင်ရဲ့။ လောကကြီးထဲမှာ မေမေ အသက်ဆက်ရှင်သန်ဖို့ မေမေ စိတ်ချမ်းသာဖို့အတွက် သူ့နှလုံးသားကို စတေးရတော့မည်လား။

အာရုံထဲမှာ မံပုံရိပ်လေးက တိုးဝင်လာသည်။ သူ့ရင်ထဲမှာ နာကျင်ကြေကွဲစွာ ခံစားလိုက်ရ၏။

ရင်ထဲက စကားတွေကို မံ ကြားနိုင်မည်လား။

ကိုယ့်ကို မုန်းမေ့လိုက်ပါတော့ မံရယ်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၂၄)

"ဟင့်အင်း မဟုတ်ဘူး၊ မဟုတ်နိုင်ဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး"

ကျွန်မနှုတ်က ထိုစကားလုံးတွေကို အထိတ်တလန့် ရေရွတ်ခဲ့ပေမယ့် သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုသော သတင်းလေးက အထင်အရှား မြင်တွေ့နေရသည်။ သွေးပျက်ထိတ်လန့်ခြင်းတွေနဲ့ နာမည်တွေကို ကျွန်မ ဖတ်ကြည့်တော့ သိပ်ကို သေချာသွားခဲ့ပါသည်။

ဒါ မင်းရဲ့ စေ့စပ်ကြောင်းလမ်းသတင်းပါပဲ။ ကျွန်မ အသက်မဲ့သော ကျောက်ရုပ်တစ်ရုပ်လို မိနစ်အတော်ကြာ မင်းသက်ကြောင်ငေး



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိသေးသည်။ ကြည်စမ်း။ ကျွန်မစိုးရိမ်နေခဲ့သည့်အတိုင်း အား
ဖြစ်ပျက်ခဲ့ကြချေပြီ။ ဒါ ဟိုမိန်းမကြီးရဲ့ အစီအမံတွေပဲပေါ့။ မင်းကိုယ်
မရှောင်လွှဲနိုင်အောင် ကြုံဆုံလိုက်ရပြီထင်သည်။

မှမ်းမံ ဆိုတဲ့ ကျွန်မဘဝ ပြီးဆုံးသွားပြီလား။ ဟင့်အ
ကျွန်မ မငိုဘူး။ မှမ်းမံ ဘဝအသစ်ကို ကျွန်မ ပြန်တည်ဆော
ရမယ်။ ကျွန်မ တစ်လှည့် ပြန်အနိုင်ယူနိုင်အောင် ကြိုးစားမယ်
ရှင့်မေမေရယ်၊ ပြီးတော့ ရှင့်အတွက်ပါ ကျွန်မ ကောင်းကောင်း
ပြန်တုံ့ပြန်ရမယ်။

အဲဒီအတွက် နည်းလမ်းတစ်ခုတော့ ရှိနေမှာ ကျွန်မယုံသည်
အရှုံးအမူး ချစ်ခြင်းတွေက တစ်ခါတစ်လေမှာ ခါးခါးသီးသီးအမုန်း
အဖြစ် ပြောင်းလဲသွားတတ်၏။

ရှင် ခံယူဖို့ ပြင်ဆင်ထားတော့ မင်းစက်ရာ။

✿ ✿ ✿



အခန်း (၂၅)

ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သော မင်းစက်ရာနှင့်
သတ်ရည်သွယ်တို့ရဲ့ မင်္ဂလာညည်ခံပွဲကို ကျွန်မ ရောက်ခဲ့တယ်။ အနီရောင်
ဆံပင်ဖွားယောင်းယောင်းနဲ့ နက်ရောင်မျက်မှန်တပ်ဆင်ပြီး ဘယ်သူမှ
မှတ်မိအောင် ရုပ်ဖျက်ထားသော ကျွန်မကို အားလုံး မရိပ်မိခဲ့ကြ။
သတိမထားခဲ့မိကြပါ။

ညည်ပရိသတ်ကို နှစ်ကိုယ်ယှဉ်တွဲပြီး ညည်ခံနေသော မင်းနဲ့
သတ်ရည်သွယ်တို့ကို ကျွန်မ ငေးကြည့်နေမိသည်။ မင်းမျက်နှာက
ဟန်ဆောင်အပြုံး ယဲ့ယဲ့တွေနှင့်ပေမယ့် မင်း မျက်ဝန်းတွေက ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



ညှို့မှိုင်းနေတာလား။

အို ဘယ်လိုပဲဖြစ်ဖြစ် ရှင့်ကို သိပ်နာကျည်းတယ် မင်း တကယ်ဆို ဒီပွဲမှာ ဖြစ်သင့်တာ ရှင်နဲ့ ကျွန်မ လက်ထပ်ပွဲပေါ့ အခုတော့ ကျွန်မမဟုတ်တဲ့ မိန်းကလေးက ရှင်နဲ့ လက်ချင်းချိတ် ကြည်နူးနေတဲ့ မြင်ကွင်း။ ဘယ်လောက် နာကျင်စရာကောင်းသလဲ

ကြည့်စမ်း။ သိပ်ရွံရှာစရာကောင်းတဲ့ မိန်းမကြီး။ ရှင့်မေ ကတော့ သိပ်ပျော်ရွှင်နေပုံပဲ။ ရောဂါဝေဒနာသည်တစ်ယောက်လို့တော် မထင်ရဘူး။ အောင်ပွဲအတွက် ပျော်ရွှင်နေလိုက်တာ မျက်နှာကြီး ပြုံးရယ်လို့။

"အဟင်း ဒါ သားငယ်ရဲ့ပွဲလေ၊ သားကြီးကတော့ ပြီးခဲ့ အပတ်ကမှ အင်္ဂလန်က ပြန်ရောက်လာတာ မိုးရဲ့"

"ဟင် ဟုတ်လား၊ လင်းရောင် ပြန်ရောက်လာပြီလား ဘယ်မှာလဲ ခင်လေးရဲ့ မတွေ့ပါလား"

"ညီဖြစ်သူ မင်္ဂလာပွဲမို့ အရောက်လာပေမယ့် သူ့ခမြာ ဒီ ပွဲမျိုးတွေကို သိပ်တက်တာမဟုတ်ဘူး။ ဟောဟိုမှာလေ၊ ထောင့်ဆုံးဝိုင်း ထိုင်နေလေရဲ့ မိုးရဲ့"

မင်း့မေမေနဲ့ မိန်းမကြီးတစ်ယောက်တို့ တရင်းတနှီး ပြောနေ စကားတွေကို ကျွန်မ ကြားနေရသည်။ ကျွန်မမျက်လုံးတွေက မင်း့မေ ညွှန်ပြတဲ့ဝိုင်းကို လှမ်းကြည့်လိုက်မိ၏။

တစ်ခုတည်းသော စားပွဲဝိုင်းမှာ တစ်ယောက်တည်း ဟိုင





သည်ငေး ထိုင်နေတဲ့ ပုဂ္ဂိုလ်က မင်းနဲ့ ခပ်ဆင်ဆင်ရယ်။ ဒါ မင်းရဲ့ အစ်ကို လင်းရောင်ဆိုတာပဲပေါ့။ အင်္ဂလန်မှာ ဘွဲ့လွန်ပညာသင်ပြီး ပြန်လာတဲ့ ဒေါက်တာလင်းရောင်တဲ့။

ကျွန်မမျက်လုံးတွေ တလက်လက် တောက်ပသွားသည်။ ဒါ ကျွန်မအတွက် သိပ်ကိုလှပတဲ့ အခွင့်အရေးတစ်ခုပဲ။ မင်းရဲ့ အစ်ကိုရင်းချာ၊ ဒေါ်ခင်လေးသူ့ရဲ့ သွေးသားအရင်းတစ်ယောက်လေ။ ကြည့်စမ်းပါဦး ဘယ်လောက်ကံသင့်လိုက်သလဲ။

လင်းရောင်ဆိုတဲ့ ယောကျ်ားကို ကျွန်မ သိမ်းသွင်းချုပ်ကိုင် နိုင်ခဲ့ရင်။

ပြီးပြီပေါ့။ ကိစ္စအားလုံး ပြီးပြတ်သွားမှာ အသေအချာ။ မင်း့မေမေကိုလည်း ကျွန်မ အနိုင်ယူနိုင်မည်။ ကျွန်မကို ဥပေက္ခာပြု သွားတဲ့ မင်းကိုလည်း လှပစွာ လက်စားချေနိုင်မည်။

အင်္ဂလန်အထိ ပညာသင်လွှတ်ထားတဲ့ လင်းရောင်ဆိုတဲ့ သားကြီး ရှင့်မှာရှိသေးတာ ကျွန်မ ကံကောင်းတယ် ဒေါ်ခင်လေးသူ။ ဖြစ်နိုင်မယ်ဆို ခုချိန်ကတည်းက သူ့ဝိုင်းသွားပြီး ကျွန်မ ရင်းနှီးဖို့ ကြိုးစားလိုက်ချင်ရဲ့။ ဒါပေမဲ့ မဖြစ်သေးဘူးလေ။ ကျွန်မအတွက် နောက်ဆုံး အခွင့်အရေးတစ်ခုကို အပိုင်ကိုင်တွယ်ရမယ်။

ဒီတစ်ခါ ကျွန်မ ကံကြမ္မာကို မယုံဘူး။ မွမ်းမံ ဆိုတဲ့ မိန်းမက ကိုယ့်ကိုကိုယ်ပဲ ယုံကြည်နေပြီလေ။

ရှုံးနိမ့်မှုတွေနဲ့ ပူလောင်နာကျင်နေမှုတွေ ကျွန်မရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးသွားသလိုပါပဲ။

ညှော့်ပရိသတ်တွေနဲ့ မင်္ဂလာခန်းမထဲက ကျွန်မ ဟန်မပျက်

ပြန်ထွက်ခဲ့တာ ဘယ်သူမှ ဂရုမထားမိလိုက်ပါ။ ကျွန်မ မြတ်နိုးချစ်

ခွဲလမ်းခဲ့တဲ့ ယောက်ျားတစ်ယောက်ကို ကျွန်မ နောက်ဆုံး စိတ်ထဲက

နှုတ်ဆက်လိုက်ခဲ့တယ်။

ကျွန်မအတွက် အလှပဆုံး လက်စားချေမှုတစ်ခုကို စီစဉ်

အတွက် ကျွန်မ အစီအစဉ်တွေ စနစ်တကျ ရေးဆွဲခဲ့ပါတယ်။

လင်းရောင်ဆိုတဲ့ ယောက်ျားတစ်ယောက်အကြောင်းကို ကျွ

ခက်ခက်ခဲခဲ မစုံစမ်းလိုက်ရပါဘူး။ လင်းရောင်ဆိုတာ မိန်းမတွေ

စိတ်မဝင်စား၊ အထင်မကြီးတဲ့ ယောက်ျားတစ်ယောက်။

မာနနဲ့ဂုဏ်ကို ကိုးကွယ်ခံစားတတ်တဲ့ ယောက်

တစ်ယောက်တဲ့။ သိပ်ကို သဘောကျတယ် လင်းရောင်။ မွှမ်းမံဆို

ကျွန်မကလည်း မာနကို တန်ဖိုးထားတွယ်မက်ခဲ့တဲ့ မိန်း

တစ်ယောက်လေ။

ရှင်နဲ့ ဆုံဆည်းဖို့အတွက် ကျွန်မ ပြင်းပြနေတာ အမုန်

ဒါဇာမဲ့ ချစ်တတ်တဲ့နှလုံးသား ကင်းမဲ့တဲ့ မွှမ်းမံအဖြစ်နဲ့ပါ။ ကျွန်

နှလုံးသားက မင်း၊ ဆိုတဲ့ ယောက်ျားတစ်ယောက်အတွက် ပြီးဆုံး

ပြီလေ။

✿ ✿ ✿



## အခန်း (၂၆)

"ညီ ညီတို့ မင်္ဂလာပွဲအတွက် လက်ဖွဲ့အဖြစ် အင်္ဂလန်ကို

ညည်ဆမ်းထွက်နိုင်အောင် ကိုကို စီစဉ်ပေးမယ်"

"နေပါစေ ကိုကို၊ ကျွန်တော် ဘယ်မှမသွားချင်ဘူး"

"ဟာကွာ မဟုတ်တာဘဲ၊ ညီကို ပျော်စေချင်လို့ ကိုကို

စီစဉ်ပေးတာ၊ တကယ်တော့ ညီက ကိုကိုမရှိရှိန်တွေမှာ မေမေ့အနားမှာ

နေပေးတတ်တဲ့သူ၊ ဒီတော့ ညီကို ကိုကို သိပ်ကျေးဇူးတင်တယ်"

ကိုကိုလင်းရောင်က သူ့မင်္ဂလာပွဲအပြီးမှာ အင်္ဂလန်ခရီးစဉ်

အတွက် စီစဉ်ပေးနေတော့ သူ ငြင်းရခက်နေသည်။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ခံစားခဲ့ရတာတွေကို ကိုကို ဘာမှမသိပါလား။

မေမေ့ဝေဒနာအတွက် သူ့နှလုံးသားကို စတေးခဲ့ရတာ ကိုကိုသိအောင် ပြောပြချင်မိသည်။ အခုတော့ ကိုကို့ရဲ့ စေတနာ အစီအမံကို မငြင်းလိုတော့ပါ။ ဝတ်ရည်သွယ်အတွက်လည်း စိတ်မကောင်းပါ။ ဝတ်ရည်သွယ်မျက်ဝန်းကနေ သူ့ကို ခင်ပွန်း တစ်ယောက်လို အားကိုးချစ်ခင်နေတာ အထင်အရှား။

"ဒီနေ့ မေမေရဲ့ ကျန်းမာရေးအတွက် ဆေးစစ်ပေး အစီအစဉ်ရှိနေတယ် ညီ"

"ကျွန်တော် ကားနဲ့ လိုက်ပို့ပေးရမလား ကိုကို"

"ဟာ မဟုတ်တာ၊ မင်းတို့ မင်္ဂလာမောင်နှံ အေးအေးလူ နေစမ်းပါ၊ ကိုကို့ဘာသာ မောင်းမှာပေါ့၊ မေမေ့ဝေဒနာကို စစ်ဆေး ကုသပေးဖို့ ကိုကို စီစဉ်ထားတာ မင်းသိအောင် ပြောတာပါ"

ကိုကိုက မေမေ့ကျန်းမာရေးအတွက် ဂရုစိုက် စီစဉ်ပေး နေသည်။ မေမေနှင့် သူ့ကို အချိန်များစွာ ခွဲခွာထားခဲ့သော ကိုကိုသည် ခုချိန်မှာ မိသားစု အရေးကိစ္စတွေကို ဦးစားပေး စီစဉ်နေလေသည်

"မောင်"

ကိုကိုတို့ကားလေး ထွက်ခွာသွားတာကို သူ ငေးကြည့်နေတာ တိုးညှင်းသော ခေါ်သံတစ်ခု ထွက်လာတာမို့ လှည့်ကြည့်မိသည် သူ့အနောက်ဘက်မှာ ဝတ်ရည်သွယ် ရပ်လို့နေသည်။

"ဝတ်ရည် မင်း ဘယ် ဘယ်လိုခေါ်လိုက်တာလဲ"





"ဟို အဲ မောင် မောင်လို့ ခေါ်လိုက်တာပါ ကိုမင်းရဲ့"

ရှက်သွေးရဲရဲနှင့် ဝတ်ရည် မဝံ့မရဲဆိုသည်။ သူ့ရင်ထဲမှာ ုးရှုးနစ်နစ် နာကျင်ရသည်။ ဒါကို ဝတ်ရည်မသိ။ ဒီနာမ်စားက သူ့ကို မွမ်းမံပဲ ခေါ်တတ်တဲ့ နာမည် နာမ်စားလေ။

"ဝတ်ရည် ကိုယ့်ကို အဲဒီလိုမခေါ်ပါနဲ့၊ ကိုယ်တောင်းပန် ါတယ်"

"ရှင် ဘာဖြစ်လို့လဲ ကိုမင်း၊ ဟို ကိုမင်းနဲ့ ဝတ်ရည်တို့က င်မယားဖြစ်သွားပြီဆိုတော့ ဝတ်ရည်စိတ်ထဲမှာ အဲဒီလို ခေါ်ချင်လို့ ေါ်မိတာ ကိုမင်း မကြိုက်လို့လား"

"အင်း အဲဒီနာမ်စားကလွဲရင် မင်းကြိုက်သလိုခေါ်ပါ ဝတ်ရည်၊ ဲဒီလိုတော့ မခေါ်ဖို့ ကိုယ်တောင်းပန်ပါတယ်"

ဝတ်ရည်မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းလာရသည်။ င်းစက်ရာရဲ့ ပြောင်းလဲမှုတွေကို သူမ သတိထားမိနေတာ ကြာပြီ။ ာတွေနှင့် ဆုံတွေ့စီစဉ်က မင်းစက်ရာ သူမကို တကယ်ချစ်၍ က်ထပ်ခြင်းဟု ထင်ခဲ့မိ...ည်။ သို့...မယ့်။

မင်္ဂလာညှော်ခံပွဲနေ့မှာပဲ သူမ သိလိုက်ပါသည်။ ထိုနေ့က တ်ရုံလာနိုက် သူငယ်ချင်းတွေအတွက် စီစဉ်ပေးမည်ဆိုကာ မင်းစက်ရာ က်သွားခဲ့သည်။ ဝတ်ရည်ကိုတောင် လိုက်ခဲ့ဖို့ မခေါ်ခဲ့။

သူပြန်လာတော့ မသောက်စဖူးသောက်ထား၍ မူးယစ်နေ သည်။ သူမတောင် သူ့ကိုစောင့်ရင်း အိပ်ပျော်သွားခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီကို လှမ်းကြည့်တော့ ညဉ့်တစ်နာရီ ထိုးလုနေပြီ။

ဝတ်ရည် မျက်ရည်ရစ်သိုင်းလျက် ကြေကွဲနာကျင်ရသည်။ မင်္ဂလာညကလေးမှာ သူ ဘာလို့ အမူးလွန်လာရတာလဲ။ ပြီးတော့ ဗလုံးဗထွေး ရေရွတ်သံတွေထဲမှာ မံလည်း ပါသည်။

"မောင် မောင် သိပ်မူးနေသလားဟင်"

ဝတ်ရည် စိုးရိမ်ပူပန်စွာ တိုးတိုးမေးမိတော့ သူ ခေါင်းထောင်မော့ကြည့်ရင်း

"အေ့ မင်း မံ မံ မင်းကိုကိုယ်ချစ်တယ်"

"အို"

ဗလုံးဗထွေး စကားသံတွေ။ စူးရှရှ အယ်လ်ကိုဟောရနံ့တွေ မော့ငှအနမ်းတွေကြားမှာ ဝတ်ရည် တလုပ်လုပ် မောဟိုက်သွားခဲ့ရ၏ အခုတော့ ဝတ်ရည် နားလည်စ ပြုလာခဲ့လေသည်။

မင်္ဂလာဦးညက ရှူးရှူးမူးမူးနဲ့ သူ ယုယကြင်နာခဲ့သမျှတွေဟာ ဝတ်ရည်အတွက် မဖြစ်နိုင်။ ပြီးတော့ မောင်ဟုခေါ်သော နာမ်စားကို မကြိုက်တဲ့ ကိုမင်းစကားတွေက ဘာတွေလဲ။

ဝတ်ရည်ကို မချစ်ဘဲ လက်ထပ်ခဲ့ခြင်းလား။ ကိုမင်း နှလုံးသားမှာ စွဲလမ်းခဲ့သူ ရှိခဲ့တာလား။ ခုချိန်မှာ သံသယတွေကို ဝတ်ရည် ဖျောက်ဖျက်ထားချင်ပါသည်။

မင်းစက်ရာဆိုတာ သူမရဲ့ ခင်ပွန်းလင်။ အတိတ်က ဇာတ်လမ်းဟောင်းတွေ ရှိခဲ့သည်ဆိုဦးတော့ သံယောဇဉ်နှောင်ကြိုးနဲ့





သူ့အချစ်ကို တစ်နေ့တော့ ရနိုင်မည်ဟု ဝတ်ရည်ထင်ပါသည်။

သူ့အနားက မျက်ရည်ဝဲ ရှောင်ထွက်သွားသော ဝတ်ရည်ကို သူနားမိသည်။ ဒါပေမဲ့ လိုက်တောင်းပန်ဖို့တော့ သူ မရည်ရွယ်ဖြစ်ပါ။ သူ လွန်ကျူးသွားခဲ့သည်လား မတွေးချင်ပါ။ ဝတ်ရည့်နှုတ်ဖျားက မောင်ဟု ခေါ်ဆိုခြင်းက သူ့ကို သွေးပျက်စေသည်။

ဒါ မွှမ်းမံခေါ်တဲ့ နာမည်နာမ်စား။ မံကလွဲလို့ ဘယ်သူမှ ခေါ်ဆိုခွင့်မပေးနိုင်။ မပေးချင်ပါ။ ထို့အတွက် ဝတ်ရည် ခွင့်လွှတ်နိုင်ပါစေတော့ဟုသာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



တော့ကတည်းက ရုန်းကန်ခဲ့သူ၊ သားနှစ်ယောက်အတွက် ရည်ရွယ် ချက်တွေ ကြီးမားခဲ့သူ၊ မေမေ့ကျေးဇူးတွေ ကြီးမားတယ်၊ ကိုကိုတို့ အကောင်းဆုံး ပေးဆပ်ရမယ်''

ကိုကို့စကားတွေကို သူ နှုတ်ဆိတ်စွာပဲ နားထောင်နေမိ၏။ မေ့အတွက် နှလုံးသားကိုတောင် စတေးခဲ့ပြီးပြီဟု ရင်ထဲမှာ မိသည်။ ခုချိန်မှာ မေမေ့အတွက် အရာအားလုံးကို သူပေးဆပ်ဖို့ ဖြတ်ပြီးနေပြီ။

''ကိုကို့အစီအစဉ်က ဘာလဲ ကိုကို''

''မေမေ့ရောဂါကို အင်္ဂလန်မှာ ကုသချင်တယ်၊ ဟိုမှာ ကိုကို့ရဲ့ ဆွေတွေရှိတယ်၊ ညီတို့လင်မယားနဲ့ မေမေကို အင်္ဂလန် ညီလိုက်ချင်တယ်''

ကိုကို့အစီအမံတွေကို သူ မငြင်းပါ။ မေမေအတွက် သူ့ဘဝကို သေးတစ်ရပ်လို သဘောထားခဲ့ပြီးသား။ ကိုကိုစီစဉ်သမျှ ခေါင်းညိတ် ရို့ အသင့်လေ။

''ကိုကို ကောင်းသလို စီစဉ်ပါ၊ ညီ ဘာလုပ်ပေးရမလဲဟင်''

''အင်္ဂလန်ကို ညီတို့လင်မယား မေမေ့ကို ခေါ်သွားပါ၊ ရောက်ရင် မေမေ့ရဲ့ ဝေဒနာတွေကို အကောင်းဆုံး ကုသပေးမယ့် ဆွေတွေရှိတယ်၊ မေမေ့ဝေဒနာ ကုသနေချိန်အတွင်း ညီတို့က ရှောက်ပေးပါ၊ ကိုကိုကတော့ ဒီမှာ ကိုကိုတင်သွင်းထားတဲ့ သုပ်ငန်းအတွက် မရှိရင်မဖြစ် ဒီမှာရှိနေမှဖြစ်တော့မယ်''



## အခန်း (၂၇)

မေမေရဲ့ ကျန်းမာရေးစစ်ဆေးမှု အပြီးမှာ အခြေအနေ မထင်မှတ်ဘဲ ပြောင်းလဲသွားခဲ့ပါသည်။

''မေမေ့ရဲ့ နှလုံးရောဂါအခြေအနေက သိပ်ကို စိုးရိမ်ရ အခြေအနေမှာရှိတယ် ညီ''

''ကိုကို ရောက်မလာခင်က မေမေ့ မကြာခဏ ရော ဖောက်တယ် ကိုကို''

''အေးကွာ၊ ဘာပဲဖြစ်ဖြစ် မေမေကို ကိုကိုတို့ အတတ်နိုင် ကုသကြိုးစားကြည့်ချင်တယ်၊ မေမေဟာ ကိုကိုနဲ့ ညီအတွက် ဖေ

www.burmeseclassic.com



"စိတ်ချပါ ကိုကို၊ မေမေ့အတွက် ညီ အား... တာဝန်ယူပါတယ်"

မေမေ့ဝေဒနာကို အင်္ဂလန်မှာ ကုသဖို့အတွက် အ... ဝတ်ရည်တို့ အင်္ဂလန်အထိ သွားကြရမည်ဆိုတော့ ဝတ်ရည် မငြ...

"ကိုမင်း ဆုံးဖြတ်ချက်အတိုင်း ဝတ်ရည် နာခံ... ဝတ်ရည်က ကိုမင်းရဲ့ ဇနီးမယားပါ ကိုမင်းရယ်"

ဝတ်ရည်စကားတွေကို သူ နားလည်သည်။ မယား... တစ်ယောက်ရဲ့ အရည်အချင်းတွေ ဝတ်ရည်မှာ ပြည့်ဝသည်။ ဒါ... ဝတ်ရည်အတွက် သူ့မှာ စိတ်မကောင်းနိုင်တာတစ်ခုပဲ ရှိ၏။

ဝတ်ရည်တောင့်တသော ချစ်ခြင်းတွေပေးနိုင်ဖို့ သူ့မှာ... ဒါတွေအားလုံး မွှမ်းမံထိမှာပဲ ကျန်ရစ်ခဲ့ပြီလေ။ ထိုအတွက် ဝတ်... နားလည်ခွင့်လွှတ်နိုင်ပါစေတော့။

"မေမေ့ဆန္ဒအတိုင်းဆို အင်္ဂလန်ကို မသွားချင်ဘူး... မြန်မာပြည်မှာပဲ မေမေ သေချင်တယ်၊ မေမေ ဘဝတစ်လျှော... သားနှစ်ယောက်နဲ့အတူ နေခွင့်မရခဲ့ဘူး၊ သားကြီးက အင်္ဂလ... ရှိနေချိန်မှာ မေမေနဲ့ သားငယ်က ဒီမှာ၊ အခု သားကြီးက ... လာတော့ မေမေတို့က အင်္ဂလန် သွားရဦးမယ်ဆိုတော့ မဟုတ်သေး...

"မေမေကလည်း ဒါ မေမေရဲ့ ကျန်းမာရေးအတွက်ပဲ...

"မေမေ သားတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေရရင် ... နေပျော်ပါတယ် သားရယ်"





မေမေက ခေါင်းမာစွာ ငြင်းနေသည်။ ကိုကိုကတော့ မေမေ ...ည့်အောင် ရှင်းပြနေလေသည်။

"မေမေ ကျန်းမာရေးကောင်းသွားပြီဆိုရင် ပြန်လာရမှာပဲ ... ညီတို့လင်မယားကလည်း မေမေ့အနားမှာ ရှိနေမှာပဲဥစ္စာ"

"သားကြီးတစ်ယောက်တည်း မေမေ စိတ်မချပါဘူး"

"ဘာကို စိတ်မချတာလဲ မေမေ၊ မြန်မာပြည်မှာမဟုတ်တဲ့ ...မခြား တိုင်းပြည်မှာတောင် သားနေခဲ့သေးတာပဲ၊ မပူပါနဲ့ဗျာ"

"တော်ကြာ မတော်တရော် မိန်းမတွေနဲ့"

"ဟား ဟား ရယ်စရာကောင်းလိုက်တာ၊ ကျွန်တော် ...မိန်းမကိုမှ စိတ်မဝင်စားဘူး၊ အထင်လည်း မကြီးဘူး၊ မေမေ ...တာ ဘယ်တော့မှ ဖြစ်မလာဘူး ယုံ"

ကိုကိုက ရဲရဲဝံ့ဝံ့ ကတိပေးနေ၏။ မေမေ့မျက်ဝန်းတွေ ...က်နေသော သူ့ဘက် ဝေ့ဝဲလာ၏။ သူတုန်းကလိုဖြစ်မှာ မေမေ ...သွန်းနေတာဖြစ်မည်။

"ကဲ မေမေ ငြင်းမနေနဲ့၊ ဒီရက်မှာ အဆင်သင့် ပြင်ထားတော့ ... အားလုံး စီစဉ်ပြီးနေပြီ"

မေမေတစ်ယောက် ကိုကို့ကိုတော့ အရှုံးပေးသွားရပါသည်။ ... အခန်းထဲက ထွက်သွားတော့ မေမေနဲ့သူပဲ ကျန်ခဲ့၏။

"သား ဝတ်ရည်လေးကော"

"မီးဖိုထဲမှာ ရှိမယ်ထင်တယ် မေမေ၊ မိတုတ်ကို ဝင်ကူနေတာ...



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

''အင်း ဝတ်ရည်လေးက သားကို တကယ်ချစ်ရှာတ

မေမေ တောင်းပန်ပါတယ် သား၊ ဝတ်ရည်လေးကို သား ဂရုစိုက်ပေး

''မေမေ့ကိုဂရုစိုက်လို့ဝတ်ရည်ကိုသား လက်ထပ်ခဲ့တာပါမေ

မေမေ့မျက်နှာ ကွက်ခနဲ ပျက်သည်။ သူ့စကားက မေ

ရင်ထဲအထိ ထိမှန်သွားစေခဲ့သည်ထင်ရဲ့။

''သားရယ်၊ သားကို မေမေ သိပ်ကျေးဇူးတင်ပါတယ်၊ မေ

စကားကို နားထောင်ခဲ့တဲ့သား၊ မေမေ ကျေးဇူးတင်တယ်၊ မေမေ့ရင်ထဲ

ခံစားချက်တွေ ပြေလုလု ဖြစ်ခဲ့ရတာ သားကြောင့်ပါ၊ မေ

လက်စားချေတာ မဟုတ်ပေမယ့် ဒေါ်လှမြတ်ချယ်ရဲ့မြေး ခံစားလိုက်ရ

မေမေ ကျေနပ်တယ်''

''တော်ပါတော့ မေမေ၊ ကျွန်တော် ဘာမှ မကြား

စေနဲ့တော့၊ အားလုံးကို မေ့ထားပါရစေဗျာ''

မေမေ နှုတ်ဆိတ်သွားခဲ့ချေသည်။ သူ့ရင်ထဲမှာ တည်ရှိ

ဝေဒနာတွေကတော့ ဘယ်တော့မှ ပျောက်မည်မထင်ပါ။

အာရုံထဲမှာ မွှမ်းမံ အရိပ်ကလေးကို မြင်မိ၏။

နောင်ဘဝဆိုတာ ရှိခဲ့ရင် ကိုယ့်နှလုံးသားကို မင်းအ

စတေးနိုင်တဲ့သူ ဖြစ်ပါရစေ မွှမ်းမံ။

ဒါ ကိုယ့်ရဲ့ သစ္စာတိုင်ဆုတောင်းစကားပါ မံရယ်။

✿ ✿ ✿



## အခန်း (၂၈)

ကျွန်မ မျှော်လင့်ချက်တွေ ပြည့်ဝဖို့ ကံကြမ္မာက အခွင့်ကောင်း ပေးလာသည်ထင်ပါရဲ့။ ဒေါ်ခင်လေးသူနှင့် မင်း,တို့ ဇနီးမောင်နှံ အင်္ဂလန်ကို ထွက်သွားကြသည်တဲ့။ လင်းရောင်တစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်းသည် ကျွန်မအတွက် အကောင်းဆုံး အခြေအနေ ဖြစ်ခဲ့၏။

မင်း,ရဲ့အစ်ကို လင်းရောင်နှင့် ခင်မင်ရင်းနှီးခွင့်ကို ကျွန်မ ကြာရှည်စွာ စောင့်ဆိုင်းမနေချင်ပါ။

ထိုနေ့က မိုလ်ချုပ်ဈေးထဲမှာ ဈေးဝယ်အပြီး ရပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်ဆီကို ကျွန်မ ပြန်လျှောက်လာခိုက်မှာ သူ့ကို မြင်လိုက်ရခြင်းပင်။

ကျွန်မရင်ထဲမှာ လှိုက်ခနဲဖြစ်သွားရတာ လင်းရောင်သည်မင်းနှင့် ခပ်ဆင်ဆင်တူညီနေသောကြောင့်ပင်။ မီးခိုးနုရောင် စပို့ရှပ်နှင့် အနက်ရောင်ဘောင်းဘီကို စတိုင်လ်ကျကျ ဝတ်ထားသော သူ့အသွင်က မင်း,ထက်တောင် စမတ်ကျလွန်းနေသည်။

ခါးကိုမတ်လျက် ကြော့ကြော့မော့မော့လျှောက်ကာ ရပ်ထားသော ကားဆီထွက်သွားသော လင်းရောင်ကို ကျွန်မ မင်သက်ငေးမောနေမိဆဲ။ ကားတံခါးကို သော့ဖွင့်ဝင်ထိုင်ပြီး တံခါးပိတ်လိုက်တာက သိမ်မွေ့သလို ကားလေးကို မောင်းထွက်သွားပုံကအစ ညက်ညောလှ၏။

ကျွန်မ ရုတ်တရက် မင်သက်နေရာမှ သတိဝင်လာကာ ကားထဲကို ခပ်သုတ်သုတ် ဝင်ထိုင်လိုက်သည်။

ပြီးတော့ သူ့ကားလေး မောင်းထွက်သွားရာသို့ ကျွန်မကားလေး မောင်းထွက်လိုက်ခဲ့မိသည်။

ဘယ်လိုအခွင့်အရေးကိုမဆို ခုချိန်မှာ ကျွန်မ အရယူဖို့ ဆုံးဖြတ်ထားခဲ့သည်။ ရှင် ဘယ်လောက်ထိ မာနကြီးပြီး တည်ငြိမ်လွန်းနိုင်မှာလဲ လင်းရောင်။

ရှင့်နောက်မှာ အရိပ်လို ကပ်ပါလာတာ မွှမ်းမံနော်။

ဟော သူ့ကားလေးက စားသောက်ဆိုင်တစ်ခုရှေ့မှာ ထိုးရပ်





သည်။ ပတ်ဝန်းကျင်ကို အလေးမမူ စိတ်မဝင်စားသော သူ့မျက်ဝန်းက ကျွန်မကိုလည်း မမြင်နိုင်ပါ။

ဆိုင်ကလေးထဲကို တိကျပိရိသော ခြေလှမ်းတွေနှင့် သူ ရောက်သွားပုံက ဆွဲငင်နိုင်စွမ်းသည်။ ဒါပေမဲ့ မွှမ်းမံမှာ ခံစားတတ်တဲ့ နှလုံးသား မရှိတော့ဘူး လင်းရောင်။

ကျွန်မ ကားလေးကို ကားစတင်းနေရာလွတ်မှာ ထိုးရပ်၏။ ကားပေါ်က မဆင်းခင် နောက်ကြည့်မှန်ထဲက ကျွန်မမျက်နှာကို ချက် ပြန်ကြည့်မိသေးရဲ့။ မွှမ်းမံဆိုတဲ့ မိန်းမတစ်ယောက် တွေက ဆွဲဆောင်နိုင်စွမ်း ပြည့်ဝနေဆဲဆိုတာ သေချာသည်။

တစ်ခုပဲရှိသည်။ ကျွန်မမျက်ဝန်းညှိုညှိုတွေထဲက အမုန်းတရား ကိုတော့ သိုဝှက်ထားဖို့လိုသည်လေ။

သူရှိနေသော စားပွဲကို ကျွန်မ တစ်ချက်လေးတောင် မကြည့်ဘဲ စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်သည်။ စားပွဲထိုးချာတိတ် ပေးသော မီနူးကဒ်ကို ဖတ်ကြည့်သလိုနဲ့ ကျွန်မ သူ့ကို အကဲခတ်ကြည့်သည်။ စိတ်ထဲမှာ လုံးဝ မကျေနပ်နိုင်ပါ။ သူ မကို တစ်ချက်လေးတောင် ယောင်လို့မကြည့်ပါလား။

ရှင်ကပဲ သိပ်တော်နေသလား၊ ကျွန်မကပဲ ညံ့ဖျင်းလွန်း လား လင်းရောင်ရယ်။

စားပွဲဝိုင်းကိုရောက်လာသော စားစရာတွေကို သူ တည်ငြိမ် ဆေးစွာ စားနေတာကြည့်ရင်း ကျွန်မ ခံရခက်လာသည်။ ခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအလိုရှိတာ ကျွန်မကို သူ တစ်ချက်လောက် လှည့်ကြည့် လောက်ပဲ။

ခက်လိုက်တာ။ ရှင့်နှလုံးသားက အဲဒီလောက်ထိတော မာကျောလွန်းနေတာလား။

ကျွန်မမှာထားတဲ့ ဟင်းလျာတွေကို စားပွဲထိုးလေး သယ် လာတော့ အကြံတစ်ခု ခေါင်းထဲဝင်လာသည်။ ဟုတ်ပြီ။ ကျွန် ရှင် တစ်ချက်လောက် လှည့်ကြည့်ရမယ် လင်းရောင်။

စားပွဲပေါ်ကို အစီအရီ တည်ခင်းပေးနေတဲ့ ဟင်းခွက်တွေ ကြည့်ရင်း ပန်းကန်ပေါ်က ခက်ရင်းကို ကျွန်မ လှမ်းယူလိုက်သည် စားပွဲအောက် လွှတ်ချလိုက်တယ်။

အင်္ဂတေကြမ်းပြင်နဲ့ ခက်ရင်းစွန်း ထိရိုက်သံက တိတ်ဆိတ် နေသည့် ဆိုင်ထဲမှာတော့ ကျယ်လောင်လွန်းသည်။

"အာ ဆောရီး အစ်မ"

ချာတိတ် တောင်းပန်ရင်း ခက်ရင်းကို ကောက်ယူနေချိန် ကျွန်မ သူ့စားပွဲကို လှမ်းကြည့်မိရဲ့။ သူ ဖျတ်ခနဲ လှမ်းကြည့်သည် တကယ့်ကို စက္ကန့်ပိုင်းလေးပဲ။ ပြီးတော့ ချာခနဲ ပြန်လှည့်သွားပြီ

တော်တော်တွန့်တိုတတ်တဲ့ ယောကျ်ားပဲ။ ဒါပေမဲ့ ကျွ ကျေနပ်သည်။

စားသောက်ပြီး သူ မိနစ်ပိုင်း နားနေချိန်ထိ ကျွန် လှည့်မကြည့်တော့ပါ။ ဘယ်သူ့ကိုမှလည်း စိတ်ဝင်စားပုံမရှိတဲ့အသ





ဟော သူ ငွေရှင်းနေပြီ။ ကျွန်မ ဘာလုပ်ရမလဲ စဉ်းစားစမ်း။ တစ်ခုခုတော့ ကျွန်မ ဖြစ်အောင်လုပ်ရမည်။ ကျွန်မမျက်နှာကို သူ မြင်တွေ့သွားရင် ကျေနပ်ပြီ။

စားပွဲပေါ်က ကားသော့ကို ဘောင်းဘီအိတ်ထဲ သူ ထိုးထည့် လိုက်တာ မြင်တော့ ကျွန်မ ဖျပ်ခနဲ အတွေးတစ်ခု ဝင်လာ၏။ ဟုတ်သည်။ ကျွန်မ လုပ်သင့်တာ ဒါပဲပေါ့။

ဆိုင်ထဲက သူ ထ,ထွက်သွားတာနဲ့ ကျွန်မ အနောက်က ခပ်ခွာခွာလိုက်ခဲ့မိ၏။

"ဒီ ဒီမှာ ဒီမှာရှင့်"

ကျွန်မခေါ်သံကြောင့် သူ လှည့်ကြည့်သည်။ မျက်မှောင် ကုပ်ထားတဲ့ မျက်ဝန်းတွေက မင်းနဲ့ တူလိုက်တာ။ ကျွန်မရင်ထဲ မောဆို့ဆို့ဝေဒနာက တိုးဝင်လာတာမို့ ရုတ်ချည်း ဘာမှမပြောနိုင်။

"မင်း ကိုယ့်ကို ခေါ်လိုက်တာလား"

ဘုရားရေ။ သူ့အသံတွေကလည်း မင်းနဲ့ တူတာပါလား။ ဒီလောက်ထိ တိုင်ဆိုင်နေတာ မဖြစ်သင့်ဘူး။ ရှင့်က မင်း,မဟုတ်တာ သေချာတယ်။

"ဟော့ မင်း ဘာကိစ္စ ခေါ်တာလဲ၊ ဘာမှမပြောဘဲ ငါက ရပ်နေရမှာလား"

"ဟို အဲ ဆောရီး ဒီမှာ ရှင့်ကားသော့ ကျကျန်ခဲ့ဘာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မလက်ထဲက ကားသော့ကို တအံ့တဩ ကြည့်၏။ ပြီးမှ ခေါင်းခါယမ်းပြရင်း

"နို။ အဲဒါ ကိုယ့်သော့မဟုတ်ဘူးကွာ"

"ရှင်၊ ဒါ ရှင်ကျကျန်ခဲ့တာထင်လို့"

ကျွန်မ ရှက်ရွံ့သွားဟန်ဖြင့် မျက်လွှာလေးချ သရုပ်ဆောင်ပြလိုက်၏။ ကျွန်မပုံစံကို သဘောကျတာလား၊ လှောင်လိုက်တာလား မသိပါ။ သူ့နှုတ်ခမ်းမှာ အပြုံးရိပ် ရေးရေးထင်သည်။

"ကိုယ့်သော့မဟုတ်တာ သေချာတယ်၊ ကဲ ကိုယ့်ကိုခွင့်ပြုဦး"

ကျွန်မ ခေါင်းညိတ်ပြလိုက်မိသလားတောင် မသေချာပါဘူး။ သူ ဦးလှည့်ဆက်လျှောက်သွားတာကို အတော်ကြာကြာ ငေးကြည့်နေမိသေးသည်။

ညှို့လိုက်တာ မွှမ်းမံရယ်။ ဘာဖြစ်လို့ ရှင့်စိတ်တွေ ကယောက်ကယက် ဖြစ်နေတာလဲ။ ရှင် ထပ်ရှုံးနိမ့်ချင်လို့လား။

ဟင့်အင်း။ ကျွန်မ မရှုံးနိမ့်စေရဘူး။ ဒီပွဲမှာ ကျွန်မ အနိုင်ယူပြမှာ။ ရှင်စောင့်နေလိုက်ပါ။

✿ ✿ ✿



## အခန်း (၂၉)

လင်းရောင်ကိုချဉ်းကပ်ဖို့အတွက် အသင့်တော်ဆုံးက လင်းရောင်ထိုင်သော ဆေးခန်းကို ကျွန်မ ရောက်ဖို့လိုသည်။ ဒါ အကောင်းဆုံးဟု တွက်ဆမိသည်။

ဆရာဝန်တစ်ဦးပြည့်သော ယင်းရောင် ကျွန်မကို လူနာတစ်ဦးလို ဆက်ဆံလျှင် သူ့ထံမှာ ကြင်နာမှုတွေတော့ ရရှိနိုင်တာ သေချာသည်။ ကိုင်း ရှင် ဘာတတ်နိုင်သေးလဲ လင်းရောင်။ ရှင့်ဆီ ကျွန်မ ဒုတိယအကြိမ် ရောက်လာပြီမယ်။

ပထမအကြိမ်တုန်းကလို ယောင်နနမဖြစ်ဖို့ ကျွန်မ ဂရုစိုက်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိနေသည်။ မင်းကို မေ့ထားဖို့ဖြစ်သည်။

လင်းရောင်ရှေ့မှောက်ကို ဖန်တီးဟန်ဆောင် ရောက်ရှိတာမျိုး မဖြစ်သင့်တာ ကျွန်မ တွက်မိသည်။ မိန်းမတွေကို စိတ်မဝင်စားသော လင်းရောင်ရဲ့ အထင်အမြင်သေးမှုကို ကျွန်မ ရလိုက်လို့ မဖြစ်ပါ။ ကျွန်မလိုချင်တာ လင်းရောင်ကို ဆွဲဆောင်နိုင်ဖို့လေ။

ပင်ကို သွေးတိုးအခံရှိသော ကျွန်မအတွက် သွေးပေါင်တက်လာဖို့က ခက်ခဲသော ကိစ္စမဟုတ်ပါ။

သုံးလေးရက်ဆက်တိုက် ကျွန်မ အစားအသောက်ကို စိမ်စားသောက်သည်။ အဆီအဆိမ့်တွေကို ပိုမိုစားသည်။ သွေးတတ်စာမှန်သမျှလည်း မရှောင်ခဲ့။

သူ့ဆေးခန်းသို့ ကျွန်မ ရောက်ရှိသွားချိန်တွင် သူ တအံ့တသြဖြစ်သွား၏။ ကျွန်မကို သူ မှတ်မိနေတာ သေချာ၏။ ကျွန်မ ဦးခေါင်းတွေ တဆစ်ဆစ်ကိုက်ခဲလျက် သူ့ရှေ့မှောက်မှာ ဝေဒနာမျက်နှာကို ပီပြင်စွာ ဖန်တီးထားနိုင်ခဲ့၏။

"မင်း ဘာဖြစ်လာတာလဲ၊ ကြည့်ရတာ သွေးတိုးနေတယ်ထင်တယ်"

သူ့အသံကြောင့် ကျွန်မ မော့ကြည့်၊ ပြီးတော့ အံ့သြသလို မျက်လုံးလေးဝိုင်းစက်ပြီး

"ဟင် ရှင် အဲ ဒေါက်တာ ဟို ဟို"

"မဆိုးဘူး မင်းမှတ်ဉာဏ်ကောင်းတယ်၊ မင်းနဲ့ကိုယ်





တစ်ခါဆုံဖူးတယ်၊ ကားသော့ကိစ္စလေ"

"ကျွန်မ မှတ်မိတယ်၊ ရှင်က ဆရာဝန် ဒေါက်တာ လင်းရောင်ကိုး၊ ဒီဆေးခန်းမှာ ထိုင်နေမှန်း ကျွန်မ မသိဘူး"

"ကဲ ဟောဒီမှာ လှဲလိုက်၊ မင်းပုံစံက သွေးတက်နေပုံပဲ၊ ကိုယ် စမ်းသပ်ကြည့်ပါရစေဦး"

"ဟုတ် ဟုတ်ကဲ့"

ကျွန်မကို သူ ပြုစုစမ်းသပ်နေသမျှ ကျွန်မ ငြိမ်သက်စွာ ကြည့်နေမိသည်။ သူ့အသွင်က လူနာတစ်ဦးကို ဂရုစိုက်သော ဆရာဝန်တစ်ဦးထက် မပိုတာတော့ သိသာသည်။

"ပရက်ရှာ အတော်တက်နေတာပဲ၊ မင်း သွေးတိုးစာတွေကို အနင့်တပိုး စားခဲ့ပြီထင်ပါရဲ့"

ကျွန်မ လိပ်ပြာမလုံစွာ ခေါင်းညိတ်ပြမိ၏။ သူကတော့ ကျွန်မအတွက် လိုအပ်သော ဆေးတွေ စီစဉ်နေရင်း နှုတ်ကလည်း အကြံပေးစကားတွေ ပြောဆိုနေသည်။

"သွေးတိုးရှိရင် သတိထား၊ အစားအသောက်ရှောင်၊ ပေါ့ပေါ့မလုပ်နဲ့၊ သိပ်ပြင်းထန်လွန်းရင် အသက်တောင် အန္တရာယ်ရှိတယ်ကွ"

ကျွန်မ နှုတ်ဆိတ်လို့ သူပြောသမျှ ခေါင်းကလေးညိတ် နာခံရ၏။

"မင်းနာမည်က မွှမ်းမံ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဘယ်မှာနေတာလဲ မွမ်းမံ"

"မံနေတာ ရွှေတောင်ကြားမှာပါ ဒေါက်တာ"

"အင်း ဟုတ်ပြီ၊ ကိုယ်ပေးတဲ့ဆေးတွေကို အသေအ အတိအကျ သောက်ပါ၊ သွေးတိုးစေမယ့် အစာတွေကိုရှောင်၊ နေ သွေးတိုးစာတွေကို မင်းသိရဲ့လား"

ကျွန်မ ပြုံးစိစိနှင့် မလုံမခြုံစွာ ခေါင်းညိတ်ပြလိုက်မိသည် သူက နှုတ်ခမ်းတစ်ဖက် တွန့်ကွေးကွေးပြုံးရင်း

"ကဲ မင်းကို ကိုယ် ဆေးထိုးပေးလိုက်မယ်"

"ရှင် မ မလုပ်ပါနဲ့ ကျွန်မ ဆေးထိုးရမှာ သိပ်ကြောက်တ တစ်ခြားကြောင့် မဟုတ်ပါဘူး၊ ဆေးထိုးအပ်နဲ့ အသားထဲထိုးထည့် တွေးပြီးကြောက်တာ"

"ခက်တာပဲ၊ ဆေးထိုးရမယ့်ဝေဒနာမို့ မင်းကို ဆေ ကုသပေးတာ၊ ဆေးထိုးမခံရဲရင် မင်း သွေးမတိုးအောင် ဆင်ခြင်နေ ကဲပါကွာ မနာပါဘူး၊ ခဏလေးပဲ ဟုတ်လား"

သူ ကျွန်မကို ကရုဏာဒေါသနှင့် ဆူသလို ကလေးတစ် ချော့မော့သလိုလည်း ချော့မော့နှစ်သိမ့်သေး၏။ ကျွန်မ ငြင်းပယ် နိုင်စွာနှင့် နားထောင်လိုက်ရပါသည်။

ထိုနေ့က စတင်လိုက်သော ကျွန်မ ခြေလှမ်းတွေက ထိ အောင်မြင်ခဲ့သည်ဟု ဆိုရလိမ့်မည်။





"မင်းအတွက် ဆေးကို တစ်ပတ်စာ ပေးလိုက်မယ်၊ တစ်ပတ် ပြည့်ရင် တစ်ခေါက်လာပြပေါ့ "

"ဟို ကျွန်မကို ဘယ်လိုမှ မထင်ပါနဲ့နော် ဒေါက်တာ၊ ဆရာဆီလာဖို့ ခက်ခဲလို့ပါ၊ မိသားစုဆရာဝန်နဲ့ ဆက်ပြရင်ဖြစ်မလား၊ မဟုတ် ဖြစ်နိုင်မယ်ဆို ဆရာ အိမ်ကို လာကြည့်ပေးနိုင်မလားဟင်"

"မင်း ဆန္ဒရှိမယ်ဆိုရင် ကိုယ်အားတဲ့အချိန် လာကြည့်ပေးလို့ ပါတယ်၊ လိပ်စာနဲ့ ဖုန်းနံပါတ် ပေးထားခဲ့လေ"

ကျွန်မ သိပ်ကို ကျေနပ်သွားခဲ့ရပါသည်။ ကျွန်မ မျှော်လင့် ချင်တာ ဒါပဲဖြစ်သည်။ သူ့ဘက်က လူနာတစ်ယောက်ကို က်လျှောခြင်းလား ကျွန်မ မသိပါ။ ကျွန်မအတွက်တော့ သူနှင့်ကျွန်မ နီးဖို့ အခွင့်အရေးတွေ ဖြစ်နေခဲ့လေပြီ။

ဘယ်လိုလဲ မင်း။ ရှင့်အစ်ကိုက မာနသိပ်ကြီးတယ်ဆို။ အခု နှမ ညွှတ်ကွင်းထဲ ဝင်လာတာ ရှင်ငြင်းမလား။

ရှင်တို့အားလုံး ငိုကြွေးဖို့ ပြင်ထားလိုက်ပါ မင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သူနှင့်ကျွန်မကြားမှာ ရင်းနှီးခင်မင်မှု အတိုင်းအတာသ
ထင်ထားသည်ထက် ပိုမိုမြန်ဆန်ခဲ့သည်။

ဘွားဘွားရဲ့ ကျန်းမာရေးအတွက်လည်း သူက တာဝန်
ပေးသည်။ မိသားစုဆရာဝန်ကြီး နယ်ဆေးရုံ ပြောင်းသွားခြင်းကလည်း ဘွားဘွားအတွက် သူ့ကို အားကိုးစရာ ဖြစ်လာခဲ့ချေသည်။

ကျန်းမာရေးချူချာလှသော ဘွားဘွားကို သူ နှစ်ရက် 
လာကြည့်၍ ကုသပေးသည်။ ကံကြမ္မာက ကျွန်မအတွက် အလှည့်
နေတာ သေချာ၏။





သူနဲ့ကျွန်မ ရင်းနှီးကျွမ်းဝင်မှုသည် အလှပဆုံး နှောင်တွယ်မှု အချို့ ဆက်သွယ်နေသည်ထင်ရဲ့။ ဒါပေမဲ့ ထိုနှောင်ကြိုးတွေက ကျွန်မအတွက် ဟန်ဆောင်မှုတွေ။ သူ့အတွက်တော့ ဘယ်လိုနှောင်ကြိုး တွေလည်း ကျွန်မ မသိနိုင်ပါ။

"ဟဲလို လင်းရောင်ဆေးခန်းကလား"

"ဟော့ မွှမ်းမံမဟုတ်လား၊ ကိုင်း ပြော ဘာတွေ ဆန္ဒထွင်ဦးမှာလဲ မံ"

"ကြည့်စမ်း၊ ရှင် ကျွန်မအသံကို မှတ်မိနေတယ်၊ သွားပြီ ကျွန်မက ရှင်မမှတ်မိဘူးထင်လို့ တစ်ခုခုနောက်မလို့ဥစ္စာ"

"ဘာမမှတ်မိစရာ ရှိလဲကွာ၊ မိန်းကလေးအသံ ကြားကတည်းက မင်းပဲဖြစ်ရမှာပေါ့"

သူ့စကားအဓိပ္ပာယ်က တစ်ခြားမိန်းကလေးတစ်ယောက် အတွက် ကျေနပ်စရာ ကောင်းပါလိမ့်မည်။ လင်းရောင်ဆိုသော ယောကျ်ားတစ်ယောက်နှင့် ပတ်သက်သော မိန်းမဆိုတာ ရှားပါးသည် ထိုတဲ့သဘော။ မွှမ်းမံကပဲ ကံထူး၊ ကံကောင်းသူလား။

"ကိုယ်မေးနေတယ် မွှမ်းမံ၊ မင်း ဘာကိစ္စ ပေါ်နေပြန် ပြီလဲ"

"ဆောရီး၊ ကျွန်မ အတွေးလွန်သွားလို့၊ ကျွန်မ သွေးတွေ ကျနေပြန်ပြီ ကိုလင်းရောင်၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ၊ ကုမှုပြု ဆိုင်နိုင်တာ နှစ်ရက်ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်စကား နားမထောင်တာ ခက်တယ် မွမ်းမံ"

"ရှင် ကျွန်မကိုဆူလည်း ခံရတော့မှာပဲ၊ ခေါင်းတွေ အ ကိုက်နေပြီ၊ ဒီနေ့ ရှင် ဆေးခန်းပိတ်ရက် မဟုတ်လား၊ ကျေးဇူးပြု လာခဲ့စေချင်တယ်"

"ကဲ ကဲ ကိုယ်လာခဲ့ပါ့မယ်၊ မင်း အေးအေးလူလူ အိပ်ရာ လှဲနေပါ၊ ကိုယ်အခုပဲ ထွက်ခဲ့မယ် ဟုတ်လား"

ဖုန်းထဲက အသံပျောက်ကာ သူ ဆေးသေတ္တာ ပြေးဆွဲ မြင်ယောင်ရင်း ကျွန်မ ပြုံးလိုက်မိရဲ့။ သူရောက်မလာခင်မှာ ကျွန် ဘက်က အားလုံး အသင့်ဖြစ်အောင် ပြင်ဆင်ထားရမည်။

သူ အံ့သြမင်သက်သွားမလား။ ကျွန်မကို မကျေမနပ်ကြည့် တည်တည်ကြီး ငေးနေမလား။

ကျွန်မကတော့ အခန်းထဲပြေးဝင်ကာ အလှပဆုံး ခြယ်သ မိ၏။ ကြက်သွေးရောင်ကိုယ်ကျပ်အင်္ကျီလေးက ဆွဲဆောင်နိုင် ပြည့်ဝနေမှာမလွဲ။ မှန်ထဲမှာ ကျွန်မအသွင်က လန်းဆန်းတက်ကြွ ပန်းလေးတစ်ပွင့်နှယ်။

ကျွန်မနှင့် ရင်ဆိုင်လိုက်ရချိန်မှာ မြင်တွေ့ရမည့် သူ့မျက်နှာ ကျွန်မ မြင်ချင်လိုက်တာ။

ပေါ်တီကိုအောက်ကို ကားထိုးရပ်သည်နှင့် ဆင်းလာသော သူ့အသွင်က အရေးတကြီးနိုင်လှသည်။ ဆေးသေတ္တာကိုကိုင် ကားတံခါးကို လှမ်းပိတ်၏။ ပြီးတော့ ညှို့ခန်းဘက် ချာခနဲအလှည့်





...တပ်ရပ်ပြီး ပြုံးကြည့်နေသော ကျွန်မကိုမြင်တော့ သူ့မျက်ဝန်းတွေ ...သက်အံ့သြစွာ။

"မံ မင်း ဘယ်သွားမလို့လဲ၊ သွေးတွေတက်နေလို့ဆို"

"ဟင့်အင်း၊ ရှင့်ကို ညာခေါ်လိုက်တာ၊ ကျွန်မတို့ ...ပြင်သွားကြမယ်"

"ဟာကွာ မင်းတော်တော်နောက်တာပဲ၊ ငါကတော့ ...ရေးတကြီး ကသုတ်ကရိုက် ထွက်ခဲ့ရတာ၊ ဒီလို မနောက်ပြောင် ...ဘူး"

"ရှင်စိတ်ဆိုးသွားတာလားဟင်၊ ကျွန်မ တောင်းပန်ပါတယ် ...င်းရောင်၊ ဒီနေ့ ကျွန်မ ကုမ္ပဏီအသစ် ဖွင့်ပွဲရှိလို့ အောင်မြင်မှု ...က် ဝမ်းသာနေတာ၊ ကိုလင်းရောင်ကိုပါ မျှဝေခံစားစေချင်လို့ ...နေ သီးသန့် ဖိတ်ခေါ်လိုက်တာပါ၊ စိတ်ဆိုးစရာဖြစ်သွားရင် ...အညွတ် တောင်းပန်ပါတယ်နော်"

ကျွန်မနှုတ်က ဖွင့်ဟတောင်းပန်တော့ သူ့မျက်နှာပေါ်က ...မကျေမှုတွေ လျော့ကျသွားတာ အထင်အရှား။ သူ့စိတ်တွေ ...သွားခဲ့ပြီထင်၏။

"မင်း တော်တော် ကလေးဆန်တယ်၊ ဒါပေမဲ့ စီးပွားရေးပိုင်းမှာ ...တော့လည်း အရမ်းထက်မြက်တယ် မွမ်းမံ၊ မင်းရဲ့အောင်မြင်မှု ...ပွဲကို ကိုယ် ချီးမြှောက်ရမှာပေါ့"

"တကယ်လား ကိုလင်းရောင်၊ ကျွန်မ ဝမ်းသာလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စိတ်မဆိုးပါဘူးနော်''

''မင်းကို ကိုယ်စိတ်မဆိုးပါဘူး မွမ်းမံ၊ တစ်ခုတော[illegible] အားနာတယ်၊ မင်းက လှလှပပ ပြင်ဆင်ထားပေမယ့် ကိုယ်[illegible] အလောတကြီး ထွက်လာရတော့ ကြည့်စမ်းပါဦး''

အဖြူရောင်ရှပ်အင်္ကျီနှင့် ကချင်ပုဆိုးကွက်ကလေးသ[illegible] ဝတ်ထားသော သူ့အသွင်က စတိုင်လ်ကျကျ ရှိနေဆဲ။ ဘာပဲဝတ်ဝတ်[illegible] အမြဲ စတိုင်လ်ကျသော လင်းရောင်။ ဒီတစ်ချက်မှာတော[illegible] မင်း,ထက်တောင် သာလွန်နေသေးသည်။

''ကြည့်ကောင်းပါတယ် ကိုလင်းရောင်ရဲ့၊ တကယ်ပြောတာ[illegible] ရှင်က ဘာဝတ်ဝတ် စမတ်ကျတယ်''

''ဟား ဟား မင်းကတော့ မြှောက်နေပြီ၊ ဒီနေ့ကျွေးမေ[illegible] ဒကာရှင်က မင်းနော်''

''သိပါတယ်ရှင်၊ ကျွန်မကိုယ်တိုင် တသီးတသန့် ဖိတ်ခေ[illegible] ကျွေးမွေးတာပါ။ ကဲ သွားကြစို့နော်၊ ရှင့်ကားနဲ့ပဲသွားမယ်၊ အပြန်ကျတော[illegible] လိုက်ပို့ပေးပေါ့''

''အိုကေ စိတ်ချ၊ မင်းအတွက် ဒီညနေမှာ ကိုယ်က ဒရိုင်ဘာ[illegible] ပေါ့ကွာ ဟား ဟား''

တစ်လမ်းလုံး ကျွန်မ တရင်းတနှီး စကားတွေပြောသ[illegible] လင်းရောင် နားထောင်ရင်း ပြုံးနေလေသည်။

ကျွန်မအပေါ် သူ့ရဲ့နှောင်ကြိုးတွေ တင်းကြပ်ခိုင်မာဖို့ မခ[illegible]



[illegible]တာတော့ သေချာခဲ့လေသည်။

ထိုညနေက ကျွန်မ ဖြူစုညွှန်ခဲ့သော ညနေစာစားဝိုင်းလေးမှာ ကျွန်မနှင့်သူ အပြုံးတွေဝေ၊ စကားတွေ ဖောင်ဖွဲ့ခဲ့ကြသည်။

တစ်ချိန်က စားသောက်ဆိုင်လေးထဲမှာ ကျွန်မကို တစ်ချက် [illegible]ခဲ့ကြည့်၊ မာနတံခွန်ထူခဲ့သော လင်းရောင်ဆိုသော ယောကျ်ားသည် [illegible]ခုတော့လည်း ကျွန်မမျက်နှာကို တစိမ့်စိမ့်ငေးလို့ ကျွန်မနှင့် ရင်းနှီး [illegible]ခမ်းဝင်စွာ ရှိနေသည်။

ထိုဆုံတွေ့မှုနောက်ပိုင်းမှာတော့ သူနှင့်ကျွန်မ တစ်ပတ်တစ်ရက် [illegible]ဆုံဆည်းခွင့်ကလေး လွယ်ကူစွာ ဖြစ်ပေါ်လာခဲ့သည်။ တစ်ရစ်ပြီး [illegible]တစ်ရစ် ရစ်နှောင်လာသော နှောင်ကြိုးတွေကို သူ မရှောင်တိမ်းနိုင် [illegible]ခဲ့။ ကျွန်မအတွက်တော့ လွယ်ကူစွာနှင့် ရှောင်တိမ်းနိုင်ခဲ့သည်။

ကျွန်မရင်ထဲမှာ မင်း,ပုံရိပ်က မပျောက်မပျက် ရှိနေဆဲကိုး။ [illegible]လင်းရောင်အတွက် ကျွန်မနှလုံးသားက ဗလာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"မွှမ်းမံ ကိုယ် ဒီနေ့ မင်းနဲ့ဆုံချင်တယ် ဖြစ်မလား"

ဖုန်းနှင့်ဆက်သွယ်ပြီး မေးလာသော လင်းရောင်စကားကြောင့် ကျွန်မရင်ထဲမှာ ထိတ်ခနဲ ဖြစ်ရသည်။ ဒါ ရင်ခုန်လှုပ်ခတ်မှုတော့ မဟုတ်တာ သေချာသည်။

"ကိုယ်တို့ ဆုံနေကျဆိုင်ကလေးမှာပေါ့၊ မင်းကို ကိုယ် ပြောစရာတွေရှိတယ်၊ သိပ်ကိုထူးဆန်းတဲ့ အကြောင်းတွေပါ၊ မင်း နားထောင်ပေးနိုင်မလား"

ပဟေဠိဆန်လွန်းသော သူ့စကားတွေကို ကျွန်မ ချက်ချင်း





သက်ဝင်း ကြားချင်လာမိသည်။ ရှင် ဘာတွေပြောမှာလဲ လင်းရောင်။ ကျွန်မ ကြားချင်တဲ့ စကားတွေလား။

"မံ လာခဲ့မယ်လေ၊ ကိုလင်းရောင် စောင့်နေ"

"အိုကေ မံ၊ ကိုယ် ညနေလေးနာရီတိတိမှာ ရှိမယ်"

ကျွန်မစိတ်တွေ လှုပ်ခတ်တုန်ခါစွာ ဖုန်းချလိုက်ပါသည်။ အကယ်ဆို သူနှင့်ကျွန်မ ဆုံတွေ့တတ်သော သူ့အားလပ်ရက်တွေမှာ ဖြစ်သည်။ အခု ဒီရက်က သူ့အားလပ်ရက် မဟုတ်။ ပြီးတော့ သူ့စကားတွေက လျှို့ဝှက်ချက်တွေ ကိန်းအောင်းနေတာ သေချာသည်။

ကျွန်မအတွက် အနိုင်ယူဖို့ အချိန်ရောက်ခဲ့ပြီလား။ ကျွန်မ စိတ်တွေလှုပ်ရှားနေတယ် လင်းရောင်ရယ်။

ညနေလေးနာရီတိတိဟု သူဆိုခဲ့ပေမယ့် ကျွန်မဆန္ဒတွေကို ချုပ်ထိန်းကာ လေးနာရီဆယ်မိနစ်တိတိရောက်မှ ဆိုင်ရှေ့ကို ကားလေး ထိုးရပ်ခဲ့သည်။ ကားစတင်းမှာ သူ့ကားလေးက ရှိနေသည်။

"ဟာ မံ၊ လာ ကိုယ်မင်းကို မျှော်နေတာ"

ဟန်ဆောင်မမျိုသိပ်နိုင်စွာ သူ စားပွဲဝိုင်းလေးက ထလို့ ကျွန်မကို ဆီးကြိုသည်။ သူ့မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပလျက် ကျွန်မကို စိုက်ကြည့်နေသည်။

အနီရဲရဲ ဝတ်စုံဆင်တူနှင့် ကျွန်မအသွင်က သူ့စိတ်တွေကို တောက်ကြွစေခဲ့လေသလား မသိပါ။

"မံ မင်း သိပ်လှနေတယ်၊ ကိုယ့်မျက်လုံးထဲမှာ ကြည့်မဝဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဒီဝိုင်းအတွက် ရှင်းပေးစေချင်ရင် ရှင်းပေးပါ့မယ် ကိုလင်းရောင်ရယ် ဟင်း ဟင်း"

"မဟုတ်ဘူး မံ၊ ကိုယ်တကယ်ပြောနေတာ၊ မင်းကို ကိုယ် ပြောပြတာတွေ နားထောင်နော်"

အလေးနက်ဆုံးအသွင်နှင့် သူ တည်ငြိမ်သွားသည် သူ့မျက်ဝန်းတွေထဲ စိုက်ကြည့်အကဲခတ်ရင်း ကျွန်မ နားစွင့်နေမိသ

သူ့စကားတွေက တစ်လုံးချင်း တည်ငြိမ်စွာထွက်လာသည် ခံစားချက်နှင့်ပြည့်ဝသော သူ့အသံလှိုင်းတွေကို နားထောင်ရင်း တစ်ခ တုန်းက မင်း,စကားတွေ ကြားနေရသလို ကျွန်မ ထင်ယောင်မိသ

"ကိုယ့်တဝမှာ ဘယ်မိန်းကလေးမှ မရင်းနှီး မပတ်သက်ခဲ့ဘ အထင်လည်း မကြီးခဲ့ဘူး မွမ်းမံ၊ ကိုယ့်ဝါသနာနဲ့ ရည်ရွယ်ချက် အောင်မြင်တဲ့၊ ကျော်ကြားတဲ့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်ဖို့ အဲဒီစိတ်နဲ့ ကိုယ် နှစ်ထားခဲ့တာ၊ မေမေနဲ့ ညီလေးကိုခွဲပြီး ကို အင်္ဂလန်အထိ ပညာသွားသင်ခဲ့တာပါ၊ ကိုယ့်ရည်ရွယ်ချက်တွေ ပြည့် ခဲ့လို့ ကျေနပ်တယ်၊ ကိုယ့်ဘဝ ပြည့်စုံပြီလို့လည်း ယုံကြည်ခဲ့တ မံ၊ ဒါပေမဲ့ တကယ်တမ်းကျ ကိုယ့်ဘဝမှာ အလိုအပ်ဆုံး အရာတ လိုအပ်နေတယ်၊ အဲဒါ အချစ်ပဲ"

ကျွန်မရင်ထဲ ထိတ်ခနဲ တိုးသည်။ သေချာခဲ့ပြီထင်ရဲ့။ ကျွ အတောင့်တဆုံး အရာကို သူ့ တောင်းဆိုတော့မှာလား။

"မေမေ့ကို ကိုယ်ချစ်တယ်၊ ညီလေးကို ကိုယ်ချစ်တ





ပြီးတော့ ကိုယ့်ဘဝကိုယ်ချစ်ခဲ့တယ်၊ အဲဒီအချစ်တွေနဲ့ မသက်ဆိုင်တဲ့ ပြီးအင်အားကြီးမားတဲ့ အချစ်ကို ကိုယ် ရှာတွေ့ခဲ့တယ်၊ အဲဒီချစ်သူက မင်းပဲ မံလေးရယ်"

"အို"

မျှော်လင့်ပြီးဖြစ်ပေမယ့် ကျွန်မ ထူထူပူပူတော့ ဖြစ်ရသည်။ ယောက်ျားတစ်ယောက်ရဲ့ ချစ်စကားပြောခံရတဲ့ မိန်းမတစ်ယောက်ရဲ့ ရှက်ရွံ့မှုတစ်ခုလိုမျိုး။ ဒီထက်မပိုတာ အံ့သြစရာမရှိပါ။ ဘာကြောင့်လဲ သိလား လင်းရောင်၊ ရှင်က မင်း,မဟုတ်ခဲ့ဘဲ။

"တကယ်ပါ မံလေးရယ်၊ မင်းကြောင့် ကိုယ့်ဘဝ ငြိမ်းချမ်း ခဲ့တယ်၊ ပျော်ရွှင်ခဲ့တယ်၊ သာယာခဲ့တယ်၊ ကိုယ့်ဘဝအတွက် မင်းကို လိုအပ်တယ် မံ"

သူ့မျက်ဝန်းတွေ အရောင်တလက်လက် တောက်ပနေသည်ကို ကျွန်မ ငေးစိုက်ကြည့်နေလိုက်သည်။ ဘဝမှာ အချစ်ကို မခံစားဘူးသော ယောက်ျားတစ်ယောက်ရဲ့ ရင်ခုန်လှုပ်ခတ်မှုတစ်ခုကို ကျွန်မ မြင်တွေ့ နေရတာ အရသာရှိလိုက်တာ။

"မင်း ဘာတွေစဉ်းစားနေတာလဲ မံ၊ ကိုယ့်စကားတွေကိုမှ ကြားရဲ့လား"

"ကြား ကြားပါတယ် ကိုလင်းရောင်"

"ကိုယ် မင်းကို လက်ထပ်ပါရစေ မံ"

တိကျပြတ်သားသော အသံ၊ ယုံကြည်မှုတွေနဲ့ တောင်းခံနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း။ ငွေကြေးဓနဂုဏ်ပုဒ် အရာအားလုံး ပြည့်စုံသော ယောကျ်ား တစ်ယောက်၏ လက်ထပ်ခွင့်တောင်းခံနေခြင်းက မိန်းမတစ်ယောက် အတွက် ကျေနပ်ဂုဏ်ယူစရာပါပဲ။ သို့ပေမယ့် ကျွန်မရင်ထဲမှာ ထိုခံစားချက်တွေ ဘာတစ်ခုမှမရှိ။

ကျေနပ်ပီတိ တစ်ခုတည်းသာ၊ မင်းစက်ရာနဲ့ ဒေါ်ခင်လေးသူတို့ နှစ်ဦးကို အနိုင်ယူနိုင်တော့မည့်အဖြစ် တွေးကာ တခိမ့်ခိမ့် ကျေနပ် နေခြင်းပင်။ ဒါကို လင်းရောင် ဘယ်လိုသိနိုင်မှာလဲ၊

"ဘယ်လိုလဲ မံလေးရယ်၊ မင်း ခေါင်းညိတ်လိုက်တာကို ကိုယ်မြင်တွေ့ချင်နေတယ်"

နူးညံ့သိမ်မွေ့ပေမယ့် အမိန့်သံဆန်သော တောင်းခံမှုဟု ကျွန်မထင်သည်။ မိန်းမသားတစ်ဦး ငြင်းရခက်အောင် ပြည့်စုံနေသော အရည်အချင်းတွေကြောင့်လား လင်းရောင်။ ရှင် မာနကြီးသလို မွမ်းမံ ဆိုတာလည်း မာနတံခွန် ထူထောင်နိုင်တဲ့ မိန်းမတစ်ယောက်ပဲ၊ ဒါပေမဲ့ ရှင့်စိတ်တွေ ပြောင်းလဲသွားအောင် ကျွန်မ မလုပ်ချင်ဘူး။ လင်းရောင် ဆိုတာ ကျွန်မ မလွဲမသွေ လက်ထပ်ယူမယ့် ယောကျ်ားတစ်ယောက်လေး

"ကိုလင်းရောင်ကို ကျွန်မ လေးစားပါတယ်၊ ဒါပေမဲ့ စဉ်းစားခွင့် ပေးပါ၊ ကျွန်မကို အချိန်တစ်ပတ်လောက် ပေးပါ"

"ဘာကြောင့်လဲ မံ၊ မင်း စဉ်းစားမယ်ဆိုတာ ဘာကိုလဲ"

"ဒါ မိန်းမတစ်ယောက် ဘဝအတွက် အရေးပါဆုံး ကိစ္စတစ်ခုလေ၊ ကျွန်မ လေးလေးနက်နက် စဉ်းစားပြီးမှ





အဖြေပေးချင်လို့ပါ"

ကျွန်မစကားကို သူ ကျေနပ်လက်ခံသွားသလို ပြုံးသွားသည်။

"အိုကေ၊ မံလေး မင်းစဉ်းစားပါ၊ ကိုယ်လက်ခံတယ်၊ တစ်ခုတော့ ပြောချင်တယ်၊ ကိုယ့်ဘဝမှာ မင်းက ပထမဆုံးချစ်သူ၊ မင်းရှိရင် ကိုယ့်ဘဝ ပြည့်စုံပြီဆိုတာ သေချာလို့ လက်ထပ်ခွင့် တောင်းခံတယ် ဆိုတာပဲ"

"ကျွန်မယုံပါတယ် ကိုလင်းရောင်၊ နောက်တစ်ပတ်တိတိကျရင် ရှင့်ကို တိကျတဲ့အဖြေ ကျွန်မပေးမှာပါ"

"ကျေးဇူးတင်တယ် မံလေး၊ အတ္တကြီးတယ် ဆိုချင်ဆို ကိုယ်ပိုင်ဆိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်တွေကို ကိုယ်တစ်ယောက် တည်းပဲ ပိုင်ဆိုင်ချင်တယ်၊ မင်းမှာ ချစ်သူရှိခဲ့ဖူးလားဟင်"

အကင်းမသေနိုင်သေးသော ရင်ထဲက ဒဏ်ရာက ဆစ်ခနဲ ကျင်သွား၏။ အာရုံထဲမှာ မင်း,မျက်နှာက ပေါ်လာသည်။ ဟုတ်တယ်၊ ချစ်ခဲ့ဖူးသူကြောင့် နှလုံးသားပါ သေဆုံးသွားပြီဟု ပြောလိုက်ချင်၏။ ဒါပေမဲ့။

"ဝန်ခံပါတယ်၊ ရှိခဲ့ဖူးပါတယ် ကိုလင်းရောင်"

သူ့မျက်နှာ သိသိသာသာ ညှိုးမှိုင်းသွားခဲ့သည်။ ကျွန်မစိတ်ထဲ ဒင့်ခနဲဖြစ်သွားရကာ ဖြေရှင်းဖို့ စကားလုံးတွေကို စဉ်းစားရသည်။ လင်းရောင်ဆိုတာ အတ္တနဲ့ မာန သိပ်ကြီးမားတဲ့သူ။ ခုချိန်မှာ သူ့စိတ်ထဲ ညစ်ပင်သွားစေတာမျိုး ကျွန်မ မဖြစ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



''အင်း ချစ်သူဆိုတာထက် ရည်းစားဆိုရင် ပိုမှန်မယ် ကိုလင်းရောင်၊ ကျွန်မတို့ တွဲခဲ့ကြတာ တစ်လကျော်ပဲ ကြာမယ်ထင်ပါရဲ့ ကျွန်မ ဖြတ်ပစ်လိုက်တာလေ၊ အဟင်း သူကတော့ တမ်းတရင်းနဲ့ ရူးသွပ်သွားမလား မဆိုတတ်ဘူး၊ ကျွန်မခံယူချက်က ကျွန်မ မချစ်တဲ့ သူကို လက်မထပ်ချင်ဘူးလေ''

သူ့မျက်နှာပေါ်က အရိပ်တွေ ပြေလျော့သွားပေမယ့် အလုံး ကျေနပ်သွားပုံတော့ မရသေးပါ။ ကျွန်မမျက်နှာပေါ်က ခံစားချက်တွေကို အကဲခတ်နေတာ သေချာ၏။

''အင်း ကိုယ် သိပ်အတွေ့ကြီးသလား မသိဘူး၊ ကိုယ်ချစ်မိတဲ့ မိန်းကလေးကို ကိုယ့်လိုပဲ တစ်ယောက်တည်းကို ချစ်စေချင်တာ မင်းဆီက မမျှော်လင့်ဘဲ ဒီစကားကို ကြားလိုက်ရတော့ ကိုယ့်အမှားပဲ ကိုယ် ဒီညှ အိပ်ပျော်မှာမဟုတ်တော့ဘူး၊ ကိုယ်ခံစားရတယ်ကွာ''

ဒါတော့ သိပ်လွန်ပြီထင်ရဲ့။ ဒီလောက်ထိ အတွေ့ကြီးတဲ့ ယောကျာ်းကို ကျွန်မ မုန်းလိုက်တာ။

''ကျွန်မနဲ့သူ လမ်းခွဲပြီးခဲ့ပြီ၊ ကျွန်မက သူ့အကျင့်စရိုက်တွေကို မကြိုက်လို့ စွန့်ပစ်လိုက်တာ''

''မင်း မင်းက ရုပ်ရည်ချောတယ်၊ ဆွဲဆောင်မှုရှိတယ်၊ အစဉ် ပြည့်စုံတဲ့မင်းကို ယောကျာ်းလေးအတော်များများ ချစ်ကြမှာ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်နောက်မကျသေးတာပဲ ကောင်းပါတယ် ကဲ ပြန်ကြစို့ မံ၊ သိပ်မှောင်သွားရင် မကောင်းဘူး''





ကျွန်မကို ကားပေါ်အထိ လိုက်ပို့ပေးပြီး ကားတံခါးကို ကိုယ်တိုင်ဖွင့်ပေးသော လင်းရောင်၏ ယုယသိတတ်မှုတွေကိုတော့ ကျွန်မ ကျေနပ်ပါသည်။

''ခွင့်ပြုပါဦး ကိုလင်းရောင်''

''နောက်တစ်ပတ်ကျရင် ကိုယ်တို့ ဆုံကြမယ်နော် မံလေး၊ မင်း ကိုယ့်အတွက် အဖြေတစ်ခုတော့ အသင့်ရှိနေစေချင်တယ်''

ကားတံခါးကို စေ့ပိတ်ပေးရင်း သူ ဆိုသည်။ ကျွန်မ ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်မိသည်။

''ဂွတ်နိုက် မံကလေး၊ အိပ်မက်လှလှ မက်ပါစေ၊ ကိုယ်ကတော့ ဒီည တော်တော်နဲ့ အိပ်ပျော်မှာမဟုတ်ဘူး''

''အိပ်ဆေးသောက်ပြီး အိပ်လေ အဟင်း ဟင်း''

ကျွန်မ ရွတ်နောက်နောက်ကလေးဆိုကာ ကားလေးကို ဆောင်းထွက်ခဲ့မိတော့သည်။ နောက်ကြည့်မှန်ထဲမှာ ရပ်ငေးကျန်ရစ်ခဲ့သည့် သူကတော့ ကျောက်ရုပ်ပမာ။

အခုမှပဲ ဟန်ဆောင်ကားသမျှကို ဟားတိုက်လို့ ကျွန်မ ရယ်မောပစ်လိုက်မိတော့ချေသည်။

ဒါ မွမ်းမံ ရယ်မောရတော့မယ့် အချိန်လေ။ အလှည့် နောက်ရင် ငိုကြွေးဖို့ ပြင်ဆင်ထားလိုက်ကြစမ်းပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

ကျွန်မအတွက် လွတ်လပ်ပေါ့ပါးစွာ ရှင်သန်ရမယ့်ရက်တွေ
သိပ်မကျန်တော့ဟု တွက်ဆပြီးခဲ့ပြီ။

မချစ်မနှစ်သက်သော ယောကျ်ားတစ်ယောက်ကို လက်ထပ်
အရေးမှာ ကျွန်မဘက်က ဘာမှ တွေဝေစရာမရှိပါ။

တစ်ပတ်လုံးလုံး ကျွန်မ အလွတ်လပ်ဆုံး နေပစ်လိုက်သည်
မနက်မိုးလင်းသည်နှင့် ကျွန်မ အလှပဆုံး ပြင်ဆင်သည်။ ပြီးတော
ကားကို ကိုယ်တိုင်မောင်းပြီး စိတ်ကူးပေါ်ရာ လျှောက်သွားသည်။

စတိုးဆိုင်တွေ၊ ပလာဇာတွေရှေ့ရောက်လျှင် ကားကိုရပ်က





ယ်ချင်တာကို စိတ်တိုင်းကျ ဝယ်ပစ်သည်။ စားချင်သည့်ဆိုင်မှာ
ကြိုက် ဝင်မှာစားသည်။

ပျင်းရိလာသည့်အဆုံးမှ အိမ်ကို လှည့်ပြန်သည်။ တစ်ပတ်တာ
ာလပတ်လုံး ကျွန်မစိတ်ရဲ့ အာသီသမှန်သမျှကို လွတ်လပ်ခွင့်
ထားခဲ့သည်။ မကြာခင်မှာ မွှမ်းမံ ဘဝက လင်းရောင်ဆိုတဲ့
ာကျ်ားတစ်ယောက်ရဲ့ ဇနီးဖြစ်တော့မှာ မဟုတ်လား။

"ဟာ ဒီမှာ အရေးကြီးနေပြီဆိုမှ"

ကွန်ပျူတာရှေ့မှာ ဂိမ်းကစားနေစဉ် ထ,မြည်သည့်
ဖုန်းသံကြောင့် ကျွန်မ စိတ်ပျက်သလို ရေရွတ်လိုက်မိသည်။
ကို ကောက်မကိုင်မိသေးဘဲ ဂိမ်းပွဲထဲမှာ အာရုံလွှတ်ထားတုန်း၊
သံကလည်း မနားတမ်း မြည်နေလေ၏။

နောက်ဆုံးတော့ ကျွန်မဲ စက်ကိုပိတ်ကာ ဖုန်းကို ကောက်ကိုင်
ရမိတော့၏။

"ဟဲလို မွှမ်းမံပါ"

"မံလေးလား ကိုယ်ပါ၊ အရမ်းသတိရလို့ ဆက်လိုက်တာ၊
း ဘာတွေလုပ်နေတာလဲ"

လင်းရောင်အသံကို ကြားလိုက်ရတာမို့ စိတ်ပျက်သွားရပေမယ့်
မျိုသိပ်လိုက်ရလေသည်။

"ကုမ္ပဏီစာရင်းတွေနဲ့ နပမ်းလုံးနေတာ ကိုလင်းရောင်ရဲ့"

"ဆောရီး။ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

''ရပါတယ်၊ ကိုလင်းရောင် ဘာပြောမလို့လဲ ပြောလေ''

''ပြောစရာတွေတော့ အများကြီးပဲ၊ မံကလေး အလုပ်ရှု
ရှုပ်နေတယ်ဆိုတော့ မပြောတော့ဘူး၊ အရေးကြီးဆုံးက မံလေး
ပြောထားတဲ့ တစ်ပတ်ဆိုတာ မနက်ဖြန်ကျ ပြည့်ပြီနော်''

''အင်း ကျွန်မ မှတ်မိပါတယ် ကိုလင်းရောင်''

''ဟား အဲဒီအခေါ်အဝေါ်ကြီးက နားထဲမှာ ကန့်လန့်ကြီးပဲကွ
မင်းကိုယ့်ကို နာမည်အပြည့်အစုံ မခေါ်ဘဲ နာမ်စားတစ်ခုနဲ့ ပြောင်းခေါ်
အစီအစဉ် မရှိသေးဘူးလား မံလေးရဲ့''

''ဒုက္ခပဲ၊ ကျွန်မ နှုတ်ကျိုးနေပြီ ကိုလင်းရောင်ရဲ့''

''ကဲ ထားလိုက်ပါတော့ကွာ၊ မနက်ဖြန် ကိုယ်နဲ့မံ ဘယ်
ဆုံကြမှာလဲ၊ ကိုယ်ကိုယ်တိုင် မံကို လာခေါ်ရမလား''

''ကျွန်မဘာသာ လာခဲ့မယ်လေ၊ ကိုလင်းရောင် ဆိုင်က
စောင့်ပါ''

''အိုကေ မံ၊ လေးနာရီနော်''

''အင်း ဟုတ်တယ် လေးနာရီပေါ့''

''ဒါဆိုရင်ရပြီ မံကလေး၊ ကိုယ် ပျော်ရွှင်ပါရစေနော် ဘိုင်''

နှုတ်ဆက်စကားဆိုကာ သူ ဖုန်းချသွားခဲ့လေသည်။ ကျွန်
ဖုန်းလေးကို စိုက်ကြည့်ရင်း သူ့မျက်နှာကို မြင်ယောင်လာသည်
မျှော်လင့်ချက်တွေနှင့် လင်းရောင် ပျော်မြူးနေမှာ သေချာ၏။





ရှင် သိပ်ပျော်သွားအောင် ကျွန်မ ခေါင်းညိတ်ဖို့ အသင့်ပါပဲ
င်းရောင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

သူ့ဘဝမှာ ပထမဆုံး စွဲလမ်းချစ်မြတ်နိုးရသော မိန်း
တစ်ယောက်၏ အဖြေစကားတစ်ခွန်းအတွက် သူ တစ်ပတ်လုံး
တွေးကာ ကြိုတင်ရင်ခုန်ခဲ့ရလေသည်။ အချစ်ဆိုသော အရာတစ်ခု
ထိုမျှအထိ တန်ခိုးကြီးမားလိမ့်မည်ဟုတော့ သူ ဘယ်တုန်းက
ထင်မှတ်မထားခဲ့မိပါချေ။

မိန်းမတစ်ယောက်ကို သူ စွဲစွဲလမ်းလမ်း ဖြစ်သွားလိမ့်မည်
ကိုယ့်ကိုကိုယ်တောင် မထင်မှတ်ထားခဲ့ပါ။ မွှမ်းမံနှင့် ဆုံတွေ့
အဆန်းတကြယ်တော့ မဟုတ်တာ သေချာသည်။ ရင်ခုန်





အဖြစ်အပျက်လည်း မဟုတ်ခဲ့။

သူ့ရဲ့ကားသော့ မဟုတ်သော ကားသော့ကို သူ့အနောက်က လိုက်ပေးခဲ့သော မိန်းကလေး။ ထိုမိန်းကလေးရဲ့ မျက်ဝန်းတွေကို သူ ပထမဆုံး မြင်တွေ့စဉ်က တကယ့်ကို ရိုးသားအပြစ်ကင်းစင်နေခဲ့သည်။

သူ့ကားသော့မဟုတ်ဟု ငြင်းလိုက်တော့ ကြောင်ကြောင်ငေးငေး ဖြစ်သွားပုံက တကယ့်ကို ချစ်စဖွယ်လေး။ ရှက်ရွံ့ရွံ့ မျက်နှာလေးကို သူ ရယ်လည်းရယ်ချင် မိခဲ့သေးသည်။

နောက်တော့ သူ့ရဲ့ဆေးခန်းအထိ ဒီကောင်မလေး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။ သူ အံ့ဩဝမ်းသာမှုကို မနည်း ထိန်းဆောင်မျိုသိပ် ဖုံးကွယ်ထားရတာကို သူမကတော့ သိနိုင်မည် မဟုတ်ခဲ့ပါ။

အမြဲတမ်း ကံကောင်းလွန်းသော သူ့ဆီကို မွှမ်းမံဆိုသည့် ချစ်စရာမိန်းကလေးကို ကံကြမ္မာက အရောက်ပို့ပေးလိုက်ခြင်းဟုသာ ဆိုရတော့မည်။ သူမကြောင့် သူ့ဘဝလေး ပိုမိုအဓိပ္ပာယ်ရှိခဲ့ရသည်က သေချာခဲ့သည်။

သည့်ဆိုင်လေးထဲကို လေးနာရီမထိုးခင် မိနစ်နှစ်ဆယ်လောက် ကတည်းက သူ ရောက်နေခဲ့သည်။ စတော်ဘယ်ရီတစ်ခွက် သောက်တာ သူမကို စောင့်မျှော်ရသည့် စက္ကန့်တွေက ကြာလွန်းသည် မိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လေးနာရီထိုးပြီး နှစ်မိနစ်ကျော်ကျော်မှာ သူမ ဆိုင်လေးထဲ လှမ်းဝင်လာသည်။ ရင်ထဲမှာ မောဟိုက်နေသမျှ ပြေပျောက်ကာ သူ သူ ငေးကြည့်နေမိတော့သည်။ ပန်းနုရောင်ဝတ်စုံလေးနဲ့ သူမ သိမ် လှပနုပျိုနေသည်။ လက်မောင်းနှစ်ဖက်မှာ ပန်းပွင့်ဝတ်လွှာနုမ ချထားသလို ဒီဇိုင်းဆန်းဆန်းနှင့် အင်္ကျီလေးက သူမနှင့် လိုက်ဖ လွန်းသည်။ သူမကို သူ ငေးမောရင်း တဒင်္ဂတော့ သတိကင်းလွတ်ဆ ဝန်ခံချင်ပါသည်။

"ဆောရီး ကိုလင်းရောင်၊ နည်းနည်းနောက်ကျသွားတယ် ရောက်နေတာ ကြာပြီလားဟင်"

"လေးနာရီမထိုးခင် မိနစ်နှစ်ဆယ်လောက်ကတည်း ရောက်နေတာ၊ မံကလေး နောက်မကျပါဘူး။ ကိုယ်ကိုယ်တိုင်ကို စိတ်လောနေခဲ့တာပါ"

သူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ သူမ ဝင်ထိုင်ချိန် သင်းပျံ့ပျံ့ ရေမွှေးရနံ့လေးကို ရှူရှိုက်လိုက်ရသည်။ သူမျက်နှာလေး ပကတိ အပြစ်ကင်းစင်လွန်းနေတာကို ရင်ခုန်ငေးမောနေမိဆဲ။

သည်လောက် ချစ်စရာကောင်းသော ချစ်သူလေးကို ပိုင်ဆိုင်ရရင် ဘယ်လောက် ပျော်စရာကောင်းမှာလဲ။ လင်းရောင်ဆို ကံအကောင်းဆုံး ယောကျ်ားတစ်ယောက်ဖြစ်မှာ သေချာနေပြီလေ

"မံ ကိုယ် မံကလေးရဲ့ အဖြေကို အရမ်းကြားချင်နေပြီ

သူမမျက်နှာကလေး ရှက်သွေးလွှမ်းသွားတာလား။ ခေါင်း





ငုံ့ကာ သူ့ရဲ့မျက်ဝန်းအကြည့်တွေကို ရှောင်တိမ်းသွားပုံက ရင်ခုန်စရာပင်။

"ဖြေပါဦး မံကလေးရယ်၊ ကိုယ် ကြားပါရစေ"

ခေါင်းကလေးငုံ့ထားလျက်က သူမစကားသံတွေ တိုးတိုးလေး ထွက်လာလေသည်။

"ကိုလင်းရောင်ကို ကျွန်မ လက်ခံပါတယ်"

အတိုင်းအဆမသိ ပျော်ရွှင်ရမည့် ရင်ခုန်သံတွေက ဘာသိကအောက် ဖြစ်သွားရသည်။ သူမျှော်လင့်ထားသည့် အဖြေမျိုး မဟုတ်တာ မချင့်မရဲ ဖြစ်စေရဲ့။

"ဟာကွာ၊ မံကလေး အဖြေကလည်း ရင်ခုန်စရာ မကောင်းလိုက်တာ"

"ဒုက္ခပါပဲ၊ ကျွန်မ ဘယ်လိုဖြေရမှာလဲ"

"အား မံကလည်း ကိုယ်ကြားချင်တာ အဲဒီလိုမဟုတ်ဘူး၊ နှုတ်ဖျားက ချစ်ပါတယ်ဆိုတဲ့ စကားလေ"

"ကျွန်မ ကြာရင် ရှက်လွန်းလို့ သေလိမ့်မယ် ကိုလင်းရောင်၊ ကျွန်မရင်ကို ရှင်မြင်ကြည့်ရင် သိနိုင်မှာပါ"

"မဟုတ်ဘူးလေ မံကလေးရဲ့၊ ကိုယ်က တိတိကျကျလေးကို ကြားချင်တာ၊ မံကို ကိုယ် အပြည့်အဝ ချစ်ခဲ့သလို မံကလည်း အပြည့်အဝ တုံ့ပြန်တာကိုပဲ လိုချင်တာ၊ ကိုယ် အတ္တသိပ်ကြီးတာ သိရက်နဲ့"

"ကျွန်မ ကိုလင်းရောင်ကို လက်ထပ်မှာပါ၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တော့နော်''

''မင်းကို ကိုယ်လက်ထပ်မှာပါ မံကလေးရယ်၊ ဒါပေ
မင်းလေးရဲ့နှုတ်ဖျားက စကားတစ်ခွန်းကို ကြားချင်တယ်၊ ပြီးတော
မင်းရဲ့ အခေါ်အဝေါ်တွေ ပြောင်းသင့်ပြီ''

သူမ မျက်ဝန်းနက်နက်လေးတွေနဲ့ သူ့ကို မော့ကြည့်သည်
အဲဒီမျက်ဝန်းလေးတွေကို သူ စူးစူးစိုက်စိုက် ပြန်စိုက်ကြည့်လိုက်မိ
အရှင်ဆုံး မျက်နှာလွှဲ ရှောင်တိမ်းသွားတာက သူမပဲလေ။

''မံကလေး စိတ်ညစ်နေပြီလား''

''အင်း စိတ်ညစ်တာထက် စိတ်ရှုပ်သွားတာ၊ ကိုလင်း
ကျွန်မ တစ်ခါပြောဖူးပါတယ်၊ ကျွန်မချစ်တဲ့သူကိုပဲ လက်ထပ်မယ
ဆိုတာလေ၊ အခု ကျွန်မ ကိုလင်းကို လက်ထပ်မယ်၊ ဒီထက်ပြည့်စုံ
အဖြေ မရှိတော့ဘူး၊ ဒါကို ကိုလင်း နားလည်ပါနော်''

ပင့်သက်ရှိုက်ရင်း သူ ကျေနပ်လိုက်ရပါသည်။ ချက်ချင်းပြ
ဆိုတော့ သူမ မိန်းကလေးပီပီ ရှက်ရွံ့ရှာမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူ
လက်ထပ်ဖို့ သူမ ခေါင်းညိတ်ခဲ့ပြီပဲ။ သူ ချစ်မြတ်နိုးတဲ့ မိန်းကလေး
သူ ပိုင်ဆိုင်ခွင့်ရပြီပဲ။ ဒါ ကျေနပ်ဝမ်းသာစရာ ဖြစ်ခဲ့ပြီ။

သူ အိတ်ထဲကို လက်နှိုက်ပြီး အသင့်ဆောင်ယူလာ
ဘူးလေးကို ထုတ်လိုက်၏။ သူ့ကို ငေးကြည့်ရင်း တိတ်ဆိတ်နေ
မံကို သူ ပြုံးကြည့်လိုက်ရင်း -

''မံကလေး မင်းရဲ့ဘယ်ဘက်လက် ကိုယ့်ကိုပေးစမ်းပါ''





သူမ မျက်ဝန်းလေးတွေ လင်းလက်တောက်ပသွားသည်။ ပြီးတော့ ဘယ်ဘက်လက်ကလေးကို သူ့ဆီ ကမ်းပေး၏။ ဘူးနက်လေးကို သူ ဖွင့်လိုက်တော့ စိန်ပွင့်ဖြူဖြူလေးနဲ့ လက်စွပ်ကလေးနှစ်ကွင်း။

''မံကလေးနဲ့ ကိုယ်တို့ ချစ်သူတွေဖြစ်ကြတဲ့ အထိမ်းအမှတ်၊ ပြီးတော့ နှလုံးသားချင်းပေါင်းစပ်ဖို့အတွက် စေ့စပ်လက်စွပ်တွေ ဆိုပါတော့''

သူမလက်ကလေးကို ဆုပ်ကိုင်လို့ လက်သူကြွယ်လေးမှာ သူကိုယ်တိုင် တစ်ကွင်း ဝတ်ဆင်ပေးလိုက်သည်။ သူမရဲ့ လက်ချောင်းသွယ်သွယ်လေးမှာ အံဝင် ဂွင်ကျပါပဲ။

''ရော့ မံ ဟောဒီလက်စွပ်ကလေးကို မံကိုယ်တိုင် ကိုယ့်လက်မှာ ဆင်ပေးပါ''

အပြုံးယဲ့ယဲ့လေးနဲ့ သူမ ခေါင်းညိတ်သည်။ ပြီးတော့ ဘူးနက်လေးထဲက လက်စွပ်ကလေးကို သူ့ရဲ့ လက်သူကြွယ်လေးမှာ သူမကိုယ်တိုင် ဆင်မြန်းပေး၏။

သူ့ရင်ထဲမှာ တသိမ့်သိမ့် နွေးလှိုက်နေသည်။ သူမလည်း ရင်ခုန်သံတွေ စည်းချက်ညီညာနေမယ်လို့ ထင်မိရဲ့။

''မံကလေး နောက်တစ်ပတ်ဆိုရင် ကိုယ့်မေမေဆီကို အကြောင်းကြားမယ်၊ ကိုယ်လက်ထပ်တော့မယ်လို့လေ၊ မေမေ့ကို အင်္ဂလန်မှာ နှလုံးခွဲစိတ်ကုသမှုက နှစ်ပတ်အတွင်း ကုသဖြစ်မှာ၊ ဒီတော့ တစ်လအတွင်းမှာ မေမေတို့ ပြန်လာကြမှာပါ၊ ကိုယ့်မေမေ ပြန်လာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မံကလေးကို ခမ်းခမ်းနားနား လက်ထပ်မှာပါ''

သူ့အက်က သေသပ်တိကျစွာ စီစဉ်ထားတဲ့ အစီအစဉ်တွေ
သူမ တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေသည်။ မျက်ဝန်းေ
ရီရီငေးငေးနဲ့ ဘာမှ မတုံ့ပြန်တာကို သူ မချင့်မရဲဖြစ်ရတာအမှ

''မံကလေး ဘာဖြစ်နေတာလဲ၊ ကိုယ့်အစီအစဉ်တွေကို
သဘောကျရဲ့လား''

''အင်း ကောင်းပါတယ် ကိုလင်းရဲ့၊ သဘောကျပါတယ်''

''ဒါဆို မံဘက်က မိမိဘတွေကိုလည်း အသိပေးလိုက်ေ
ကိုယ်တို့မင်္ဂလာရက်မှာ အားလုံး စုံစုံညီညီ ရှိရအောင် ခုကတည်း
ကြိုတင်စီစဉ်ရမှာ''

''ကျွန်မဘက်က ဒီတစ်ရက်နှစ်ရက်အတွင်း ဒယ်ဒီတို့
အသိပေး အကြောင်းကြားမှာပါ ကိုလင်း''

''အိုကေ မံလေး၊ ကဲ ကိုယ်တို့ရဲ့ ကြည်နူးစရာ ည
စားပွဲလေးကို စလိုက်ကြရအောင်ကွာ''

ဟန်မဆောင်နိုင်လောက်အောင် သူ ပျော်ရွှင်ကြည်နူးခဲ့သည

''မံကလေး စားနော်၊ ကိုယ်ကတော့ ရင်ထဲမှာ ပီတိတွေ
ပြည့်နေတယ်''

မံရဲ့ ပန်းကန်ထဲ ဟင်းလျာတွေ ခပ်ထည့်ပေးရင်း သူဆိုေ
သူမကလည်း နွေးနွေးလေးပြုံးရင်း

''မံလည်း အတူတူပါပဲ ကိုလင်းရယ်''





တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ရယ်မောလိုက်မိ
ကြ၏။ အံ့ဩစရာကောင်းလိုက်တာ။ အချစ်ဆိုတာ အဲဒီလောက်ထိ
တန်ခိုးစွမ်းအားတွေ ကြီးမားမှန်း သူ အခုမှ သိလိုက်ရတာလေ။

မံလေးရယ် မင်းဟာ ငါ့နှလုံးသားရဲ့သခင်၊ ငါ့ဘဝရဲ့ အရှင်ပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဒါ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စဆိုတာ ကျွန်မ သိတာပေ
သူ့ရဲ့အစီအစဉ်က ကျွန်မကို ချောက်ချားထိတ်လန့်သွားစေသည်။ သူ
လက်ထပ်မယ့်မိန်းမရဲ့နာမည်ကို သူ့အမေ ကြားလိုက်တာနဲ့ ပြဿနာတွေ
ရှုပ်ထွေးကုန်မှာ သိပ်ကို သေချာသည်။

တစ်ပတ်အတွင်းမှာ သူ့အမေကို အသိပေးမယ်ဆိုတဲ့ စကားက
ကျွန်မအတွက် သွေးပျက်စရာတစ်ခုပါပဲ။ မဖြစ်ဘူး လင်းရောင်
ရှင့်ရဲ့စိတ်ကူးတွေ အကောင်အထည်ဖော်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်တာ
သေချာတယ်။ ကျွန်မ အကောင်းဆုံးနည်းလမ်းတစ်ခုကို အမြန်ဆုံး





ရှာချယ်ရတော့မယ်ဆိုတာ သေချာနေပြီ လင်းရောင်။

အဲဒီညက ကျွန်မ တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ ကျွန်မ
လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို စဉ်းစားရင်း မိုးလင်းလုလုမှပဲ
အိပ်ပျော်သွားခဲ့ရသည်။

မနက်မိုးလင်းတာနဲ့ ကျွန်မ ဘာကိုမှ စဉ်းစားမနေတော့။
ကားပေါ်တက်ပြီး မောင်းထွက်ခဲ့မိတာ သူရှိနေတဲ့ သူ့ရဲ့နေအိမ်ကိုပင်ဖြစ်၏။

မှတ်မှတ်ရရ နှစ်ကြိမ်တိုင်တိုင် ရောက်ဖူးတဲ့ မင်းရဲ့ခြံကြီးက
ကျွန်မကို တိတ်ဆိတ်စွာပဲ ဆီးကြိုနေသည်။ ခြံအနီးရောက်မှ ကျွန်မ
ဟွန်းကိုထုတ်ပြီး လင်းရောင်ဆီ ဆက်သွယ်လိုက်၏။

ခြံစောင့်ကြီးက ကျွန်မကို မှတ်မိနေနိုင်တယ်။ မင်းတို့ခြံဝင်းထဲ
ကျွန်မ ဝင်လို့မှမဖြစ်ဘဲ။

"ဟင် မံ စောစောစီးစီး ဘာပြောစရာရှိလို့လဲ၊ ပြောလေ
ကိုယ် နားထောင်နေတယ်"

"သိပ်ကို အရေးကြီးတယ် ကိုလင်း၊ ကျွန်မ ရှင်နဲ့ အခုတွေ့မှ
ဖြစ်မယ်"

"ကိုယ်အခု ဆေးရုံသွားတော့မလို့ မံ့ကိစ္စက သိပ်အရေးကြီး
နေလို့လားဟင်"

"အရေးကြီးတယ် ကိုလင်း၊ မံ အခုတောင် လမ်းက
ဆက်နေတာ၊ ကိုလင်းနဲ့တွေ့မှဖြစ်မယ်၊ ဖူးပွင့် ကဖေးဆိုင်ကလေးကို
သိတယ်မဟုတ်လား၊ မံ အဲဒီမှာရှိနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် မံ၊ ကိုယ် ဆယ့်ငါးမိနစ်အတွင်း အရောက်လာခဲ့မယ် ဟုတ်လား"

"မံစောင့်နေမယ် ကိုလင်း၊ ဒါပဲနော်"

ဖုန်းကိုပိတ်ပြီး ကျွန်မ ကားလေးကို ပြန်ဦးလှည့်လိုက်သည်။ ကျွန်မ ဆုံးဖြတ်ထားတဲ့ အစီအစဉ်တွေကို အမြန်ဆုံး စီစဉ်မှ ဖြစ်မည်။

ဆိုင်ကလေးမှာ ကျွန်မ ငါးမိနစ်သာသာလောက်ပဲ စောင့်လိုက်ရသည်။ ကိုလင်းရဲ့ကားလေး ဆိုင်ရှေ့ကို ထိုးရပ်လာသည်။ ဆိုင်ထဲက စားပွဲဝိုင်းတစ်လုံးမှာ ထိုင်နေတဲ့ ကျွန်မဆီကို ကိုလင်း တန်းတန်းမတ်မတ် လျှောက်ဝင်လာချေသည်။

"မံ ဘာတွေအရေးကြီးနေတာလဲဟင်၊ မံကလေးမျက်နှာက ထူးခြားနေသလိုပဲ"

"သိပ်အရေးကြီးတယ် ကိုလင်း၊ ညက ဒယ်ဒီနဲ့ မာမီဆီက ဖုန်းဝင်လာတယ်၊ ကျွန်မရဲ့ အနာဂတ်အတွက်တဲ့၊ အမေရိကားမှာ ရှိနေတဲ့ ဒယ်ဒီတို့ကုမ္ပဏီက မန်နေးဂျင်းဒါရိုက်တာတစ်ယောက်နဲ့ ကျွန်မကို လက်ထပ်ပေးမလို့တဲ့လေ"

"ဘာ ဘာပြောတယ် မံ"

သူ့မျက်နှာပေါ်က စိုးရိမ်တုန်လှုပ်မှုတွေကို ကျွန်မ မြင်လိုက်ရ၏။ ကျွန်မ သူ့မျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်ရင်း

"အဲဒါ ဒယ်ဒီတို့ အစီအစဉ်ပါ"

"နေ နေပါဦး မံကလေး၊ မင်းရဲ့မိဘတွေက ကိုယ်နဲ့





သဘောမတူတဲ့ သဘောလား၊ မင်း ရှင်းမပြလိုက်ဘူးလား"

"အဲဒီကိစ္စကို ကျွန်မရှင်းပြဖို့ အခွင့်အရေးမရှိတော့ဘူးလေ၊ ယ်ဒီနဲ့ မာမီတို့က ကျွန်မကို အမေရိကားမှာ နေထိုင်စေချင်လို့ ဉ်နေကြတဲ့ကိစ္စ၊ ဒယ်ဒီတို့ သဘောတူတဲ့လူက မြန်မာလူမျိုး၊ မေရိကားမှာ နိုင်ငံသားခံယူထားတာလေ"

"အဲဒါတွေ ကိုယ်စိတ်မဝင်စားဘူး မံ၊ ကိုယ်ကြားချင်တာ ရဲ့ ဆုံးဖြတ်ချက်က ဘာလဲ"

"ဒယ်ဒီတို့စကားကို ဆန့်ကျင်ဖို့ မံဘက်က အသင့်ပဲ ကိုလင်း"

"ဒါဆို ပြီးပြီပေါ့ မံကလေးရယ်၊ မင်းကို ကိုယ် မစွန့်လွှတ် ပါဘူး၊ မင်းကိုပဲ ကိုယ်လက်ထပ်မှာ၊ မင်း ကိုယ့်ဘက်မှာရှိနေရင် ပြီပေါ့"

"တစ်ခုတော့ရှိတယ် ကိုလင်း၊ ကိုလင်း စီစဉ်သလို ချိန်မရဘူး၊ ကိုလင်းနဲ့ ကျွန်မတို့ မင်္ဂလာပွဲကြီး ခမ်းနားစုံညီဖို့လည်း ဆိုအပ်ပါဘူး၊ ကျွန်မတို့ လက်ထပ်ဖို့ ကိုလင်း ဘယ်လိုစီစဉ်မှာလဲ"

"ဒီနေ့ပဲ မင်းနဲ့ကိုယ် တရားဝင် ယက်ယှက်ထိုး လက်ထပ် ကြမယ် မံကလေး၊ ပြီးရင် ိုယ့်မိတ်ဆွေတွေကို မနက်ဖြန်ညနေ ည့်ခြံကဲမှာပဲ မင်္ဂလာပွဲ အကျဉ်းသဘော စီစဉ်လိုက်တာပေါ့၊ ဘာမှမပူနဲ့ ိယ် စီစဉ်နိုင်ပါတယ်"

ကျွန်မရဲ့ အလိုတစ်ခုကို ဘာမှမရိပ်မိရှာဘဲ သူ ယောကျ်ား ်းဖြတ်ချက်နှင့် ဆိုသည်။ ပြီးတော့ ကျွန်မကို ငေးစိုက်ကြည့်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့နူးညံ့သော လေသံနှင့် တီးတိုးကလေးဆိုသည်။

"ဒီနေ့ပဲ မံနဲ့ကိုယ် လက်ထပ်လိုက်ကြရအောင်၊ ခဏလေးနော် ကိုယ် ဖုန်းဆက်လိုက်ပါရစေဦး"

ကျွန်မကိုခွင့်တောင်းပြီး သူ ဖုန်းကို ကောက်ကိုင်သည်။ သူ့မိတ်ဆွေ ဆရာဝန်တစ်ယောက်ထံ ဖုန်းဆက်နေခြင်းဖြစ်သည်။ သူ့ကို ငေးကြည့်ရင်း ကျွန်မ တစိမ့်စိမ့် ကျေနပ်နေမိသဲ။

"အားလုံးအိုကေတယ် မံကလေး၊ ကဲ လာ မင်းနဲ့ကိုယ် အခုပဲ တရားရုံးကို သွားကြမယ်၊ အားလုံး ကိုယ်စီစဉ်လိုက်ပြီ ကိုယ့်မိတ်ဆွေတွေ သက်သေထားပြီး ကိုယ်နဲ့ မင်းရဲ့ ဘဝနှစ်ခု ပေါင်းစပ်လိုက်ကြတာပေါ့"

"ကိုလင်းရယ် ကျွန်မ ဝမ်းသာလိုက်တာ"

"ကိုယ်လည်း အတိုင်းမသိ ဝမ်းသာနေပါတယ် မံ၊ ကိုယ်စီစဉ်ထားတဲ့ အချိန်ထက်စောပြီး မင်းလေးကို ပိုင်ဆိုင်ခွင့်ပြုခဲ့တဲ့ ကံကြမ္မာကိုလည်း သိပ်ကျေးဇူးတင်ပါတယ်"

တရားသူကြီးနဲ့ အသိသက်သေတွေ ရှေ့မှောက်မှာပဲ ကျွန်မတို့ နှစ်ဦး လက်မှတ်ထိုးလိုက်ကြသည်။ သူ့မျက်နှာက ကြည်နူးအပျော်တွေနှင့် အတောက်ပဆုံး ဝင်းလက်နေသည်။ ကျွန်မမျက်နှာပေါ်မှာလည်း ဟန်ဆောင်အပြုံးတုတွေ တောက်ပနေခဲ့မှာပါ။

"လင်းရောင် မင်းကတော့ တကယ့်ကောင်ပဲ၊ တစ်သက်လုံး လူပျိုကြီးလုပ်တော့မလိုနဲ့ ယူမယ့်ယူတော့လည်း မျက်လုံးဆန်လိုက်





တာကွာ"

သူ့သူငယ်ချင်းတွေက တအံ့တဩ ဆိုနေကြတာကို သူကတော့ ကျေကျေနပ်နပ်ကြီးပြုံးလို့ ခံယူနေ၏။

"ကွန်ကရက်ကျူလေးရှင်း လင်းရောင်၊ ဂုဏ်ယူပါတယ်ကွာ၊ မင်းရဲ့ လူပျိုကြီးဘဝကြီးကို မွှမ်းမံလို လှပတဲ့ မိန်းမတစ်ယောက်နဲ့ အဆုံးသတ်ပစ်လိုက်တာတော့ ချီးကျူးတယ်"

"မင်း ငါတို့ကို မျက်လှည့်ပြလိုက်တာတော့ ရင်သပ်ရှုမောဖွယ်ပဲ၊ အဲ မင်းရဲ့ ဘက်ချလာနိုက်အတွက်တော့ မကျေနပ်ဘူးကွာ"

"အစီအစဉ်တွေက မရည်ရွယ်ဘဲ ဖြစ်ကုန်တာမို့ မပြည့်စုံမှုတွေကို နားလည်ပေးကြလေကွာ၊ စိတ်ချ မနက်ဖြန်ကျရင် မင်းတို့ ဆန္ဒတွေ အပြည့်ဝဆုံးဖြစ်အောင် ပြုစုကျွေးမွေးမှာပါ၊ ငါ့ရဲ့ခြံဝင်းထဲမှာ အပြည့်စုံဆုံး အစီအစဉ်တွေ ရှိပါတယ်"

"အိုကေ၊ ကဲ ငါတို့လစ်မယ်၊ ဂျူတီပြန်ဝင်ရဦးမှာကွ"

သူ့သူငယ်ချင်းတွေ ပြန်သွားတော့ သူ ကျွန်မလက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း ကားလေးဆီ လျှောက်ခဲ့သည်။ ကျွန်မကို တရားဝင် ပိုင်ဆိုင်ပြီးခဲ့တာမို့ သူက သူ့အိမ်မှာ လိုက်နေဖို့ကို ကြိုတင် တောင်းဆိုထားခဲ့ပြီးဖြစ်သည်။

ဒေါ်ခင်လေးသူရဲ့ ချွေးမ။ မင်းရဲ့ မရီးတစ်ယောက်အဖြစ် ဒီအိမ်ကြီးမှာ ကျွန်မ ခေါင်းမော့ကာ နေထိုင်ကြည့်ချင်သည်။

"မံကလေး ရင်တွေ သိပ်ခုန်နေတာလား၊ ကိုယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပျော်နေတယ်၊ ကိုယ်နဲ့မင်း ဖနီးမောင်နှံတွေ ဖြစ်သွားကြပြီနော်"

"ကိုလင်းရယ် မံ အိပ်မက်မက်နေသလိုပါပဲ၊ ဒါနဲ့ ကိုယ် မေမေနဲ့ ညီဆီကို အကြောင်းကြားပြီးပြီလားဟင်"

"ဟင့်အင်း ကိုယ်တို့အစီအစဉ်တွေကို ကသောကမျော စီစဉ်နေရတာနဲ့ အကြောင်းမကြားရသေးဘူး၊ မေမေနဲ့ ညီတော့ အံ့ဩသွားမှာ သေချာတယ်၊ သူတို့က ကိုယ့် အိမ်ထောင်ပြုမယ် လုံး၀ ထင်ထားကြမှာမဟုတ်ဘူး"

ကားတံခါးဖွင့်ပေးရင်း သူဆိုသည်။ ကျွန်မ သူဖွင့်ပေးသော တံခါးမှာ ဝင်ထိုင်လိုက်တော့မှ သူကိုယ်တိုင် တံခါးကို ပြန်ပိတ်ပေး အရှေ့မှ ပတ်လျှောက်ကာ မောင်းသူနေရာ ဝင်ထိုင်၏။

"ကိုယ့်ဇနီး ဘယ်လောက်ချောတယ်ဆိုတာ မေမေနဲ့ ညီ ကြွားချင်နေပြီ သူတို့ ကိုယ့်ရွေးချယ်မှုကို ချီးကျူးသွားကြမှာ သေချာတယ် မံကလေး"

သူ့စကားတွေကို ရှက်ယောင်ပြုရင်း ကျွန်မ ခေါင်းကိုအငုံ့ သူ ကျွန်မမျက်နှာအနီး ဖျပ်ခနဲ လှမ်းတိုးကာ

"အို"

ထင်မှတ်မထားမိသော အနမ်းတစ်ပွင့်။ ကျွန်မရဲ့ ဘယ်ဘက် ပါးပြင်မှာ ရွှေးခနဲ ဖြစ်သွားသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ကျွန် ကျင်တက်သွားသလို ခံစားလိုက်ရ၏။

"မင်္ဂလာဦး စတီနော် မံကလေး"



သူ ခွေးခွေးလေးပြုံးရင်းဆိုတော့ ကျွန်မ ထူပူရှိမြန်းနေသော မျက်နှာနှင့် ခေါင်းညိတ်မိတာလား။ ခေါင်းငုံ့မိတာလား မရေရာပါ။ ကျွန်မ ဘာကြောင့် တုန်လှုပ်သွားရတာလဲ။ သူက ခုချိန်မှာ ကျွန်မရဲ့ ... တစ်ယောက်လေ၊ ကျွန်မဘဝတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်ရပြီးသွားတဲ့ ... ယောကျ်ားတစ်ယောက်။ ထိုအတွေးက ကျွန်မနှလုံးသားကို ... ကြပ်လှောင်ပိတ်သွားစေခဲ့၏။

ခြံတံခါးကို ဖွင့်ပေးသော ခြံစောင့်ကြီးက လင်းရောင်နှင့်အတူ ... လာသော ကျွန်မကိုမြင်တော့ တအံ့တဩဖြစ်နေ၏။ ကျွန်မကို ထိုလူကြီး ... မိနေဟန်တူသလို မယုံမရဲနှင့် နားမလည်နိုင် ဖြစ်နေပုံလည်းရ၏။ ... ကို မရိပ်မိ မသိရှာသော လင်းဟန်က

"ဦးသောင်း ခြံတံခါးပိတ်ပြီးရင် အိမ်ထဲလာခဲ့ဦး၊ ကျွန်တော့် ... နဲ့ မိတ်ဆက်ပေးထားချင်လို့"

"ဟုတ် ဟုတ်ကဲ့ ဆရာလေး"

ကားလေးကို ဆင်ဝင်အောက်မှာ ရပ်လိုက်သည်နှင့် ကျွန်မ ... မြင်ရသော ဧည့်ခန်းကြောင့် သွေးထဲမှာ ဖျဉ်းကနဲ ကျင်တက် ...၏။ အဲဒီဧည့်ခန်းထဲမှာပဲ ကျွန်မကို သူ့မိခင် ရက်ရက်စက်စက် ... ထားခဲ့တာပေါ့။

"မံ အိမ်ထဲဝင်လေ၊ ခုချိန်ကစပြီး ဟောဒီအိမ်က မံရဲ့အိမ်၊ ... ကိုယ့်ရဲ့ဇနီး ဖြစ်သွားပြီ ဟုတ်လား"

ကျွန်မ ဟန်ဆောင်အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဧည့်ခန်းထဲအထိ ကျွန်မလက်မောင်းလေးကို ဆုပ်ကိုင်တွဲ ခေါ်ဆောင်လာခဲ့သည်။

"ထိုင်ဦး မံ၊ မံ ဘာသောက်မလဲ၊ သံပုရာရည်ေ သောက်မလား ကိုယ်ဖျော်ပေးမယ်"

"ဟင့်အင်း မံ ဘာမှမသောက်ချင်ပါဘူး ကိုလင်း"

"မေမေတို့ရှိတုန်းက အိမ်ဖော်ကောင်မလေးတစ်ယော ရှိတယ်၊ အခု မေမေတို့ အင်္ဂလန်သွားနေချိန်ဆိုတော့ သူ ပြန်နားခိုင်းထားတယ်၊ ကိုယ်တစ်ယောက်တည်း နေတာဆိုေ မကောင်းဘူးလေ၊ မံရောက်လာပြီဆိုတော့ အဲဒီကောင်မ ပြန်ခေါ်ရတော့မှာပဲ"

"မခေါ်ပါနဲ့ ကိုလင်းရယ်၊ နှစ်ယောက်တည်းပဲရှိတာ ကိုလင်းအတွက် စီစဉ်ချက်ပြုတ်ပေးနိုင်ပါတယ်"

"မံ တကယ်ပြောတာလား၊ ကိုယ်က ပိုတောင် သဘောကျ တာပေါ့၊ မံကလေးကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးတာကိုပဲ စားေ ရမှာ အဆင်ပြေတာပေါ့ကွာ"

သူ ဝမ်းသာကျေနပ်စွာ ဆိုနေတုန်း ခြံစောင့်ကြီးဦးေ ဧည့်ခန်းဝမှာ လာရပ်လိုက်တာမို့ စကားပြတ်သွားရင်း။

"ဪ လာ ဦးသောင်း၊ မံ ဦးသောင်းက ကိုယ်တို့အ ခြံစောင့်လုပ်လာတာကြာပြီ၊ ဦးသောင်း ဒါ ကျွန်တော့်ဇနီး မွ

"ဗျာ ဟုတ် ဟုတ်ကဲ့ ဆရာလေး"





"မံ ကိစ္စရှိရင် ဦးသောင်းကိုခိုင်း၊ ဦးသောင်းက ကားဂိုဒေါင် းထဲမှာ နေတယ်၊ ကဲ ဦးသောင်း လုပ်စရာရှိတာ သွားလုပ်တော့ ပြီ"

ဦးသောင်းမျက်ဝန်းတွေက ကျွန်မကို ကောင်းကောင်း ်မိသွားတာ သေချာသည်။ ကျွန်မနာမည်ကို သူ သိသွားတာမို့ ာင်းကောင်းမှတ်မိသွားတာ ဖြစ်လိမ့်မည်။ ထိုအတွက် ပြဿနာတော့ ှိလှပါ။ ဦးသောင်းတစ်ယောက် လင်းရောင်ကိစ္စမှာ ဘာမှ ွက်ဖက်နိုင်မှာမှ မဟုတ်ဘဲလေ။

"မံ အဝတ်အစား လဲတော့လေ၊ လာ အိမ်ထဲမှာ ကိုယ် ခန်းတွေ လိုက်ပြပေးမယ်"

သူခေါ်ဆောင်ရာသို့ ကျွန်မ လိုက်ခဲ့ရသည်။ သူက တစ်အိမ် ာ ရှိသမျှ အခန်းတွေကို လိုက်ပြရင်း ရှင်းပြသည်။ သူပြသမျှ မ ခေါင်းကလေးညိတ်ကာ မှတ်သားနားထောင်နေရ၏။

"မံနဲ့ကိုယ်တို့အခန်းက အပေါ်ထပ်မှာ မံရဲ့၊ လာ လိုက်ခဲ့" မံလက်ကိုဆွဲကာ သူ အိမ်အပေါ်ထပ်သို့ တက်ခဲ့သည်။

"ကိုယ်စိတ်တိုင်းကျတော့ မပြင်ဆင်နိုင်ခဲ့ဘူး၊ ဦးလေးသောင်းကို ဆက်ပြီး မင်္ဂလာခန်းဝင်ပစ္စည်းတွေ အမြန်စီစဉ်ခိုင်းခဲ့တာ၊ န်းထဲက အပြင်အဆင်တွေကအစ ဆိုင်ကလူတွေ ပြင်ဆင်ပေးခဲ့ သာလေ"

မနက်ပိုင်းလေးမှာပဲ သူဘက်က အစီအစဉ်တွေကို စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



စေခိုင်းစီမံသွားတာ ကျွန်မတောင် မသိလိုက်ပါ။

စေ့ပိတ်ထားသော အခန်းတံခါးကို သူ ဆွဲဖွင့်လိုက်၏။ လှ
ရင်ခုန်ချင်စရာ ပြင်ဆင်ထားသော မင်္ဂလာအိပ်ခန်းက ပန်းနုရော
ခန်းဝင်ပစ္စည်းတွေနှင့် သေသပ်နေလေသည်။ နှစ်ယောက်အ
ခုတင်ကျယ်ကြီးပေါ်မှာ ပန်းနုရောင် အိပ်ရာခင်း၊ ပန်းနုရော
ဇာခြင်ထောင်၊ ခေါင်းဦး၊ ဖက်လုံးတွေကအစ ပန်းနုသွေးရော
လွှမ်းခြုံနေ၏။

ကျွန်မ ငေးကြည့်ရင်း ခြေလှမ်းတွေ တွန့်ခနဲ ဖြစ်ရသည်
သူက ကျွန်မမျက်နှာကို တရှိုက်မက်မက် ငေးကြည့်နေတာမို့ ကျွ
ထူထူပူပူ ဖြစ်လာ၏။

"လာလေ မံရဲ့၊ မံကလေး ရှက်နေတာလား"

ရှက်ရွံ့တာထက် ထူပူချောက်ချားလွန်းလို့ ကျွန်မခြေ
လက်ဖျားတွေ အေးစက်နေသည်။ ကျွန်မ ဆုံးဖြတ်ရွေးချယ်ခဲ့မိ တာ
မှားခဲ့ပြီလား။ ဟင့်အင်း ဒါ ကျွန်မ အတောင့်တဆုံး အဖြစ်ချင်
ဆန္ဒနဲ့ ရွေးချယ်ခဲ့တဲ့ လမ်းလေ။

ရင်ထဲမှာ တစ်ခုပဲ လိုက်ဖိုနောင်တရမိရဲ့။ လင်းရောင်န
ယောကျ်ားတစ်ယောက်နေရာမှာ မင်းစက်ရာ သာဆို ကျွ
ဘယ်လောက် ပျော်နေမိမလဲ။

"မံကလေးကို ကိုယ် မြတ်မြတ်နိုးနိုး ချစ်တာပါ မံကလေး
ကျွန်မကို ပွေ့ဖက်လိုက်သော သူ့လက်နှစ်ဖက်ကြာ





တောင့်တောင့်ကလေး ပါသွားခဲ့သည်။ သူ့မျက်နှာပေါ်က မြင်နေရသော
ရင်ခုန်လှုပ်ခတ်မှုတွေကို ကျွန်မ မမြင်ရဲပါ။ မျက်ဝန်းတွေကို ညင်သာစွာ
မှေးမှိတ်ထားလိုက်မိ၏။

ကျွန်မရင်ခုန်သံတွေ အေးစက်ထုံကျင်နေတာ သိပ်မထူးဆန်း
သုပါ။ ကျွန်မကို ခွင့်လွှတ်ပေးပါတော့ လင်းရောင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

နောက်တစ်နေ့မနက် သူနိုးလာတော့ နံဘေးမှာ မွှမ်းမံ ရှိမနေပါ
သူ ဆတ်ခနဲ အိပ်ရာက လူးလဲထရင်း မှန်တင်ခုံပေါ်ကို
လှမ်းကြည့်မိသည်။ မံရဲ့ လက်ကိုင်အိတ်ကလေးက ရှိနေသည်။

သူ ကျေကျေနပ်နပ်ပြုံးလိုက်မိ၏။ အိပ်မက်ဆန်လှစွာ
ဖြစ်ပျက်ခဲ့သမျှသည် အိပ်မက်မဟုတ်တာတော့ သေချာပါသည်။ သူ
မြတ်နိုးချစ်ခင်ရသော မိန်းကလေးကို သူ ပိုင်ဆိုင်လက်ထပ်ခွင့် ရလိုက်ပြီ
ကတော့ အတော့်ကို ကသောင်းကနင်းတော့ နိုင်လှသည်။

ဘာပဲဖြစ်ဖြစ် သူ သိပ်ကို ကျေနပ်ပါသည်။ မွှမ်းမံဆိုသော





ချစ်သူလေးကို သူ လက်ထပ်ပိုင်ဆိုင်ခွင့် ရလိုက်ရှုပဲဖြစ်ပါသည်။

ခုတင်ပေါ်ကဆင်းခဲ့ပြီး အိပ်ခန်းတံခါးဆီ လျှောက်ခဲ့တော့
အခန်းတံခါးက စေ့ပိတ်ထားခြင်းမို့ မံ သူ့အရင်နိုးကာ အိပ်ခန်းထဲက
ထွက်သွားတာဟု နားလည်လိုက်သည်။

ရေချိုးခန်းဘက်မှာလည်း မံမရှိ။ မီးဖိုခန်းဘက် ထွက်ခဲ့
တော့လည်း မတွေ့ရချေ။ မံကိုရှာဖွေရင်း သူ ဧည့်ခန်းထဲရောက်ခဲ့
တော့မှ

"ဟာ မံကလေးရယ် ရှာလိုက်ရတာ"

ဧည့်ခန်းနံရံပေါ်က မေမေနှင့် သူတို့ညီအစ်ကို ဓာတ်ပုံကြီးကို
မော့ကြည့်နေသော မံ သူ့ဘက် လှည့်ကြည့်၏။

"မံ အခုလေးပဲ နိုးတာ ကိုလင်းရဲ့ ကိုလင်းအိပ်နေလို့
နှိုးဘဲ ထွက်ခဲ့တာ"

"ကိုယ်နိုးတော့ မံကိုမတွေ့ဘူးလေ၊ ဒါကြောင့် လိုက်ရှာနေတာ၊
အခု မံကြည့်နေတာ ကိုယ်တို့မိသားစု ဓာတ်ပုံလေ၊ ကိုယ့်မေမေနဲ့
ညီလေး မင်းစက်ရာကို မြင်ဖူးအောင် ကြည့်ထား မံ"

မံ ခေါင်းကလေးညိတ်ရင်း ပြုံးလိုက်သည့် အပြုံးကို လင်းရောင်
ကတော့ သတိမထားမိပါ။ ဓာတ်ပုံထဲမှ မေမေ့မျက်နှာကိုသာ
ငေးကြည့်ရင်း

"မေမေက အင်္ဂလန်မသွားခင်က ကိုယ့်ကို စိတ်မချဘူးတဲ့
ကော်တရော်မိန်းမတွေနဲ့ ရသွားမှာ စိုးတယ်တဲ့ အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်က သူ့စကားသူ သဘောကျစွာ ရယ်မောလိုက်ပေမယ့် ကျွန်မ ရင်ထဲမှာတော့ စူးခနဲ နာကျင်ရသေး၏။

"ကိုယ့်ကို စိုးရိမ်နေတဲ့ မေမေ၊ မံကိုမြင်သွားမှ အရမ်းအံ့ဩသွားမှာ မြင်ယောင်သေးတယ်၊ မင်္ဂလာပွဲကို ခမ်းခမ်းနားနား မကျင်းပလိုက်ရတာကိုဘဲ ဆူပူဦးမှာ မံရဲ့"

"ကိုလင်းမေမေ ရောက်လာမှ စိတ်တိုင်းကျ မင်္ဂလာ စီစဉ်ကြတာပေါ့၊ ဒီနေ့ ကိုလင်းမိတ်ဆွေတွေကို ဧည့်ခံဖို့ စီစဉ်ထားတယ် မဟုတ်လား"

"ဟုတ်တယ်၊ ညနေကျရင် မှာထားတာကို ဆိုင်က လာပို့လိမ့်မယ်၊ လိုအပ်တဲ့ စားပွဲထိုး ကအစ ပါလာမှာပါ၊ မပူနဲ့ မံကလေး အားလုံး သူ့အစီအစဉ်နဲ့သူ စီစဉ်ထားတာဆိုတော့ ကိုယ်နဲ့ မံ ဧည့်ခံပေးရုံပဲ"

"ကဲ ဒါဆို မံ တစ်ခုခု သွားစီစဉ်လိုက်ဦးမယ်၊ ကိုယ် ကိုယ်လက်သန့်စင်ပြီးရင် ကော်ဖီဝိုင်းကို လာခဲ့နော်"

"အိုကေ မံကလေး၊ ကိုယ့်ဇနီးလေး စီစဉ်ပေးမယ့် မော ဘရိတ်ဖတ်စ်ကို စားဖို့ ကိုယ် အာသီသပြင်းပြနေတယ်"

အပြုံးလေးနဲ့ သူ့ရှေ့က မံ ထွက်ခွာသွားခဲ့သည်။ ရေချိုးခန်းဘက် လှမ်းဖို့ သူခြေလှမ်းတွေ ရွေ့မိရုံပဲရှိသေး ဧည့်ခန်းထဲက ဖုန်းသံက မြည်လာတာမို့ သူ ကောက်ယူနားထောင် လိုက်ရပါသည်။





"ကိုကိုလား ညီပါ"

"ဟာ ညီ၊ ဟုတ်တယ် ကိုကိုတောင် ဒီနေ့ပဲ ညီတို့ဆီ ဖုန်းဆက်မလို့ကွ"

"ကိုကို အိမ်ရာနိုးမယ့်အချိန်ကို မှန်းပြီး ဆက်လိုက်တာ ကိုကိုရဲ့ မေမေ့ကို လာမယ့် ဖရိုက်ဒေးမှာ အော်ပရေးရှင်း လုပ်ကြမယ်တဲ့"

"ဟေ ဟုတ်လား၊ မေမေ့ကို ဂရုစိုက်နော် ညီ"

"စိတ်ချပါ ကိုကို၊ ကိုကိုသိအောင် ဖုန်းလှမ်းဆက်တာ၊ ဒီမှာ အားလုံး အဆင်ပြေပါတယ်၊ ကိုကိုကော ကျန်းမာပါတယ်နော်၊ မေမေ့ကို ဘာမှာဦးမလဲ"

"ဘာမှမမှာတော့ဘူး ညီ၊ အဲ ညီကိုတော့ အသိပေးရဦးမယ်၊ ကိုကို အိမ်ထောင်ပြုလိုက်ပြီ ညီ"

သူ့စကားကြောင့် ညီ အတော်ကြာအောင် နှုတ်ဆိတ်သွားခဲ့သည်။ အံ့ဩမယုံကြည်နိုင်မှုတွေနှင့် ညီ ပါးစပ်အဟောင်းသား ဖြစ်နေမှာကို သူ ပြေးမြင်ယောင်မိသေးရဲ့။

"ကို ကိုကို နောက်နေတာလား"

"ဒါ နောက်စရာလား ညီရ၊ အဟွန်း တကယ်ပြောတာ၊ ပထမအစီအစဉ်က ညီနဲ့ မေမေပြန်လာမှ ခမ်းခမ်းနားနား စီစဉ်မလို့တဲ၊ အခြေအနေက မထင်မှတ်ဘဲ ပြောင်းလဲကုန်လို့ မနေ့ကပဲ ကိုကိုတို့ ဘက်လက်မှတ် ထိုးလိုက်ကြရတယ်၊ အခုတောင် ညီရဲ့မရီးလေး မီးဖိုခန်းထဲမှာ ကိုကို့အတွက် ကော်ဖီဖျော်နေတယ်"



www.burmeseclassic.com

"ကျွန် ကျွန်တော် မယုံနိုင်အောင်ပဲ ကိုကို၊ ကိုကို့မှာ ရည်းစားရှိမှန်း ကျွန်တော် လုံးဝမသိဘူး"

"အံ့ဩစရာကောင်းတယ် ညီ၊ ကိုကိုနဲ့သူ ဆုံကြတာ တစ်လလောက်ပဲ ရှိသေးတယ်၊ ကိုကို့ကို အဖြေပေးပြီး နောက်တစ်နေ့ မှာပဲ လက်ထပ်ဖြစ်လိုက်ကြတာ"

"နေ နေပါဦး ကိုကို၊ ကိုကို့ဇနီးက ဘယ်ကလဲ၊ ရန်ကုန်က ပဲလား၊ ကိုကို့လိုပဲ ဆရာဝန်ပဲ မဟုတ်လား"

"လုံးဝမဟုတ်ဘူး ညီ၊ သူက ရွှေတောင်ကြားမှာနေတယ် မိဘတွေက အမေရိကား ရောက်နေကြတယ်၊ သူ့အဘွားနဲ့ နေ့နေတာ"

"သူ့ သူ့နာမည်က ဘယ်သူလဲ ကိုကို"

"အဟား ညီ သိပ်သိချင်နေပြီထင်ရဲ့၊ သူ့နာမည်က မွှမ်းမံတဲ့"

"ဗျာ မံ မွှမ်းမံ ဟုတ်လား ကိုကို"

ညီအသံတွေက တုန်ရီလှုပ်ခတ်သွားတာ သူသိလိုက်သည် မံနှင့်ညီ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသလား မသိ။

"ဟုတ်တယ် ညီ၊ မင်းသိလို့လား၊ မွှမ်းမံ ကို မင်း သိနေသလား"

"သိပ်သိတာပေါ့ ကိုကို၊ ဒေါ်လှမြတ်ချယ်ရဲ့ မြေး ရွှေတောင်ကြား၊ ခြံအမှတ်( )မှာနေတဲ့ မွှမ်းမံ ဆိုရင်တော့"

ညီ အသံလှိုင်းတွေ ဖုန်းလိုင်းမပြတ်တောက်ပါဘဲနှင့် ရပ်တန့် သွားခဲ့သည်။ သူ ရင်ထဲမှာ ပူလောင်မှုတွေ တရိပ်ရိပ် တိုးလာသည်





တစ်စုံတစ်ရာတော့ လွဲချော်နေပြီထင်ရဲ့။ ချောက်ချောက်ချားချား ဝင်ရောက်လာသော အတွေးတစ်ခုက သူ့ရင်ထဲ တိုးဝင်လာရသည်။ ညီနဲ့မံ ဘယ်လို ပတ်သက်ခဲ့တာလဲ။

"ညီ ဖုန်းမချလိုက်နဲ့ဦး၊ ကိုကိုမေးတာ ဖြေပါဦး ညီ၊ မံ မွှမ်းမံ နဲ့မင်း ဘယ်လိုပတ်သက်နေခဲ့ဖူးသလဲ"

သူ့လေသံက တုန်ယင်ချောက်ချားနေခဲ့တာတော့ သေချာသည်။ တစ်ဖက်က ညီအသံတွေ ပျောက်ကွယ်နေဆဲ။ ညီ လိမ်ညာဖို့ ကြိုးစား နေတာလား။ ဆိုဝှက်ဖို့ ကြိုးစားနေတာလား။

"ကိုကို့ကို မင်း အမှန်ပြောစမ်း ညီ၊ မွှမ်းမံမှာ ချစ်သူ တစ်ယောက် ရှိခဲ့တယ်လို့ ကိုကို့ကို သူ ဝန်ခံထားတယ်၊ အဲဒီလူက ညီ ညီများလား၊ ပြောစမ်းပါ ညီ၊ ကိုကို့ကို မြန်မြန်ပြောစမ်းကွာ"

"ကိုကို ကျွန်တော်ဝန်ခံပါတယ်၊ မွှမ်းမံနဲ့ ကျွန်တော် သိပ်ချစ်ခဲ့ကြတယ်၊ ဒါပေမဲ့ မေမေ့ရဲ့ အတွက်ကြောင့် တရားရုံးတစ်ခုမှာ လက်ထပ်ပြီးမှ ကျွန်တော်တို့ ဝေးခဲ့ကြရတာပါ"

"ဘာ မင်း မင်းတို့ လက်ထပ်ခဲ့ကြတယ် ဟုတ်လား ညီ၊ ဒါ ဒါဆို"

"နေ နေပါဦး ကိုကို၊ ညီစကား မဆုံးသေးပါဘူး၊ ညီနဲ့မံ တရားရုံးမှာ လက်ထပ်ပြီးချိန်မှာပဲ မေမေဆေးရုံတင်လိုက်ရတာမို့ ညီ မေမေ့ဆီ ပြန်ခဲ့ရတယ်၊ အားလုံးကို ကြိုတွေးမိတဲ့ မွှမ်းမံက လက်ထပ်စာချုပ်တွေကို စုတ်ဖြဲပစ်လိုက်တယ်၊ စာချုပ်တွေနဲ့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တုပ်နှောင်မထားချင်လို့တဲ့၊ နောက်တော့ မေမေ့အစီအမံတွေအတိုင်း နာခံခဲ့ရတဲ့ ကျွန်တော် မွှမ်းမံအပေါ် ရက်စက်စွာ ဥပေက္ခာပြုခဲ့ရတယ် ကိုကို''

ညီ့စကားတွေက သူ့ရင်ထဲကို စူးရှူးနစ်နစ် အဆိပ်မြားတွေလို တိုးဝင်နေခဲ့၏။ ဒါ နှလုံးသားကို လှည့်စားခံလိုက်ရတာ။ ဘဝကို အစော်ကားခံလိုက်ရတာ။ လှင်းရောင်ဆိုတဲ့ကောင်ရဲ့ အနာဂတ်တစ်ခု လုံးကို မင်း မာယာတွေနဲ့ မီးလောင်တိုက်သွင်းလိုက်တာပဲပေါ့ မွှမ်းမံ

''ကျွန်တော် သူ့အပေါ် နာကျည်းမုန်းတီးအောင် ပြုခဲ့သူပါ ကိုကို၊ သူ့ကို ကျွန်တော် တောင်းပန်ရဦးမယ်''

ကြည့်စမ်း၊ ညီလေးစကားတွေက သူတို့နှစ်ယောက်ရဲ့ နှလုံးသား တွေကို လှစ်ဟပြလိုက်တာပဲပေါ့။

''ညီ မင်းတောင်းပန်ချင်နေတဲ့ ရည်းစားဟောင်းကို မင်း အိမ်ပြန်လာရင် တွေ့ရမှာပေါ့ကွာ အဟွန်း''

နာကျည်းချက်တွေနှင့် သူ့စကားက မာထန်နေလိမ့်မည် သူ့ရယ်သံက လှောင်သလိုဖြစ်နေတာ ညီ ချက်ချင်း ရိပ်မိသွားတယ် ထင်ပါရဲ့။

''ဆောရီး ကိုကို ကျွန်တော် သတိလက်လွတ် ပြောမိသွားတာ အနူးအညွတ် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိစ္စကြောင့် ကိုကို အိမ်ထောင်ရေး မပြိုအက်စေချင်ဘူး၊ ဟို မွှမ်းမံကိုလည်း မထိခိုက် မနစ်နာစေချင်ဘူး ကိုကို၊ ကျွန်တော့်ကို ကတိပေးပါ ကိုကို၊ ထိခိုက်





စိတ်ထိခိုက်ပြီး မပေါက်ကွဲစေချင်ဘူး''

သူ ဟားတိုက်ပြီး ရယ်ပစ်လိုက်သင့်တာ။ ဒါပေမဲ့ ရင်ထဲက နာကျင်မှုက ပိုမိုပြင်းထန်သည်။ မင်းသိပ်တော်တယ် မွှမ်းမံ။ ညီအစ်ကိုနှစ်ယောက်စလုံးကိုတောင် ညို့ယူနိုင်စွမ်းလှချည်လား။ ဆိုးဆုံးက ငါ့ကို မင်း လက်ထပ်ခဲ့တဲ့ ရည်ရွယ်ချက်က သိပ်ကြောက်စရာ ကောင်းတဲ့ လက်စားချေမှုဆိုတာ သေချာတယ်။

''ညီ ခုချိန်မှာ မွှမ်းမံဟာ ကိုကို့ဇနီးဖြစ်နေတယ်၊ ဒါကြောင့် ကိစ္စတွေမှာ မင်းဘာမှ အကြံမပေးနဲ့တော့ ဟုတ်လား''

''ကိုကို ဟို ကျွန်တော်''

''ကိုကို့ဘဝကို ကိုကိုဆုံးဖြတ်မယ်၊ မင်း မေမေ့ကို ဂရုစိုက်၊ ကိစ္စတွေ မေမေ လုံးဝ မသိစေနဲ့ မေမေ စိတ်ထိခိုက်မှာ မလိုလားဘူး၊ ဒါပဲ ညီ ''

တစ်ဖက်က တုံ့ပြန်စကားတွေကို ဆက်မကြားချင်တော့ပါ။ ခုနက အလှည့်မှာ ရင်ဆိုင်လိုက်ရတာ မွှမ်းမံရယ်။ ဘယ်အချိန် ကညည်းက တိတ်ဆိတ်စွာ ရပ်ကြည့်နေတာလဲမသိ။

သူ့မျက်ဝန်းက ဒေါသမီးလျှံတွေကိုတောင် မွှမ်းမံ တည်ငြိမ်စွာ ရင်ဆိုင်တုံ့ပြန်နေပါလား။ မင်း သိပ်ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပါလား မွှမ်းမံ။

''မင်း အားလုံး ကြားပြီးပြီပေါ့ မွှမ်းမံ၊ ငါ့ညီ မင်းစက်ရဲ့ ရည်းစားဟောင်းလား၊ ချစ်ဦးသူလား မင်းပဲသိမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သိတာပေါ့၊ ဒါပေမဲ့ ကျွန်မရင်ထဲမှာ သူ့အတွက် အချစ်တွေ မရှိတော့ဘူး၊ အမုန်းတရားတွေပဲ ရှိနေတာ သေချာတယ်"

"ဟား ဟား သိပ်ချစ်လို့ သိပ်မုန်းတာလား မွှမ်းမံ၊ မင်းသုံး အသုံးချ လက်ထပ်လိုက်တာ ငါ ကောင်းကောင်းသိလိုက်ပြီ၊ မင်း သိပ်ရွံရှာစရာကောင်းတဲ့ မိန်းမ၊ တန်ဖိုးမရှိတဲ့ မိန်းမ တောက်"

သူ နာကျင်ပေါက်ကွဲနေတာကို ကြည့်ရင်း သူမ ပြုံးပြုံး ရပ်နေဆဲ။ မာယာအပြုံးတွေ။ ဒီအပြုံးတွေအောက်မှာ လူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားတွေ ကင်းမဲ့ခဲ့ရတာလေ။

"ရှင့်စွပ်စွဲချက်တွေကို ကျွန်မ ဘာမှ မဖြေရှင်းချင် ဟုတ်တယ် ကျွန်မ ရှင့်ကိုလက်ထပ်ချင်တာ ရည်ရွယ်ချက်တစ်ခုကြောင့် ဖြစ်ခဲ့တာ ဖြစ်ခဲ့ပြီးပြီ၊ ဒါမှ မကျေနပ်ရင် ရှင်နဲ့ကျွန်မ တရား ကွာရှင်းကြတာပေါ့"

"ဟား ဟား ဒါ မင်းရဲ့ စိန်ခေါ်စကားလား မွှမ်းမံ၊ သိ ရယ်စရာကောင်းပါလား၊ မင်းကို ငါ့မိတ်ဆွေအသိုင်းအဝိုင်း ဆက်သေထားပြီး လက်ထပ်ခဲ့တယ်၊ ပြီးတော့ လူသိရှင်ကြား ငါ ကွာရှင်းပေးရဦးမယ်၊ လင်းရောင်ရဲ့သိက္ခာတွေ မင်းလိုမိန်းမကြော ထပ်ပြီး ထိခိုက်ခံမယ်မထင်နဲ့၊ ငါ မင်းကို ကွာရှင်းမပေးနိုင်ဘူး"

"ဘယ်လိုအခြေအနေမျိုးကိုပဲဖြစ်ဖြစ် ရင်ဆိုင်ဖို့ ဆုံးဖြတ် ရှင့်ကို လက်ထပ်ခဲ့တာပါ၊ မွှမ်းမံဘဝမှာ အားလုံးကို ပြုံးပြုံး ရင်ဆိုင်ဖို့ အသင့်ပါပဲ လင်းရောင်"





ကြည့်စမ်း၊ လက်စားချေလိုစိတ်တစ်ခုတည်းနဲ့ ဘဝကို လဲလှယ် စ်ခဲ့တာ သေချာနေပြီ၊ ဘဝကိုပေးဆပ်ပြီး မင်း လောင်းကြေးထပ် န်ခေါ်နေမှတော့ လင်းရောင်ဆိုတဲ့ကောင်က အရှုံးပေးရမှာတဲ့လား"

"ကောင်းပြီ မွှမ်းမံ၊ မင်းဟာ ငါ့ရဲ့ တရားဝင် ဇနီးမယားပဲ၊ ါပေမဲ့ မင်းကို ဒဏ်ခတ်တဲ့အနေနဲ့ တစ်ပတ်တိတိ ငါ့ဇနီးမယားအဖြစ် သိအမှတ်မပြုဘူး၊ ငါ့ရဲ့ အစွန့်ပစ်ခံ မယားတစ်ယောက်အဖြစ် င်း တစ်ပတ်တိတိ နေထိုင်ပြီးမှ မင်းကို သနားသောအားဖြင့် ့အဖတ်ဆယ် ကောက်ယူပေါင်းသင်းမယ်"

"ရှင် ရှင် မစော်ကားနဲ့ လင်းရောင်"

"သိပ်နာကျင်သွားသလား မွှမ်းမံ၊ ဒါဆို ငါ့အပြစ်ဒဏ်က ရောက်မှုရှိတာ သေချာနေပြီ၊ ငါ ဆုံးဖြတ်ပြီးတဲ့အတိုင်း နှစ်နာကြေး ဖြစ်ယူမယ်၊ ဒီညနေ ငါတို့ညစာစားပွဲမှာ မင်းရှိမနေရဘူး ဒါပဲ"

စကားအဆုံးမှာ သူ ကျောခိုင်းလှည့်ထွက်ခဲ့သည်၊ သူမမျက်နှာ ယ်လိုဖြစ်ကျန်နေခဲ့သည်ကို သူ မမြင်ချင်တော့ပါ။ ခံရခက်ခက် ကျင်မှုတွေနဲ့ တန် နဲ့ ဖြစ်ကျန်ရစ်ခဲ့မည်ထင်ရဲ့။

ထိုညနေကျင်းပမည့် ညစာစားပွဲအတွက် သူ့မိတ်ဆွေ ဆရာဝန်တွေ က်မလာခင် သူ ကျွန်မရှိနေရာ အိပ်ခန်းထဲ လှမ်းဝင်လာရင်း

"မင်း မင်းအဘွားရဲ့ ကျန်းမာရေးကိစ္စကြောင့် အရေးပေါ် ပြန်သွားရတယ်လို့ ငါ ကြေငြာထားမယ် မွှမ်းမံ၊ ညနေလေးနာရီခွဲ ခြောက်နာရီကျင်းပမယ့် ဒီပွဲချိန်လေးမှာ မင်း ဒီအခန်းထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရမယ်"

သူ့စကားကို မလေးမထားဟန်နှင့် ကျွန်မ ဝတ္ထုစာအုပ်ကို အဖတ်မပျက်ဘဲ နေပြလိုက်သည်။ သူ တိတ်ဆိတ်စွာ အခန်းထဲက လှည့်ထွက်သွားပြီး အခန်းတံခါးကို အပြင်က သော့ခတ်လိုက်မှ ကျွန်မ ဆတ်ခနဲ လှည့်ကြည့်မိသည်။

"လင်းရောင် ရှင် ဘာလို့ အခန်းတံခါးကို သော့ခတ်တာလဲ အခု ဖွင့်ပေးစမ်း၊ ကျွန်မ ရှင့်ရဲ့အကျဉ်းသား မဟုတ်ဘူး"

"ငါ့ရဲ့ဇနီးမယားဘဝကို မင်းကိုယ်တိုင် လိုလားစွာ ရွေးချယ်ခဲ့တာပဲ မွှမ်းမံ၊ မင်းအတွက် ရွေးချယ်စရာအခွင့်အရေးတစ်ခု ရှိသေးတယ်၊ ပိတ်လှောင်ထားတာကို မကျေနပ်ရင် အိပ်ခန်းပြတင်းပေါက်က ခုန်ချလိုက်၊ လေးဆယ့်ငါးပေတိတိ မြင့်တယ်၊ လောကကြီးထဲမှာ မွှမ်းမံ မရှိတော့တာကို ဝမ်းသာမယ့်သူတွေ သုံးယောက် ရှိတာ မဟုတ်ပြီလား"

"တောက် ရှင်သေလိုက်စမ်း"

နာကျင်ခံရခက်စွာ ကျွန်မ တက်ခေါက်လိုက်မိသည်။ လူယုတ်မာ။ ကျွန်မကို တနံ့နံ့ နာကျင်ခံရခက်အောင် လုပ်နေတာ ကျွန်မက ကိုယ့်ကိုကိုယ် သတ်သေရမတဲ့။ သူတို့မိသားစုသုံးယောက် ပျော်ရွှင်ဝမ်းသာကြဖို့ဆိုပဲ။

အခု ရှင်နဲ့ မင်းစက်ရာ ရင်ထဲမှာ မီးတောက်နေတာ ကျွန်မ သိတာပေါ့။





စောင့်ကြည့်လိုက်စမ်းပါ လင်းရောင်။ ရှင်ရော ရှင့်အမေပါ ညီတူမျှတူ ခံစားစေရမယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

သူနှင့်ကျွန်မတို့ နှစ်ဦးကြားမှာ အေးစက်မှုနှင့် သူစိမ်းပ
ဖြစ်သွားခဲ့ပါသည်။ တစ်အိမ်တည်း အတူနေကြပေမယ့် စကားမပြေ
ဖြစ်ခဲ့ကြ။ အတတ်နိုင်ဆုံး မျက်နှာချင်းမဆိုင်မိအောင် ရှောင်တိ
နေခဲ့ကြသည်။ မတတ်သာလို့ ဆုံတွေ့ကျရင်တောင် မသိကျိုးကျွ
နေခဲ့ကြသည်။

ရင်ထဲမှာတော့ ခံစားချက်တွေကိုယ်စီ ရှိကြမည်သာ။ သူ
သူ့စကားအတိုင်း ကျွန်မကို အစွန့်ပစ်ခံမယားတစ်ယောက်အဖြ
ပြုမူနေခြင်းဖြစ်သည်။ ကျွန်မကလည်း သူ့မိခင်ဆီက ရောက်လာ





ခန်းသတင်းကို နားစွင့်ရင်း မျှော်လင့်နေတာဖြစ်၏။

မနက်မိုးလင်းပေမယ့် သူနှင့် မျက်နှာချင်းဆိုင်မိမှာစိုး၍ ကျွန်မ
အမင် အိပ်ရာထဲက မထသေးဘဲ အခန်းထဲမှာ နေ့,နေခဲ့သည်။

သူ ဆေးရုံကိုထွက်သွားမှ အိပ်ရာက ထသည်။ မီးဖိုထဲ
ဝင်ပြီး ကျွန်မတစ်ယောက်စာအတွက် ချက်ပြုတ်ချင်စိတ်ရှိရင် ချက်သည်။
စိတ်မပါလျှင်တော့ အပြင်မှာ ကားမောင်းထွက်ကာ စားလိုက်တတ်စမြဲ။

အိမ်ကဖုန်းကိုတော့ ကျွန်မ အစဉ်နားစွင့်ထားသည်။
လောက်ဆို သူ့မိခင်ဖြစ်သူထံသို့ ပို့လိုက်သော ကျွန်မရဲ့ စာတစ်စောင်က
ရောက်နေလောက်ပြီထင်ရဲ့။

"ဒေါ်ခင်လေးသူ၊ ရှင့်ကို အနိုင်ယူဖို့ မွမ်းမံ မျှော်နေတယ်"

ကျွန်မလက်မှတ် ရေးထိုးထားသော ထိုစာလေးနှင့်အတူ လင်းရောင်နဲ့
ကျွန်မရဲ့ လက်ထပ်စာချုပ် မိတ္တူတစ်စောင်၊ မင်္ဂလာသတင်းပါသော
သတင်းစာထဲက ကြော်ငြာဖြတ်ပိုင်း၊ ပြီးတော့ သူ့မိတ်ဆွေ ဆရာဝန်
များရဲ့ မင်္ဂလာဆုတောင်း ကြော်ငြာဖြတ်ပိုင်းများ။

ညနေခန်းထဲမှာ ကျွန်မ စာအုပ်တစ်အုပ်နဲ့ အာရုံဝင်စားနေတုန်း
ဖုန်းသံက မြည်လာသည်။ ဒေါ်ခင်လေးသူဆီက ဖြစ်ပါစေ ဆုတောင်းရင်း
ကျွန်မ အပြေးအလွှား ကောက်ကိုင်လိုက်မိ၏။

"ဟဲလို ကိုလင်းရောင်ရဲ့ဇနီး မွမ်းမံပါ"

"မံ မွမ်းမံ၊ မင်း သိပ်ရက်စက်တယ်"

ဘုရားရေ။ ဒါ မင်းရဲ့အသံပဲ။ ကျွန်မ မကြားရတာ ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ မင်းရဲ့အသံကြောင့် ကျွန်မ နှုတ်ဆိတ်ဆွံ့အ,သွားသည်။

"မင်း မင်းရဲ့စာကြောင့် မေမေ တိမ်းပါးသွားရပြီ မွှမ်း

"ဘာ ဘာရယ် မင်းစက်ရာ"

ကျွန်မ မယုံနိုင်စွာ မေးလိုက်မိသည်။ မင်း,မေမေ ဆုံးပြီတဲ့

"ဟုတ်တယ် မွှမ်းမံ၊ မင်းပို့လိုက်တဲ့စာနဲ့ သက်သေတွေ မေမေ့လက်ထဲ တိုက်ရိုက်ရောက်သွားခဲ့တာ၊ မေမေ့မှာ နှလုံးရော ဆိုးဝါးနေတာ မင်းသိရက်နဲ့ လုပ်ရက်လိုက်တာ မွှမ်းမံရယ်"

ဟင့်အင်း။ ကျွန်မ အဲဒီလောက်အထိ မရည်ရွယ်ဘူး မတွေးထားမိတာလည်း အမှန်ပါ။ မင်းရဲ့မေမေ ဝေဒနာက သည်လော အထိ ပြင်းထန်မယ်လို့ ကျွန်မ လုံးဝ မယုံနိုင်ခဲ့တာပါ။

"ကိုကိုဘယ်မှာလဲ မွှမ်းမံ၊ အခု မေမေ့ကိစ္စအတွက် ကို ဒီကိုလိုက်လာမှ ဖြစ်မှာ"

"သူ သူ ဆေးရုံမှာ မင်း၊ နေ နေပါဦး ရှင်တကယ် ပြောတာလား။ ကျွန်မ ကျွန်မ မယုံနိုင်ဘူး"

"မင်းစက်ရာခြိုတဲ့ကောင် မင်းကို ဘယ်တုန်းကမှ မညှာ ဖူးဘူး မွှမ်းမံ၊ မင်းကို အပြစ်လည်း မတင်ချင်ပါဘူး၊ ဘာဖြစ်လို့ ဆိုတာ မင်းအသိဆုံး ဖြစ်မှာပါ၊ ကဲ အဲဒါတွေထား မင်း မေမေ ဆုံးတာကို ကိုကို့ကို အသိမပေးပါနဲ့ဦး၊ ကိုယ် ဆေးရုံကို ဆက်သွ လိုက်မယ်၊ မေမေ အသည်းအသန်ဖြစ်နေတယ်လို့ပဲ အသိပေး ဖြစ်မယ်၊ ဒီကိစ္စတွေကြောင့် မင်းနဲ့ကိုကို အမုန်းတွေ မပွားစေချင်ဘူး





ပါပဲ မွှမ်းမံ"

ဖုန်းလိုင်းက ပြတ်တောက်သွားခဲ့သည်။ ကျွန်မ ကျောက်ရုပ်တစ်ရုပ်ပမာ ရပ်နေမိဆဲ။ ဒေါ်ခင်လေးသူ ဆုံးပြီတဲ့။ ကျွန်မ နာကျည်းခဲ့တဲ့ သူ၊ ကျွန်မ အနိုင်ရလိုက်တာလား။ ကျွန်မ ပျော်နိုင်ပြီလား။ ရယ်မောဟားတိုက်ပစ်ရမှာလား။

မျက်ရည်ပူတွေ ကျွန်မပါးပြင်မှာ စီးကျလာတာကို ကျွန်မ ကိုယ်တိုင်တောင် သတိမထားမိလိုက်ပါ။

ခြံထဲကို လင်းရောင်ကားလေး မောင်းဝင်လာတာ မြင်လိုက်ရတည်းက ကျွန်မ ချောက်ချားတုန်ယင်နေခဲ့သည်။ ကားကို အရှိန်နင်းပြီး ခပ်ကြမ်းကြမ်း ထိုးရပ်သည်။ ဧည့်ခန်းကို ခြေလှမ်းသွက်သွက်တွေနဲ့ လှမ်းဝင်ရင်း ကျွန်မကို မြင်တွေ့သွားတော့

"မွှမ်းမံ"

သူ့အသံက ကြောက်စရာကောင်းလောက်အောင် မာကျောခက်ထန်နေခဲ့၏။ ကျွန်မ မော့ကြည့်တော့ သူ့မျက်နှာက သောကအပူတွေနှင့် ဆောက်တည်ရာမရ။

"ငါ့မေမေ အသည်းအသန် ဖြစ်နေပြီတဲ့၊ ညီဆီက ဖုန်းဝင်လာတယ်၊ ငါနဲ့မင်း လက်ထပ်လိုက်တာကို မေမေသိအောင် ဘယ်သူက သာချောင်လိုက်သလဲ မသိဘူး၊ မေမေ့ရောဂါကို အော်ပရေးရှင်းလုပ်ရသခါနီးမှ ဖြစ်ရတယ်လို့ကွာ၊ ငါ့အမေသာ တစ်ခုခုဖြစ်ရင် မင်းမလွယ်ဘူး မှတ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နှုတ်ဆိတ်အံ့ဩနေမိ၏။ ကျွန်မစာအကြောင်း သူ ဘာမှ မသိသေးတာ သေချာ၏။ ဒါ မင်း ဖျောက်ဖျက်စီမံလိုက်တာပဲ။ သူ ကျွန်မရှေ့က ချာခနဲလှည့်ပြီး အခန်းထဲ ဝင်သွားခဲ့သည်။

အခန်းထဲက သူပြန်ထွက်လာကာ ကားပေါ်တက် ပြန်မောင်းထွက် သွားချိန်ထိ မလှုပ်မယှက် ထိုင်နေမိဆဲ။

မင်း ရှင်ဘာကြောင့် လင်းရောင်ကို ဖုံးကွယ်ထားရတာလဲ ရှင့်ရင်ထဲက စိတ်ကို ကျွန်မ အရမ်း မြင်သိချင်လိုက်တာ။

ကျွန်မကို သိခွင့်ပေးပါ မင်းရယ်။

✿ ✿ ✿



## အခန်း (၃၅)

ကျွန်မတစ်ယောက်တည်း အထီးကျန်စွာ စိတ်တွေပျံ့လွင့်နွမ်းလျစွာ နေထိုင်ရှင်သန်ခဲ့ရသည့် တစ်ပတ်ပြည့်မြောက်သည့် နေ့မှာတော့ မရေမရာ မျှော်လင့်နေသော ဖုန်းဆက်သွယ်မှုကို ရလိုက်ပါသည်။

ကျွန်မ ထင်မှတ်ထားသလို လင်းရောင်ဆီက မဟုတ်ဘဲ မင်း့ဆီက ဖြစ်နေတာမို့ ကျွန်မ ပိုလို့အံ့ဩရသည်။

"မင်းနေကောင်းရဲ့လား မွမ်းမံ"

"ကျွန် ကျွန်မ ဘာပြောရမှန်း မသိဘူး။ ဖုန်းသံကို လင်းရောင်ဆီက လာမလား မျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အတော်ခံစားနေရတယ် မွှမ်းမံ၊ ဒီခရီးက ကိုကို့ အစီအစဉ်လေ၊ မေမေ့ကို အသက်ရှည်ရှည်နေစေချင်လို့ စီစဉ်လိုက်တာ ခုတော့ ရေခြားမြေခြားမှာ တိမ်းပါးတော့ ကိုကို အရမ်းခံစားနေရတယ်"

မင်း,စကားတွေကို နားထောင်ရင်း ကျွန်မ စာနာနိုင်ခဲ့သည်။ လင်းရောင် ခံစားနေရမှာ သေချာသည်။ ကျွန်မကိုကော သတိပစ်ခွင့် လောက်အောင် နာကျည်းနေမည်မှာ မလွဲ။

"မွှမ်းမံ ကိုယ် မင်းကို ဖုန်းဆက်သွယ်တာ ပြောချင်တာတွေ ရှိလို့ပါ၊ သေသေချာချာ နားထောင်ပေးပါနော်"

"ကျွန်မ နားထောင်နေပါတယ် မင်းစက်ရာ"

"ကျေးဇူးတင်ပါတယ် မွှမ်းမံ၊ ဖြစ်ပျက်ခဲ့သမျှတွေကို မေ့ပစ်လိုက်ပါ မွှမ်းမံ၊ အတ္တတွေ၊ မာနတွေကြောင့် မေမေ အသက်ဆုံးရှုံးခဲ့ရတာ မွှမ်းမံ လက်ခံနိုင်မှာပါ"

"ကျွန် ကျွန်မစာကြောင့် သူ စိတ်ထိခိုက်သွားတာ သူသေသွားခဲ့တာ"

"ဟာ မဟုတ်ဘူး၊ အဲဒါကို မေ့လိုက်ဖို့ ကျွန်တော်ပြောနေတာ မွှမ်းမံ စာကို ကျွန်တော် ဖျောက်ဖျက်ပစ်လိုက်ပြီ"

"ဘာရယ် မင်းစက်ရာ"

"အားလုံးကို ကျွန်တော် အသေအချာ စဉ်းစားကြည့်တယ် မေမေရဲ့ အတ္တအငြိုးတွေကြောင့် မွှမ်းမံ နာကျည်းခဲ့ရတယ်





အပွင့်လင်းဆုံးပြောရရင် ကျွန်တော့်နှလုံးသားကိုတောင် စတေးခဲ့ရတယ်၊ ကျွန်တော် အဲဒီ အတ္တမာနတွေကို သိပ်ကြောက်သွားပြီ မွှမ်းမံ၊ ဒါကြောင့် အဲဒီကိစ္စကို ကိုကိုမသိအောင် သိုဝှက်ပစ်လိုက်တာ"

"ရှင်ရူးနေသလား၊ အဲဒါ ရှင့်မေမေ၊ ကျွန်မကြောင့် သေခဲ့တာ ရှင့်မေမေ၊ ရှင့်ကိုကို့,ကို အသိပေးလိုက်စမ်း၊ သူ အပြစ်ပေးသမျှ ကျွန်မခံယူဖို့ အသင့်ရှိနေတယ်"

"မဟုတ်သေးဘူး မွှမ်းမံ၊ ခုချိန်မှာ မင်းနဲ့ကိုကိုက တရားဝင် လင်မယားတွေ၊ ကိုယ်က မင်းရဲ့မောင်တစ်ယောက်၊ မင်းကလည်း ကို့ရဲ့ အစ်မတစ်ယောက် ဖြစ်နေပြီ၊ ဒါကို ငြင်းပယ်လို့မရပါဘူး"

"ကျွန်မနဲ့သူ ဘာကြောင့် လက်ထပ်ခဲ့ကြသလဲ ရှင် မသိဘူးလား မင်းစက်ရာ"

"အဲဒါတွေ ကိုယ်မသိချင်ဘူး၊ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကိုကို မင်းကို ချစ်ခဲ့တာတော့ သေချာတယ်၊ အတိတ်က မင်းနဲ့ကိုယ်ကိစ္စ တွေကြောင့် [illegible]ကို ကိုကို နာကျည်းသွားတယ် ဆိုဦးတော့ သူ့ဘဝမှာ မွှမ်းမံဆိုတဲ့ မိန်းမကို စွဲစွဲလမ်းလမ်း ချစ်ခဲ့တာတော့ အမှန်ပဲ၊ ကိုယ်တောင်းပန်ပါတယ် မွှမ်းမံ၊ ကိုကို့ခမြာ အခုထဲက တံဆိုးခဲ့ပြီးပြီ၊ မေမေ့ကိစ္စနဲ့ မံတို့ အမုန်းပွားကြရင် အတ္တတွေ ပြင်းထန်လာရုံပဲ ရှိမှာပါ"

"နေစမ်းပါဦး မင်း၊ ရှင်ကြားထဲက ညှိနှိုင်းနေတာ လိမ်ညာ သိုဝှက်နေတာ ဘာရည်ရွယ်ချက်လဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ့်ကို အထင်မလွဲပါနဲ့ မွှမ်းမံ၊ မံနဲ့ ကိုကိုတို့ဘဝလေး အေးချမ်းစေချင်တယ်၊ မံကို ကိုကို သိပ်ချစ်တာ ကိုယ်သိတယ် မံကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်တို့ ပွင့်ပွင့်လင်းလင်း ပြောဖြစ်ကြတယ် ကိုကို့ကို ကိုယ်သနားတယ်၊ မံ ကိုလည်း ကိုယ် စာနာနိုင်ပါတယ်''

ကျွန်မ တိတ်ဆိတ်နေမိသည်။ မင်းစက်ရာ စကားတွေက ကျွန်မ နားစည်ထဲ တစိမ့်စိမ့် တိုးဝင်နေဆဲရှိသည်။

''ကိုကို သိထားတာ မေမေဆုံးပါးတာ နှလုံးရောဂါကြောင့် အစိက၊ မြန်မာပြည်က မေမေ့မိတ်ဆွေတစ်ယောက်က ကိုကိုနဲ့မံတို့ သတင်းကို ဖုန်းဆက်အသိပေးလိုက်လို့ ရှော့ခ်ဖြစ်သွားတာလို့ သိထားတယ်''

''အဲဒါ ရှင်ညာခဲ့တာလေ၊ ကျွန်မ မညာချင်ဘူး''

''မွှမ်းမံ ကိုယ်တစ်ခု မေးပါရစေ၊ မင်း မေမေ့ကို တကယ် သေစေချင်ခဲ့သလား၊ အဲဒီရည်ရွယ်ချက်နဲ့ စီမံခဲ့တာလား''

''ဒါတော့ ကျွန်မ ကျိန်ဆိုပါတယ် မင်းစက်ရာ၊ အဲဒီလောက်ထိ ကျွန်မ မရည်ရွယ်ဘူး၊ ရှင့်မေမေကို အနိုင်ရချင်တာ တစ်ခုပဲ သတင်းကြားလိုက်တော့ ကျွန်မ ချောက်ချားသွားတာ အမှန်ပဲ''

''မင်းကို ကိုယ် အကြွင်းမဲ့ ယုံတယ်၊ မင်းရဲ့နှလုံးသား မမာကျောတာ ကိုယ်သိပါတယ်၊ အတ္တမာနကြီးတွေကြောင့် မဖြစ်သင့် တာတွေ ဖြစ်ကုန်တာပါ''

''ရှင်ပြောတာကို ကျွန်မ လက်မခံနိုင်ဘူး၊ လင်းရောင်





မသိအောင် လိမ်ညာထားဖို့ ကျွန်မ လိပ်ပြာမလုံခြုံဘူး''

''ခေါင်းမမာပါနဲ့ မွှမ်းမံ၊ လိမ်ညာထားတဲ့ ကိုယ်နဲ့တောင် ပြဿနာတွေ တက်ကြမှာ၊ ဒါကို မံ မြင်တွေ့ချင်တာလားဟင်၊ မံ အဲဒီလို ပြောလိုက်ရင် ကိုကိုလည်း စိတ်ထိခိုက်ပြီး တနုံ့နုံ့ သေမှာပဲ၊ ကိုယ်အနူးအညွတ် တောင်းပန်ပါတယ်၊ ကိုကို့ကို မံ ထပ်မသတ်ပါနဲ့ မွှမ်းမံ''

ကျွန်မ တုန်လှုပ်သွားတာ အမှန်။ မင်း,ဆိုသလို ကျွန်မ လုပ်ရပ်ဟာ လင်းရောင်ကို ထပ်သတ်သလို ဖြစ်မိမှာလား။

''ကိုယ့်ကို ကတိပေးပါ မံရယ်၊ ကိုယ်တို့ပြန်လာရင် မင်း ဘာမှမဖြေရှင်းပါနဲ့နော်၊ မံကို သူ့ဘဝတစ်ခုလုံး ရင်းနှီးချစ်ခဲ့တဲ့ ကိုကို့ကို စာနာပေးပါ''

ကျွန်မစိတ်တွေ မင်းစက်ရာနဲ့ ပတ်သက်လာရင် ဘာကြောင့် ပျော့ပျောင်းသွားရတာလဲ မသိတော့။ သူ့တောင်းပန်စကားတွေက သေဆုံးသွားခဲ့ပြီထင်သော နှလုံးသားကို ခံစားရိုက်ခတ်စေသည်။

''မံ နားထောင်နေသေးတယ် မဟုတ်လား၊ အားလုံး အတွက် အတ္တတွေကို တစ်ထစ်လျှော့လိုက်ပါနော်''

''ကျွန်မ ကြိုးစားကြည့်ပါမယ် မင်းစက်ရာ''

''ဝမ်းသာလိုက်တာ မံရယ်၊ ကျွန်တော်တို့ လာမယ့် မနက်ဖြန် မြန်မာပြည် ပြန်ရောက်မယ်၊ မွှမ်းမံလည်း ကျန်းမာရေးကို ဂရုစိုက် ပါနော်''



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမချခင် ကျွန်မအတွက် စိုးရိမ်စွာ သူမှာသွားသေးရဲ့၊ ရှင့်ရင်ထဲမှာ ကျွန်မ ရှိနေတုန်းပဲလား မင်း,ရယ်။ ပြီးဆုံးခဲ့ပြီ ထင်မှတ်ကြပေမယ့် ဒဏ်ရာတွေက ကိုယ်စီရှိနေတုန်း ထင်ပါရဲ့။

ရှင့်ကို ကျွန်မ နာကျည်းမုန်းတီးပစ်လိုက်ချင်တာ။ ပြီးတော့ တန့်နှံ့ လက်စားချေ ခံစားစေချင်တာ။

အခုတော့ ဘာတွေဖြစ်ကုန်တာလဲ။

မံ ထပ်ပြီး ရှုံးနိမ့်ခဲ့ရပြန်ပြီလား။

✿ ✿ ✿



## အခန်း (၃၀)

ကျွန်မရင်တစ်ခုလုံး တလှပ်လှပ် လှိုက်ဖိုရင်း မောဟိုက်နေခဲ့တဲ့ နေ့ပဲပါ။ ဖုန်းထဲမှာ ကြိုတင်အသိပေးထားတဲ့ မင်းစက်ရာကားတွေကြောင့် ဒီနေ့ သူတို့ ပြန်လာမှာကို သိနေခဲ့သည်။

မနက်မိုးလင်းကတည်း...က ကျွန်မ မသိစိတ်က တမျှော်မျှော်ဖြစ်နေခဲ့တာ ဝန်ခံရမည်။ လင်းရောင်နှင့်အတူ ပါလာမည့် မင်းစက်ရာတို့မောင်နှံကြောင့်လား မသေချာခဲ့ပါ။ မမြင်တွေ့ခဲ့တာ ကြာပြီဖြစ်သောင်း,ကို ရင်ဆိုင်ရမှာ ကျွန်မ မဝံ့မရဲ၊ ပြီးတော့ သူ့ရဲ့ဇနီး ဝတ်ရည်သွယ်၊ သူမကို ကျွန်မ မြင်တွေ့ဖူးပြီးဖြစ်ပေမယ့် သူမကတော့ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ဖူးခြင်း မရှိပါ။

ကျွန်မ အတွေးနှင့် စိတ်တွေ လှုပ်ရှားနေတုန်းမှာပဲ ဖုန်းသံက ထမြည်လာသည်။ လေယာဉ်ကွင်းကဆက်တာ ထင်ပါရဲ့။ မင်းစက်ရှား ကျွန်မကို ကြိုတင်သတိပေးချင်၍ ဆက်တာများလား။

ဖုန်းကို ကောက်ကိုင်မိမှပဲ ကျွန်မထင်မြင်ချက်တွေ လွဲမှား သွားမှန်း သိလိုက်ရ၏။ လင်းရောင်ရဲ့ မာဆတ်ဆတ်အသံက နားထဲကို စူးခနဲ တိုးဝင်လာခဲ့သည်။

"မွှမ်းမံ နာရီဝက်အတွင်း ငါတို့ အိမ်ရောက်မယ်၊ မင်း ဧည့်ခန်းထဲမှာ အသင့်ရှိနေပါစေ၊ တစ်ခုတော့ ကြိုသတိပေးထားမယ် တစ်ချိန်က မင်းရဲ့ချစ်သူဟောင်း ညီနဲ့ သူ့ဇနီးပါ ပါလာမှာဆိုတော့ မင်း ရင်ဆိုင်ဖို့ အသင့်ပြင်ထားဦး"

ခပ်ထေ့ထေ့ ရယ်သံက ကျွန်မရင်ထဲကို ကန့်လန့်တိုက် ဝင်လာသလိုပါပဲ။ ကျွန်မ ခေါင်းညိတ်ခံဖို့ မာနတရားက လက်မခံပါ။

"ရှင့်စကားကို ကျွန်မ ဘာကြောင့် နာခံရမှာလဲ၊ ရှင့်ညီရော ပါလာတာ ဘာဂရုစိုက်ရမှာလဲ"

"အဟင်း မင်း ဘယ်လောက် ဟန်ဆောင်ကောင်းသလဲ ငါမြင်ချင်တယ်၊ မင်းနဲ့ ညီနဲ့က သိပ်ချစ်ခဲ့ကြတာ မဟုတ်လား"

"လင်းရောင်၊ ရှင် ကျွန်မကို စော်ကားလွန်းနေပြီ"

"အဲဒါ မင်းဖန်တီးခဲ့တဲ့ ကိစ္စတွေပဲ မွှမ်းမံ၊ ဒီလိုဖြစ်ရပ်တွေကို ရင်ဆိုင်ရဲလို့ မင်းငါ့ကို လက်ထပ်ခဲ့တာ မဟုတ်လား၊ ငါ့မေမေကတော့





ကောင်းတယ်ပဲ ပြောရမယ်ထင်ပါရဲ့၊ မင်းရဲ့ ရှုံ့ရှာစက်ဆုပ်စရာ ကောင်းတဲ့ လုပ်ရပ်တွေကို မခံစားလိုက်ရရှာဘူး"

"ရှင်တော်တော့ လင်းရောင်"

ကျွန်မအသံက ဒေါသတွေကြောင့် တုန်ခါသွားခဲ့၏။ သူကတော့ ထိတထိ ရယ်မောလိုက်ရင်း

"မင်း ရင်မဆိုင်ရဲရင် ရှောင်နေပေါ့ မွှမ်းမံ"

စိန်ခေါ်စကားနှင့်အတူ သူ ဖုန်းချသွားခဲ့သည်။ ကျွန်မ အံကြိတ် ခံရခက်စွာ ဖုန်းကို ပစ်ချလိုက်မိသေး၏။ ရှင်က ကျွန်မကို စိန်ခေါ် လိုက်တာလား လင်းရောင်။ စိတ်ချ ရှင့်နှလုံးသားက ခံရခက်အောင် ကျွန်မ ရင်ဆိုင်ပြမယ်။ စောင့်ကြည့်လိုက်။

နာရီဝက်ဆိုသော အချိန်က ကျွန်မအတွက် ပြည့်စုံလုံလောက် နေသည်။ ကျွန်မ အလှပဆုံးဖြစ်အောင် လိမ်းခြယ်ပြင်ဆင်ထားမှန်း သိသာရဲ့လား မှန်ထဲ ပြန်ကြည့်မိသည်။

မိတ်ကပ်ရောင်ကြောင့် ကျွန်မမျက်နှာက စိုလဲ့တောက်ပ သွားခဲ့သည်။ အရောင်နုနု နှုတ်ခမ်းနီထက် ရဲရဲနီသော အရောင်ကို အမင်ရွေးချယ်ကာ နှုတ်ခမ်းသားတွေ ပေါ်လွင်အောင် ဆိုးပစ်လိုက်၏။

ပန်းနုရောင် လက်ဖောင်းအင်္ကျီလေးက ဇာပန်းဖြူတွေနှင့် ထိုင်းတွန့်သဏ္ဍာန် အနားသပ်ကွပ်ထားတာမို့ ပို၍ ပေါ်လွင်ထင်ရှား သည်။ လိုင်းရိုပ်အကြောသား ပန်းနုရောင် စကပ်ပွပွလေးနှင့်ဆိုတော့ ကျွန်မ နုပျိုလှပသွားတော့ သေချာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှာ ရွှရွှကလေးထိုင်လို့ ကျွန်မ ငါးမိနစ်လောက် မစောင့်လိုက်ရပါ။

ခြံစောင့်ကြီး ကြိုဖွင့်ပေးထားသော ခြံတံခါးမှ ကားလေး ဆင်ဝင်အောက်အထိ အသင့်မောင်းဝင်လာသည်။ ဦးသောင်း လင်းရောင်လက်ထဲက အိတ်နှစ်လုံးကို ကူသယ်ပေးသည်။

လက်ဆွဲခရီးဆောင်အိတ်နှစ်လုံးနှင့် မင်းစက်ရာအသွင်ကြောင်း ကျွန်မ ထိုင်ခုံမှထကာ ကသောကမျော ပြေးသွားရင်း

"မင်း,တို့လင်မယားပါ ပါလာမယ်လို့ ကိုလင်းတော် စောစောကပဲ ဖုန်းဆက်လိုက်တာ၊ ပေး မင်း မမမံကို တစ်အိတ်ပေး"

"ဗျာ ရ ရပါတယ်"

မင်း အားတုံ့အားနာ ငြင်းပေမယ့် ကျွန်မ ဖွတ်ဆွဲယူနေတော့ လက်လွှတ်ပေးရတော့၏။ လင်းရောင်မျက်နှာကြီး ဟန်မဆောင်နိုင်အောင် မည်းညစ်သွားတာကို ကျွန်မ မြင်လိုက်ရပါသည်။

"လာ မင်း၊ ညီမလေးဝတ်ရည် ထိုင်လေကွယ်၊ ပင်ပန်းလာ ကြပြီဆိုတော့ နားကြဦး၊ မမမံကတော့ ဒီနေ့ ဘာမှ မချက်ဖြစ်ဘူး မပူနဲ့ ဟိုတယ်က အကောင်းဆုံး သွားမှာကျွေးမယ်၊ မင်း,ကြိုက်တတ်တဲ့ ပုစွန်ထုပ်ဟင်းကောင်းတဲ့ဆိုင် မမမံသိတာပေါ့"

ကျွန်မ တမင် ပြောနေတာသိ၍ မင်း,မျက်နှာ ပျက်နေချိန် လင်းရောင်ကတော့ ထိုင်တောင်မထိုင်နိုင်သေးဘဲ ရဲရဲနီမြန်း ထွက်နေသော မျက်နှာကြီးနှင့် ကျွန်မကို စူးစူးရဲရဲကြည့်လို့။





"ကျွန်တော်တို့ ညှော်သည်တွေ မဟုတ်ပါဘူး မမမံရဲ့၊ တကူးတက စီစဉ်မနေပါနဲ့၊ ကဲ ဝတ်ရည်လည်း ပင်ပန်းနေပြီ၊ ကိုကို ကျွန်တော်တို့ သွားနားလိုက်ဦးမယ်နော်"

"ဟေ အေး ညီ သွားလေ"

မင်း ရှောင်ထွက်သွားတာ လင်းရောင်သိမည်ပင်။ ကျွန်မ လက်ကလေးပိုက်ရပ်လို့ လင်းရောင်မျက်နှာကို ပြုံးပြုံးလေး စူးစိုက် ကြည့်ပစ်လိုက်မိ၏။

"မွှမ်းမံ မင်း ငါနဲ့ အပေါ်လိုက်ခဲ့ဦး"

ဒေါသကို ကြိတ်မှိတ်မျိုသိပ်ထားပုံနှင့် ဆိုကာ လင်းရောင် လှေကားအတိုင်း ခပ်သုတ်သုတ် တက်သွားသည်။ ဘယ်လိုဖြစ်တာလဲ လင်းရောင်။ စိန်ခေါ်ခဲ့တာ ရှင်၊ ခုတော့လည်း ဟန်ဆောင်နိုင်စွမ်းတောင် မရှိခဲ့ပါလား။

အိပ်ခန်းတံခါးဝ ကာရပ်ကာ ကျွန်မကို စောင့်နေသော လင်းရောင်ကို တစ်ချက်မကြည့်ဘဲ ကျွန်မ အခန်းထဲ တန်းဝင်ခဲ့သည်။ လင်းရောင် အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ရင်း

"မင်း မင်း ဘာအချိုး ချိုးတာလဲ မွှမ်းမံ"

"ရှင်ကိုယ်တိုင် ကျွန်မကို စိန်ခေါ်ခဲ့တာပဲ ကိုလင်းရောင်"

"မင်း မင်း တမင်လုပ်တာ၊ မင်း ပြင်ဆင်ဝတ်စားထားတာက အထင်အရှားပဲ၊ မင်းငြင်းချင်သေးသလား မွှမ်းမံ"

"ကျွန်မ ဘာကိုမှ ငြင်းစရာမရှိဘူး၊ ဖြေရှင်းစရာလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ရှင် သိပ်သဝန်ကြောင်မနေပါနဲ့ ကိုလင်းရောင်၊ ခုချိန်မှာ မင်းစက်ရာဆိုတာ ကျွန်မရဲ့မောင်လေး၊ မွှမ်းမံဆိုတာ သူ့ရဲ့အစ်မ တစ်ယောက် ဖြစ်နေပြီ''

''တော်စမ်း မွှမ်းမံ၊ မင်းရင်ထဲက ကြောက်စရာကောင်းတဲ့ နာကျည်းချက်တွေကို ငါမြင်တယ်၊ မေမေ့ကို လက်စားမချေလိုက်ရတဲ့ အတွက် မင်း ငါနဲ့ညီကို ကောင်းကောင်း လက်စားချေတော့မှာ မဟုတ်လား''

''ရှင် ထင်ချင်သလို ထင်နိုင်တယ်၊ ကျွန်မကိုလည်း ရှင် လက်တုံ့ပြန်ခဲ့တာပဲ လင်းရောင်''

''အေး မင်းကို ဒဏ်ပေးတဲ့အနေနဲ့ ငါဆုံးဖြတ်ခဲ့တာလေ အခုတော့ မင်းကို ငါ သနားသွားပြီ မွှမ်းမံ၊ ဒီနေ့ကစပြီး မင်းကို သနားသဖြင့် ငါ့ရဲ့ ဇနီးမယားအဖြစ် လက်ခံလိုက်ပြီ''

''ရှင် ရှင် သိပ်ယုတ်မာ''

ကျွန်မစကားသံတွေ အဆုံးမသတ်လိုက်နိုင်ခဲ့ပါ။ လင်းရောင်ရဲ့ ကြမ်းကြမ်းတမ်းတမ်း ပွေ့ဖက်မှုအောက်မှာ ရုန်းထွက်ဖို့ ကြိုးစားနေရ ပေမယ့် အင်အားချင်း မမျှတပါ။

''ရှင် လူယုတ်မာ၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် လင်းရောင်''

''ငါ မင်းကို နာကျည်းတယ်၊ ဒါပေမဲ့ မင်းကို ငါ မြတ်မြတ် နိုးနိုး ချစ်ခဲ့တယ် မွှမ်းမံ၊ ငါ့အချစ်ကို စော်ကားခဲ့တဲ့ မင်းကိုလည်း ငါမုန်းတယ်''





အနမ်းကြမ်းကြမ်းတွေအောက်မှာ ကျွန်မ အသက်ရှူလို့ မဝအောင် ဖြစ်နေမိဆဲ၊ ရင်ထဲက ပြင်းပြသော နာကျည်းစိတ်က ဝမ်းနည်းကြေကွဲစိတ်အဖြစ် ပြောင်းလဲသွားချိန်မှာ မျက်ရည်စတွေ ပါးပြင်ပေါ် လိမ့်ဆင်းလာရသည်။

ကျွန်မ မျက်ရည်တွေကို မြင်လိုက်၍ထင်၏။ သူ ကျွန်မကို ခပ်ကြမ်းကြမ်း တွန်းလွှတ်ရင်း

''မင်းမှတ်ထား မွှမ်းမံ၊ လင်းရောင်ဆိုတဲ့ကောင်က သိပ်ကို အတ္တကြီးခဲ့တဲ့ကောင်၊ ငါ့ရင်ခွင်ထဲကနေ တစ်ခြားယောကျ်ား တစ်ယောက်ကို မင်းတမ်းတနေတာမျိုး ဘယ်တော့မှ မလုပ်နဲ့၊ အိုကွာ ဟန်ဆောင်ပြနေတာဆိုရင်တောင် ငါလက်မခံဘူး''

''ရှင် အရူး၊ ရူးနေတဲ့လူ၊ သံသယစိတ်တွေနဲ့ ကျွန်မကို ရှင်ပဲ စိန်ခေါ်ခဲ့တာ''

''ဟုတ်တယ် ငါရူးတယ်၊ မင်းကြောင့် ရူးသွပ်နေတယ် မွှမ်းမံ၊ ဒါ ဒီထက်တောင် ရူးအောင် မင်းမလုပ်နဲ့၊ မင်းနဲ့ညီ မျက်နှာကို မြင်လိုက်တိုင်း ငါ့နှလုံးသားက နာကျင်ရတယ်၊ ဒါပေမဲ့ မင်းကို ဘယ်တော့မှ အရှုံးမပေးဘူးဆိုတာ မှတ်ထားလိုက် မွှမ်းမံ''

စကားအဆုံးမှာ သူ အခန်းတံခါးကို ဆွဲဖွင့်ထွက်ခွာသွား ခဲ့၏။ အခန်းထဲမှာ ကျွန်မတစ်ယောက်တည်း။ အတွေးတွေက ခေါင်းထဲမှာ ရှုပ်ထွေးနောက်ကျိလာရသည်။

ဒီအိမ်ပေါ်မှာ မင်းတို့လင်မယားနဲ့ ကျွန်မတို့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေထိုင်ရမှာလဲ။ ရှင် ရှုံးသွပ်သွားသလို ကြာရင် ကျွန်မလည်း ရှုံးသွပ်သွားမယ် ထင်ရဲ့ လင်းရောင်ရယ်။

✿ ✿ ✿



## အခန်း (၃၉)

"ဝတ်ရည်မိဘတွေကလည်း ကျွန်တော်တို့ကို သူတို့နဲ့အတူ ားနေဖို့ ပြောနေတယ် ကိုကို၊ ဒါကြောင့် ကျွန်တော်တို့ ဝတ်ရည် ာတွေအိမ် ခဏ သွားနေခွင့်တောင်းတာပါ"

သည့်ဆုံးဖြတ်ချက်ကို မင်းစက်ရာ ဘာကြောင့် ဆုံးဖြတ် က်တာလဲဆိုတာ ကျွန်မ ရိပ်မိပါသည်။ လင်းရောင်ဆိုတာ သူ့ရဲ့ ်ကိုတစ်ယောက်ပဲ။ လင်းရောင်ရဲ့ အတွက်နဲ့ သဝန်တိုစိတ်ကြီးမားတာ အသိဆုံး ဖြစ်မှာ သေချာသည်။

"ညီတို့ ဆန္ဒပြင်းပြနေရင် သဘောပဲလေ၊ ဒါပေမဲ့ ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ညီလည်းပိုင်တယ်၊ ကိုကိုတို့ကြောင့် ထွက်မသွားနဲ့နော်''

''ဟာ အဲဒီသဘော မဟုတ်ပါဘူး ကိုကိုရဲ့၊ ဟိုလေ အေး ဝတ်ရည်ကိုယ်တိုင်ကလည်း သူ့မိဘတွေနဲ့ နေချင်နေတယ်၊ ဒါကြောင့်ပါ''

''ဟုတ်ပါပြီ၊ ဒါဆို ကိုကို ခွင့်ပြုပါတယ် ညီ''

မင်း,တို့ လင်မယား ဝတ်ရည်တို့မိဘအိမ် ပြောင်းရွှေ့သွား ပေမယ့် လင်းရောင်ရဲ့ သံသယတွေက ငြိမ်းအေးမသွားခဲ့ပါ။ ကျွန်မ ပြဿနာရှာလာခဲ့ပြန်ချေ၏။

''ဘယ်လိုဖြစ်တာလဲ မွှမ်းမံ၊ မင်းရဲ့ချစ်သူဟောင်း မရှိတော့လို့ မင်း ခံစားနေတာလား၊ တမှိုင်မှိုင်နဲ့ အဟွန်း''

''ကိုလင်းရောင်၊ ရှင် ကျွန်မသိက္ခာကို စော်ကားလွန်းနေပြီနော်''

''ကိုယ့်စကားက အနာပေါ်တုတ်ကျ ဖြစ်သွားပြီထင်တယ်''

''ရှင် အဲဒီလောက်ထိ သံသယကြီးမားနေရင် ကျွန်မ ကွာရှင်းပေးလိုက်ပါလား လင်းရောင်''

''အဲဒီအခွင့်အရေး မင်းကို ငါဘယ်တော့မှ မပေးဘူး မွှမ်းမံ မင်းငါ့ကို မချစ်နှစ်သက်ဘဲ လက်ထပ်ယူခဲ့တာ၊ အဲဒီအတွက် မင်း တန်နိုးနိုး နောင်တရ နာကျင်အောင် ငါလုပ်ဦးမှာ၊ ငါသေမှ မင်း လွတ်လပ်ခွင့်ရမှာ မင်းနားလည်ထား ဟား ဟား''

ကျွန်မ နာကျင်ခံရခက်စေသော စကားလုံးတွေနှင့် သူ ရှေ့ တိုက်ခိုက်ခဲ့သည်ချည်း။

တစ်ခါက ညှော်ခန်းထဲမှာ သူနှင့်ကျွန်မ ထိုင်နေတုန်း





ထမြည်လာသောဖုန်းကြောင့် အနီးဆုံးမှာရှိသည့် ကျွန်မ ကောက်ကိုင်မိ၏။

''ဟဲလို ကိုကိုလား ညီပါ''

ဖုန်းထဲက မင်းအသံကြောင့် ကျွန်မ သူ့ကို တစ်ချက် လှမ်းကြည့်၏။ သူ သတင်းစာကိုကိုင်လျက် ကျွန်မကို စောင့်ကြည့်နေခဲ့၏။

''ခဏလေးကိုင်ထား မင်းစက်ရာ၊ မင်းကိုကိုဆီ ကျွန်မ ဖုန်းလှမ်းပေးလိုက်မယ်''

မင်းဆီက ဖုန်းဆိုသည်နှင့် သူ သတင်းစာကို ပစ်ချလျှက် သုန်မှုန်သောမျက်နှာနှင့် ဖုန်းကို လှမ်းယူသည်။ ပြီးတော့ ကျွန်မ မကြားစေချင်သည့် ပုံစံနှင့် ခပ်လှမ်းလှမ်းကို လျှောက်သွားကာ ဖုန်းပြောနေသည်။

ကျွန်မစိတ်ထဲမှာ ဒေါသတွေ ဆင့်ကဲလာသည်။ သူနှင့် ရန်မဖြစ်ချင်၍ တမင်ရှောင်ကာ အပေါ်ထပ် တက်ခဲ့မိသည်။ အိပ်ခန်း ထဲက ဒရင်းဘတ်ပေါ်မှာ ကျွန်မထိုင်နေတုန်း သူရောက်လာပြီး

''ညီဆီက ဖုန်းမှန်းသိလို့ မင်းကောက်ကိုင်တာ ငါသိတယ် မွှမ်းမံ၊ ငါမရှိတဲ့အချိန်တွေမှာလည်း မင်းတို့ ဖုန်းထဲက စကားတွေ ပြောကြ၊ ကြည်နူးကြတယ်ထင်ရဲ့''

''အဲဒီမေးခွန်း ကျွန်မကိုမမေးနဲ့၊ ရှင့်ညီကို မေးကြည့်၊ သူ အမှန်ပြောလိမ့်မယ် ကိုလင်းရောင်''

''ငါ့ညီက ငါ့အပေါ် သစ္စာရှိချင်ရှိမယ်၊ မင်းကို ငါမယုံဘူး



www.burmeseclassic.com

www.burmeseclassic.com



မင်းက လက်စားချေမှုတစ်ခုကို ဘဝနဲ့ရင်းရဲတဲ့ မိန်းမပဲ မွမ်းမံ''

''ရှင် တော်တော့ လင်းရောင်၊ ကျွန်မ ပြောပြီးပြီပဲ၊ အဲဒီလောက် ရွံ့ရှာစရာကောင်းတဲ့ မိန်းမကို ရှင်ဘာလို့ ပေါင်းသင်းနေသလဲ''

''မင်းတို့နှစ်ယောက်ရဲ့ အကြံကိုသိလို့ မင်းကို ငါဆက်ပြီး ပေါင်းသင်းနေတာပေါ့ကွာ၊ အခု ဟိုကောင်က သူ့မိန်းမနဲ့ အဆင်မပြေဘူး၊ ပြတ်စဲချင်နေပြီတဲ့''

သူ့စကားကြောင့် ကျွန်မ အံ့ဩသွားရသည်။ မင်း တကယ်ပဲ သူ့ဇနီးနှင့် အဆင်မပြေကြဘူးလား။ ကွာရှင်းချင်လောက်အောင် ဘယ်လို ပြဿနာတွေ ရှိနေတာလဲ။

''ဒီကောင်က ဝတ်ရည်ကို မေမေစီစဉ်မှုကြောင့် မချစ်ဘဲ လက်ထပ်ခဲ့ရတာဆိုတော့ သူချစ်တဲ့သူက ဘယ်သူလဲ၊ မင်းပဲပေါ့ မွမ်းမံ ကြားထဲက ဝတ်ရည်သွယ်ခမြာ မြေစာမြက်ဖြစ်နေရှာတာ၊ ဒီကောင် ဝတ်ရည်ကို ကွာရှင်း၊ မင်းက ငါ့ကိုကွာရှင်း၊ ပြီးရင် မင်းတို့ချင်း ပေါင်းဆုံကြမယ်ပေါ့၊ ဟုတ်လား ဟား ဟား လင်းရောင် ဆိုတဲ့ကောင် ဘယ်တော့မှ အရှုံးမပေးဘူးကွ''

''ရှင် မှတ်ထားလိုက် လင်းရောင်၊ ရှင် ကျွန်မကို ကွာရှင်း ပေးပြီးရင်လည်း မင်းစက်ရာကို ကျွန်မ လက်ထပ်မယ် မထင်လိုက်နဲ့ ရှင်တို့အသိုင်းအဝိုင်းကို မွမ်းမံ သိပ်မုန်း၊ သိပ်နာကျည်းနေပြီရှင့်''

''မင်း နာကျည်းချင်သလောက် နာကျည်းစမ်း မွမ်းမံ





မင်းဆီက ငါလိုချင်တာ အဲဒါပဲ၊ မင်းရဲ့အမုန်းတွေ နာကျည်းမှုတွေကို ငါသေတဲ့အထိ ယူဆောင်သွားချင်တာကွ ဟား ဟား ဟား''

သူ ရယ်မောနေတာကြည့်ရင်း ကျွန်မ ထုရိုက်ကုတ်ဖဲ့ ပစ်ချင်လိုက်တာ။ သံသယတွေနဲ့ မွန်းကြပ်နေတဲ့ သူ့ကိုသူတောင် သတိမှ ထားမိရဲ့လားမသိ။ ကျွန်မမြင်တွေ့စက တည်ကြည်သော စတိုင်လ်ကျသော လင်းရောင်နှင့် သူ့အသွင်က ယခု အကွာကြီး ကွာခြားသွားခဲ့လေပြီ။

သနားစရာကောင်းလိုက်တဲ့ လင်းရောင်ပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ခြံထဲကို မောင်းဝင်လာသော မင်းရဲ့ကားလေးကြောင့် ကျွန် ထိတ်ခနဲဖြစ်ရသေးသည်။ လင်းရောင်မရှိခင် ရောက်လာ ဘယ်လိုနည်းနှင့်မှ ကောင်းဖို့ ဖြစ်မလာနိုင်။

ဆင်ဝင်အောက်မှာ ထိုးရပ်သော ကားပေါ်မှာ မင်းမဟုတ် ဝတ်ရည်သွယ်တစ်ယောက်တည်း ပြုံးရမှ ကျွန်မရင်ထဲ ပေါ့ပါးသွား ချေသည်။

"ဝတ်ရည် တစ်ယောက်တည်းလား"

"ဟုတ်တယ် မမမ်၊ ဝတ်ရည် ဒီကို တမင်လာခဲ့တာ"





ဝတ်ရည်သွယ် မျက်နှာက ညှိုးမှိုင်းမှိုင်း။ ကျွန်မ အပြုံး နွေးနွေးနှင့် ဖိတ်ခေါ်လိုက်ရပါသည်။

"လာ ထိုင် ဝတ်ရည်၊ ခဏလေးနော်၊ မမ တစ်ခုခုစားဖို့ စီစဉ်ပေးမယ်"

"ဟင့်အင်း ဝတ်ရည် ဘာမှမစားချင်ဘူး မမ၊ မမမ်နဲ့ စကားပြောချင်လို့ တမင်လာခဲ့တာပါ"

ဝတ်ရည်စကားကြောင့် ကျွန်မ အံ့ဩရသည်။ တကယ်ဆို ကျွန်မနှင့် ဝတ်ရည် တရင်းတနှီး မရှိလှပါ။ ကျွန်မဆီ တမင် ရောက်လာတာဆိုတော့။

"ဘာပြောမလို့လဲ ဝတ်ရည်၊ ပြောလေ၊ မမ နားထောင် တယ်"

"ဝတ်ရည်နဲ့ ကိုမင်းနဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ကြပြီ"

"ဟင်"

လင်းရောင်ပြောစဉ်က ကျွန်မ မယုံသေးပါ။ ဝတ်ရည်နှုတ်က ကြားမှ ပိုလို့ အံ့ဩရသည်။ ဝတ်ရည်မျက်နှာလေး ညှိုးလျော်နေတာ ကြည့်ရင်း ထိုပြဿနာအတွက် သူမ ပျော်ရွှင်နေတာတော့ မဟုတ် ပါဟု တွက်ဆမိ၏။

"ဘယ်လိုဖြစ်တာလဲ ဝတ်ရည်ရယ်၊ မဖြစ်သင့်တာ၊ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းကြပါဦး"

"ညှိနှိုင်းလို့ မရတော့တာ သေချာပြီ မမမ်၊ သူနဲ့ ဝတ်ရည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သက် တစ်နှစ်ကျော်ခဲ့ပါပြီ၊ ဝတ်ရည် ဆက်မခံစားနိုင်တော့ဘူး''

''ဘာလို့လဲ ဝတ်ရည်၊ မင်း အဲ သူက ဝတ်ရည်ကို ဆိုးနေခဲ့သလား၊ နှိပ်စက်နေလို့လားဟင်''

''အဲဒီထက်မက ဝတ်ရည် ခံစားခဲ့ရတာပါ မမမံ၊ တကယ် မမမံနဲ့ သူ့အကြောင်း ဝတ်ရည် အားလုံးသိတယ်''

''ဟင်''

''သူကိုယ်တိုင်က ဝတ်ရည်ကို ပြောပြခဲ့ဖူးတယ်၊ သူ့ဘဝ အချစ်ဆုံးက မမမံပဲတဲ့''

''အို''

''သူ့မေမေကြောင့် မမမံအပေါ် သူ ရက်စက်သလို ဖြစ်ခဲ့ရတာ သူ့ရင်ထဲမှာ ဝေဒနာတစ်ခုလို ဖြစ်နေဆဲပဲတဲ့၊ ဝတ်ရည်သိပါတယ် မမမံရယ်၊ သူ့ရင်ထဲက ခံစားချက်ကြီးက တစ်သက်လုံး ရှိနေတော့ သူ ဝတ်ရည်ကို အေးစက်လွန်းတာ ဝတ်ရည် အသိဆုံးပါ''

''တော် တော်ပါတော့ ဝတ်ရည်၊ မမ ဘာမှမကြားချင်ဘူး ခုချိန်မှာ မမက သူ့အစ်ကို လင်းရောင်ရဲ့ ဇနီးဖြစ်နေပြီ''

''ဝတ်ရည်သိပါတယ်၊ မမမံ ခံစားချက်တွေကို သိထားတယ် ကိုကိုလင်းရောင်ကို မမ မချစ်ဘဲ လက်ထပ်ခဲ့တာ၊ ကိုမင်းက မေမေ ပို့လိုက်တဲ့ မမရဲ့ စာနဲ့ သတင်းစာကြော်ငြာတွေကို ကိုကိုလင်းရောင် မသိအောင် ဖျောက်ဖျက်ပေးခဲ့တာပဲ''





ဘုရားရေ၊ ဝတ်ရည်သွယ်က အားလုံးကို သိနေခဲ့တာပဲ၊ မင်း ကျွန်မတို့အကြောင်းကို ဘယ်လောက်ထိ ပြောပြထားသလဲမသိ။

''ကိုမင်း နှလုံးသားကို ဝတ်ရည် နားလည်ခဲ့တာ မင်္ဂလာဦး ကတည်းကပါ၊ မောင်လို့ ဝတ်ရည်ခေါ်တာတောင် အဲဒီလို မခေါ်ပါနဲ့တဲ့ ဒါ မမမံ သူ့ကိုခေါ်တဲ့ နာမ်စားဖြစ်နေလို့ပေါ့''

''ဟင်''

''ဝတ်ရည် ကိုမင်းကို လိုက်လျောချစ်ခဲ့တာပါ၊ ဒါပေမဲ့ ကိုမင်းရင်ထဲက အချစ်ကို ဘယ်တော့မှ ရနိုင်မှာ မဟုတ်မှန်း သိရမှတော့ လမ်းခွဲတာ အကောင်းဆုံးပေါ့၊ သူ့ကိုလည်း ဒုက္ခမပေးချင်တော့ဘူး၊ ဝတ်ရည်လည်း မခံစားနိုင်တော့ဘူး၊ ဝတ်ရည် မှားသလား မမမံရယ်''

မျက်ရည်စတွေ ဝဲတက်နေသော ဝတ်ရည်မျက်ဝန်းတွေကို ငေးကာ ကျွန်မ ဘာစကားမှ မဆိုနိုင်ခဲ့။ နှစ်သိမ့်ဖို့စကားတွေလည်း မရှိ။

နှုတ်ဆက်ပြန်သွားသော ဝတ်ရည်ကိုကြည့်ကာ ကျွန်မရင်ထဲမှာ နက်ရှိုင်းသော ဝေဒနာတစ်ခု ခံစားနေခဲ့ရ၏။

ဝတ်ရည် မမှားခဲ့ပါဘူး။ အားလုံးထဲမှာ မှားယွင်းခဲ့ဆုံးက ကျွန်မပဲ ဖြစ်လိမ့်မည်။ ကိုယ့်ကိုသိပ်ချစ်တဲ့ ချစ်သူကိုတောင် သက်စားချေဖို့၊ မချစ်မနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူခဲ့တာလေ။ ဘဝတစ်ခုလုံး ရင်းနှီးပြီး မိုက်မဲခဲ့တဲ့ မှမ်းမံ အတွက် နောင်တတွေက နောက်ကျခဲ့ပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရောက်လာခြင်းက ကျွန်မ ခါးသီးစွာမေ့ထားသော အတိတ်ကို ပြန်သတိရစေခဲ့တာ အမှန်။ ကျွန်မနှလုံးသားမှာ မြတ်နိုးစွာ ချစ်ခဲ့ဖူးသော မင်းရဲ့ ပုံရိပ်တွေ အာရုံထဲမှာ အရိပ်ထင်စေခဲ့၏။

"ဘုရားရေ မင်း မင်း ရှင်"

ကျွန်မနှုတ်က တအံ့တသြ ရေရွတ်မိလောက်အောင် တုန်လှုပ် သွားမိရဲ့။ ညွှန်ခန်းဝမှာ ရပ်နေတာ မင်းမှ မင်းအစစ်ပါပဲ။

"ကိုကို ပြန်မရောက်သေးဘူးလား မံ"

"ဟင့်အင်း မလာသေးဘူး၊ ရှင် သူနဲ့ ချိန်းထားလို့လား မင်းစက်ရာ"

"မချိန်းထားပါဘူး မံ၊ ကိုကို ဆေးရုံက ပြန်ရောက်လောက်ပြီ ထင်လို့ လာခဲ့တာ၊ ကိုယ် ကိုကို့ကို အသိပေးစရာရှိလို့ပါ"

"သူပြန်မလာသေးဘူး မင်း၊ ဆေးရုံကို ဖုန်းဆက်ကြည့်သင့် တာပေါ့ မင်းစက်ရာ"

ကျွန်မစကားကြောင့် သူ မျက်နှာပျက်သွားခဲ့၏။ သို့သော် ချက်ချင်း ပြန်ဟန်ဆောင်ဖိုးကွယ်လိုက်ရင်း

"ကိုယ်ဖုန်းဆက်ဖို့ မေ့သွားတယ် မွမ်းမံ၊ ညွှန်ခန်းထဲမှာ ခဏစောင့်လို့ဖြစ်မလား"

"ရှင်စောင့်ချင် စောင့်လေ၊ ကျွန်မဘက်က ဘာမှ ပြဿနာ မရှိပါဘူး"

ကျွန်မဆိုလိုရင်းကို သူ သဘောပေါက်ပုံရ၏။ သူ့အစ်ကို





သံသယစိတ်ကို သူ တွက်ဆမိကာ ထိုင်ရမလို၊ လှည့်ပြန်ရမလို ဆုံးဖြတ်ရခက်နေခိုက်မှာပဲ လင်းရောင်ကားလေး ခြံထဲကို မောင်းဝင် လာခဲ့သည်။

"ဟော ကိုကိုပြန်လာပြီ"

ကားပေါ်ကဆင်းလိုက်ကတည်းက စူးစူးရဲရဲအကြည့်တွေနှင့် မာထန်သွားသည့် လင်းရောင်မျက်နှာကို မြင်ရ၏။ သံသယအကြည့် တွေနှင့် စကားလုံးတွေကိုလည်း ကျွန်မ မကြားချင်တော့ပါ။ မင်းကိုပင် နှုတ်မဆက်တော့ဘဲ အိမ်အပေါ်ထပ် တက်ခဲ့မိတော့သည်။

"ညီ အခုပဲရောက်တာ ကိုကို၊ ကိုကို့ကို ပြောစရာရှိလို့"

"ငါဆေးရုံမှာ ရှိနေတာပဲ၊ မင်း ဖုန်းဆက်လိုက်ရင် ဖြစ်တာပဲ ညီ"

"ကိုကိုအိမ်မှာ ပြန်ရောက်ပြီထင်လို့ မဆက်တော့ဘဲ လာခဲ့တာပါ ကိုကို"

"အင်း ထားပါတော့ကွာ ဆို ဘာကိစ္စလဲ ညီ"

"ကျွန်တော် ဝတ်ရည်နဲ့ ကွာရှင်းဖို့ အားလုံး စီစဉ်ပြီးပြီ ကိုကို၊ ကျွန်တော်တို့နှစ်ယောက် ညှိနှိုင်းပြီးပြီ၊ ဝတ်ရည်အတွက်ကော ကျွန်တော့်အတွက်ပါ ဒါအကောင်းဆုံးလမ်းပဲ"

"မင်းအတွက် ဖြစ်ချင်ဖြစ်မှာပေါ့၊ ဝတ်ရည်အတွက်တော့ ဘယ်ကောင်းမှာလဲ၊ သူက မိန်းကလေးလေ"

"ဝတ်ရည်ကိုယ်တိုင် ကျေနပ်လက်ခံတယ် ကိုကို၊ ကျွန်တော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး တရားဝင် ကျေကျေနပ်နပ် ကွာရှင်းကြမှာပါ''

ညီ့မျက်ဝန်းထဲမှ ပြတ်သားသောအရိပ်တွေကို သူ မြင်နေရသည်။ သူ တားဖြစ်လို့လည်း အကျိုးရှိနိုင်မှာမှ မဟုတ်တော့တဲ့ အချိန်ကုန်ခံ ပြောစရာလည်း အကြောင်းမရှိတော့ပါ။

''မင်းဆုံးဖြတ်တဲ့ကိစ္စ ကိုကိုဘာမှ မပြောချင်တော့ဘူး ညီ မင်းလုပ်ချင်တာလုပ်တော့''

''ကိုကို့ကို လာအသိပေးတာပါ၊ ကျွန်တော်ပြန်တော့မယ် ကိုကို''

သူ ခေါင်းညိတ်ပြလိုက်ရုံမျှသာ။ ရင်ထဲမှာတော့ ဘယ်လို့မှ မကျေနပ်။ တားမြစ်မရသည့် ကိစ္စကြီးကို အိမ်အထိ အသိပေးသည် ဆိုတော့ ဒီ့နောက်ကွယ်ရည်ရွယ်ချက်က ဘာလဲ။ မွှမ်းမံကို သိစေချင် တာလား။

တွေးရင်း စဉ်းစားရင်း ရင်ထဲက ဒေါသတွေ ဆူဝေလာ၏ ဟိုတစ်ယောက်ကလည်း သူရောက်လာတာမြင်မှ အိမ်ပေါ် တက်သွား ခဲ့၏။ မင်းနဲ့ငါ ရင်ဆိုင်ရှင်းမယ် မွှမ်းမံ။

ကြည့်စမ်း။ အိပ်ခန်းထဲမှာရှိမည် ထင်မိတာ။ သူမက ဝရန်တာ ရောက်နေရဲ့။ ညီပြန်သွားတာကို စောင့်ကြည့်နေတာပဲလား။

''မွှမ်းမံ''

ဒေါသကြောင့် သူ့အသံက ကျယ်လောင်သွား၏ လှည့်ကြည့်သော မွှမ်းမံအကြည့်တွေက စိတ်ပျက်ညစ်ညူးနေမှန်း သိသာလွန်းသည်။ မင်းငါ့ကို ဘာဒုက္ခပေးဖို့ ကြံစည်နေတာလဲ မွှမ်း





''မင်းတို့ ငါမရှိချိန်မှာ ဆုံတွေ့ကြတာ ရိုးသားရဲ့လားဟင်''

''တော်တော့ လင်းရောင်၊ ရှင် အမြဲတမ်း ကျွန်မသိက္ခာကို စော်ကားခဲ့တာချည်းပဲ၊ ကျွန်မ သည်းမခံနိုင်တော့ဘူး''

''ဘာကွ သိက္ခာ ဟုတ်လား၊ မင်းရဲ့သိက္ခာဆိုတာ ဘယ်လို အရာလဲ၊ ငါ့ကိုပြစမ်းပါ မွှမ်းမံ''

''ကျွန်မမှာ သိက္ခာမရှိဘူးပဲထား၊ ကျွန်မတို့ ဖောက်ပြန် နေတယ်ဆိုရင် ရှင့်ညီရဲ့ ဆန္ဒကလည်း ငါးဆယ်ရာနှုန်းထက်မနည်း ပါမှပဲ လင်းရောင်၊ ဒီတော့ ရှင်တို့မျိုးရိုးကကော သိက္ခာရှိနိုင်ပါတော့ မလား၊ မင်းစက်ရာက ရှင့်ရဲ့ညီ အရင်းအချာ၊ ဒေါ်ခင်လေးသူ့ရဲ့သား''

နာကျည်းပေါက်ကွဲစွာ လွင့်ထွက်လာသော ကျွန်မ စကားလုံး တွေက သူ့မျက်နှာကို ဖြတ်ရိုက်ခံရသလို ဖြစ်သွားပုံရ၏။ သူ့မျက်နှာကြီး ရဲရဲနီလျက် ကျွန်မအမည်ကို စူးစူးဝါးဝါး အော်ဟစ်ကာ အနီးကို ချောက်လာ၏။

''မွှမ်းမံ မင်း မစော်ကားနဲ့၊ လောကကြီးထဲမှာ မရှိတော့တဲ့ ငါ့အမေကို မစော်ကားနဲ့''

''သိပ်နာကျင်သွားသလား လင်းရောင်၊ သိက္ခာမရှိ ဖောက်ပြန်နေတဲ့ မိန်းမတစ်ယောက်ကို မခွဲနိုင်မခွာရက် ယူထားတဲ့ ရှင်လည်း သိက္ခာမရှိတဲ့လူ''

''မင်း မင်း''

သူ့လက်တွေ ကျွန်မပခုံးကို ကြမ်းတမ်းစွာ ဆုပ်ကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဆူဝေစွာနှင့် ခါယမ်းလိုက်တာမို့ ကျွန်မတစ်ကိုယ်လုံး နာကျင်တုန်ခါနေခဲ့၏။

"သတ် ကျွန်မကို သတ်လိုက် လင်းရောင် ရှင် ရှင်"

မူးနောက်ရီဝေလျက် ကျွန်မမျက်လုံးတွေ ပြာဝေသွားသည်။ ဆုပ်ကိုင်ထားဆဲ့ သူ့လက်ထဲမှာ ဒူးညွတ်ခွေကျသွားခဲ့ရ၏။

"မွမ်းမံ"

စိုးရိမ်တကြီး ဟစ်အော်လိုက်သော အသံကို ကျွန်မ ကြားလိုက်ရပြီးနောက်ပိုင်း အမြင်၊ အသိ အားလုံး အမှောင်အတိ။

✿ ✿ ✿



## အခန်း (၄၁)

"မံ မံ သတိရပြီနော်"

နူးညံ့ညင်သာတဲ့ အသံနဲ့ ကျွန်မကို မိုးကြည့်နေတဲ့ လင်းရောင်မျက်ဝန်းတွေ ဘာကြောင့် ဒီလောက်ထိ နူးညံ့သိမ်မွေ့လွန်းနေတာလဲ။

ကျွန်မ ဆတ်ခနဲ ထထိုင်ဖို့ ကြိုးစားတော့၊

"ဖြည်းဖြည်းထ ပါ၊ မင်း သိပ်နေမကောင်းဘူး"

"ကျွန်မသေသွားတာ ပိုကောင်းမှာ"

"ဟာ မဟုတ်တာ၊ မင်းဘာမှမဖြစ်ပါဘူး၊ ဟို အဲ မင်းမှာကိုယ်ဝန်ရှိနေတာ နှစ်လကျော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ကျွန်မ မယုံနိုင်စွာ မင်သက်ကြောင်ပေ့မိဆဲ။ လင်းရောင် မျက်နှာ ချွေးချွေးကလေး ပြုံးနေသည်။ ကျွန်မပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်ရင်း ဆိုနေပြန်သည်။

"မင်းကိုယ်မင်း ဂရုစိုက်ရမယ် မံ၊ မင်းက မိခင်လောင်းတစ်ဦး ဖြစ်နေပြီ"

"ကျွန်မ စိတ်အပျက်ဆုံး စကားတွေပဲ၊ ကျွန်မ မလိုချင်ဘူး"

"ဘာ"

သူ့အော်သံက ကျယ်လောင်ပြင်းထန်သွားတာမို့ ကျွန်မ တုန်ခါသွားမိတတ်ပါတဲ့။ သူ့မျက်ဝန်းက စူးရှလို့ ကျွန်မကို စိုက်ကြည့် နေသည်။ နှုတ်ခမ်းအစုံက တဆတ်ဆတ်တုန်ခါ ဒေါသထွက်နေတာ သိသာလွန်းသည်။

"မင်း ဒီကလေးကို မွေးရမယ် မံ၊ ဒါ ကိုယ့်ရဲ့အမိန့်ပဲ"

"ရှင့်အမိန့်ကို ကျွန်မ နာခံရမှာလား"

"မင်းကိုယ့်ကို ဒေါသဖြစ်အောင် လာမဆွနဲ့ မွှမ်းမံ၊ မင်းကို ကိုယ်နေ့တိုင်း ဂရုစိုက်ကြည့်မယ်၊ ကိုယ် ခြိမ်းခြောက်တာ မဟုတ်ဘူး အလေးနက်ဆုံး ပြောမယ်၊ မင်း ကလေးကို ထိခိုက်စေခဲ့ရင် မင်းဘဝ တစ်ခုလုံး နာကျင်ခံစားသွားရအောင် ကိုယ်လုပ်ပြမယ်"

သူ့စကားကို ဥပေက္ခာပြုစွာ ကျွန်မ နှုတ်ခမ်းတွန့်ကွေးပြီးတော့ သူ ကျွန်မမေးကို ဆွဲမော့ကာ မျက်ဝန်းစူးတွေနဲ့ စိုက်ကြည့်၏။





"ကိုယ့်မျက်ဝန်းတွေထဲကို ကြည့်ထားစမ်းပါ မွှမ်းမံ၊ ကိုယ် မင်းကို မရက်စက်ခဲ့သေးဘူး၊ ကိုယ် နာကျည်းချက် ပြင်းထန်အောင် မင်းမလုပ်ပါနဲ့"

စကားအဆုံးမှာ သူ ကျွန်မရှေ့က ထွက်ခွာသွားခဲ့သည်။ ကျွန်မ အခုမှပဲ စိတ်ပျက်ညစ်ညူးစွာ ကျန်ရစ်ခဲ့သည်။ ကျွန်မမှာ သူ့ရဲ့ရင်သွေးကို လွယ်ပိုးထားရပြီတဲ့။ ဘယ်လောက် စိတ်ညစ်စရာ ကောင်းလိုက်သလဲ။ ကျွန်မ မချစ်မနှစ်သက်သော၊ ကျွန်မကို နာကျည်း ခန်းတီးနေသော ယောကျ်ားတစ်ယောက်နှင့် နောင်ကြိုးဆက်နွယ် ချည်နှောင်လာရမယ့်အဖြစ်ကို ရှောင်တိမ်းချင်လှ၏။

အခုတော့ ကျွန်မ မရှောင်တိမ်းနိုင်ခဲ့တော့ပါ။

သူကတော့ ကျွန်မကို ယုံကြည်မှုမရှိတော့သည့်အလား အမြဲ အရိပ်တကြည့်ကြည့် ကြည့်နေတတ်သည်။ သူ့အိမ်မှာ မရှိချိန်တွေမှာ ဘော်ကူဖက်အဖြစ် အိမ်ဖော်မိန်းမကြီးတစ်ဦးကို ရှာဖွေစီစဉ်ပေးခဲ့သည်။

"ကျွန်တော့်မိန်းမကို ဂရုစိုက်ပါ၊ ဝမ်းထဲက ကလေးထိခိုက် တာတွေ ဘာတစ်ခုမှ မလုပ်ပါစေနဲ့၊ ဆေးမှန်မှန်သောက်ဖို့နဲ့ အစား အသောက်ကိုလည်း ကျွန်တော်ပြောတဲ့အတိုင်း စီစဉ်ကျွေးမွေးပေးနော်"

ကလေးငယ်တစ်ဦးအတွက် တတွတ်တွတ်မှာသလို သူမှာနေ တာကို ကျွန်မ ကြားနေရတော့ ရယ်ချင်မိသေးရဲ့။

ညနေပိုင်းတွေမှာလည်း သူ အရင်ကထက် စောစီးစွာ ပြန်လာတတ်သည်။ ကျွန်မ တစ်နေ့တာ ဖြတ်သန်းနေထိုင်ခဲ့သမျှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော် ဒေါ်တင်ဥကို အသေအချာ ပြန်မေးတတ်သည်။

"နေစမ်းပါဦး သူက မီးဖိုထဲ ဘာဝင်လုပ်တာလဲ၊ ချက်တဲ့ ပြုတ်တဲ့ အလုပ် မလုပ်ပါစေနဲ့လို့ ကျွန်တော်မှာထားတယ်လေ"

"သူမချက်ပါဘူး ဆရာလေးရဲ့၊ တစ်ယောက်တည်း ပျင်းလို့နေမှာပေါ့၊ ကျွန်မနဲ့ လာစကားပြောတာပါ"

"ဪ ဒီလိုလား၊ ဒါဆိုထားတော့၊ အဲ နေဦး ချက်တဲ့ ပြုတ်တဲ့အချိန် ညှော်တွေဘာတွေ လုပ်ရင်တော့ ရှောင်နိုင်းနော်၊ နွေ့ခင်းဘက်လည်း စာမဖတ်စေနဲ့ အိပ်ခိုင်းဦး"

"ဒုက္ခပါပဲ ဆရာလေးရယ်၊ ဒါတော့ ဆရာလေးဖနီးကို ဆရာလေးပြောပေါ့၊ ကျွန်မက စာမဖတ်နဲ့လို့ ပြောလို့ရမလား"

"အင်း ဟုတ်ပြီ၊ ကျွန်တော်ပြောပါ့မယ်၊ ခင်ဗျားကလည်း ဂရုစိုက်ပေးဖို့ ပြောတာပါ၊ ကဲ ကဲ လုပ်စရာရှိတာ လုပ်တော့"

သူ ကျွန်မကို ဂရုစိုက်လွန်းတာ သိသာလှသည်။ ကျွန်မ ဝမ်းထဲက ကလေးငယ်ကြောင့်ပဲ ဖြစ်မှာပါ။ အရင်ကလို သူနှင့်ကျွန်မ ရန်မဖြစ်ကြတော့တာအမှန်။

သူ့ညီ မင်းစက်ရာ အိမ်မှာလာမနေတော့တာကြောင့်လည်း ပါမည်ထင်၏။ မင်း,ကလည်း ကျွန်မတို့အိမ်ထောင်ရေး ထိခိုက်မှာစိုး၍ ထင်ပါသည်။ အိမ်မှာမနေချင်ဟုဆိုကာ ကျောက်မြောင်းဘက်မှာ ဝယ်ထားသော တိုက်ခန်းမှာ ဝတ်ရည်နှင့်ကွာရှင်းပြီးကတည်းက နေ,နေခဲ့လေသည်။





ထိုအတွက် ကျွန်မ မင်းကို စာနာမိသေးပေမယ့် စိတ်ချမ်းသာရတာလည်း ဝန်ခံမိသည်လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

ကျွန်မနှင့် သူ့ဘဝလေးထဲကို သမီးလေး ရောက်ရှိလာခြင်းက နိုင်မာသော နှောင်ကြိုးတစ်ခု ဖြစ်ခဲ့တာတော့ သေချာခဲ့သည်။ သမီးကို တစိမ့်စိမ့်ကြည့်ရင်း ရွှန်းစိုနေသော သူ့မျက်ဝန်းတွေက အံ့သြစရာပါပဲ။ လင်းရောင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်ဝန်းထဲက တောက်ပမှု တွေကို ကျွန်မ မမြင်တွေ့ခဲ့တာ သိပ်ကြာခဲ့ပြီလေ။

"ဖေ့သမီးလေးကို အလင်းမံလို့ နာမည်ပေးတယ်"

ကျွန်မကိုလှမ်းကြည့်ကာ သူဆိုတော့ ကျွန်မ မသိကျိုးကျွံပြု မျက်နှာလွှဲလိုက်မိပေမယ့် သူ့ကို ကျိတ်ချီးကျူးမိသေးရဲ့။

သမီးလေးနာမည် အလင်းမံတဲ့။ နှစ်ယောက်စလုံးရဲ့





နာမည်တွေပါအောင် ရွေးတတ်လိုက်တဲ့ လင်းရောင်ပါပဲ။ ချစ်စရာ သမီးလေး အလင်းမံကတော့ မျက်ဝန်းကြည်လဲ့တောက်တောက် လေးတွေသာ သူနှင့်တူပြီး မျက်ခုံး၊ နှာတံကျပုံ၊ နှုတ်ခမ်းလေးတွေက ကျွန်မနှင့် တူညီလွန်းသည်။ ထိုအတွက်လည်း သူက ကျေနပ်နေတာ သေချာသည်။

"ဖေ့သမီးက တကယ့်အချောလေးပဲ၊ ဟား ဟား ချစ်စရာ ကောင်းလိုက်တာ သမီးလေးရယ်"

သူနှင့်ကျွန်မကြားမှာ အေးစက်မှုတွေ ပြန်နွေးထွေးစပြုလာချိန် မှာပဲ မင်းတစ်ယောက် အိမ်ကို အဝင်အထွက် ပြန်ပြုလုပ်လာခဲ့။ ချစ်စရာသမီးလေးကို တွေ့တော့ မင်း ဝမ်းသာအားရ ပွေ့ချီရင်း

"ဟား ကိုကို့သမီးက အချောလေးပဲ၊ အမေနဲ့ သိပ်တူတာ ဘိုးဗျ။ အဲ မျက်လုံးက ဘယ်သူနဲ့တူသလဲ၊ ကိုကို့မျက်လုံးတွေနဲ့ ဒါဆို ကျွန်တော်နဲ့လည်းတူတာပေါ့"

မင်းကတော့ သမီးလေးကိုကြည့်ကာ စိတ်ထဲက မြင်သည့် အတိုင်း ဆိုနေသည်။ လင်းရောင်မျက်နှာ မှုန်ကုပ်နေတာကို မမြင်။

"နာမည်က အလင်းမံ ဟုတ်လား၊ ဒါတော့ ကိုကို တေရားဘူး၊ ကျွန်တော့်နာမည်လည်း ပါအောင် မှည့်သင့်တယ်၊ ဟုတ်တယ်မို့လား တူမလေးရဲ့"

"ဒါတော့ ညီရာ၊ မင်းမွေးတဲ့ကလေးကျမှ မင်းနာမည်ပါအောင် စိတ်ကြိုက်ပေးပေါ့၊ ဒါ ငါ့သမီးလေ"



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်စကားကြောင့် မင်း ဖျပ်ခနဲ မော့ကြည့်လာသည်။ ခုမှ လင်းရောင်ရဲ့ အတွက်တွေကို သူ ပြန်သတိရသွားပုံရရဲ့။ ပျက်သွားတဲ့ မျက်နှာကို အချိန်မီပြင်လိုက်ရင်း

"ဟုတ်ပါတယ် ကိုကိုရာ၊ ကိုကို့သမီးက ညီတူမပဲ့ဖြေ ကိုကိုပေးတဲ့ နာမည်လေးက တကယ်လှပပြီး ချစ်စရာကောင်းတယ်"

သည်တော့မှ လင်းရောင်မျက်နှာကြီး ပြုံးတုံ့တုံ့။ နောက်မိုင်း မှာတော့ မင်းစက်ရာတစ်ယောက် အိမ်ကို မကြာခဏ ရောက်လာ တတ်သည်။ သမီးလေးအတွက် စားစရာမုန့်တွေ ကစားစရာတွေလည်း အမြဲ ပါလာတတ်သည်။

"ဟောဒီမှာ ဝက်ဝံရုပ်ကလေး၊ သမီးလေးအတွက် ဦး ဝယ်လာခဲ့တာကွ"

သမီးကို ခွေ့ခနဲ ပွေ့ချီကာ တရွတ်ရွတ် နမ်းရှိုက်နေပြီဆိုလျှင် လင်းရောင် မကျေနပ်ချင်တာ ဖုံးမရ ဖိမရ။

"ဟာကွာ သမီးကအိပ်တော့မှာ မင်းကလုပ်ပြီ ညီရာ"

"အာ ကိုကိုကလည်း ကိုကို့သမီးက မျက်လုံးကြီးဝိုင်းလို့ နော် ဟုတ်တယ်မို့လား သမီးရဲ့"

"ဟာ ဟော့ကောင် အရမ်းပွေ့ဖက်နမ်းမနေနဲ့၊ ကလေး အသားက နုနုဖတ်ဖတ်လေးရယ်"

"ကိုကိုက ဝန့်တိုစရာမရှိ ဝန့်တိုတယ်ဗျာ၊ ညီက သမီးလေး ချစ်လို့ပါဗျ"





"မင်း အဲဒီလောက်ထိ ကလေးချစ်တတ်ရင် မိန်းမယူတော့ ပြီးမှ စိတ်ကြိုက်မွေးစမ်း"

"ဟင့်အင်း ကျွန်တော် ဘယ်တော့မှ မိန်းမ မယူတော့ဘူး ကိုကို"

မင်းစကားကြောင့် ကျွန်မတောင် မလုံမလဲ ဖြစ်ရသည်။ လင်းရောင်မျက်ဝန်းတွေက ကျွန်မနှင့် မင်းကို အကဲခတ်ကြည့်နေမှာ သေချာပါသည်။

သံယောဇဉ်နှောင်ကြိုးက အတုံ့အပြန်ရှိတတ်သည်ထင်ပါရဲ့။ သမီးလေး အလင်းမံ ကလည်း မင်းကို ခင်တွယ်နေခဲ့သည်။ စကားလေး ပီတပီနှင့် မင်း ရောက်လာလျှင် အပြေးကြိုတတ်၏။

"ဦး မီးဖို့ ဘာပါရဲ့ ဟင်"

"ဟာ ပါတာပေါ့ သမီးရယ်၊ ဟောဒီမှာ မုန့်တွေ၊ ဒီမှာ ဘိုမရုပ်ကလေး"

"ဟယ် လှရိုက်ရာ ပေး ပေး"

"နေဦးလေ သမီးရဲ့ ဦး ပြဦးမှာပေါ့၊ ဟောဒီလေ့ခုတ်လေးကို နှိပ်လိုက်၊ ဒီလိုနှိပ်"

ဘိုမရုပ်ကလေးက တခစ်ခစ်ရယ်တော့ သမီး သဘောကျ သဲ့တော့။ လက်ခုပ်ကလေးတီးကာ ပျော်ရွှင်နေ၏။ မင်းနဲ့ သမီး အတူကစားရင်း သမီးမောပန်းကာ အိပ်ပျော်သွားတော့မှ မင်း ပြန်သွား တတ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဒီမှာ ဦး ဝယ်ပေးရာ"

ညနေ လင်းရောင် အလုပ်ကပြန်လာတော့ အရုပ်ကလေးကို ပိုက်ကာ သမီး ကြွားတော့၏။ လင်းရောင် သမီးဖြစ်သူကို ပြုံးကြည့်ရင်း

"ဖေဖေကလည်း သမီးလေးဖို့ အရုပ်ဝယ်လာပါတယ်ကွ ဒီမှာကြည့် လေဆာသေနတ်"

"ဟင့် ကြိုက်ပါဘူး၊ ဘိုမရုပ်ရေးကမှ လှတာ၊ ဒီမှာ ဒါရေးကို ဖိရိုက်ကြည့်"

ဘိုမရုပ်ကလေးကို မင်း ပြခဲ့သည့်အတိုင်း သမီးလေးက ခလုတ်နှိပ်ပြတော့ ရယ်မောသံလေး ထွက်လာ၏။ သမီးမျက်နှာ ရွှင်မြူး နေပေမယ့် လင်းရောင်မျက်နှာ ညှိုးမှိုင်းနေသည်။

"ဖေဖေ့ရဲ့ လေဆာသေနတ်ကမှ ကောင်းတာ၊ ယူနော် သမီး"

"ဟင့်အင်း ဘိုမရုပ်ရေးပဲ ကြိုက်တာ"

လင်းရောင်မျက်နှာကြီး ရဲရဲနီလျက် လက်ထဲက လေဆာ သေနတ်လေးကို နံရံကို ပစ်ပေါက်ပစ်လိုက်၏။

"ကဲကွာ သွား မယူနဲ့ဦး"

လင်းရောင်ဒေါသကို ကြည့်ကာ သမီးလေး ကျုံ့ကျုံ့ပါအောင် လန့်ငိုပါတော့သည်။ ကျွန်မ သမီးလေးကိုပွေ့ချီရင်း သူ့ကို စူးစူးရဲရဲ ရင်ဆိုင်ပစ်လိုက်သည်။

"ရှင် တော်တော်ဆိုးပါလား လင်းရောင်၊ ကလေးက ဘာသိမှာလဲ၊ ရှင့်ရဲ့ သဝန်တိုစိတ်တွေက လွန်လွန်းတယ်"





"မင်းပါးစပ်ပိတ်ထားစမ်း အလင်းမဲ့၊ ငါ့သမီးကို ငါပဲ ချစ်ချင်တာ သဝန်တိုတာလား၊ ဟိုကောင် မင်းစက်ရာက ငါတို့သားအဖကြားမှာ လာသွေးခွဲနေတာ၊ ဒါကို မင်းက ကျေကျေနပ်နပ် ကြည့်နေတယ်ပေါ့ ဟုတ်လား"

"ရှင် ကျွန်မကို ပြဿနာမရှာနဲ့၊ ရှင့်အတွက်တွေ သိပ်လွန်ကျူး နေပြီ၊ ကလေးဆိုတာ နူးညံ့သိမ်မွေ့တဲ့သူကို ခင်တွယ်မှာပဲ"

"မခင်ရဘူး၊ ဒါ ငါ့သမီး၊ လင်းရောင်ရဲ့သမီး၊ မင်းစက်ရာနဲ့ ဘာမှမဆိုင်ဘူး"

"အဟင်း ဟင်း ရှင်တော်တော် ရယ်စရာကောင်းတယ် လင်းရောင်"

ကျွန်မရဲ့ လှောင်ရယ်စကားကြောင့် သူ မင်သက်သွားတယ်။ ပြီးတော့ မျက်ဝန်းတွေ စူးရဲတောက်ပလာသည်။ နီရဲထူပူသွားတဲ့ မျက်နှာနဲ့။

"မင်း မင်းက ဘာပြောလိုက်တာလဲ မွှမ်းမံ၊ မင်း မင်းဆိုလိုတာ သ သမီးက"

"ရှင် ထင်ချင်သလို ယင်နိုင်တယ် လင်းရောင်"

စကားအဆုံး အနိုင်ပိုင်းကာ ကျွန်မ လှည့်ထွက်ခဲ့မိသည်။ လင်းရောင် သွေးပျက်ချောက်ချားစွာ ကျန်ရစ်ခဲ့သည်လား ကျွန်မ လှည့်မကြည့်တော့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

ကျွန်မစကားတစ်ခွန်းက လင်းရောင်နှလုံးသားမှာ ဒဏ်ရာတစ်ခုလို နာကျင်သွားမည် မထင်မိခဲ့ပါ။ အိမ်ကို မင်းရောက်လာသည့်နေ့ကျမှ သူ့ရင်ထဲက ခံစားချက်တွေကို ကျွန်မ ချောက်ချားစွာ ကြားသိလိုက်ရလေတော့၏။

ခြံဝင်းထဲကို မင်းဝင်လာတာ မြင်သည်နှင့် လင်းရောင် ဧည့်ခန်းမှထွက်ကာ ရင်ဆိုင်လိုက်ချိန်တွင် သမီးနှင့် ကျွန်မ ဧည့်ခန်းထဲမှာ ရှိဆဲ။

''ဦး ဦး ဦး''





သမီးကို တိုးတိုးနေဖို့ ကျွန်မ အရိပ်အမြွက်ပြ တားလိုက်ရင်း မင်းနှင့် သူတို့ကို ငေးကြည့်နေလိုက်မိသည်။ လင်းရောင် ရင်ထဲမှ နာကျည်းချက်တွေ သည်မျှ အတွက်ကြီးမားမည်ဟု ကျွန်မ မထင်မှတ်ခဲ့မိပါ။

''မင်းစက်ရာ မင်း ငါ့ခြံထဲက ခုထွက်သွား''

''ဟင် ကိုကို၊ ဘာ ဘာဖြစ်လို့လဲ ကျွန်တော်''

''မင်းကြောင့် မွှမ်းမံနဲ့တုန်းက ငါ့နှလုံးသားတစ်ခြမ်းကို ပေးဆပ်ခဲ့ရပြီးပြီ၊ ငါ့သမီးလေးအလှည့်မှာ မင်း ငါ့ရဲ့ ကျန်တဲ့ နှလုံးသားတစ်ခြမ်းကို လုယူဖို့ မကြိုးစားပါနဲ့တော့''

''ဟာ ကိုကို အထင်လွဲနေပြီ''

''ဘာကွ ငါ အရူးမဟုတ်ဘူး ညီ၊ မင်းနဲ့ မွှမ်းမံတို့ ဖြစ်ပျက်ခဲ့တာ ငါသိတယ်၊ မင်းတို့ ဘယ်လိုပဲ ဖြေရှင်းကြစမ်းပါစေ မင်းတို့နှလုံးသားတွေကို ငါမြင်နေရတယ်၊ မင်းရင်ထဲကကော ရှိသားခဲ့ရဲ့လား၊ ဝတ်ရည်သွယ်ကို စွန့်ပစ်ရလောက်အောင် မင်း မွှမ်းမံကို အချစ်ကြီးခဲ့တာလေ''

''ကို• ကိုကို တော်တော့ဗျာ၊ ကိုကိုရဲ့ အတွက်တွေ သိပ်ကြီးလွန်းတယ်၊ ဝန်တိုစိတ်တွေ များလွန်းတယ်''

''ဟုတ်တယ် ငါ အတွက်ကြီးတယ်၊ ဒါပေမဲ့ ငါဘာမှ မရခဲ့ဘူး အခု ငါ့သမီးလေးကိုတော့ မင်း မလုပ်ပါနဲ့ ညီ''

''ကိုကို ဘာတွေပြောနေတာလဲ၊ ကျွန်တော့်သိက္ခာကို ကိုကို



www.burmeseclassic.com

www.burmeseclassic.com



စော်ကားနေတာပဲ၊ ကိုကို့အတ္တတွေကြောင့် ဆင်ခြင်ဉာဏ် ကင်းမဲ့ကုန်ပြီလား''

''ဘာကွ မင်းက ငါ့ကို ကဲကွာ''

ဒေါသစိတ်နဲ့ ပေါက်ကွဲလွင့်စင်သွားသော လင်းရောင် လက်သီးချက်က မင်း မျက်နှာပေါ် တည့်မတ်စွာ။ မင်း အနောက်ဘက်လန်လဲကျသွားသည့်တိုင် လင်းရောင် မကျေနပ်နိုင်သေးတာလား။ မင်းထံ တရွေ့ရွေ့ တိုးသွားတာမို့ ကျွန်မ စိုးရိမ်စွာနှင့် အပြေးထွက်ခဲ့မိရင်း

''လင်းရောင် မလုပ်နဲ့ မလုပ်ပါနဲ့''

လင်းရောင် ချာခနဲ ကျွန်မကို လှည့်ကြည့်သည်။ မျက်ဝန်းတွေက စူးနစ်တောက်ပစွာနှင့်

''ဟား ဟား အဲဒါ မင်းတို့ရင်ဘတ်ထဲက အမှန်တရားတွေပေါ်ထွက်လာတာပဲပေါ့ ညီရ၊ ကိုင်း မင်းဘာငြင်းဦးမလဲ၊ ပြောလေ ပြောစမ်းပါဦးကွာ''

''လင်းရောင် ရှင်သိပ်မှားနေပြီ''

''တော် တော်ပါတော့ မွမ်းမံ၊ မင်းဘာမှ မပြောနဲ့တော့ ကိုကို့ကိုလည်း ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် သွား သွားပါတော့မယ်ဗျာ''

တရွေ့ရွေ့လှမ်းထွက်သွားသော မင်းကိုကြည့်ကာ ကျွန်မရင်း မကောင်းနိုင်တော့ပါ။ မျက်ဝန်းစူးစူးတွေနဲ့ စိုက်ကြည့်နေတဲ့ လင်းရောင် မျက်နှာကို ကျွန်မ ပြန်ရင်ဆိုင်ကြည့်ပစ်လိုက်၏။





သိပ်ကြောက်စရာကောင်းတဲ့ အတ္တတွေ ပြည့်နှက်နေတဲ့လူ။ ရှင့်ကို ကျွန်မ မုန်းတယ်။ သိပ်ရွံရှာသွားပြီ လင်းရောင်။

ရှင့်ကို ကျွန်မ နာကျည်းသွားခဲ့ပြီဆိုတာ ရှင်သိလိုက်တော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

ဟာလာဟင်းလင်းပွင့်နေသည့် ခြံတံခါးမှ ဆင်ဝင်အောက်ထိ သူ့ကားလေး မောင်းဝင်လာခဲ့သည်။ သို့တိုင် သမီးလေးကို အရိပ်တောင် မမြင်။ ခါတိုင်းဆို သမီးလေးနှင့် မွှမ်းမံ ညှော်ခန်းထဲမှာ ရှိတတ်စမြဲ။

ဘယ်လိုဖြစ်တာလဲ၊ မွှမ်းမံနဲ့သူ ညီပြသနာ နောက်ပိုင်းကတည်းက တစ်ယောက်နဲ့တစ်ယောက် စကားမပြောတော့ဘဲ အေးခဲသွားခဲ့တာ သုံးရက်ရှိပြီ။ သမီးလေး အလင်းမံ ကလည်း သူ့ကို မြင်တိုင်း ကြောက်လန့်နေတတ်တာ သူ ဝမ်းနည်းရသည်။

"ဆရာလေး"





ခေါ်သံကြောင့် အိမ်အပေါ်ထပ်တက်ဖို့ လှမ်းလုလု သူ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး လှည့်ကြည့်မိသည်။ ခြံစောင့်ကြီး ဦးသောင်း သူ့ကို တစ်စုံတစ်ရာ ပြောချင်နေပုံရှိသည်။

"ဆို ဘာကိစ္စလဲ ဦးသောင်း"

"ဟို ဆရာလေးဇနီးနဲ့ သမီး ဆရာလေး မရောက်လာခင်လေးမှာ အပြင်ထွက်သွားတာ တွေ့လိုက်တယ်"

"ဘာ ဘယ်ကိုထွက်သွားတာလဲ"

"ဟို အဲ ကျွန်တော် မသိဘူးခင်ဗျ။ ဘာမှ ပြောမသွားဘူး"

သူ့ရင်ထဲ ထိတ်ခနဲ စိုးရိမ်သွားရသည်။ ဒီရက်တွေမှာ အိမ်ထောင်မိန်းမကြီးကလည်း ရွာခဏပြန်သွားတာမို့ သူ သမီးတို့ကို စိတ်မချနိုင်ဖြစ်နေတာ။ ခုတော့ ထင်သည့်အတိုင်းပါပဲ။ မွှမ်းမံ မင်း ငါ့ကို စွန့်ပြေးဖို့ ကြံစည်လိုက်တာလား။ ညီကလည်း သူ့ကို စိတ်နာသွားခဲ့သည်။ သူတို့ သမီးလေးကိုပါ သူ့ရင်ခွင်ထဲက ခေါ်ထုတ်ခဲ့ကြတာပေါ့။

ဦးသောင်းကို ဆက်မေးနေလို့ ဘာမှ ထူးခြားမှာ မဟုတ်တော့ပါ။ သူ ကားပေါ်တက်ကာ အရှိန်ပြင်းပြင်း မောင်းထွက်ခဲ့၏။ ရင်ထဲမှာ ပူလောင်လှပြီ။

သူ ပိုင်ဆိုင်သမျှ ဆုံးရှုံးလိုက်ရလျှင်ဟူသော အသိက သွေးပျက် မတတ်ပါပဲ။

"ဟင်"

ကြည့်စမ်း။ သေချာတယ်။ ဒါ ညီရဲ့ကားလေးပဲ ဟိုးရှေ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးကွေ့လောက်ဆို သူ မီနိုင်လောက်ပါရဲ့။ ဆုံးဖြတ်ချက်နဲ့ သူ ကားစက်ရှိန်ကို မြှင့်တင်လိုက်သည်။

ဟွန်းသံကို အဆက်မပြတ်တီးလျက် ရှေ့ကကားတွေကို သူ တစ်စီးပြီးတစ်စီး ကျော်တက်ခဲ့သည်။ မင်းငါ့ကို မရက်စက်ပါနဲ့ ညီ။ မွမ်းမံနဲ့ သမီးလေးကို ထားခဲ့ပါ။ ငါတောင်းပန်ပါတယ်။

"ဟာ"

ရှေ့ကပိတ်နေတဲ့ ကားကို သူ မိုက်မိုက်မဲမဲ ကျော်အတက်မှာ မျက်နှာချင်းဆိုင်က အရှိန်နှင့်မောင်းနှင်လာတဲ့ ကားကြီးကို ရိုပ်ခနဲ ရင်ဆိုင်လိုက်ရတယ်။

ထိပ်တိုက်တိုးမလား။ ရှောင်တိမ်းမလား။ ရွေးစရာ နှစ်လမ်းပဲ ရှိသည်။ သူ ကားကို လမ်းဘေးကို အားကုန် ကွေ့ချပစ်လိုက်မိ၏။ ကားကြီးရဲ့ နဘေးနဲ့ ပွတ်ကာသီကာ ကပ်လွတ်သွားပေမယ့် မညီညာလှတဲ့ လမ်းဘေး မြေနီလမ်းမှာ သူ အရှိန်မထိန်းနိုင်တော့ပါ။

သစ်ပင်ကြီးတစ်ပင် သူ့မျက်လုံးထဲ ပြေးဝင်လာတာကို မြင်လိုက်ရပြီး။

"ဒုန်း"

ကျယ်လောင်တဲ့အသံကြီးတစ်ချက်။ သစ်ပင်ကြီးကတော့ လှုပ်ခါ ယမ်းသွားရုံမျှသာ။ သူ့ကားလေးက ပင်စည်ထဲ ဦးတိုက်ကြေမွ နေလေသည်။

သူ့မျက်ဝန်းထဲမှာ မွမ်းမံနဲ့ သမီးလေး။ သူ့ဆီ ပြေးလာ





နေတာလား။ ရှောင်ထွက်ပြေးတာလား မသဲကွဲ။

အမှောင်ထုကြီးက ဝါးမျိုသွားတဲ့ အသိတရားတွေထဲမှာတောင် သူ ရှာဖွေနေမိတုန်းလေ။

✿ ✿ ✿



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

နားထဲမှာ ရှိုက်သံတွေသဲ့သဲ့။ နောက်ထပ်တစ်စတစ်စ ကျယ်လောင်လာသည်။ သူ့မျက်ဝန်းတွေ ဖွင့်ကြည့်မိတော့ ဝေဝေဝါးဝါး အရိပ်တွေ။ တဖြည်းဖြည်း ပီပြင်ထင်ရှားလာတော့

"မွှမ်းမံ၊ သူ့ သမီးလေး"

"ကို ကိုကို သတိရပြီလား"

ညီအသံကိုပါ ကြားရသည်။ ငါ တောင်းပန်ချင်တယ် ညီ။ ငါ့ရင်ထဲက သူတို့ကို ခေါ်ထုတ်မသွားပါနဲ့ ညီရယ်။

"ကိုကို ဆေးရုံရောက်နေတာ၊ ညီကားနောက်က





အသံကျယ်ကြီးကြားလို့ ကြည့်လိုက်တော့ ကိုကို့ကား သစ်ပင်ကြီးကို ဝင်တိုက်မိတာ"

အဲဒါ မင်းတို့နောက်ကို ငါလိုက်ခဲ့တာပေါ့လို့ ပြောနေမိပေမယ့် အသံလှိုင်းတွေ ထွက်မလာပါ။

"မွှမ်းမံတို့ သားအမိက မွှမ်းမံအဘွား နေမကောင်းလို့ ခဏသွားကြတာ၊ ကိုကို အဲဒီကို လိုက်သွားတာလားဟင်"

ဘာရယ်။ မွှမ်းမံနဲ့ သမီးက ဒေါ်လှမြတ်ချယ်ဆီ ခဏ သွားကြတာ။ ဒါဆို ငါ့ကို စွန့်ခွာပြေးကြတာ မဟုတ်ဘူးပေါ့။ ငါ ဝမ်းသာလိုက်တာကွာ။ ငါ့ကို သူတို့ ဘယ်တော့မှ ခွဲမသွားဘူးပေါ့။

"မွှမ်း မံ ငါ့ကို မ မခွဲ"

သူ့အသံလှိုင်းတွေ တိမ်ဝင်သွား၏။ ဒါပေမဲ့ သူ့မျက်ဝန်းတွေ မမှိတ်သေးပါ။ ကျွန်မမျက်ဝန်းထဲက မျက်ရည်တွေကို ကြည့်နေတာလား ရှင့်မေးခွန်းအတွက် အဖြေကို နားထောင်နေတာလား လင်းရောင်ရယ်။

ကျွန်မငိုနေတယ်။ အဲဒါ ရှင့်အတွက် ကြေကွဲစွာ ငိုကြွေးမိတဲ့ ထာဝရ ခမဆုံး မျက်ရည်ပါ။ မွှမ်းမံဆိုတဲ့ မိန်းမ မျက်ရည်တွေကို ရှင် မမြင်သွားစေချင်ဘူး လင်းရောင်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

ကောင်းကင်ပေါ်ကို ဝဲတက်သွားတဲ့ လေယာဉ်ကြီးကို ကျွန်မ ငေးကြည့်ရင်း ရင်ထဲမှာ နင့်နင့်သီးသီး ခံစားလိုက်ရသည်။ ဘာမှ မသိရှာတဲ့ သမီးလေးကတော့ လက်ပြနှုတ်ဆက်လို့နေလေရဲ့။

"ဦး မီးတွက် အရုပ်တွေ ဝယ်ခဲ့နော်"

ဘယ်တော့မှ ပြန်လာမယ်ဆိုတဲ့ ကန့်သတ်ချက်မရှိတဲ့ လူတစ်ယောက်ကို သမီးလေး မှာနေတယ်လေ။ မင်း ကလည်း မျက်ရည် ဝဲနေတဲ့ မျက်ဝန်းတွေနဲ့ ခေါင်းညိတ်ပြရှာသည်။

ပြန်ဆုံဖို့ဆိုတာ မလွယ်တော့တဲ့ ဘဝတွေပါ။ အင်္ဂလန်မှာ





နေထိုင်ဖို့ ထွက်ခွာသွားတဲ့ မင်းစက်ရာ။

သူ့ ဒုတိယအကြိမ် တောင်းခံလာတဲ့ ချစ်ခြင်းကို ကျွန်မ ခေါင်းခါငြင်းပယ်ခဲ့တာ သမီးလေး အလင်းမံ ကို ချစ်တဲ့ ရှင့်အတွက်။

မွှမ်းမံဆိုတဲ့ မိန်းမတစ်ယောက်အပေါ်မှာ အချစ်ကြီးခဲ့တဲ့ ယောကျာ်းတစ်ယောက်အတွက် ပေးဆပ်စတေးလိုက်တာဆိုရင်။

✿ ✿ ✿

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com